
မြှင့်ဟောင်ဟောင်
သမုဒယဒီဇိုင်း



# ငှ့ကြကြ

သမုဒယဒိုင်း

မြင့်မောင်မေ၂ပ

သမုဒယဒီဇိုင်း

## ခန်း ( ၁ )

မိဂဒါဝုန်....တဲ့။

မိဂဒါဝုန်သည် ဗုဒ္ဓမြတ်စွာဘုရား လက်ထက်တော်က အရိပ်အာဝါသ ကောင်းသော တောကြီးအဖြစ် ထင်ရှားခဲ့သည်။ မိဂဒါဝုန်သည် သားမျိုးစုံသည်ဟု အဆိုရှိ၏။

ယခု မိဂဒါဝုန်မှာတော့ သားမျိုးမစုံပါ၊ တောကြီးမြိုင်ကြီးလည်း မဟုတ်ပါ။

သို့သော် ယခု မိဂဒါဝုန်မှာ ပုရိသ ဣတ္ထိယနွယ်ဝင်လူပေါင်းကား စုံ၏။ အလှ္ဝာအသီးသီးမှ ပျို့ရှယ်သူ ကျောင်းသား ကျောင်းသူများ စုံတက်ခြင်းပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ယခု မိဂဒါဝုန်သည် မန္တလေးတက္ကသိုလ်ဝင်းအတွင်း၌ရှိ ထင်ရှားသော စားသောက်ဆိုင်ဖြစ်နေသောကြောင့်ပင်တည်း။

မင်းဇေယျာသည် မန်းတက္ကသိုလ်ကျောင်းသားကြီးတစ်ဦးဖြစ်သည်။ ထို့ကြောင့် သူသည်လည်း မိဂဒါဝုန်သို့ အံခါမလပ် ဆိုသလို ရောက်တတ်၏။ မိဂဒါဝုန်၏ ဝင်ငွေကိုဖြည့်ဆည်းပေးနေသူတစ်ယောက် ဆိုလျှင်လည်း မှားအံ့မထင်ပါ။

ဟုတ်ကဲ့။

မင်းဇေယျာတစ်ယောက် မိဂဒါဝုန်၏ ဝင်ငွေကိုဖြည့်ဆည်းပေးခဲ့သည်မှာ ကြာပါပြီ။ စာသင်နှစ် သုံးနှစ်ကျော် လေးနှစ်အတွင်းပင် ရောက်ခဲ့ပြီ။

မိဂဒါဝုန်၏ အစည်ကားဆုံးအချိန် နံနက်ခင်းဖြစ်သည်။ မိဂဒါဝုန် စားသောက်ဆိုင် ပရိဝုဏ်တွင် ကျောင်းသားကျောင်းသူများ လက်ပံပင် ဆက်ရက်ကျသည်သို့ ရှိနေ၏။

မင်းဇေယျာသည် လမ်းပေါ်မှ ဆိုင်ပြင်ဘက်သို့ လှမ်းရင်းသူ့ အပေါင်းအသင်းတွေကို လှမ်းကြည့်သည်။ ထိုင်နေကျစားပွဲတွင် သူ့အပေါင်းအသင်းတွေကိုတွေ့ရ၏။ မြင့်သန်းမောင်က သူ့ကို လက်လှမ်းပြ၏။ သူကလည်း လက်ပြန်ပြကာ ဆိုင်ထဲသို့ ဝင်ခဲ့၏။

သူ စားပွဲဝိုင်းတစ်ဝိုင်းကို ဖြတ်၍ အလျှောက်တွင် မည်သူထောင်ထားမှန်းမသိသော မြေတစ်ကောင်ကို တက်နင်းမိ၏။

သို့သော်....

"အမလေးဗျ"

မင်းဇေယျာ လန့်သွားသဖြင့် ထခုန်ကာ အော်မိ၏။

"ဝါး....ဟား ဟား ဟား"



မင်းဇေယျာကလည်း ချစ်စရာကောင်း၏။ အပေါင်းအသင်းစိတ် ရှိသည်။ အပေါင်းအသင်းနှင့် ပတ်သက်လာလျှင် ကူညီတတ်၏။ ဒကာတော် ရေမြေ့ရှင်လည်း ဖြစ်၏။ ဘာစားစား၊ ဘာလုပ်လုပ် သူကသာ ရှေ့က ဒကာခံချင်၏။ စေတနာကောင်းသည်။ ထို့ကြောင့် အပေါင်းအသင်းတွေက သူ့ကို ချစ်ကြ၏။

မင်းဇေယျာ မြီးရှည်တစ်ပွဲ မှာ၏။ မြီးရှည်ပန်းကန် ရောက်လာ၏။

"ဒီအပတ် ကိုယ်တို့ ဘယ်သွားကြမလဲ၊ ဘာလုပ်ကြမလဲ"

သက်ဦးက အဖော်ညှိ၏။ သူတို့အဖွဲ့က အပျော်သမားတွေချည်း ဖြစ်သည်။ ကျောင်းပိတ်ရက်တွင် ပျော်စရာရှာတတ်မြဲပင်ဖြစ်၏။ ရုပ်ရှင်ကြည့်ချင် ကြည့်မည်၊ တစ်နေရာရာသွားချင် သွားမည်၊ ဘီယာသောက်ချင် သောက်မည်။

မင်းဇေယျာမှာ မော်တော်ဆိုင်ကယ်ရှိ၏။ သက်ဦးမှာလည်း မော်တော်ဆိုင်ကယ်ရှိ၏။ ကျောင်းပိတ်ရက်ဆိုလျှင် ဆိုင်ကယ်နှစ်စီးနှင့် မန္တလေးမြို့ကို မွှေနေကျဖြစ်၏။

"ဒီအပတ်တော့ ကိုယ် ဘယ်မှမလိုက်နိုင်ဘူး၊ ကိုယ့်အချစ်နဲ့ ချိန်းထားတယ်"

မင်းဇေယျာက ပြောသည်။ မြင့်ကြူးက မျက်နှာကို မဲ့ပစ်လိုက်၏။

"ကိုယ်မစွံတိုင်း မနာလိုမရှိနဲ့၊ သူ့ကသိုလ်နဲ့သူဖြစ်ဖြစ်လာတာ၊ အခုချိန်းထားတာ နောက်တစ်ယောက်ကွ"

"ဘယ်သူလဲ၊ ဘယ်ကလဲ"

"တို့ မြန်မာစာကပဲ၊ ဖရက်ရှာကလေး၊ ဗိုနှစ်မှရောက် လာတာ၊ အင်း....ပျော်ရချည်သေးရဲ့"

မင်းဇေယျာက ပခုံးကိုတွန့်ပြီး အင်္ကျီကော်လံကိုဆွဲဆန့်၏။

မင်းဇေယျာ ဟန်ရေးပြသည်ကို မြင့်ကြူးက မျက်စိစပါး မွေး စူးလာ၏။

သက်ဦးနှင့်ခကျော်ကျော်က မင်းဇေယျာ၏ အတွဲသစ်ဏလေး အကြောင်းကို စိတ်ဝင်တစား မေးနေကြ၏။ မင်းဇေယျာက လည်း စိတ်ပါလက်ပါ ပြောနေသည်။ ဘယ်နည်းဘယ်ပုံ သိလိုက်သည်ကအစ မည်သို့မည်ပုံ ချဉ်းကပ်ခဲ့ပြီး ရုပ်ရှင်အတူ ကြည့်ခွင့်ရခဲ့သည့်အဆုံး ဖြစ်သည်။

မင်းဇေယျာက သူငယ်ချင်းတွေ အားကျလောက်အောင် စွံသူဖြစ်သည်။ ရုပ်ရည်ကလည်း မိန်းကလေးတွေ ကျလောက် အောင် ချောသူဖြစ်၏။ အပြောကလည်း ကောင်း၏။ ငပျာရှူး စာရှူးလည်း ဖြစ်သဖြင့် စကားကို ပြေပြေပြစ်ပြစ် ချောချော နွဲ့နွဲ့ ပြောတတ်၏။ အဝတ်အစားကျတော့လည်း အပျံစား ဝတ်နိုင်သည်။ သုံးနိုင် ဖြုန်းနိုင်သည်။

သည်တော့ သည်ကောင်စွံသည်မှာ ဆန်းတော့ မဆန်းပါ။

မင်းဇေယျာ အာခြောက်လောက်တော့ မြင့်ကြူးက စားပွဲ ထိုးကိုခေါ်ပြီး ဟင်းချိုတောင်းသည်။ ပြီးတော့ အေးနေသော မင်းဇေယျာ၏ ဟင်းချိုပန်းကန်နှင့် အပူပန်းကန်ကို မသိမသာ လဲထားလိုက်၏။



မကြာပါ။ မြင့်ကြူးချီးထားသည့် အကွက်ထဲသို့ မင်းဇေ ယျာ တန်းဝင်လာ၏။

စကားပြတ်သွားပြီး အာခြောက်လာသဖြင့် မင်းဇေယ သည် ဟင်းချိုဘစ်ဇွန်းခပ်ကာ အားရပါးရ သောက်ချလိုက်

"ဖူ....ဖရှူး"

အာခေါင်ထဲပူသွားသဖြင့် ဟင်းချိုရည်ကို ဘေးသို့ လှ ထွေးလိုက်၏။ ထိုစဉ် သူ့စားပွဲဘေးမှ ဖြတ်လျှောက်လာသေ မိန်းကလေးနှစ်ယောက်အနက်မှ တစ်ယောက်ကို ဟင်းချို များ စဉ်သွားသည်။

"အို...."

အသံကြောင့် သူ မော်ကြည့်လိုက်မိတော့ အညိုမကလေး အဝါမကလေးကို တွေ့ရသည်။ အဝါမကလေးကို ဟင် ရည် စဉ်သွားခြင်းဖြစ်သည်။

အဝါမကလေးသည် နဂါးမကလေးဖြစ်နေပြီ။ ထို့ကြော ဟားကြမည့်သူများ မဟားဝံ့ကြဘဲ ကိုယ်ရှိန်တန့်လျက်ရှိ၏

မင်းဇေယျာ မှင်တက်မိသွားသည်။ ရင်၌ ဒိုင်းခနဲမြည် သည်။ သူ့ဘဝတွင် အလှဆုံးကို တွေ့လိုက်ရသောကြေ ဖြစ်သည်။

နဂါးမလေးသည် အဝါရောင်ဝမ်းဆက် ဝတ်ထာ ဝင်းဝင်းဝါသောအသားနှင့် အဝါရောင်ဝမ်းဆက်မှာ ဖက်ညီနေ၏။ မည်သည့်အရောင်ပဲ ဆင်ဆင် နဂါးမလေ လှနေမည်မှာ သေချာ၏။ နတ်ပြည်မိုးသူဇာ ပျံကျလာ လား။ ဒေဝစ္ဆရာ၊ ဥမ္မာ၊ ပပ အလှတုချင်မတွေ့ကပင် အ

ခေါ်ရလိမ့်မည်ထင်၏။ စိတ်ဆိုးမာန်ဆိုးဖြင့် မျက်စောင်းထိုးနေပုံကပင် စွဲမက်ဖွယ်ကောင်းအောင် လှနေ၏။

"ရှင်....လူလာတာ မမြင်ဘူးလား"

လူလှသလောက် အသံကလည်း သာသည်။ ဒေါသမာန်နှင့် ပြောလိုက်သောအသံကပင် ပဥ္စသိခ်နတ်စောင်းသံနှယ် သာယာလှသည် ထင်မိ၏။ မေးလာတော့မှပဲ မင်းဇေယျာ တောင်းပန်ဖို့ကို သတိရလာသည်။

"ဟုတ်ကဲ့၊ မမြင်လို့ပါ၊ တောင်းပန်ပါတယ်နော်၊ ခင်ဗျားကလဲ ဖြတ်အလာ၊ ဒီကလဲ ဟင်းချိုပူသွားလို့ အာထွေး၊ တိုက်....တိုက်...."

မင်းဇေယျာ၏စကားသံ ရပ်သွားသည်။ နဂါးမကလေးက မျက်နှာကို ဖျတ်ခနဲလွှဲကာ သူ့အဖော်ဘက် လျှောက်သွားသောကြောင့်ပင် ဖြစ်သည်။

မျက်လုံးများစွာ နဂါးမလေးထံ ရောက်ရှိနေကြ၏။ နဂါးမကလေးနှင့် သူ့အဖော်သည် ကျောင်းသူနှစ်ယောက်ရှိသော ဝိုင်းတစ်ဝိုင်းတွင် ဝင်ထိုင်သည်။

"ကိုယ်တော်ကလေး မင်းမင်း၊ သတိတော် ထားပါဦးဘုရား၊ ဟော....နှာရည်တွေတောင် ထွက်ကျလာပြီ၊ ကျွတ်....ကျွတ်....ကျွတ်"

စိုးဟိန်းက နောက်လိုက်သဖြင့် ဝိုင်းရယ်ကြသည်။

"လှလိုက်တာကွာ၊ သူ့ထက်လှတာတောင် သူ့လောက် မလှဘူး၊ အလှဆုံးပဲကွာ"

ကျော်ကျော်က ပြောသည်။



"ဟုတ်တယ်ကွ၊ ကျောင်းမှာလဲ တစ်ခါမှ မတွေ့ဖူးဘူး"

စိုးဟိန်းက ထောက်ခံ၏။

မင်းဇေယျာက အလှဘုရင်မကလေးကို ကြည့်လိုက်၊ စားပွဲကို လက်ညှိုးနှင့်ခေါက်လိုက် လုပ်နေ၏။

"ကြံမနေနဲ့ မင်းမင်း၊ မင်းကို စိတ်ဝင်စားမှာ မဟုတ်ဘူး"

မင်းဇေယျာကိုကြည့်ကာ မြင့်ကြူးက ပြောလိုက်၏။

"ကြည့်သေးတာပေါ့ကွာ၊ မင်းမင်းတို့ကြံရင် ဘာခံနိုင်မလဲ၊ သူ့ကို ငါ တကယ်လဲ စွဲသွားပြီ၊ သူ ငါ့ချစ်သူဖြစ်ကို ဖြစ်ရမယ်"

"ဝါး....ဟား....ဟား....ဟား"

မင်းဇေယျာ၏စကားကို ပြက်လုံးတစ်ခုကြားရသည့်အလား ဝိုင်းရယ်ကြ၏။ အကြောင်းသိတွေမို့ မင်းဇေယျာ၏စကားကို ဘယ်သူမှ မယုံပါချေ။

မင်းဇေယျာကား အချောအလှဆိုလျှင် သဘောကျလိုက်သူပင် ဖြစ်သည်။ သူ သဘောကျပြီဆိုလျှင်လည်း ရအောင်တွဲသည်။ အသစ်တွေ့သည်နှင့် အဟောင်းကို လွှယ်လွှယ်မေ့တတ်သူပင် ဖြစ်၏။

"တော်ပါတော့ မင်းမင်းရယ်၊ ခုနစ်ရက်သားသမီးဝေကို ဝေဒနာမပေးပါနဲ့ကွာ၊ တောင်းပန်ပါတယ်"

စိုးဟိန်းက တောင်းပန်၏။

"တကယ်ပြောတာပါကွ၊ သူ့ကို ငါ တကယ်စွဲသွားတာပါ၊ သူ့ကိုမြင်လိုက်ရတာ ငါ့ရင်ထဲမှာ တစ်မျိုး

ခေါ်ရလိမ့်မည်ထင်၏။ စိတ်ဆိုးမာန်ဆိုးဖြင့် မျက်စောင်းထိုး နေပုံကပင် စွဲမက်ဖွယ်ကောင်းအောင် လှနေ၏။

"ရှင်....လူလာတာ မမြင်ဘူးလား"

လူလှသလောက် အသံကလည်း သာသည်။ ဒေါသမာန်နှင့် ပြောလိုက်သောအသံကပင် ပဥ္စသိခ်နတ်စောင်းသံနှယ် သာယာ လှသည် ထင်မိ၏။ မေးလာတော့မှပဲ မင်းဇေယျာ တောင်း ပန်ဖို့ကို သတိရလာသည်။

"ဟုတ်ကဲ့၊ မမြင်လို့ပါ၊ တောင်းပန်ပါတယ်နော်၊ ခင်ဗျားကလဲ ဖြတ်အလာ၊ ဒီကလဲ ဟင်းချိုပူသွားလို့ အာထွေး၊ တိုက်....တိုက်...."

မင်းဇေယျာ၏စကားသံ ရပ်သွားသည်။ နဂါးမကလေးက မျက်နှာကို ဖျတ်ခနဲလွှဲကာ သူ့အဖော်ဘက် လျှောက်သွား သောကြောင့်ပင် ဖြစ်သည်။

မျက်လုံးများစွာ နဂါးမလေးထံ ရောက်ရှိနေကြ၏။ နဂါး မကလေးနှင့် သူ့အဖော်သည် ကျောင်းသူနှစ်ယောက်ရှိသော ဝိုင်းတစ်ဝိုင်းတွင် ဝင်ထိုင်သည်။

"ကိုယ်တော်ကလေး မင်းမင်း၊ သတိတော် ထားပါဦး ဘုရား၊ ဟော....နှာရည်တွေတောင် ထွက်ကျလာပြီ၊ ကျွတ်....ကျွတ်....ကျွတ်"

စိုးဟိန်းက နောက်လိုက်သဖြင့် ဝိုင်းရယ်ကြသည်။

"လှလိုက်တာကွာ၊ သူ့ထက်လှတာတောင် သူ့လောက် မလှဘူး၊ အလှဆုံးပဲကွာ"

ကျော်ကျော်က ပြောသည်။



"ဟုတ်တယ်ကွ၊ ကျောင်းမှာလဲ တစ်ခါမှ မတွေ့ဖူးဘူး"

စိုးဟိန်းက ထောက်ခံ၏။

မင်းဇေယျာက အလှဘုရင်မကလေးကို ကြည့်လိုက်၊ စားပွဲ ကို လက်သီးနှင့်ခေါက်လိုက် လုပ်နေ၏။

"ကြံမနေနဲ့ မင်းမင်း၊ မင်းကို စိတ်ဝင်စားမှာ မဟုတ် ဘူး"

မင်းဇေယျာကိုကြည့်ကာ မြင့်ကြူးက ပြောလိုက်၏။

"ကြည့်သေးတာပေါ့ကွာ၊ မင်းမင်းတို့ကြံရင် ဘာခံနိုင် မလဲ၊ သူ့ကို ငါ တကယ်လဲ စွဲသွားပြီ၊ သူ ငါ့ချစ်သူ ဖြစ်ကို ဖြစ်ရမယ်"

"ငါး....ဟား....ဟား....ဟား"

မင်းဇေယျာ၏စကားကို ပြက်လုံးတစ်ခုကြားရသည့်အလား ဝိုင်းရယ်ကြ၏။ အကြောင်းသိတွေမို့ မင်းဇေယျာ၏စကားကို ဘယ်သူမှ မယုံပါချေ။

မင်းဇေယျာကား အချောအလှဆိုလျှင် သဘောကျလိုက် သူပင် ဖြစ်သည်။ သူ သဘောကျပြီဆိုလျှင်လည်း ရအောင်တွဲ သည်။ အသစ်တွေ့သည်နှင့် အဟောင်းကို လွယ်လွယ်မေ့တတ် သူပင် ဖြစ်၏။

"တော်ပါတော့ မင်းမင်းရယ်၊ ခုနစ်ရက်သားသမီးတွေ ကို ဝေဒနာမပေးပါနဲ့ကွာ၊ တောင်းပန်ပါတယ်"

စိုးဟိန်းက တောင်းပန်၏။

"တကယ်ပြောတာပါကွ၊ သူ့ကို ငါ တကယ်စွဲသွား တာပါ၊ သူ့ကိုမြင်လိုက်ရတာ ငါ့ရင်ထဲမှာ တစ်မျိုးပဲ၊

တကယ့်အချစ်ကို တွေ့ထိခံစားလိုက်ရတယ်ဆိုတာ ငါ သိလိုက်ရတယ်''

အားလုံး ပြုံးနေကြ၏။ လှောင်ပြုံးဖြစ်မှန်း မင်းဇေယျာကလည်း သိ၏။

''အေးပေါ့ကွာ၊ မင်းတို့ လှောင် ထား ကြ ဦး ပေါ့၊ တစ်နေ့ ငါလက်ထပ်တဲ့သူဟာ သူပဲဖြစ်ရမယ်''

ကျောင်းဘက်ချိန် နီးလာသဖြင့် ဆိုင်ထဲတွင် လူကျဲသွားသည်။

မင်းဇေယျာ၏ နဂါးမလေးနှင့် သူ့အဖော် ကျောင်းသူကလေးလည်း နန်းကြီးသုပ်စားပြီး ထိုင်ရာမှထ၏။

မင်းဇေယျာတို့ဘေးမှပင် နဂါး လေး တည်တည်ငြိမ်ငြိမ် ဖြတ်လျှောက်သွား၏။ မင်းဇေယျာတို့ကို တစ်ချက်ကလေးမှ မကြည့်ပါ။ သူတို့အုပ်စုမှ မျက်လုံးရှစ်လုံးကတော့ နဂါးမကလေးထံ ရောက်ရှိနေ၏။

''ချောသလောက် ဂုဏ်ကလဲ တကယ်ရှိတယ်ကွာ''

မင်းဇေယျာက နဂါးမကလေးထံ လိုက်ငေးနေရာမှ ဝိုင်းဘက်လှည့်ပြီး ပြောသည်။

''အင်း....မင်းကြိုက် စိုးကြိုက်၊ မင်းမင်းအကြိုက်၊မင်းနဲ့ လားသားမှ မထိုက်တန်ဘူးကွ၊ ငမ်းမနေနဲ့''

သက်ဦးက ကျောင်ကျော့ပခုံးကိုပုတ်ကာ ပြောလိုက်၏။

စကားဝိုင်းမှာ ရယ်သံဖြင့် စည်သွားပြန်သည်။

●

စာစု ( ၂ )

မင်းဇေယျာတစ်ယောက် တစ်နေ့ပဲ လှုပ်ရှားလိုက်ရ၏။ သူ့နဂါးမလေးအကြောင်း သိစေမည့် လမ်းစကို ရှိခဲ့၏။

သည်ကနေ့တွင် မင်းဇေယျာ တစ်ချိန်သာ ကျောင်းတက်ခဲ့၏။ ထို့နောက် အပေါင်းအသင်းတွေကြားမှ ခြရာဖျောက်ကာ မာဇူးတစ်ခုလုံး မွှေနှောက်ခဲ့၏။ သည်မှာဘက်မှာ ဇွဲကြီးသော မင်းဇေယျာသည် ကောက်ရိုးပုံထဲတွင်ပျောက်သွားသော အပ်ကို ရအောင် ရှာခဲ့သည်။

မာဇူးတစ်ခုလုံး၏ 'ကွင်း'ဖြစ်သော နဂါးမလေးကို ဓာတုဗေဒ သင်ခန်းတစ်ခုတွင် သွားရောက်တွေ့၏။ သူ့အတွက် ကံကောင်းသည်က တင်အေးကြည်နှင့် အတူ ယှဉ်တွဲထိုင်နေသည်ကို တွေ့ခဲ့ရခြင်းပင် ဖြစ်၏။

အတန်းလွှတ်ချိန်ကို စောင့်ပြီး တင်အေးကြည်ကို နှုတ်ဆက်မည်ဟု စိတ်ကူးမိသေး၏။ နောက်တော့မှ စိတ်ကူးတစ်ခုရကာ တင်အေးကြည်ကို နှုတ်မဆက်ဘဲ ပြန်ခဲ့သည်။

အဆောင်တွင် ရေချိုး သန့်စင်လိုက်၏။ နဂါးမလေးကို တွေ့ခဲ့ရသဖြင့် တစ်နေ့လုံး မောသမျှ ပြေသွားရ၏။

မင်းဇေယျာသည် အဝတ်အစားလဲပြီး ဈေးချိုဘက် ထွက်ခဲ့၏။ အစားအသောက်တစ်ခုခုဝယ်ရန် ဖြစ်သည်။ ဈေးထဲရောက်သည်အထိ ဘာဝယ်ရမှန်းမသိဖြစ်နေရ၏။ အင်းဝအအေးဆိုင်တွင် ထိုင်ရင်း ဘာဝယ်ရမည်ကို စဉ်းစား၏။ နောက်ဆုံး မိန်းကလေးအများစု ကြိုက်တတ်သည့် လက်ဖက်ထုပ် ဝယ်ရန် အကြံရသဖြင့် လက်ဖက်ထုပ်နှစ်ထုပ်ကို ဝယ်ခဲ့သည်။

ကျောင်းပြန်ရောက်တော့ ကညာနဆောင်ဧည့်ခန်းတွင် နံပါတ်တစ် ဧည့်သည်အဖြစ် ခံယူပြီး တင်အေးကြည်ကို ခေါ်ခိုင်းရသည်။

မကြာမီ တင်အေးကြည် ရောက်လာသည်။

တင်အေးကြည် သူ့ကိုတွေ့တော့ အံ့ဩသွားသည်။ သူ ဘာကြောင့်ရောက်လာသည်ကိုသိလျှင် အဆဲခံရမည်မှာ သေချာသည်။ သည်ကောင်မက သဘောကောင်းသော်လည်း အပေါက်ဆိုး၏။ အပြောကြမ်း၏။ ပြောစရာရှိလျှင် ဒိုးခနဲဒေါက်ခနဲ ပြောတတ်၏။ သူနှင့် တင်အေးကြည်ကလည်း ပြောမနာဆိုမနာ ပင်ဖြစ်၏။ အလယ်တန်းလောက်ကတည်းက ကျောင်းနေဖက်ရန်ဖြစ်ဖက်များ ဖြစ်ကြသည်။



"ငါက ဘယ်သူလဲ မှတ်တယ်၊ လက်စသတ်တော့ နင်ကိုး၊ ကဲ....ပြောစမ်း၊ ဘာကိစ္စရှိလဲ မင်းမင်း"

တင်အေးကြည်က သူ့ရှေ့ရောက်ရောက်ချင်း မေးသည်။

"ကိစ္စရှိမှ လာရမှာလားဟ၊ ကိုယ့်သူငယ်ချင်းဆီ သတိရလို့ ဝင်လာတာပေါ့"

"ငါ့ သတိမရပါနဲ့ဟယ်၊ တလောက ရေနီမြောင်းဘေးမှာ တွဲထိုင်နေတဲ့ ကောင်မလေးကို သတိရစမ်းပါ"

တင်အေးကြည်ကတော့ တွေ့သည်နှင့် နှက်ပြီ။ သူနှင့် ရတနာမတို့အတွဲကို တင်အေးကြည် မည်သို့မည်ပုံမြင်သွားသည် မသိ၊ ရတနာမက သူ၏ နောက်ဆုံးအတွဲ ကျောင်းသူသစ်ကလေးပင် ဖြစ်သည်။

"သူက ငါ့ကို ခင်နေတဲ့ ကောင်မလေးပါဟာ၊ တို့ ခင်နေကြတာပါ၊ ဒီထက်မပိုပါဘူး"

မင်းဇေယျာ မှလုံမလဲ ဖြေသည်။ တင်အေးကြည်က ပြုံးသည်။

"လုပ်မနေနဲ့ မင်းမင်း၊ နင့်အကြောင်း မသိရင် ခက်မယ်၊ ဘယ်နှစ်ယောက်တွဲခဲ့တယ်ဆိုတာတာ အစ ငါသိတယ်၊ နင်ဟာ မိကောင်းဖခင်သားနော်၊ သူများသားသမီးတွေကို ဖျက်လိုဖျက်ဆီးဘော့မလုပ်နဲ့၊ ငရဲကြီးတတ်တယ်"

မင်းဇေယျာတစ်ယောက် လက်ဝှေ့ကြိုးဝိုင်းထဲတွင် ထောင့်ပိတ်မိသကဲ့သို့ အလူးအလဲခံနေရတော့၏။ အခါတိုင်းဆိုလျှင်

တော့ ပြန်တွယ်မိမည်၊ ရန်ဖြစ်ကြမည်၊ ယခု ကိုယ့်အကြောင်းနှင့် ကိုယ်မို့ သည်းခံနေရ၏။ စိတ်ရှည်ရမည်လေ။

"နင်ကလဲ ငါ့ဆို အကောင်းကိုမပြောချင်ဘူး၊တွဲသွားတာနဲ့ပဲ ဖျက်လိုဖျက်ဆီးလုပ်တာ ဖြစ်ရတော့မတဲ့လား၊ ခင်လိုမင်လို့တွဲသွားတာပဲဥစ္စာ၊ နင်နဲ့ငါကော တွဲမသွားဖူးဘူးလား"

"ဟဲ့....တို့သွားခဲ့တာက ရိုးရိုးသွားတာ၊ အခုဆို နင်နဲ့ ငါတောင် တွဲမသွားရဲတော့ဘူး၊ တွဲသွားမိရင် နင့်အကြောင်းသိတဲ့လူက နံပါတ်ဘယ်လောက်မြောက်လဲလို့ အမေးခံရမှာ သေချာတယ်"

မင်းဇေယျာ ရယ်တော့၏။ တင်အေးကြည်က နှုတ်ဦးနေသဖြင့် သူ အလူးအလဲခံနေရတော့၏။

"နင့်လက်ထဲက အထုပ်တွေက ဘာတွေလဲ"

တင်အေးကြည်က မင်းဇေယျာ လက်ထဲမှ အထုပ်နှစ်ထုပ်ကို ကြည့်ကာ မေး၏။

"သြော်....လက်ဖက်ပါ၊ ကြုံလို့ဝယ်လာတာ၊ စားချင်ရင် ယူထားလိုက်လေ"

တင်အေးကြည်က လက်ဖက်ထုပ်နှစ်ထုပ်ကို ခပ်သွက်သွက် လှမ်းယူလိုက်၏။

သည်ကောင်မက ဟန်မဆောင်တတ်၊ အစားလည်း ငမ်းသည်ကို သူ သိ၏။ ထို့ကြောင့် အခွင့်သာသည်နှင့် တမင်ဝယ်လာသည့် ပုံစံမျိုးမဖြစ်စေသည့်နည်းနှင့်ပေးလိုက်ခြင်းဖြစ်သည်။

"အတော်ပဲ၊ ငါလဲ လက်ဖက်စားချင်နေတာ"



လက်ဖက်ထုပ် ရသဖြင့် တင်အေးကြည် ဝမ်းသာသွား၏။

"သြော်....ဒါနဲ့ ဒီနေ့ တတိယအချိန်မှာ နင်တို့အတန်းတွေဘက် ရောက်သေးတယ်၊ နင်နဲ့ တွဲထိုင်နေတာ ဘယ်သူလဲ"

အမှတ်မထင်သဘောဖြင့် မေးလိုက်၏။ တင်အေးကြည်က မျက်လုံးပြူးကြီးနှင့် ကြည့်သည်။ အကဲခတ်သည်။

"သူ့ကို သိချင်လို့၊ မိတ်ဆက်ခိုင်းချင်လို့ လက်ဖက်ထုပ်ပေးတာလား၊ စေတနာမဟုတ်တဲ့ လာဘ်ထိုးတာဆိုရင်တော့ မစားဘူး၊ ရော့....နင့် လက်ဖက်ထုပ် ပြန်ယူ"

"မဟုတ်ပါဘူးဟာ၊ အကြောင်းရှိလို့ မေးတာပါ"

"ဘာအကြောင်းလဲ"

မင်းဇေယျာက မတော်တဆ ပြဿနာဖြစ်ခဲ့ပုံကို ပြောပြလိုက်သည်။

"အဲဒါ ငါကလဲ တောင်းပန်ပါတယ်၊ သူ ကျေနပ်ပုံမရဘူး၊ နင် တတ်နိုင်ရင်တော့ တောင်းပန်ပေးစေချင်တယ် တင်အေးကြည်"

"သြ....လက်စသတ်တော့ နင်ရောက် ... တာလိုပါပဲလား မင်းမင်းရဲ"

"ဟင်...."

တင်အေးကြည် ဘာရည်ရွယ်ပြောသည် ... ချက်တရက် နားမလည်ဖြစ်သွားရ၏။

"ဒေါင်းကတာကို နင် ကြည့်ပါလား၊ ရှေ့ကကြည့်တော့ က နေတာပဲ၊ နောက်မှာတော့ ဖင်ကြီးပေါ်လို့၊ အခု

နှင့် လာတာ မြကြည်ဖြူနဲ့ ပတ်သက်ပြီး လာတာမဟုတ်လား၊ ဒါကိုပဲ ငါ့ကိုသတိရလို့ဝင်လာသလေးဘာလေး လုပ်လိုက်သေးတယ်၊ အဟင်းဟင်း တော်တော်ရယ်ရတယ် မင်းမင်း”

တင်အေးကြည်က ဟားသည်။ မင်းဇေယျာ ကျွတ်နေတော့၏။ မြကြည်ဖြူ ဆိုသည့် နာမည်ကလေးကတော့ ရင်ထဲမှာစွဲသွား၏။

မြကြည်ဖြူ၊ မြကြည်ဖြူ၊ မြကြည်ဖြူ၊ မြကြည်ဖြူ တဲ့။

“သူ့နာမည်က မြကြည်ဖြူ တဲ့လား”

“အေး…ဟုတ်တယ်၊ ဒါပေမယ့် တံစိုးလက်ဆောင်နဲ့လာတဲ့အတွက် ကောင်းပန်မပေးနိုင်ဘူး”

တင်အေးကြည်က အပြုတ်ပြောသည်။

“ဒီလိုတော့မလုပ်ပါနဲ့ဟာ၊ နင် လက်ဖက်ကြိုက်မှန်းသိလို့ တမင်ဝယ်လာတာပါ၊ ငါ့မှာ စေတနာရှိတယ်ဆိုတာ နင်သိပါတယ်၊ ဒါအတွက် သက်သက်မဟုတ်ပါဘူး၊ ငါ့ဘက်က အပြစ်ရှိတာကို တစ်ဖက်ကခွင့်လွှတ်မှ ငါ့စိတ် ကောင်းနိုင်မှာမို့ပါ”

နတ်တောင်းပန်သလို တောင်းပန်ရတော့သည်။ စိတ်ထဲမှာတော့ တော်တော်အီးတုံးကြီးတဲ့ သောက်ကန်းမဟု ကျိန်ဆဲနေမိ၏။

“ဒါဖြင့်လဲ ငါ မေးကြည့်ဦးမယ်၊ မတော်တဆဖြစ်ရိုးမှန်ရင်တော့ သူ ခွင့်လွှတ်မှာပါ၊ မြကြည်ဖြူက စိတ်ရင်းကောင်းပါထယ်”



“သူက နင်တို့အဆောင်ကပဲနော်၊ ဒီနှစ်မှ ကျောင်းရောက်လာတာနဲ့တူတယ်၊ တစ်ခါမှလဲ မတွေ့ဖူးသေးဘူး”

“ဟုတ်တယ်၊ ဒီနှစ်မှ ကျောင်းရောက်လာတာ၊ မကွေးဒီဂရီကောလိပ်က ပြောင်းလာတာ၊ သူ့အဖေ ဆုံးလို့ဆိုလားပဲ၊ လောလောဆယ် သူ့အမေက တို့မြို့မှာနေတယ်”

“ဟာ….ပွတာပဲ”

နှုတ်ဖျားမှ ထွက်သွားမည့်ဆဲဆဲစကားကို မနည်းထိန်းထားလိုက်ရသည်။

“ဒါပဲနော်၊ ငါ တောင်းပန်ဆို တောင်းပန်ပေးမယ်၊ မိတ်တော့ ဆက်မပေးဘူး၊ ကြားထဲက နာမည်ပျက်မခံနိုင်ဘူး”

တင်အေးကြည်က ချွတ်နေပြန်၏။ မင်းဇေယျာသည် သူ့နရင်းကို ထထိုးလိုက်ချင်၏။ သို့သော် အောင့်သက်သက်နှင့်ပြုံးနေရ၏။

“အေးပါဟာ၊ ငါကလဲ တောင်းပန်ချင်တာလောက်ပါပဲ၊ ကဲ….ငါသွားမယ်၊ အဲဒါလေးတော့ ကူညီဟာ”

“အေး….သွားဖို့သင့်တာလဲ ကြာပါပြီ၊ ငါ ထမင်းမစားရသေးဘူး၊ မြန်မြန်သွားလေ ကောင်းလေပဲ”

“သေခြင်းဆိုးမ၊ ကုလားအရှုးနဲ့ ညားပါစေဗျာ”

ကျိန်ဆဲပြီး အဆောင်ဧည့်ခန်းမှ ခပ်သုတ်သုတ်ထွက်ခဲ့၏။

မင်းဇေယျာ သူ့အဆောင်ပြန်ရောက်တော့ သူ့အပေါင်းအသင်းတွေကို ထမင်းစားဆောင်တွင် အစုံအညီတွေ့ရ၏။

"မင်းမင်း၊ မင်း တစ်နေ့လုံး ဘယ်ပျောက်နေတာလဲ၊ အတန်းလဲ မတက်ဘူး"

မြင့်ကြူးက ထမင်းစားနေရင်းက ဆီးပြောသည်။

"အတန်းထက် အရေးကြီးတဲ့ကိစ္စရှိနေလို့ပေါ့ကွ"

"ဗူးလိုက်ကျနေတာ မဟုတ်လား"

စိုးဟိန်း၏စကားကိုမကြားယောင်ပြုကာ ထမင်းပန်းကန်ကို သွားယူ၏။

သည်အခန့် ဟင်းက မဆိုး၊ အမဲသားဟင်း ဖြစ်၏။ ပဲဟင်းချိုကတော့ လိုသလောက်ရ၏။

"ပြောစမ်းပါဦးကွ၊ ဘယ်သွားပြီး ကလေရိုက်နေတာလဲ"

သူ့ဘေး ရောက်လာသော မင်းဇေယျာကို စိုးဟိန်းက မေး၏။

"နဂါးမလေးကို လိုက်ရှာတာလေ"

"ဘယ်နဂါးမကလေးလဲ"

မနက်ကအဖြစ်ကို စိုးဟိန်းတို့ကတော့ မေ့နေလေပြီ။

"ငါ ရေချိုးနေနဲ့ တွေ့မိလို့ မျက်စောင်းထိုးသွားတဲ့ နဂါးမလေးလေကွာ"



"တွေ့ခဲ့လား"

"သိပ်တွေ့ပေါ့ကွာ၊ နာမည်တောင် သိခဲ့သေးတယ်၊ မြကြည်ဖြူ တဲ့၊ နာမည်လေးကကော မလှဘူးလား ဟေ့"

"လှတာမလှတာ အပထား၊ မင်းဘူးလိုက်ကျနေတာနဲ့ စာမေးပွဲကျနေဦးမယ်နော် မင်းမင်း"

မြင့်ကြူးက ထမင်းဝိုင်းမှ ထရင်း သတိပေးသည်။

"မကျပါဘူးကွာ၊ မင်းမင်းတို့က စာမေးပွဲလာက်တော့ အပျော့ပါ၊ မင်းတို့ ငါ့အကြောင်းသိပါတယ်"

မင်းဇေယျာက လက်မ ထောင်ပြကာ ပြောလိုက်၏။ သူ့အနေနှင့် လက်မ ထောင်မည်ဆိုကလည်း ထောင်နိုင်သည့် အခြေအနေရှိသည်။ သူသည် ကျောင်းစာဘက်တွင် အတော်ကြီးထဲက မဟုတ်သည့်တိုင် ရှေ့တန်းက လိုက်နိုင်ခဲ့သူပင်ဖြစ်၏။ ဆယ်တန်းတုန်းက ဂုဏ်ထူးနှစ်ဘာသာပင် ရခဲ့သေးသည်။ တက္ကသိုလ် ရောက်တော့လည်း အတန်းတိုင်းကို ချောချောမောမော ကျော်လွှားနိုင်ခဲ့သည်။

"သတိထားပေါ့ကွာ၊ နောက်ဆုံးနှစ်ကျမှ စာမေးပွဲကျရင် ခက်နေမယ်၊ ဗူးထလို့ စာမေးပွဲကျတယ်ဆိုရင် ရှက်စရာကြီးကွ ဟဲဟဲ"

ပြောပြီး မြင့်ကြူး ထမင်းဝိုင်းမှ ထသွားသည်။

"ပြောစမ်းပါဦး၊ မောင်ရင် ဘယ်လိုသိခဲ့တာလဲ"

သက်ဦးက သူ့ ငါးပိကြော်ပုလင်းကို မင်းဇေယျာရှေ့ချပေးပြီး အားပေးအားမြှောက်ပြု၏။

"ဘယ်လိုသိသလဲဆိုတော့ လည်သလိုပတ်သလို သိတယ်ဆိုပါတော့ကွာ၊ ဘယ်ကကျောင်းလာတက်တယ်ဆိုတာတော့ သိခဲ့သေးတယ်၊ ကိုယ်တို့ မေမြို့ကပဲ၊ ပြောင်းလာတာတော့ မကြာသေးဘူး၊ မကွေးကောလိပ်က ပြောင်းလာတာ၊ သူကလဲ နောက်ဆုံးနှစ်ကွ၊ မာတုဗေဒအဓိက"

စိုးဟိန်း မျက်မှောင်ကုတ်ပြီး သူ့ကို လှည့်ကြည့်၏။ မနက်ကမှ တွေ့သော အမျိုးသမီးတစ်ယောက်၏အကြောင်းကို ဤမျှပြည့်ပြည့်စုံစုံ ပြောနိုင်သော မင်းဇေယျာကို အံ့ဩစရာသတ္တဝါတစ်ကောင်ဟု ဆင်မှတ်သွားပုံရ၏။

"မင်း မဆိုးဘူး၊ ဘွဲ့တစ်ခုတောင်ပေးဖို့ကောင်းနေပြီ"

"ဘာဘွဲ့ပေးရင် ကောင်းမလဲ"

ကျော်ကျော်က ဝင်မေး၏။ ထောင်ပေးလိုက်ခြင်းပင် ဖြစ်သည်။ ဤသည်ကို စိုးဟိန်းကလည်း သိသည်။

သည်ကောင်က စာရေးဆရာပေါက်စ၊ ကျောင်းနံရံကပ်စာစောင် နှစ်လည်း မဂ္ဂဇင်းတွေမှာ ကလောင် သွေးသည်။ မဂ္ဂဇင်းကြီးတွေဆီလည်း ဝတ္ထုတိုတွေ ရေးပို့လေ့ရှိ၏။ တစ်ခါ



တစ်ရံသော် သူ့ ဝတ္ထုတိုကလေးတွေ မဂ္ဂဇင်းတွေမှာ ပါလာတတ်၏။ ဤသည်ကို ကြည့်နူးနေတတ်ပြီး ဘွဲ့ရလျှင် စာရေးဆရာ လုပ်မည်ဟု စိတ်ကူးထားသူပင် ဖြစ်သည်။

စိုးဟိန်းက စာသံပေသံနှင့် မင်းဇေယျာကို ပေးမည့်ဘွဲ့ ရွတ်ပြ၏။

"ဒီလိုပေးမယ်ဗျာ၊ ဝဏ္ဏကျော်ထင်၊ သိရှိပုံချို၊ သတိုးသုမမှုရာဇာ၊ နာအသရေ စည်သူမင်းမင်း ခေါ် မင်းဇေယျာ လို့"

အုန်းခနဲ ပွဲကျသွားသည်။ မင်းဇေယျာ ထ၍ ဆဲမိတော့၏။

"ခွေးမသား"

ခရေပွင့် စာပေ ကျောင်းသားတွေ

ာသည်။
ယခုမှ
ယ်ထည်
စ်ဖက်က
ပန်းနု
ကြည့်

## ခန်း ( ၃ )

သစ္စာဆောင်ခပ်လှမ်းလှမ်းမှ ဖြတ်ရသည်ကိုပင် သူ့ ရင်ထဲ၌ ထိတ်နေရသည်။ သူ့ဘေးတွင် ရဘနာမ ပါသောကြောင့်ပင် ဖြစ်သည်။ မတော်တဆ သူ့ကို မြကြည်ဖြူ မြင်သွားမည်ကို စိုးရိမ်နေ၏။

မြကြည်ဖြူကို သူ ဘာကြောင့် စွဲလမ်းသွားရသနည်း။ ...ာတ်၊ အဖြေရှာမရ၊ သူမနှင့် ပတ်သက်၍ စတွေ့ကတည်း ကျော်...်ခုန်ခဲ့ရသည်၊ နေ့...နူညသ မြကြည်ဖြူ ဖြစ်ခဲ့သည်။ သည်။ ငှ...်ခနာက်ခတာ့ မြကြည်ဖြူက သူ့ကို ဖမ်းစားခဲ့သည်။ ...ာ မြကြည်ဖြူ၏ မျက်နှာကလေး သူ့မျက်ဝန်းထဲမှ သည်...ာ့၊ အချိန်တိုင်း မြကြည်ဖြူကိုသာ သတိရနေရ၏။ စာစောင်...့ အပေါ် အမျက်မပြေဖြစ်နေမည်ကိုလည်း စိုးရိမ်နေ မဂ္ဂဇင်း...



ကျောင်းဝင်းအပြင်ဘက်ရောက်မှ သူ စိတ်အေးသွားရ၏။ ရတနာမက သူ့ဘေးမှ စကားတွေဖောင်ကာ လိုက်ပါလာသော်လည်း သူသည် မကြားတစ်ချက် ကြားတစ်ချက်၊ သူ့အတွေးနှင့် သူ လျှောက်နေ၏။ သူ့အတွေးလိပ်ပြာက မြကြည်ဖြူ ထံသို့သာ ဝဲပျံလွင့်ပါးနေ၏။

"ကိုကို ပြောတာလဲ မကြားဘူး"

"အယ်...."

ရတနာမက သူ့ လက်မောင်းကို ဆွဲဆိတ်လိုက်တော့မှ သူ ပတ်ဝန်းကျင်ကို သတိရလာ၏။

"ဒီအတိုင်း ကုန်းကြောင်း လျှောက်သွားနေမှာလား ဟင်"

ရတနာမက သတိပေး၏။ သည်တော့မှ ခြေလှမ်းအတော်များများ ကားမှတ်တိုင်ကိုလွန်ခဲ့ကြောင်း သတိထားမိ၏။

"စကားပြောရင်း လျှောက်သွားကြမယ်လေ၊ အငှားကားကြုံတော့ စီးကြတာပေါ့"

သူ အတွေးလွန်ခဲ့သည်ကို ဖုံးမိသည်။

"ကိုကိုက စကားဖြင့် မပြောဘဲနဲ့များ"

ရတနာမ၏ မျက်စောင်းနက်ကလေးက သူ့ထံ ဝဲလာသည်။ ရတနာမက ချစ်စရာကောင်းသည်။ အသက်ကလည်း ယခုမှ တစ်ဆယ့်ခြောက်နှစ်စွန်းရုံသာ ရှိသေး၏။ ကိုယ်လုံးကိုယ်ထည်ကလည်း ပြေပြစ်၏။ မို့ဖောင်းသော ပါးကလေးနှစ်ဖက်က ကော်ပတ်ရုပ်ပါးကလေးတွေကဲ့သို့ ဖောင်းဖောင်းရဲရဲ၊ ပန်းနုရောင် နှုတ်ခမ်းက စို့စို့ပြည့်ပြည့်၊ မျက်လုံးကလေးက ကြည်

ကြည် လဲ့လဲ့၊ မျက်ခုံးကလေးတွေက သွယ်သွယ်တန်းတန်းနှင့် ဖြစ်၏။

ဝတ်စား၊ ဆင်ယင်ပုံကလည်း ခေတ်မီသည်။ သူမသည် ရန်ကုန်သူဖြစ်၏။ သူမ ဖခင်မှာ တာဝန်နှင့် မန္တလေးသို့ ပြောင်းလာရသဖြင့် မန္တလေးသို့ ရောက်လာခြင်း ဖြစ်သည်။

အစက သူသည် ရတနာမကို မန္တလေးတက္ကသိုလ်၏ လမင်းကလေးဟု ထင်ခဲ့သည်။

မောင်မယ်သစ်လွင် အခမ်းအနားတွင် ကြိုးသည်နှင့် သူ ချဉ်းကပ်ခဲ့၏။ ရင်းနှီးမှုကို ရယူခဲ့သည်။

ရတနာမကလည်း မင်းဇေယျာကို တွေ့လျှင်တွေ့ချင်းမှာပင် ခင်မင်သွားသွား၏။

မင်းဇေယျာသို့ရုပ်ချော၍ အပြောချိုသူ ကျောင်းသားကြီး တစ်ယောက်က သူမကို အာရုံတဝင် ဆက်ဆံသည်ကိုပင် ရတနာမအနေဖြင့် ကျေနပ်နေရ၏။ သည်လိုနှင့် တွေ့ပါများလာတော့ ရတနာမသည် ဆောက်လုပ်ပါ ချူလှည့်ပါဟု ဖိတ်ခေါ်နေသော ပန်းကလေးတစ်ပွင့် ဖြစ်လာ၏။

ပီတုန်းကောင်ကလေးကလည်း ဆွတ်တော့မည် ချူတော့မည့်နှယ် ဟန်တပြင်ပြင်ရှိနေခဲ့၏။

ယခုတော့မူ...

အစက မင်းဇေယျာသည် သည်ပန်းနွေ ရုပ်ရှင်ကြည့်ရင်း လည်ပတ်ရင်း ရတနာမ၏ မေတ္တာပန်းကို ချူနမ်းတော့မည်ဟု စိတ်ကူးထားခဲ့၏။



သည်ရက်အတွင်းမှာပင် မြကြည်ဖြူကို သူတွေ့ခဲ့၏။ မြကြည်ဖြူကို သူ အမှတ်မထင် စွဲလမ်းသွားခဲ့၏။ သည်အမှတ်မထင်က သတိမရဘဲ မနေနိုင်လောက်အောင်ပင် ဖြစ်၏။ အချိန်တိုင်း တမ်းတမ်းတတ သတိရနေခဲ့၏။ လွမ်းလွမ်းဆွတ်ဆွတ် ရှိနေခဲ့ရ၏။

သည်တော့ သူ့ရင်ထဲက တကယ့်အချစ်ကို သူ နားလည်ခဲ့ရပြီ။ သူ့ရင်မှာ ယခုမှ အချစ်ရနံ့ သင်းပျံ့လာသည် ထင်မိ၏။

သူသည် အစီအစဉ်ကို ပြောင်းလိုက်၏။ အစက မော်တော်ဆိုင်ကယ်နှင့် လည်မည်ဟု စိတ်ကူးထားခဲ့သော်လည်း ဆိုင်ကယ်ကို မယူဘဲ ထွက်ခဲ့၏။

ရတနာမ သူ့ကို စိတ်ပျက်စိတ်ကွက်စေမည့် အပြုအမူမျိုး ပြုမူရန် စိတ်ကူးသည်။ သူမကို ခွာ၍လည်း သူမဘက်က နစ်နာလိမ့်မည်မထင်ပါ၊ အဘယ်ကြောင့်ဆိုသော် သူနှင့် ရတနာမတို့က နှစ်ကိုယ်တူ ကြည်ဖြူနေကြသည့်ချစ်သူများ မဖြစ်ကြသေးသောကြောင့်ပင်။

နှစ်ကိုယ်တူ ကြည်ဖြူခဲ့ကြသည့် ချစ်သူတွေကိုလည်း သူ့ဘက်က ချစ်သူအဆင့်ထက် ကျော်လွန်သော ဖောက်ဖျက်မှုမရှိပါ။

လမ်းတွင် သုံးဘီးကားတစ်စီးကို တွေ့သဖြင့် သူ လက်ကာပြီး တားလိုက်၏။

ကားနောက်ခန်းတွင် နှစ်ယောက်သား မျက်နှာချင်းဆိုင် ထိုင်ကြသည်။

"ကိုကို ဒီနေ့ သိပ်စကားနည်းတာပဲ"

ရတနာမက မင်းဇေယျာကို အကဲခတ်ရင်း ပြောသည်။

"ခေါင်းနည်းနည်းမူးနေလို့ပါ"

"အို....ဟုတ်လား၊ ရတနာမမှာ ရှူဆေးပါတယ်"

ရတနာမ ပျာပျာသလဲဖြစ်သွားသည်။ လက်ဆွဲအိတ်ထဲမှ ရှူဆေးတောင့်ကို ကပျာကယာ ထုတ်ပေး၏။ မင်းဇေယျာ စိတ်မပါတပါ ယူ၍ ရှူ၏။

"မသက်သာရင် ဆေးတိုက်တစ်တိုက်တိုက် ဝင်ကြရအောင်နော်"

ရတနာမက အကြင်နာစကားဆိုသည်။ သို့သော် မင်းဇေယျာမှာ မကြည်နူးမိ။

"ကိစ္စမရှိပါဘူး၊ တော်ကြာလေကောက်ဆိုရင် ပျောက်သွားမှာပါ၊ ညက အဆောင်မှာ အရက်ခိုးသောက်တာ များသွားလို့"

"ဟင်....ကိုကို အရက်သောက်တယ် ဟုတ်လား"

"အင်း....သူငယ်ချင်းတွေနဲ့ နေ့တိုင်းလိုလို သောက်ဖြစ်ကြတယ်"

"ဟင်....ကိုကိုကလဲ၊ အရက်မသောက်ပါနဲ့လား"

ရတနာမ၏မျက်နှာကလေး ရှုံ့မဲ့သွား၏။ မင်းဇေယျာသည် သူ့ကို စိတ်ပျက်သွားအောင် တမင်ပြောလိုက်ခြင်းပင်ဖြစ်သည်။ စင်စစ် သူသည် ကျောင်းပိတ်ရက်မှသာ ဘီယာလောက် သောက်တတ်သူ ဖြစ်၏။ ၎င်းသည်ကလည်း အပတ်တိုင်းမဟုတ်၊ လူစုံမှ အကြောင်းတိုက်ဆိုင်မှသာ သောက်ဖြစ်ကြသည်။



"သူငယ်ချင်းတွေက အမြဲသောက်နေတော့ ကိုယ်လဲ သောက်ရတာပေါ့၊ မသောက်ရင် သူတို့က စိတ်ဆိုးမှာပေါ့"

မင်းဇေယျာက သူ့ကို အထင်သေးသွားအောင် ဆက်ပြောသည်။ ရတနာမက မကြိုက်သလို နှုတ်ခမ်းကလေးစူ၏။

"ဟင်....ကိုကိုကလဲ၊ သူတို့ သောက်ချင် သောက်ပစေပေါ့၊ ကိုယ်က မသောက်နဲ့ပေါ့၊ ဒါမှ စိတ်ဆိုးရင်လဲ ဆိုးပစေပေါ့၊ ကိုယ်ပျက်စီးမယ့်အလုပ်ပဲ၊ ရတနာမတို့တော့ အရက်သောက်တာ မကြိုက်ပေါင်"

"ရတနာမက မိန်းကလေးဆိုတော့ ဘယ်ကြိုက်မလဲ၊ ယောကျ်ားတွေကတော့ ကြိုက်တာပေါ့"

"ဟွန်း....အရက်က ဘာကောင်းလို့လဲ၊ မသောက်တဲ့ ယောကျ်ားတွေလဲ အပုံရှိပါတယ်"

ရတနာမက သူ့အား မျက်စောင်းထိုး နှုတ်ခမ်းစူရင်း ပြောသည်။

"မသောက်မစားလူ့ငနွားတဲ့ သောက်သောက်စားစား လူ့မင်းသားတဲ့ ရတနာမရဲ့ သိလား၊ ဟား... ဟား.... ဟား"

ရတနာမ၏စကားကို သူက ဟားပစ်လိုက်၏။ ရတနာမ၏ မျက်နှာလေးမှာ ရှုံ့မဲ့နေ၏။

"ကိုကို မကောင်းဘူး"

"ဘာ မကောင်းတာလဲ"

"အရက်သောက်လို့ပေါ့"

"ဘာလဲ၊ ရတနာမက အရက်သောက်လို့ အပေါင်းအသင်း မလုပ်ချင်ဘူးပေါ့၊ ဟုတ်လား"

ရတနာမှ ရုတ်တရက်မဖြေ။ အတန်ကြာတော့မှ....

"အဲဒီလိုလဲ မဟုတ်ပါဘူး၊ ကိုကို့ကို ကောင်းစေချင်တာပါ၊ ကိုကို့ ကျန်းမာရေးထိခိုက်မှာကိုလဲ စိုးရိမ်တယ်လေ၊ ပြီးတော့ လူတွေက အရက်သမားတွေဆိုရင် အထင်သေးကြတယ်မဟုတ်လား ကိုကိုရယ်"

ရတနာမက သူ့ကို လုံးလုံးလျားလျား စိတ်ပျက်သွားပုံမရသေးသဖြင့် သူ စိတ်ပျက်သွားရ၏။ သူ နောက်ထပ် နည်းပရိယာယ်တစ်ခုကို သုံးရဦးတော့မည်။

ဘုရားကြီးသို့ ရောက်လာခဲ့ကြ၏။ နံနက်ခင်းဖြစ်သော်လည်း ဘုရားကြီးရှေ့တွင် မြင်းလှည်း၊ ဆိုက်ကား၊ ကားများဖြင့် စည်ကားနေ၏။ ရုံးပိတ်ရက်ဆိုလျှင် ဘုရားကြီးမှာ စည်ကားမြဲဖြစ်သည်။

သူတို့ ကားပေါ်မှဆင်းခဲ့ကြသည်။ ဘုရားကြီးထဲဝင်ခဲ့ကြ၏။ စောင်းတန်းဘွင် ရတနာမက ပန်းဝယ်သည်။ မင်းဇေယျာက ပန်းသည် လှလှကလေးကို ငေး၏။ ရတနာမက မင်းဇေယျာကို တစ်ချက်လှည့်ကြည့်၏။

"ကျေးဇူး တင်ပါတယ်နော်၊ နောက် ရောက် ရင် လဲ ဒီမှာပဲ အားပေးပါရှင်"

မနီးသူပီပီ ပန်းသည် လှလှကလေးက အပြော ချိုသည်။ အပြုံးကလည်း ချို၏။ မင်းဇေယျာက ပန်းသည်လှလှကလေးကို ပြုံးပြလိုက်၏။



ရတနာမက မင်းဇေယျာကို ဒုတိယအကြိမ် လှည့်ကြည့်သည်။

ရွှေအတိပြီးသော မဟာမြတ်မုနိဘုရား ရုပ်တုတော်ကြီးရှေ့ ရောက်တော့ ရတနာမက မေမြို့ပန်းလှလှတစ်စည်းနှင့် သပြေပန်း တစ်စည်းကို မင်းဇေယျာလက်ထဲ ခွဲပေးသည်။

မင်းဇေယျာသည် ဘုရားကို ဦးသုံးကြိမ်ချသည်။ ဤတွင် မင်းဇေယျာအတွက် ဘုရားရှိခိုးခြင်းအမှု ပြီးသွားတော့၏။

မင်းဇေယျာသည် ပန်းစည်းကိုကိုင်ပြီး ခပ်လှမ်းလှမ်းတွင် ဘုရားဖူးလာနေသော အမျိုးသမီးတစ်ယောက်ကို ငေးနေ၏။ ရတနာမကတော့ ကတွတ်တွတ်နှင့် ဘုရားရှိခိုးကို ရွတ်နေ၏။ အတန်ကြာမှ ဘုရားကိုဝတ်ပြုသည်။

မင်းဇေယျာကတော့ ခပ်လှမ်းလှမ်းရှိ အမျိုးသမီးကို ငေးနေဆဲပင် ဖြစ်၏။

"ဟင်... ကိုကို ဘုရားရှိခိုးတာက လဲ မြန်လိုက်တာ"

ရတနာမ၏စကားကို သူ မကြားဟန်ပြု၏။ ခပ်လှမ်းလှမ်းမှ အမျိုးသမီးကို ငေးပြငေးနေသည်။

"ကိုကို"

"အား"

ရတနာမက လက်မောင်းကို ဆွဲဆိတ်လိုက်တော့မှ အော်ပြီး လှည့်ကြည့်သည်။

"ဘာ ငေးနေတာလဲ"

"အဟဲ"

ရယ်ကျဲကျဲ လုပ်နေလိုက်သည်။ ရတနာမက သူ့လက်ထဲမှ ပန်းစည်းကို ယူသည်။ သူမလက်ထဲမှပန်းစည်းနှင့် ရောနှောပြီး ပန်းအိုးတွင် သွားရောက်ထိုးသည်။ သူ ငေးနေခဲ့သော အမျိုးသမီးသည်လည်း ဘုရားရှိခိုး၍ ပြီးသွားလေပြီ။

"ကဲ....သွားစို့"

မင်းဇေယျာသည် နေရာမှထပြီးမှ စောစောကအမျိုးသမီးကို သမင်လည်ပြန် လှည့်ကြည့်လိုက်သေး၏။ ရတနာမကလည်း နောက်ကို တစ်ချက်လှည့်ကြည့်သည်။

ဘုရားကြီးဆီမှ ထွက်ခဲ့သည်။

"ဘယ်သွားကြဦးမလဲ"

"ရုပ်ရှင်ပဲ သွားကြတာပေါ့"

"စောလွန်းသေးတယ်၊ ထမင်း အရင်စားကြတာပေါ့နော်"

ရတနာမ ခေါင်းညိတ်၏။

တရုတ်တန်းဘက်သို့ ထွက်ခဲ့ကြသည်။ ရတနာမသည် သာလိကာမကလေး မဟုတ်တော့။ တေမိဖြစ်နေပြီ။ နှုတ်ဆိတ်နေ၏။ တစ်စုံတစ်ရာကို အလေးအနက် စဉ်းစားလာပုံရ၏။

တရုတ်တန်းတွင် နံနက်စာ စားသည်။ ထို့နောက် ရုပ်ရှင်ရုံသို့ ထွက်ခဲ့ကြ၏။

ရုပ်ရှင်ရုံသို့ ရုပ်ရှင်မီရုံ ရောက်သွား၏။ လက်မှတ်ဝယ်ပြီး ရုံထဲသို့ ဝင်ခဲ့ကြသည်။

ရုံထဲတွင် လူပြည့်လုနီးပါး ရှိနေ၏။ သူတို့ဝင်ခဲ့သောခုံတန်းမှာ သူတို့အတွက် နှစ်နေရာစာ လွတ်နေ၏။ တစ်ဖက်တွင် စိန်



ရတနာ ပြိုးပြိုးပြက်ပြက်ဝတ်ဆင်ထားသော မိန်းမကြီးတစ်ဦး ရှိ၏။ တစ်ဖက်တွင် အပျိုရွယ် ချောမောသော အမျိုးသမီးငယ်တစ်ဦး ရှိ၏။

မင်းဇေယျာသည် အမျိုးသမီးငယ်၏ ဘေးနေရာလွတ်တွင် ခုနဲ့ဝင်ထိုင်လိုက်၏။

ရတနာမက မင်းဇေယျာ၏မျက်နှာကို ဖျတ်ခနဲကြည့်လိုက်၏။ သူမအတွက် လွတ်နေသောနေရာတွင် ဝင်ထိုင်လိုက်၏။

သူတို့ရောက်ပြီး မကြာမီ နိုင်ငံတော်အလံကို အလေးပြုရပြီး ရုပ်ရှင် စ ပြတော့၏။

ရတနာမက စောင်ကြီးပဲလှော်တစ်ထုပ်ကို မင်းဇေယျာ လက်ထဲ လာထည့်၏။ မင်းဇေယျာက ဆုပ်ယူထားလိုက်ပြီး ရုပ်ရှင်ကိုသာ ငေးကြည့်နေမိသည်။

မျက်စိထဲတွင် အရုပ်တွေမြင်နေရ၏။ သို့သော် မည်သည့် ဇာတ်ကွက်ဇာတ်လမ်းတွေ ပြနေသည်မသိ။ သူ့မျက်လုံးနှစ်စုံ ရုပ်ရှင်ပိတ်ကားပေါ် ရောက်နေသော်လည်း သူ့စိတ်က ငေးဆီ လွင့်ပါးနေ၏။ မြကြည်ဖြူကို သတိရနေသည်။ ကြည်ဖြူ၏ မျက်နှာလှလှကလေးကို မြင်ယောင်နေ၏။

"ကိုကို"

"ဟင်...."

ရတနာမက ပခုံးချင်းတိုက်ကာ ခေါ်လိုက်[illegible] အသိဝင်လာ၏။

"ပဲလှော် စားလေ"

"ဩော်...အင်း"

သည်တော့မှ တောင်ကြီးပဲလှော်ထုပ်ကို ဖွင့်၍ စားမိ၏ ရတနာမက အခွံနွာပြီးသား ပဲလှော်ထုပ်များကို သူ့လက်ထဲ ထပ်၍ ထည့်ပေး၏။ သူက အသာ ဆုပ်ယူလိုက်သောအခါ ရတနာမ၏ လက်ကို ကိုင်မိသည်။ သို့သော် သူ့ရင်မှာ လှုပ်ရှားမှုကင်းနေ၏။ ပကတိ အေးစက်နေ၏။

သူ စိတ်ပြောင်းလဲသွားပုံကို သူကိုယ်တိုင်ပင် မအံ့ဩ မနေနိုင်။ အစက ပျော်ရလိမ့်မည်၊ ကြည်နူးရလိမ့်မည်ဟု ထ ခဲ့၏။ ချစ်စကားလှလှတွေကိုလည်း သီကျူးလိုက်မည်ဟု ရည်ရွယ်ခဲ့၏။ ယခုတော့ ချစ်စကားလှလှတွေ သီကျူး စိတ်မကူးတော့ပြီ။ ကြည်နူးဖို့လည်း စိတ်မကူးတော့ပြီ။ သ စိတ်ကူးမိသည်က မြကြည်ဖြူ၏အကြောင်းသာ ဖြစ်နေ၏။

နဂါးတို့မျက်စောင်းက အကြောင်းသုံးပါးမရွေးဟု အ ရှိ၏။ နဂါးမလေး မြကြည်ဖြူမျက်စောင်းကြောင့် သူ့အသည် နှလုံးတွေ အချစ်ပြာကျခဲ့လေပြီလား မသိ။

ရတနာမ၏ ကိုယ်ကလေးမှာ သူ့ဘက်သို့ မှီနွဲ့လာ၏ ခေါင်းကလေးက သူ့ပခုံးပေါ် စောင်းငဲ့လာ၏။

သူသည် ကိုယ်ကိုမသိမသာ ယိမ်းဖယ်သည်။ တစ်ဖက် အမျိုးသမီးဘက်သို့ တိုးကပ်သည်။ ရတနာမထံမှ သက်ပြင် ချသံ ကြားရသည်။ ရတနာမသည် သူ့ကို ကွက်ခနဲကြည့်က ကိုယ်ကိုပြန်မတ်လိုက်သည်ကိုလည်း သတိထားလိုက်မိသည်။

ဘာဇာတ်မှန်းမသိဘဲ ရုပ်ရှင်မှာ ပြီးဆုံးသွားခဲ့၏။ မင်းဇေ ယျာနှင့် ရတနာမသည် လူရေစီးကြောင်းအတိုင်း ရုံပြင် ရောက်ခဲ့၏။



အချိန်မှာ နေ့လယ် မွန်းလွဲဖြစ်၏။ အညာ နေက မီးထ တောက်တော့မည့်အလား ပူပြင်းလှ၏။ နေပူကျဲကျဲအောက်တွင် လူများ၊ မြင်းလှည်းများ၊ ကားများ ရှုပ်ထွေးစွာ လှုပ်ရှား သွားလာနေကြ၏။

"အအေးတစ်ခုခုသောက်ကြရအောင် နော်"

မင်းဇေယျာက ရတနာမကို ငုံ့ကြည့်ကာ ပြောလိုက်၏။

"ဟင့်အင်း၊ ဘာမှမသောက်ချင်တော့ဘူး၊ ကျောင်း ကိုပဲ ပြန်တော့မယ်"

ရတနာမက သူ့ကို လှည့်မကြည့်ဘဲ ဒီဇိုင်းကွက်လှလှနှင့် ခလုတ်ထီးကလေးကို ဖြောက်ခနဲဖွင့်ကာ ပြော၏။ သူမ၏မျက်နှာ ကလေး နေသင့်ပန်းနွယ် နွမ်းနေ၏။

သူသည် မာဇဒါ အငှားကားကလေးတစ်စီးကို လက်ပြ၍ တားလိုက်၏။

ကားပေါ် ရောက်သည့်တိုင် ရတနာမ နှုတ်ဆိတ်နေ၏။ အပြင်ဘက်ကို ငေးနေသည်။

သူ သိလိုက်ပြီ၊ ရတနာမသည် သူ့နောက်သို့ နောက်နောင် ခေါ်၍ လိုက်တော့မည်မဟုတ်တော့ပါချေ။ သည်သို့ စိတ်ပျက် သွားအောင်လည်း သူက တမင်ဖန်တီးခဲ့ခြင်းပင်။

သူ့မေတ္တာကိုငံ့လင့်နေရှာသော ရတနာမကိုတော့ သနား မိပါ၏။

သို့သော် သူ့ကိုယ်သူလည်း မြကြည်ဖြူ၏ အချစ်သုံ့ပန်း အဖြစ် သနားရဦးမည်သာတည်း။

စာစု ( ၄ )

“အလို”

“ဟင်”

“ကျား ဥပုသ်စောင့်မယ် ဆိုတဲ့စကား ကြားရသလိုပါလား”

ဘီယာရှိန်ကြောင့် အဟန်ငယ် မူးရီနေကြ၏။

ထိုအချိန်မှာ မင်းဇေယျာက အပေါင်းအသင်းများမျက်နှာစုံညီရှေ့တွင် သူ၏ ကိုယ်ရေးကိုယ်တာ၊ သို့မဟုတ် အတွင်းရေးထုတ်ပြန်ချက်တစ်ရပ်ကို ကြေညာသည်။

မင်းဇေယျာသည် ယခင် မင်းဇေယျာ မဟုတ်တော့ကြောင်း။ ယခင်က အချစ်အညစ်အကြေးများကို ဆေးကြောသုတ်သင်ပြီး အချစ်သစ်နှင့် မြကြည်ဖြူ တစ်ယောက်တည်းကို စွဲလမ်းတမ်းတစွာ ချစ်နေမည်ဖြစ်ကြောင်း။ မြကြည်ဖြူမှတစ်ပါး အခြားတစ်စုံတစ်ယောက်ကို ချစ်ခဲ့မိသည်ရှိသော်၊ တွဲခဲ့သည်ရှိသော် သူငယ်ချင်းတစ်စုက ပေးချင်သည့်အပြစ်ကို ပေးနိုင်ကြောင်း စသဖြင့်။

သူ့စကားကို ကြားရသောအခါ အံ့သြသွားကြ၏။ သူက အတည့်ပြောသည်မို့လည်း မယုံရ ခက်၏။ အကြောင်းသိတွေ့မို့ ယုံရလည်း ခက်၏။

“နေပါဦး၊ မောင်ရင် ဒီကနေ့တောင် ရတနာမဆိုတဲ့ ကောင်မလေးနဲ့ တွဲသွားသေးတယ် မဟုတ်လား”

ကျော်ကျော်က မေးသည်။

“ဟုတ်တယ်၊ ဒါ နောက်ဆုံးပဲ၊ တွဲသွားတယ်ဆိုပေမယ့် သူနဲ့ ဘာမှမဖြစ်သေးပါဘူး၊ ဒီနေ့မှာမှ ရတနာမကို ချစ်ရေးဆိုမယ်လို့စိတ်ကူးခဲ့တယ်၊ ဒါပေမယ့် မြကြည်ဖြူကိုတွေ့တဲ့ နေ့ကစပြီး ရတနာမဟာ ကိုယ့်အတွက်လမင်း မဟုတ်တော့ဘူးလေ၊ အလွန်သေးငယ်တဲ့ ပိုးစုန်းကြူး ကလေးဖြစ်သွားတယ်၊ ဒီတော့ ရတနာမလဲ မနစ်နာရအောင်ခုကတည်းက ခေါက်လိုက်တယ်၊ သူ ကိုယ့်ကို ဘယ်တော့မှ အတွေ့ခံတော့မှာ မဟုတ်တော့ဘူး”

ထို့နောက် မင်းဇေယျာက ရတနာမ သူ့အပေါ်စိတ်ပျက်သွားအောင် မည်သို့မည်ပုံပြုမူခဲ့သည်ကို ရှင်းပြလိုက်၏။

“ကိုယ့်လူကတော့ အရှောင်အတိမ်းမှာတော့ ဂျက်စီဂျိန်း ဆိုတဲ့ အတိုင်းပါပဲ၊ သောက်ကျင့်ကလေးတွေ ပြုပြင်တော့မယ်ဆိုတာလဲ ဝမ်းသာစရာပါပဲ၊ အဲ.... ဒါပေမယ့် အဲဒီ မြကြည်ဖြူဆိုတဲ့ အမျိုးသမီးကိုတော့ ကိုယ့်လူ ကြံလို့ရမှာ သေချာမတဲ့လား၊ ဒါလောက် လှတဲ့ အမျိုးသမီးတစ်ယောက်မှာ ချစ်သူတွေ ဘာတွေကော မရှိနိုင်ဘူးတဲ့လား”

သက်ဦး စကားသည် စဉ်းစားစရာပင် ဖြစ်၏။

မြကြည်ဖြူ၏ အလှက သာမန်ထက် ပိုလွန်းသည်။ မြင်သူတကာ မငေးဘဲမနေနိုင်သည့် အလှမျိုးဖြစ်၏။ တစ်ခါမြင်ရုံနှင့် မေ့မရနိုင်သည့် အလှမျိုးဆိုသည်ကိုလည်း ဝန်ခံရမည်။ သည်တော့ သူမကို မြင်သူတိုင်းက ချစ်မည်။ ချစ်သည်ဆိုတော့လည်း သူမ၏ အချစ်ပန်းကို ဆွတ်လှမ်းကြမည်။ သည်အခါ သူမ၏ သည်းဦးပန်းကို ပိုင်နှင့်နေသူ ရှိကောင်း ရှိမည်သာတည်း။ ပြီးတော့ သူနှင့် မြကြည်ဖြူက စတွေ့ကတည်းက ပြေလည်ခဲ့ကြသည် မဟုတ်။ တွေးရင်း မင်းဇေယျာ ညစ်သွားရ၏။

သူသည် လက်ကျန်ဘီယာခွက်ကို မော့လိုက်၏။

"မင်း သူ့ကို တကယ်စွဲနေတာလား မင်းမင်း"

စိုးဟိန်းက မေးသည်။

"အေးကွ၊ သူ့ကျမှ ငါ့ရင်ထဲမှာ ဘယ်လိုဖြစ်သွားတယ် မသိဘူး၊ သူ့ကျမှ ငါ့ရင်ထဲမှာ အချစ်မီးတောင်ကြီး ပေါက်ကွဲသွားရတယ်၊ သူ့အကြောင်းကိုမတွေးဘဲ မနေနိုင်ဘူး၊ အချိန်တိုင်း သူ့ကိုပဲ သတိရနေတယ်၊ အဲဒါ အချစ်လား ဟင်"

"ဒွတ်တဲ့မှ၊ ခုမှသိလားကွ၊ ချီး"

စိုးဟိန်းဆဲသည်။

"အကြောင်းမသိတဲ့ အမျိုးသမီးတစ်ယောက်ကို ဒါလောက်တော့ မစွဲလမ်းသင့်ဘူး မင်းမင်းရ"



ကျော်ကျော်က ဘီယာမတ်ခွက်ကို ဆောင့်ချရင်း ပြောသည်။

"ဟုတ်တယ်၊ ဒါပေမယ့် စွဲလမ်းတယ်၊ တင်းတာတယ်၊ သတိရတယ်ဆိုတာ တမင် လုပ်ယူထားရတာ မဟုတ်ဘူးကွ၊ ရင်ထဲမှာ အလိုလိုဖြစ်ပေါ်ခံစားနေရတာကွ၊ ကိုယ် မိန်းကလေးတွေနဲ့ တွေ့ခဲ့ဖူးတာ သူငယ်ချင်းတို့ အသိပဲ၊ ဒါပေမယ့် ဒါလောက်မစွဲလမ်းခဲ့ဘူးကွ၊ ပြီးရင် မေ့သွားခဲ့တာပဲ၊ သူ့မေတ္တာကို မရသေးဘဲနဲ့ မမေ့နိုင်လောက်အောင် စွဲလမ်းနေတာဟာ တကယ်ချစ်လို့ပဲလို့ ထင်တယ်"

မြင့်ကြူးသည် ဘာမှဝင်မပြောဘဲ မင်းဇေယျာကိုသာ ငေးကြည့်နေ၏။ လည်လွန်းသည့်ဘီးတော့ ချေးသင့်ပြီဟု သူ့စိတ်ထဲမှ တွေးထင်မိ၏။ သို့သော် ချစ်သူငယ်ချင်းမို့ နှုတ်မှ ဘာမှ ဖွင့်မပြောမိ။

"ရှေ့တိုးသင့်မတိုးသင့်ဆိုတာတော့ စဉ်းစားပေါ့ကွာ"

စိုးဟိန်းက သတိပေးစကား ပြောသည်။

"ငါကတော့ နောက်မဆုတ်ဘူး၊ ပိုင်ဘက်ရှိရင်လဲ ပိုင်ရအောင့်မှာပဲ၊ ဒါပေမယ့် ငါဟာ သူ့အတွက် ယောကျ်ားကောင်းတစ်ယောက် ဖြစ်စေရမယ်၊ သူ့အချစ်ကိုမရလဲ အဝေးကနေ ကူညီစောင့်ရှောက်နေမယ်၊ သူနဲ့ ပတ်သက်လာရင် ငါဟာ ဒဿဂီရိလဲမဖြစ်ချင်ဘူး၊ ရာမမင်းလဲ မဖြစ်ချင်ဘူး၊လက္ခဏလို စွန့်လွှတ်

"အနှစ်နာခံပြီး အလွမ်းပျော်ကလေးတွေနဲ့ ပျော်နေသူ
ဖြစ်ချင်နေတယ်"

မင်းဇေယျာ၏ စကားတို့သည် အချစ်ဖြင့် ထုံမွှမ်းနေ၏
အခါတိုင်းဆိုလျှင်တော့ အပေါင်းအသင်းတွေက ခွေးပါးစ
က နွားစကားထွက်သည်ဟု နောက်ပြောင်မိကြမှာ သေချာ
သည်။ ယခု မင်းဇေယျာက အလေးအနက် ပြောနေသဖြင့်
မည်သူမျှ မနောက်ပြောင်ကြ။

"ကဲ....ချဉ်းကွာ"

သက်ဦးက ဘီယာခွက်ကို ဖြည့်ပေးသည်။

"ချရမယ်၊ ဒီကနေ့တော့ သောက်ရမယ်၊ ကိုယ်က
နောက်မှ ရောက်လာတဲ့အတွက် ဒီကနေ့ ကိုယ် ဒကာ
ပေါ့"

အခါတိုင်းလည်း သူက ဒကာခံသည်သာများ၏။ အပေါင်း
အသင်းများကြားတွင် သူ့ငွေ နည်းနည်းမျှ မထုတ်ရလျှင်
မင်းဇေယျာက ကျေနပ်တတ်သူ မဟုတ်။

သူသည် ရတနာမနှင့်အတူ ကျောင်း ပြန် ရောက် ပြီး မှ
အပေါင်းအသင်းများကို ခြေရာခံကာ မန္တလေးဟိုတယ်သို့ လိုက်
လာခဲ့ခြင်း ဖြစ်သည်။

"အင်း....ရတနာမဆိုတဲ့ ကောင်မလေးကတော့ သနား
စရာပဲ"

သက်ဦးက ခေါင်းတညိတ်ညိတ်လုပ်ကာ ပြော၏။ ကျော်
ကျော်က ဝင်ထောက်၏။



"နင်သနားတာ ငါသိပါတယ်၊ တန်ရာတန်ရာတော့
လုပ်ပေါ့ကွာ"

ရယ်ပွဲကလေး ဖွဲ့သွားသည်။ သူတို့ထဲတွင် သက်ဦးက ရုပ်
အဆိုးဆုံးပင် ဖြစ်၏။ ရှေ့ဘိုးသား အစစ်။ ထို့ကြောင့် အညာ
သားရုပ် ပေါက်သူလည်း ဖြစ်၏။ ကျော်ကျော်ကလည်း ရွှေဘို
သားဆိုသော်လည်း ရန်ကုန်မွေးဖြစ်၏။ ရွှေဘိုတွင် ကြီးသည်။
သူတို့နှစ်ယောက်က သူငယ်ချင်းများပင် ဖြစ်သည်။

"ဟော့....သောက်လဲသောက်၊ မူးလဲ မမူးစေနဲ့ကွာ"

မင်းဇေယျာ လက်ကျမြန်နေသဖြင့် မြင့်ကြူးက သတိပေး
သည်။

"သောက်ရမယ်၊ မူးရမယ်၊ သောက်သောက်စားစား
လူမင်းသားတဲ့၊ ဟား....ဟား....ဟား"

ရတနာမ သူ့ကိုအထင်သေးအောင် ပြောခဲ့သောစကား
ကို သတိရသဖြင့် ရယ်မိ၏။

"ကဲ....မင်းမင်း၊ သီချင်းဆိုကွာ"

ကျော်ကျော်က အဆိုပြုသည်။ မူးလျှင် မင်းဇေယျာက
သီချင်းဆိုနေကျ။ သူက အဆိုလည်း ကောင်းသည်။ စန္ဒရား
လည်း တီးတတ်သည်။

မင်းဇေယျာသည် လက်ကျန်ဘီယာကို တကျိုက်ကျိုက်နှင့်
မော့လိုက်သည်။ ပြီးတော့မှ ကိုတင်လှိုင်၏ သီချင်းတစ်ပုဒ်ကို
သူကြိုက်သောအပိုဒ်မှ ဖြတ်ဆိုသည်။

"ဘုရားတပည့်တော်သည်×အနုအလှများ ရင်ဝယ် မခပြီ××သာမုဒယများ ပင်လယ်မကပြီ××သူမှတစ်ပါး ခင်တွယ်မရပြီ××မှန်သောသစ္စာဆိုပါမည်×မှန်သောသစ္စာ ဆိုပါမည်××ဘုရားတပည့်တော်သည်×အနုအလှများ ရင်ဝယ်မခ ပြီ××သာမုဒယများ ပင်လယ် မကပြီ×သူမှတစ်ပါး ခင်တွယ်မရပြီ××"

သီချင်းက တစ်ခုနရာဘည်းတွင် အပ်ကြောင်းထပ်ရင်း မင်းဇေယျာသည် စားပွဲပေါ် မှောက်ချလိုက်တော့၏။

"ဟာ....ဒီကောင် သိပ်မူးသွားပြီ"

သူ့ကို အပေါင်းအသင်းတွေက ဆွဲထူရသည်။ သူကတော့ ဘာမှမသိတော့ချေ။ အမူးဇီဂရီသည် သူ့ကို အမှောင်ကမ္ဘာထဲ တွန်းပို့လိုက်လေပြီ။

အမှောင်ကမ္ဘာထဲတွင် သူသည် လောကကြီးကို မေ့နေတော့၏။

●

●ာစု ( ၅ )

သူ သတိရတော့ အိပ်ရာဘက်တွင် အခန့်သားရောက်နေသည်ကို သိရ၏။

အခန်းမီး ဖျတ်ခနဲပွင့်လာ၏။ လက်မှနာရီကို ကြည့်လိုက်မိတော့ နံနက်လေးနာရီ ထိုးပြီ။ သူ့ကို အိပ်ရာအရောက်ပို့ခဲ့သော အပေါင်းအသင်းတွေကို ကျေးဇူးတင်မိ၏။

သူသည် အိပ်ရာထက်မှထပြီး ငုတ်တုတ်ထိုင်ကာ ငေါင်နေမိသည်။ သူ့မျက်စိထဲတွင်တော့ မြကြည်ဖြူ၏ စိတ်ဆိုးနေသော မျက်နှာလေးကို မြင်ယောင်နေမိသည်။

သူမသည် သူ့အပေါ် စိတ်ဆိုးနေဆဲပေပဲလား။ စိတ်ပြေမည်ဆိုလျှင်လည်း ပြေလောက်ပြီထင်သည်။ အပြစ်ကို မေ့ပင်မေ့လောက်ပြီ။ သို့သော် သူကတော့ မမေ့။ သူမကို သူကိုယ်တိုင် တစ်နည်းနည်းဖြင့် တောင်းပန်ဦးမည်ဟု ဆုံးဖြတ်၏။

တစ်ဖက်ခန်းမှ စာကျက်သံ ကြားရသည်။ စာအလွန်ကြိုးစားသော ခင်မောင်ဝင်း၏အသံပင် ဖြစ်သည်။

သူသည် အဝတ်အစားတို့ကိုချွတ်ကာ ရေချိုးခန်းသို့ ထွက်ခဲ့သည်။ ရေကို တဝကြီးချိုးပစ်လိုက်၏။ တစ်ကိုယ်လုံး လန်းသွား၏။ စိတ်လိပ်ပြာကတော့ မြကြည်ဖြူ၏ အထံတွင် ဝေ့ဝဲနေဆဲ။

သူသည် အဝတ်အစားလဲပြီး စာကြည့်စားပွဲတွင် ထိုင်၏။ လွင့်ပါးနေသော စိတ်အာရုံကို စုစည်းသည်။ စာထဲတွင် အာရုံနှစ်မြှုပ်ထားလိုက်၏။ သို့သော် စိတ်က မတည်ငြိမ်။ အာရုံက ကျောင်းစာထဲ ရောက်လိုက်၊ လွင့်ပါသွားလိုက်နှင့် ရှိနေ၏။ အတော်ကြာတော့မှ ကျောင်းစာထဲ လုံးလုံးလျားလျား အာရုံစိုက်နိုင်တော့သည်။

အရုဏ်ဦးအလင်းရောင်ကို မြင်လာရသည်။ ရွှေမန်းဆောင်တစ်ခုလုံး လှုပ်လှုပ်ရှရှ ဖြစ်လာသည်။ စကားပြောသံ၊ စာကျက်သံ၊ ရယ်မောသံ၊ ခြေသံများကို ကြားလာရသည်။

"ဒေါက်….ဒေါက်….ဒေါက်"

အခန်းတံခါးခေါက်သံကို ကြားလာရသည်။ အပေါင်းအသင်း တစ်ယောက်ယောက်ပဲ ဖြစ်မည်။ တံခါးကို ထဖွင့်ပေးလိုက်၏။

မြင့်ကြူး၏ စပ်ဖြဲဖြဲမျက်နှာကို တွေ့ရသည်။ သည်ကောင်က လူကြီးတစ်ယောက်ကဲ့သို့ ဗိုက်ကလည်း ရွှဲနေသေး၏။ ထို့ကြောင့် အသားဖြူသော်လည်း အဆောင်တွင် ချစ်တီးဟု နာမည်ရသူပင် ဖြစ်သည်။



"ခွေးမသား….ငပေါက်"

မြင့်ကြူးက မင်းဇေယျာ၏ ဗိုက်ကို မနာမကျင် ထိုးရင်း ဆဲတော့၏။ ကိုယ့်အဖြစ်နဲ့ ကိုယ်ဆိုတော့လည်း မင်းဇေယျာ ရယ်နေလိုက်ရ၏။

"မင်း….တော်တော်ပေါက်တဲ့ ကောင်၊ အဆောင်မှူး မသိတာ ကံကောင်းတယ်"

"မနေ့က ဘာတွေဖြစ်လဲကွ"

"ဘာတွေ ဖြစ်ရမလဲ မူးတာပေါ့၊ ကား ပေါ် က မနည်းတွဲချရတယ်၊ အဆောင်နား ရောက်တော့ရတယ်၊ ငါဟာငါ လျှောက်မယ်ဆိုပြီး လျှောက်တယ်၊ အစတော့ ဟုတ်တုတ်တုတ်ပဲ၊ အဆောင်ဝ ရောက်တော့မှ ဘေးဘက်ထောက် လဲတော့တယ်၊ မင်းကို မြင်တဲ့ သူတွေက အဆောင်ထဲ ခွေးဝင်တယ်ဟော့ဆိုပြီး ဝိုင်းရယ်ကြတယ်"

"တာ….သောက်ရှက်ပါပဲကွာ"

သူ့အဖြစ်ကို ယခုမှ သိရသဖြင့် ရှက်သွားရသည်။ သူသည် သည်သို့ တစ်ခါမှ ရုပ်ပျက် ဆင်းပျက် မဖြစ်ဖူးပါချေ။ သတိလွတ်လောက်အောင်လည်း မမူးခဲ့။

"နောက်ဘာဖြစ်သေးလဲ"

"အဆောင်ပေါ် တွဲတင်ရတာပေါ့၊ အိပ်ရာထဲ ရောက်တော့ မြကြည်ဖြူ နာမည်ကို ခေါ်နေသေးတယ်၊ အဲ…. ပြဿနာက…."

"ပြဿနာက ဘာဖြစ်လဲကွ"

မြင့်ကြူးက စကားကို ရပ်ထားလိုက်သဖြင့် မင်းဇေယျာက အခုသာကမျော မေးသည်။

"မင်းကို မြကြည်ဖြူ မြင်သွားတယ်"

"ဟင်....ဘယ်လို မြင်သွားတာလဲ၊ သူတို့ အဆောင်ရှေက ဖြတ်လာခဲ့လို့လား၊ မင်းတို့က ခေါ်ရေ ဒီပြင်လမ်း မရှိတော့ဘူးလားကွ"

အကြီးအကျယ် စိတ်ပူသွားရ၏။

"သူတို့ အဆောင်နား မရောက်ပါဘူးကွ၊ မြကြည်ဖြူနဲ့အမျိုးသမီး တစ်ယောက် လမ်းလျှောက်လာရင်းမတော်တဆ မြင်သွားတာ၊ မင်းကို သေသေချာချာကြည့်ပြီး မဲ့တောင် သွားသေးတယ်"

မြင့်ကြူးက အသည်နှင့် ဆက်ပြောသည်။ မင်းဇေယျာအကြီးအကျယ် စိတ်ညစ်သွားရတော့၏။ သည်အတိုင်းဆိုလျှင် မြကြည်ဖြူ သူ့ကို အထင်သေးသွားတော့မည်။ မြကြည်ဖြူ အထင်သေးသွားမည်ကို နည်းနည်းမျှ မခံနိုင်။ ယခုတော့ အထင်သေးရုံမျှမက အထင်ပါ လွဲတော့မည်။ မိဂဒါဝုန်တွင် မတော်တဆ ဖြစ်ခဲ့သည်ကို တမင်ပြုမူခဲ့သည်ဟု ထင်တော့မည်။

"ဒုက္ခပါပဲကွာ"

မင်းဇေယျာ ခေါင်းကို တဗျင်းဗျင်း ကုတ်၏။ မင်းဇေယျာ စိတ်ညစ်သွားသည်ကို ကြည့်ကာ မြင့်ကြူး သနားလည်းသနားမိ၏။ ရယ်လည်း ရယ်ချင်လာသည်။



"မင်းတို့ကလဲ သောက်သုံးကို မကျဘူး၊ ငါ သိပ်မူးနေလဲ ကျောင်းမခေါ်နဲ့ပေါ့ကွ၊ ကျော်ကျော် တို့အဒေါ်အိမ်မှာ ဝင်အိပ်လဲ ရတာပဲ"

"မင်းက အဆောင်ပဲ ပြန်မယ်လို့ ပြောတာကိုးကွ၊ မင်းမသိဘူးလား"

မြင့်ကြူးက ဆက်လိုမ့်သည်။

"ငါက မူးနေတဲ့ကောင်ကွ၊ ဘာသိမှာလဲ၊ မင်းတို့ကိုအသုံးမကျဘူး၊ မသကာ မင်းတို့ပါ ရောအိပ်ပေါ့၊ အဆောင် ပြန်မရောက်တာက ရှင်းလို့ရတယ်၊ အခုတော့ကွာ....တောက်...."

မင်းဇေယျာ ခုတင်ထက်တွင် ဆောင့်ကြောင့် ထိုင်ကာ ခေါင်းကို တဗျင်းဗျင်း ကုတ်နေပြန်၏။

သူ ညစ်သွားပုံကိုကြည့်ကာ မြင့်ကြူး စိတ်မထိန်းနိုင်တော့၊ ရယ်ချင်ပက်ကျိ ဖြစ်လာ၏။

"ဟား....ဟား....ဟား....ဟား"

မြင့်ကြူး အားရပါးရ ရယ်လိုက်၏။ သည်တော့မှ မင်းဇေယျာသည် မြင့်ကြူး နောက်ပြောင် ပြောနေသည်ကို သိသွား၏။

"ဟင်....ခွေးမသား"

မင်းဇေယျာ ခုတင်ထက်မှ ခုန်ဆင်းလိုက်၏။ မြင့်ကြူးကလည်း လှည့်ပြေးသည်။ သူ ကိုယ်လုံးကြီးနှင့် ပြေးမလွတ်။ အခန်းဝမှာပင် မြင့်ကြူးကို မိတော့၏။

"ခွေးမသား....ကဲကွာ....ကဲကွာ"

မင်းဇေယျာက မြင့်ကြူး၏ လည်ကုပ်ကို ဆွဲကာ နား ရင်းကို ခပ်နာနာကလေး တီးပစ်လိုက်၏။ အသားနာသော် လည်း မြင့်ကြူး ရယ်နေလေ၏။

"ဘာဖြစ်တာလဲ"

စိုးဟိန်းတို့ ဝိုင်းလာကြ၏။

"ဘာဖြစ်တာလဲ"

"သူခိုးမိလို့ကွ၊ ငါ ရေချိုးခန်းသွားရင် စီးတဲ့ ခုံဖိနပ် ဝင်ခိုးလို့"

"ဝါး....ဟား....ဟား"

နောက်ပြောင်နေမှန်း သိသဖြင့် ဝိုင်းရယ်ကြသည်။

"ဖိနပ် သူခိုးဆို ရိုက်ဗျ၊ မနေ့ကလဲ ချေးပေလို့ ပစ် ထားတဲ့ ကျုပ် ဖိနပ်တစ်ရန် ပျောက်သွားသေးတယ်"

ကျောင်းသား တစ်ယောက်က ဝင်ပြောသဖြင့် ရယ်ကြရ ပြန်သည်။

"မြင့်ကြူးရာ မင်းအစား အဖေ သိပ်ရှက်တယ် သိ လား"

စိုးဟိန်းက ဟန်ပါပါနှင့် သူ့ ရင်ဘတ်ကို ပြန်ထုကာ ပြော သည်။

ဟားကြရပြန်သည်။ မြင့်ကြူး လှိမ့်ခံနေရတော့၏။

"အလကားကွ....ဒီကောင် နှာမှန်ပြီး ငါ့ကို ရိုက်တာ"

မြင့်ကြူးက အဖြစ်အပျက်ကို ရှင်းပြလိုက်၏။

"ကောင်ကလေး သတိ ကောင်းကောင်း ထားပါ၊ နှာသိပ်မမှန်နဲ့၊ နှာမှန်ရင် သခင့်မှာ နှာဆေးကောင်း



ကောင်း ရှိတယ်၊ ဗီဆေးနဲ့ သက်ဦးတို့ တစ်မျိုးလုံး သက်သာကုန်ပြီ"

ကျော်ကျော်က ဝင်နောက်ပြန်သည်။ သက်ဦးကလည်း တုံ့ပြန်၏။

"ဟုတ်တယ် သခင်ကြီး၊ သခင်ကြီး ဆေးဖော်ကောင်း တဲ့အတွက် ကြိုးဆွဲပါ"

ရယ်ကြရပြန်၏။ ရယ်မောရင်း လူစုခွဲကြသည်။

သင်တန်း တက်ချိန်နီးတော့ မင်းဇေယျာသည် အဆောင် မှ တစ်ဦးတည်း လစ်ထွက်ခဲ့သည်။

သူ တင်အေးကြည်တို့ရှိရာ စာသင်ခန်းများဆီသို့ ထွက်ခဲ့ သည်။ စာသင်ခန်း အနီးဝန်းကျင်ရှိ ထနောင်းပင် ခုံတန်းများ ပေါ်တွင် ကျောင်းသား ကျောင်းသူ အချို့ ရောက်နေကြ ပြီ။ အချို့ စာကျက်နေ၏။ အချို့ စကားဝိုင်း ဖွဲ့နေကြ၏။ အချို့ကတော့ ကျောင်းခန်းများထဲတွင် ဝင်ထိုင်နေကြ၏။

သူသည် မယောင်မလည်နှင့် တင်အေးကြည်ကို လိုက်ရှာ သည်၊ မတွေ့။ အချိန်က စောသေးသည်။ ကျောင်းသားများ လည်း မစုံကြသေး။ ကျောင်းတက်ရန် တစ်နာရီနီးပါးမျှ လို သေး၏။ ပြင်ပမှ ကျောင်းသားများသာ အများဆုံး ရောက် ရှိနေကြ၏။ အဆောင်နေသူများ မထွက်ကြသေးချေ။

မင်းဇေယျာ စိတ်ရှည်ရှည်နှင့် စောင့်သည်။ နာရီဝက်သာ သာခန့် ကြာသွားသည်။ တစ်နေရာမှ မြင်ကွင်းကြောင့် သူ့ ရင်ထဲ ထိတ်ခနဲ ဖြစ်သွားရ၏။

မြကြည်ဖြူနှင့်သူ မိဂဒါဝုန်တွင် အတူတွေ့ခဲ့ရသော ကျောင်းသူ ညိုချောကလေးကို တွေ့လိုက်ရသောကြောင့်ပင် ဖြစ်သည်။

သူသည် ကော်ရစ်ဒါအုတ်တိုင်ကို ကွယ်ကာ ရပ်နေလိုက်၏။

မြကြည်ဖြူနှင့် သူ့ အဖော်မလေးသည် စာသင်ခန်းများ အနီးရောက်တော့ လမ်းပေါ်မှဖယ်ထွက်၍ လျှောက်သွားသည်။ လူမရှိသော ထနောင်းပင်ရိပ်တွင် ထိုင်သည်။ စကားအပြောပြောနှင့် လေ့ကျင့်ခန်းစာအုပ်ကို ဖွင့်နေ၏။

မြကြည်ဖြူကို မြင်တွေ့နေရသည်နှင့် သူ့ရင်မှာ တဒိတ်ဒိတ် ခုန်နေရ၏။ ရင်ခုန်သံက မြကြည်ဖြူကို အဘယ်မျှချစ်ကြောင်း ဖွင့်ဆိုနေသည်သို့ ရှိနေ၏။

သူ ကိုယ်တိုင် မြကြည်ဖြူကို သွားရောက် တောင်းပန်မည်ဟု စိတ်ကူးလိုက်မိသေးသည်။ သို့သော် ထိုစိတ်ကူးကို ဖျက်လိုက်ရ၏။ မြကြည်ဖြူ သူ့အပေါ် မည်သို့သဘောထားသည်ကို သိမှ ကိုယ်တိုင် တောင်းပန်ရမည်ဟု စိတ်ဆုံးဖြတ်လိုက်ခြင်း ကြောင့်ပင်။

မင်းဇေယျာသည် မြကြည်ဖြူကို တိတ်တခိုးကြည့်ရာ ရင်ခုန်သံကို ခံစားရင်း တင်အေးကြည်ကို စောင့်၏။ တင်အေးကြည်က ရောက်မလာနိုင်သေးပါ။

ကျောင်းသား ကျောင်းသူများ စုံလာသည်။ ကော်ရစ်ဒါမှာ စာသင်ခန်းထဲမှာ ထနောင်းပင်နှင့် မန်ကျည်းပင်များ အောက်တွင် ရောင်စုံ စာသင်သားများ များပြားလာ၏။

ကျောင်းတက်ချိန်ကလည်း နီးကပ်လာ၏။ ကျောင်းတက်ရန် ငါးမိနစ်သာလိုတော့၏။



မင်းဇေယျာသည် သက်ပြင်းချလိုက်၏။ တင်အေးကြည် ရောက်လာမည်မထင်တော့၊ သည်ကနေ့ သူမ ကျောင်းမတက်ဟု ထင်၏။ ပထမအချိန် သင်တန်းမရှိခြင်းလည်း ဖြစ်နိုင်သည်။

မင်းဇေယျာ နေရာမှထွက်ခဲ့သည်။ မြကြည်ဖြူကို ကြည့်လိုက်မိတော့ စာကိုသာ သဲကြီးမဲကြီးဖတ်နေသည်ကို တွေ့ရ၏။

လမ်းရောက်တော့မှ စာသင်ခန်းများဆီ လျှောက်လာသော တင်အေးကြည်ကို တွေ့ရ၏။

"မသာမ၊ အခုမှတွေ့ရတယ်၊ စောင့်လိုက်ရတာ"

မျက်နှာချင်းဆိုင်မိသည်နှင့် မင်းဇေယျာက အပြစ်တင်လိုက်၏။

"ဘာလုပ်မလို့ စောင့်နေတာလဲ မသာကောင်ရဲ့"

တင်အေးကြည်ကလည်း အဆဲကလေးနှင့် တုံ့ပြန်သည်။ သူ တောင်းပန်ခိုင်းထားသည်ကိုစွ မေ့နေသည်လား မသိ။

"မြကြည်ဖြူကို ငါ တောင်းပန်ခိုင်းထားတာလေ၊ မေ့နေပြီလား၊ နင် သိပ်ရက်စက်တယ်ဟာ"

"ဪ....ဒါလား၊ သူက လုံးဝ မကျေနပ်ဘူးတဲ့"

မင်းဇေယျာ၏ ရင်ထဲ ထိတ်သွား၏။ တင်အေးကြည်၏ မျက်နှာက ပြုံးလဲ့လဲ့။ သည်ကောင်မ နောက်ပြောခြင်းလည်း ဖြစ်နိုင်သည်ဟု ထင်၏။

"အကောင်းပြောစမ်းပါဟာ၊ နင်ကကော သေသေချာချာ ပြောပြီး တောင်းပန်ရဲ့လား၊ ငါ တကယ် မတော်တဆဖြစ်တာပါဟာ"

တဒဝရ တက်ကြွရှင်လန်းနေသော မင်းဇေယျာမျက်နှာမှာ မျက်နှာငယ်ကလေးနှင့်ဖြစ်နေသည်ကို တင်အေးကြည် ထူးဆန်းစွာ တွေ့နေရ၏။ သူမသည် မင်းဇေယျာကို သနားသွားရသည်။

"အလကားပြောတာပါ၊ မတော်တဆဖြစ်တာဆိုရင်လဲ ပြီးတာပါပဲတဲ့၊ ကိစ္စမရှိပါဘူး တဲ့"

"အမလေးဟယ်၊ အခုမှ ရင်ထဲက အလုံးကြီးကျသွားတယ်"

မင်းဇေယျာ ရင်ကိုဖိကာ ပြောလိုက်သည်။ တကယ်လည်း သူ့ရင်ထဲမှ အလုံးကြီးကျသွားရ၏။ စိုးရိမ်စိတ် ပြေသွားရ၏။

ထို့ပြင် မြကြည်ဖြူ နောက်ထပ် ဘာပြောမည်ကိုနားထောင်ချင်သေး၏။ ကြားချင်သေး၏။ အငမ်းမရ ထပ်မေးမိသည်။

"နောက်....နောက် ဘာပြောသေးလဲ"

"ဒါပဲ၊ အဲ....သူ့ကို ကိုယ်တိုင်ကိုယ်ကျ တောင်းပန်ဖို့လဲ မလိုတော့ပါဘူး တဲ့"

"ဩော်....သူက ဒီလိုပဲပြောလား"

"အေး.... သူက တစ်မျိုးပဲ၊ ရိုးတယ်၊ အေးတယ်၊ တည်တယ်၊ စကားပြောပြတတ်တယ်၊ နင်တို့ ယောကျ်ားတွေ အကျင့်ကို သူသိနေမှာပေါ့၊ ကြံဖန် မိတ်ဆွေဖြစ်အောင် လုပ်၊ ပြီးတော့ တစ်ဆင့် တက်၊ ဒီလိုဖြစ်မှာစိုးတာနဲ့ ပိတ်ပင်လိုက်တာထင်တယ်"

မင်းဇေယျာ သက်ပြင်းချလိုက်မိ၏။

"ဒါပေမယ့် သူ့ကို ငါ စိတ်ဝင်စားတယ်"



မင်းဇေယျာက တည်ကြည်အေးချမ်းစွာ ပြောသည်ကိုတွေ့တော့ တင်အေးကြည် စိတ်ထဲတွင် ယုံကြည်သလို ဖြစ်လာ၏။ မင်းဇေယျာမျက်နှာသည် သိက္ခာအပြည့်။

သို့သော် တင်အေးကြည်သည် မြကြည်ဖြူ စိတ်ထားကို သိသည်။

"စိတ်ဝင်စားလဲ ကပ်လို့ရမယ်မထင်နဲ့၊ သူက ပြတ်တယ်၊ ဘယ်ယောကျ်ားလေးမှ မိတ်ဆွေမဖွဲ့ဘူး၊ အဖွဲ့မခံဘူး၊ နှစ်စက ကျောင်းသားတစ်ယောက်က စာလာပေးတော့ တို့ ကျောင်းလာတာ ရည်းစားထားဖို့ လာတာမဟုတ်ဘူးလို့ အပြတ်ပြောလွှတ်လိုက်တယ်"

"ဒါဆို ငါ ပိုတောင်စိတ်ဝင်စားသွားပြီ"

"နင် စိတ်ဝင်စားရင် ငါ ကူညီမယ်လေ"

"တကယ်လား"

"အေး၊ နင့်အကြောင်းတွေ ပြောပြလိုက်မယ်၊ ဘယ်ကောင်မလေးနဲ့ ဘယ်နေ့မှာ ဘယ်မှာတွေ့တယ်ဆိုတာတွေ၊ ငါ မြင်တွေ့ဖူးသလောက်ပေါ့"

မင်းဇေယျာ လှုပ်လှုပ်ရှားရှားဖြစ်သွား၏။ တင်အေးကြည်ကို လက်ဆွဲတော့မတတ် ရှိခိုးတော့မတတ် ဣန္ဒြေပျက်သွားသည်၊ ပါးစပ်ကလည်း....

"အမလေး၊ မလုပ်ပါနဲ့ ကျောင်းအမရယ်၊ ရှိကြီးခိုးပါရဲ့၊ ငါ အရင်ကလိုလဲမဟုတ်တော့ပါဘူး၊ တကယ်လို့ နင် တစ်ယောက်ယောက်နဲ့ တွေ့ခဲ့ရင် ပြောချင်သလို ပြောပါ"

"အေး....ကြ ကြသေးတာပေါ့"

တင်အေးကြည် မယုံတစ်ဝက် ယုံတစ်ဝက်။ သို့သော် မင်းဇေယျာက အတည်ပေါက်ကြီး ပြောနေ၏။ မင်းဇေယျာကို စိတ်လှုပ်ရှားစွာ တွေ့ရသည်။

"ငါ့အကြောင်းတော့ ဘာမှ မပြောပါနဲ့နော်၊ မကျည်ရင် နေပါနော်၊ အနှောင့်အယှက်တော့ မပေးပါနဲ့၊ တို့ ငယ်သူငယ်ချင်းတွေပဲ"

မင်းဇေယျာသည် တင်အေးကြည်၏ ပါးစပ်ကို ကြောက်သဖြင့် ထပ်၍ သောင်းပန်ရင်း။

"အေးပါ၊ နင့် ကုသိုလ်နဲ့ နင်ပေါ့၊ ငါဝင်မရှုပ်ပါဘူး၊ ကဲ....ကျောင်းတက်နေပြီ၊ သွားမယ်"

"အေး...."

တင်အေးကြည်နှင့် လမ်းခွဲကြသည်။

● 

ခန်း (၆)

သည်အတိုင်းဆိုလျှင်တော့ မြကြည်ဖြူကို ချဉ်းကပ်ဖို့မလွယ်ပါ။ သို့သော် သူ့အတွက် ဝမ်းသာစရာ အကြောင်းကား ရှိ၏။ တင်အေးကြည်၏ ပြောစကားအရဆိုလျှင် မြကြည်ဖြူတွင် ချစ်သူရှိနေမည် မဟုတ်သည်မှာတော့ သေချာ၏။ ဤသည်မှာ ဝမ်းသာစရာပင် ဖြစ်သည်။ သူ့အတွက် မျှော်လင့်ချက်ပင် ဖြစ်သည်။

"ဟေ့ကောင်၊ ဘယ်အိမ်သာဝင်စားနေလို့ အခုလောက် နောက်ကျနေရတာလဲ၊ ပြောစမ်း"

သူ့ဘေး ဝင်ထိုင်သော မင်းဇေယျာကို မြင့်ကြူးက လှည့်ပြောသည်။

"ထပ်....ဖီးဆင်းနေတာကွ"

"ဘာ ဖီးလဲ၊ ငှက်ပျောဖီးလား"

"မင်း နားမလည်ပါဘူး ချစ်တီးရာ၊ အချစ်ဖီးလ် ဆင်းနေတာကွ၊ အချစ်ကို ကွင်းဆင်းလေ့လာနေတာ"

မြင့်ကြူးသည် ဘာမှဆက်မပြောတော့ဘဲ ဆရာသင်ပြသော လက်ချာများကို လိုက်မှတ်နေ၏။ မင်းဇေယျာကလည်း စာအုပ်ကိုဖွင့်ကာ လိုက်မှတ်သည်။

သင်တန်းပြီးတော့ အချိန်အားရသဖြင့် ဦးဘဦးဆိုင်သို့ ထွက်ခဲ့ကြသည်။ အတန်းတူ ဘာသာတူမို့ - - အပေါင်းအသင်း အားလုံး ပါလာ၏။

"ကဲ....တင်ပြုစမ်း၊ မြကြည်ဖြူနဲ့ပတ်သက်လို့ ဘာတွေ ထူးခြားလဲ"

ဆိုင်ဘွင့်ထိုင်မိကြတော့ မြင့်ကြူးက စစ်မေးသည်။

"အဟဲ....သူက ငါ့ကို ခွင့်လွှတ်တယ်တဲ့ကွ"

"ဒါများကွာ....ရေးကြီးခွင့်ကျယ်လုပ်လို့"

"နောက် သိခဲ့တာတွေ ရှိသေးတယ်"

"ကဲ....ပြော"

"သူ့မှာ ချစ်သူမရှိဘူး"

"ဘယ်သူပြောလဲ"

"တင်အေးကြည်၊ သူနဲ့ တင်အေးကြည် တစ်ဆောင်တည်း၊ တစ်တန်းတည်းလေကွာ"

"ဆယ်တန်းမှာကျခဲ့တဲ့ အာပြဲမ တင်အေးကြည်လား"

"သူပဲပေါ့၊ ဘယ်သူရှိမှာလဲ"

"ဒါဆိုရင်တော့ မင်း နာပြီသာမှတ်၊ အာပြဲမ အာ ဘယ်လောက် ချောင်တယ်ဆိုတာ မင်းအသိပဲ၊ မင်း



အကြောင်းတွေသာ သွားပြောလိုက်လို့ကတော့ မင်းကို ဟိုက အနားတောင် အသိခံမှာမဟုတ်ဘူး"

"အေး....ဟုတ်တယ်ကွ၊ တင်အေးကြည်ပါးစပ်က စိတ်ချရတာ မဟုတ်ဘူး၊ မောင်းကွဲကြီး"

မြင့်ကြူးစကားကို စိုးဟိန်းကလည်း ထောက်ခံသည်။ သူတို့ကလည်း တစ်ကျောင်းတည်းနေခဲ့သူများမို့ တင်အေးကြည်၏ အကြောင်းကို ကောင်းကောင်းသိ၏။

"ငါ နှုတ်ပိတ်ခဲ့ပါတယ်ကွာ၊ သူကလဲ ငါ့အကြောင်း မကောင်းတော့ ပြောမယ်မထင်ပါဘူး၊ ငါ့ကို ခင်ပါတယ်"

"ဒါဆိုလဲ ပြီးတာပေါ့ကွာ"

"ကိုယ်တိုလဲ နှုတ်ပိတ်ဦးလေ၊ ကိုယ်တိုကလဲ ပါးစပ်တွေနဲ့၊ ကိုယ်တိုလဲ မင်းမကောင်းကြောင်းတွေ လျှောက်သတင်းလွှင့်လို့ ရတာပဲ"

သက်ဦးက ဝင်ပြောသည်။

"ပိတ်ပါတယ်၊ လက်ဖက်ရည်ပါမက မုန့်များလဲ ကျွေးပါ၊ သောက်ပါ၊ သုံးဆောင်တော်မူပါ၊ မျိုဆို့တော်မူပါ၊ အပင်းထည့်တော်မူပါ"

မင်းဇေယျာက မုန့်တစ်ပွဲကိုမြှောက်ကာ ပြောလိုက်သဖြင့် ဝိုင်းရယ်ကြသည်။

"ဒါပေမယ့် မလွယ်ဘူးကွ"

မင်းဇေယျာက စကားကို ဆက်၏။

"ဘာမလွယ်တာလဲကွ"

"သူ့ကိုကပ်ဖို့ မလွယ်တာ၊ သူက ကြိုကန်ထားတယ်၊ တင်အေးကြည်က တောင်းပန်ပေးတော့ မတော်တဆ ဖြစ်တာဆိုရင်လဲ ပြီးတာပါပဲတဲ့၊ သူ့ကိုယ့်ကို ကိုယ်တိုင် ကိုယ်ကျ တောင်းပန်ဖို့လဲ မလိုတော့ပါဘူးတဲ့"

"ဟိုက်....ဒီပွဲမှာတော့ မင်းမင်းတို့ ခံရလိမ့်မယ်နဲ့တူတယ်၊ မင်းအကြံကို ဟိုက သိနေပုံရတယ်"

စိုးဟိန်းက မှတ်ချက်ချသည်။

"အေးကွ၊ ဘာပဲဖြစ်ဖြစ် ငါကိုယ်တိုင် တောင်းပန်ကြည့်ရမှာပဲ၊ ဒီလိုမှမပူးရင်လဲ ရမှာမဟုတ်ဘူး၊ သူက ယောကျ်ားလေးမိတ်ဆွေ လုံးဝမထားဘူးတဲ့ကွ"

"မာန်တော် မာနကြီးတယ်နဲ့တူတယ်"

ကျော်ကျော်က ထင်မြင်ချက်ပေးသည်။

"ဒီလိုလဲ ဟုတ်မယ်မထင်ဘူး၊ သိပ်ပြီး စည်းကမ်းကြီးကြီး နေတတ်ထိုင်တတ်တာမျိုးပဲ ဖြစ်မယ်"

"အေးလေ မေးငင်ရင်ကမှ အကောင်းဘက်ကမတွေးရင် ဘယ်သူက တွေးမှာလဲ"

သက်ဦးစကားကြောင့် ရယ်ကြရသည်။ မင်းဇေယျာသည်လည်း မြကြည်ဖြူ၏အကြောင်း ပြောနေရသဖြင့် ကြည်နူးနေသည်။

"ဘာပဲဖြစ်ဖြစ်၊ သူတို့မြို့ရောက်လာတာဆိုတော့ ကြံသာဖန်သာပါတယ်"

"အောင်ကြာမှ မကြံသာ ကံကြမ္မာငယ်မှေးလို့ ငိုရေးဖြင့် ကြုံရပါပြီဆိုပြီး ငိုနေရဦးမယ်"



မြင့်ကြူးက ဝင်နောက်သည်။ မင်းဇေယျာက ဟောက်ပစ်လိုက်၏။

"ချစ်တီး....မင်းပါးစပ် ပိတ်ထားစမ်း၊ အာပုပ်စော်နံတယ်"

မြင့်ကြူး ဇက်ပုသွား၏။

ထိုအချိန်မှစ၍ မင်းဇေယျာသည် မြကြည်ဖြူကို ချဉ်းကပ်ရန် နည်းလမ်းရှာရတော့၏။

နည်းလမ်းက ရှာမရ။ တိတ်ဆိတ်ခိုး အလွမ်းကြည့်နှင့် ခြေအေး ဝမ်းရောင်အဖြစ်နှင့်သာ အချိန်ကုန်လာရ၏။ မြကြည်ဖြူကို တွေ့ရသည့်အခါတိုင်းမှာလည်း ညိုညို သို့မဟုတ် အဖော်တစ်ယောက်က အမြဲရှိသည်။ သူနှင့်တွဲဖက် ညိုချောမကလေး၏ နာမည်မှာ ညိုညိုဖြစ်ကြောင်း တင်အေးကြည်ထံမှ သိလာသည်။

မည်သို့ပင်ဖြစ်စေ....

မင်းဇေယျာကတော့ ဇွဲကိုမလျှော့ဘဲ ချဉ်းကပ်နိုင်ရန်သာ ကြိုးစားနေ၏။

တစ်နေ့....

တစ်ညနေခင်းတွင် သူသည် ကျောင်းရှေ့ အောင်ပင်လယ်ကွင်းသို့ ရောက်သွား၏။

ညနေခင်းတိုင်းမှာ အောင်ပင်လယ်ကွင်းရှိ ရေနီမြောင်းတစ်လျှောက်တွင် ကျောင်းသားကျောင်းသူများဖြင့် စည်ကားနေတတ်၏။

ဖိုျ ဒီွယံစုံတွဲတွေလည်း ရှိ၏။ အမချည်း အဖိုချည်း အုပ်စုတွေလည်း ရှိသည်။ တစ်ယောက်တည်း ထိုင်ငေါင်နေသူတွေလည်း ရှိသည်။

မင်းဇေယျာသည် ရေနီမြောင်းဘေး ကုန်းမို့မို့ပေါ်တွင် တစ်ယောက်တည်း ထိုင်ငေါင်လျက်ရှိသည်။

ထိုစဉ် မြကြည်ဖြူနှင့်ညိုညို လျှောက်လာသည်ကို တွေ့ရ၏။ သူတို့ လမ်းလျှောက်လာစဉ်မှာပင် နောက်ဘက်ခပ်လှမ်းလှမ်းမှ မိန်းကလေးနှစ်ယောက်က လက်ခုပ်တီး၏။ ညိုညိုက နောက်ကို လှည့်ကြည့်သည်။ ထို့နောက် လက်ခုပ်တီးခေါ်သူ မိန်းကလေးနှစ်ယောက်ထံ ပြေးသွား၏။

မြကြည်ဖြူက နောက်ကို တစ်ချက်သာ လှည့်ကြည့်ပြီး ညိုညိုကို ရပ်စောင့်နေ၏။

သူမသည် မင်းဇေယျာကို မမြင်ပါ။ တပြန့်တပြော ကျယ်သော လယ်ကွင်းဆီ ငေးနေ၏။

မင်းဇေယျာ ထိုင်နေရာမှ ထလိုက်သည်။ ကြုံလာသော အခွင့်အရေးကို အမိအရယူရန် ဖြစ်၏။

သူသည် မြကြည်ဖြူထံသို့ ခပ်သွက်သွက်လျှောက်သွား၏။ သူမကို တွေ့ရသဖြင့် ရင်က ခုန်နေ၏။ စိတ်ကိုလည်း တည်ငြိမ်ရန် မနည်းကြိုးစားရ၏။

"မြကြည်ဖြူ"

"ရှင်"

ရုတ်တရက်မို့ မြကြည်ဖြူ လန့်သွားပုံရ၏။ ရှင်ဟု ထူးသံက အာမေဍိတ်သံပင် ဖြစ်၏။



"ကျွန်တော် မင်းဇေယျာပါ၊ တစ်ခါက မိဂဒါဝုန်မှာ မြကြည်ဖြူကို ရေနွေးနဲ့ မတော်တဆ ထေွးမိခဲ့တာလေ၊ သတိရသေးလား"

သူက ပြုံးနေကျ နှစ်လိုဖွယ်အပြုံးကို ဆောင်ကာ မေးသည်။

မြကြည်ဖြူကတော့ မပြုံးမရယ် ရပ်နေ၏။ တည်တည်ကြီးလည်း မဟုတ်၊ တည်ငြိမ်စွာ သူ့ကို ကြည့်နေသည်။

"အဲ...အဲဒါ"

"တောင်းပန်မလို့လား၊ ရပါတယ်၊ မတော်တဆဖြစ်တာသိရင် ကျေလျော့ပါတယ်၊ မတင်အေးကြည်ကလဲ တောင်းပန်ပြီးပါပြီ၊ ဒါပဲမဟုတ်လား ဟင်"

ယဉ်ကျေးစွာ နှင်လေ၏။ သူ ဘာဆက်ပြောရမှန်းမသိ ဖြစ်သွားရ၏။

အခြားသော မိန်းကလေးများနှင့် ပတ်သက်ပြီး သတ္တိကောင်းခဲ့သလောက် မြကြည်ဖြူနှင့် ပတ်သက်လျှင် သူ သတ္တိနည်းနေပါလား၊ မြကြည်ဖြူ ရှေ့တွင် ကျားစင်စစ်က သမင်ဖြစ်နေပါလား။

မြကြည်ဖြူမျက်နှာကို မြတ်မြတ်နိုးနိုး မော့ကြည့်ရင်း ပြန်ပြောမိ၏။

"ဟုတ်ကဲ့...ဒါပါပဲ၊ ဒါပေမယ့် ကိုယ်တိုင် တောင်းပန်ချင်လို့ပါ၊ စိတ်မကောင်းလို့ပါ၊ ဒါကြောင့် ကြုံတုန်းတောင်းပန်ရတာပါ"

"ဒီအဖြစ်ကို ကျွန်မ မေ့ထားလိုက်ပါပြီ"

ညိုညို ရောက်လာသဖြင့် မြကြည်ဖြူက ညိုညို့လက်ကို ဆွဲကာ ဆက်လျှောက်သွားလေ၏။

သူ့စိတ်ထဲတွင် မချင့်မရဲဖြစ်သွားရသည်။ ရင်ထဲမှာလည်း ဟာသွားရသည်။

သူသည် မြကြည်ဖြူကို ကြာမြင့်စွာ ရပ်ကြည့်နေမိ၏။ ပြီးတော့မှ သက်ပြင်းချကာ နောက်ကြောင်းပြန်လှည့်ခဲ့သည်။ အဆောင်သို့ ပြန်ခဲ့သည်။

သူ့ရင်ထဲတွင် အလွမ်းအိမ်ကလေးဖွဲ့လျက် ပါလာ၏။

သူ အခန်းထဲရောက်တော့ စန္ဒရားခုံတွင် ဝင်ထိုင်လိုက်၏။ လက်ကွက်များကို တို့ခတ် စမ်းလိုက်သည်။

ဂီတ သံစဉ်ကလေးများက သာယာစွာ ထွက်ပေါ်လာ၏။

မနာတတ်သော စိတ်ကလေးသာ....ကဗျာသီ တေးဆို ပြတဲ့... စာမရှိ ကျေးညိုမြ ဖြစ်ပါရင်လဲ.... လှောင်အိမ် ထဲမှာ ထားလိုက်ချင်ပြီ.... မချစ်တတ်သော အသည်း ကလေးသာ.... မြေမှာနွမ်း.... ကြွေလင့်တဲ့ နွေကဗျာ ပန်းကြွေပွင့် ဖြစ်ပါရင်လဲ....ပင်လယ်ထဲကို မျှောလိုက် ချင်ပြီ×××

စန္ဒရားသံနှင့် သီချင်းဆိုသံက လွမ်းဆွေးဖွယ် ထွက်ပေါ် လာ၏။ ဝေဒနာကို ထုခွဲခံစားနေမိလေပြီ။

စိမ်းတဲ့ အသည်းလှာ....အာတိတ်ရဲ့ ဝဲမှာ.... တွယ်တာမှု ရှာလဲ....ပွိုးပျော်ရန် ဝေးရစ်လေပြီ.... နှစ်ဆယ်ရာစု ကမ္ဘာထဲ.... အမုန်းတော်ခံကလေးဖြစ်နေပြီ.... အမုန်း



တော်ခံ အဖြစ်မျိုးနဲ့....အသနားသူ့ထံရောက်သွားမှ.... အရှက်တွေ ရခဲ့ပြီ.... ဘုရားဆုပန် ယောကျ်ားက မျက်ရည်စ ဝေပြီ×××

သီချင်းကို ဆုံးရင်း နင့်ခနဲ ခံစားပါရသဖြင့် သူသည် မျက်ရည်ပင် ဝဲလာရ၏။

[ မျက်ရည်ဝေမှပဲ အသဲကွဲရှု ဖြောင့်တယ်ဆိုလဲ.... မယ့်လူ မောင့်မယ် တစ်ကိုယ်တည်း.... ကျိတ်၍ ဖြေပါ့မည်.... သံယောဇဉ်ဆိုတာမျိုးက.... လေတိုးရင် ပြတ်သွားတဲ့ ငွေပိုးမျှင် အမှတ်မထားတဲ့ မောင့်လိုလူစား သောက ဖြေမဆည်....အရှုံးသမားကို ငိုမှုရှာ ...နှလုံးသားကို ဗဟို ပြုကာ.... တိုက်ခတ်လာသော မုန်တိုင်းဒဏ်သည်.... မျက်ဝန်း အိမ် ဇမ်းရိုးတန်းမှာ.... နွမ်းညှိုးသမ်းကာ အလွမ်းမိုးဖျန်းစေရာကြုံနေပြီ.... ရွာရန် ရာနှုန်း ရှစ်ဆယ့် ငါး ကျော်ပြီ....

သီချင်းဆုံးသွားတော့ မင်းဇေယျာ၏ နောက်တွင် ရောက် နေသော သက်ဦးနှင့် မြင့်ကြူးက ပြိုင်တူ လက်ခုပ်တီးကာ အားပေး၏။

"ဖြောင်း....ဖြောင်း....ဖြောင်း....ဖြောင်း"

"ကောင်းတယ်ကွ မနက်က စားတဲ့ ကြက်သားဟင်း လေ"

အချက်အနေကောက် မပါလျှင် စကားမပြောတတ်သော မြင့် ကြူးက ရယ်စရာ ပြောသော်လည်း ဘယ်သူမှ မရယ်ပါ။

"လုပ်ပါဦးကွ မင်းမင်းရ"

တစ်ဖက်ခန်းမှ စိုးဟိန်းက အော်ပြီး ပွဲတောင်းသည်။ ကျော်ကျော်ကတော့ အခန်းထဲ ဝင်လာ၏။

"လုပ်ပါဦး၊ ကိုတင်လှိုင် နောက်တစ်ပုဒ်လောက်"

သက်ဦးက မြင့်ကြူး၏ ခုတင်တွင် တက်ထိုင်ရင်း ပွဲတောင်း၏။ မင်းဇေယျာ စန္ဒရားတီးပြီ ဆိုလျှင် သူ့အခန်းမှာ လူစည်လာတတ်မြဲပင် ဖြစ်၏။

"တော်ပြီ ဖီလင်မလာတော့ဘူး"

မင်းဇေယျာက စန္ဒရားအဖုံးကို ပိတ်လိုက်၏။

"ဟော့ကောင်... ငါ နောက်ပြောတာ စိတ်ဆိုးလို့လား ကွ၊ လုပ်ပါ"

"ဟင့်အင်း.... ငါစိတ်မပါတော့လို့ပါ"

မင်းဇေယျာသည် စန္ဒရားခုံမှ ထပြီး သူ့ ခုတင်ထက်တွင် ဝင်ရောက် လှဲလိုက်၏။

"ခွေးမှပဲ၊ မဆံ့ဘင့်နဲ့မင်းမင်းဆိုတဲ့ သတ္တဝါ ပေါင်း ရတာ အရှုံးလင်လုပ်ရတာ ကျနေတာပဲ"

သက်ဦးသည် ဆဲဆဲဆိုဆိုဖြင့် မြင့်ကြူး၏ ခုတင်ထက်မှ ထကာ အခန်းပြင်သို့ ထွက်သွားတော့၏။ ကျော်ကျော်အောင် လည်း မကျေမနပ်ဖြင့် သက်ဦးနောက် ပါသွား၏။

မြင့်ကြူးကမူ မင်းဇေယျာ အပြောင်းအလဲကြီး ပြောင်း လဲနေသည်ကို သတိထားမိ၏။ ယခင်ကကဲ့သို့ ပေါ့ပေါ့တန်းတန်း မဟုတ်ဘဲ လေးနက်နေမှန်း သိသည်။

"မင်းက ဘာဖြစ်နေတာလဲကွ၊ မင်းမင်းရ"



ခုတင်ထက်တွင် အလျားမှောက်ကာ ဖီလင်တက်နေသော မင်းဇေယျာကို မြင့်ကြူးက မေးလိုက်၏။

မင်းဇေယျာ မြင့်ကြူး ခုတင်ဘက် လှည့်လိုက်၏။

"ငါ အချစ်နဲ့ ကွင်းထဲမှာ တွေ့ခဲ့တယ်ကွ"

"ဘယ်က အချစ်လဲ"

"ဒါကောင် မသိဘူးလားကွ၊ မပြောတော့ဘူးကွာ၊ ချစ်တီး မင်းသွားတော့"

မင်းဇေယျာသည် ကျွဲမြီးတိုသွားဟန်နှင့် တစ်ဖက်သို့ ပြန် လှည့်သွား၏။

"အမယ်လေး....ကိုယ်တော်လေးရာ စိတ်ချည်းပဲ၊ ကိုယ် တော်လေးက အချစ်တွေ များတော့ ဘယ်အချစ်မှန်း မသိလို့ပါ ဘုရား၊ ပြောစမ်းပါဦး"

မြင့်ကြူးက မင်းဇေယျာ၏ ခုတင်တွင် ပြောင်းထိုင်ကာ ချော့၏။ မင်းဇေယျာကလည်း ခုတင်ထက်တွင် ထထိုင်သည်။

"နောက် သေသေချာချာမှတ်ထား ချစ်တီးရဲ၊ ငါ့မှာ အချစ်ဆိုတာ အများကြီး မရှိတော့ဘူး၊ တစ်ယောက် တည်းပဲ ရှိတယ်၊ ငါ့ဝေဒနာတွေ၊ ငါ့ရန်စုန်သံတွေ နဲ့ ငါ့အသည်းနှလုံးရဲ့ ပိုင်စိုးမှု ကောရိယာ မြကြည်ဖြူ တစ်ယောက်တည်းပဲ ရှိတယ်"

"မှန်ပါ့ ဘုရား၊ မှတ်သားထားပါ့မယ်၊ ထပ်ကြားပါ ရစေဦး၊ အချစ်နဲ့ တွေ့တော့ ကြည်လင်ခဲ့တယ်ပေါ့ ဟုတ်လား"

မြင့်ကြူးက ခပ်ရှင်ရှင် မေးသည်။ မင်းဇေယျာ မျက်နှာ မဲ့သွား၏။

"ထက်….ဘယ် ကြည်လင်ရမှာလဲကွာ၊ ဟိုကိစ္စကို ငါက တောင်းပန်တာတောင် သူက ခပ်တည်တည်ပဲ၊ အရေ မဝင်ချင်သလို လုပ်သွားတယ်ကွ"

"အေးလေ….ခွေးကလေးအရောဝင် ပါးလျက်နားလျက် လုပ်မှာစိုးလို့ နေမှာပေါ့ကွ"

"ငါ…."

မင်းဇေယျာ ဒေါသဖြစ်ဖြစ်နှင့် မြင့်ကြူးကို ခုတင်ထက်မှ ကန်ချလိုက်၏။ ဝက်ဘစ်ကောင်ကို ခြေလက်ကြိုးတုပ်ကာ ပစ်ချလိုက်သကဲ့သို့ မြင့်ကြူး ခုတင်အောက်သို့ ဖုတ်ခနဲ ကျသွား၏။ မင်းဇေယျာသည် ခုတင်ထက်မှ ကပျာကယာ ဆင်းကာ မြင့်ကြူး၏ တင်ပါးကို ပိတ်ကန်လိုက်၏။

"ဟား….ဟား….ဟား….ဟား"

အသားနာသော်လည်း မြင့်ကြူး တစ်ယောက် ဟားတိုက် ရယ်နေလေ၏။

အခန်း (၄)

"မင်းလူနဲ့ တွေ့ခဲ့တယ်"

"ဟင်…."

အရင်းမရှိ အဖျားမရှိ ပြောလိုက်သောစကားကြောင့် ပါးစပ်ထဲသွင်းမည့် ထမင်းဇွန်း ပါးစပ်ဝတွင် တစ်သွား၏။ မျက်မှောင်လည်း ကုတ်သွား၏။

"မင်းလူနဲ့ မတွေ့ချင်ပါဘူးနော်။ သူမောင်နဲ့ဆို တော်သေးတယ်"

ပြောပြီးမှ တင်အေးကြည် ထမင်းလုတ်ကို ပါးစပ်ထဲသွင်းသည်။

မြကြည်ဖြူက ပြုံးသည်။ ပြုံးရုံမျှသာ ပြုံးသောအပြုံးပင် ဖြစ်၏။

မြကြည်ဖြူသည် ဂုဏ်ကြီးသည်။ ဟက်ဟက်ပက်ပက်ရယ်ခဲ့သည်။ အလွန် ရယ်စရာကောင်းသည့် အဖြစ်ကိုကြုံရမှ ပြုံးရုံ

သာ ပြုံးလေ့ရှိ၏။ ဂုဏ်ရှိန်ကြီးလွန်းသဖြင့် အဆောင်တွင် မြကြည်ဖြူကို မယ်သီလဟု နာမည်ပေးထားကြသည်။ ယခုလည်း စကားပြောလာသွားသဖြင့် ရယ်ချင်ပက်ကျိဖြစ်သွားကာ ပြုံးမိခြင်း ဖြစ်သည်။

"ပြောစမ်းပါဦးကွ၊ ဘယ်က ကိုယ့်လူလဲ"

"ဟို....ဖင်းသူငယ်ချင်းပါကွာ၊ မင်းမင်းဆိုလား၊ ကွင်းထဲမှာတွေ့လို့ တစ်ခါက ကိုယ့်ကို ဟင်းချိုနဲ့ထွေးမိတဲ့ ကိစ္စ တောင်းပန်တယ်လေ"

မြကြည်ဖြူက ပြောရင်း စားလက်စထမင်းကို လက်စသတ်လိုက်၏။ ဇွန်းနှင့်ခက်ရင်းကို သာသာကလေး ချလိုက်သည်။ သူမ ထမင်းစားလျှင် ဇွန်းနှင့်ခက်ရင်းသံကို ကျယ်ကျယ်မကြားရ။ သူမသည် အစစ သတိနှင့်နေတတ်ပြီး အမြနေအထိုင် သိမ်မွေ့လှသူပင် ဖြစ်၏။

"တောင်းပန်တော့ ဘာဖြစ်လဲ၊ မင်းက ဘာပြန်ပြောလိုက်လဲ"

"သူ့ အစား မင်းလဲတောင်းပန်ပြီးလို့ ဒီကိစ္စ မေ့ထားလိုက်ပြီလို့ ပြောလိုက်တာပေါ့"

"သူက ဘာပြောသေးလဲ"

"ဒါပါပဲ၊ စကားများများတော့ ပြောချင်ပုံပဲ၊ ကိုယ်က စကားဖြတ်ခဲ့တယ်"

"သနားပါတယ်ကွာ"

"ဘာဆိုင်လို့လဲ အကြည်ရယ်"



တင်အေးကြည်ကို ရင်းနှီးသူများက အကြည်ဟု အဖျားဆွတ်ကာ ခေါ်ကြ၏။

မြကြည်ဖြူကိုတော့ ရင်းနှီးသူများက မယ်သီလ ဟုသာ ခေါ်၏။ မည်သို့ပင် ခေါ်ခေါ် မြကြည်ဖြူကလည်း ကြည်ဖြူ၏။ သည်နာမည်ကြီး မခေါ်ပါနှင့်ဟုလည်း မပြောပါ။

"ဆိုင်တယ်ကွ၊ သူက မင်းကို စိတ်ဝင်စားနေတာ"

တင်အေးကြည်က သွေးတိုးစမ်းကြည့်သည်။ မြကြည်ဖြူက ဂုဏ်ရှိန်မပျက်ရှိနေ၏။ စိတ်လှုပ်ရှားသွားပုံလည်း မရပါ။ မင်းဇေယျာကတော့ မြကြည်ဖြူနှင့် ပတ်သက်၍ အတော်ကလေး စိတ်လှုပ်ရှားနေသည်ကို တင်အေးကြည် ရိပ်မိထား၏။ မင်းဇေယျာသည် မြကြည်ဖြူကို အတော်စိတ်ဝင်စားနေသည်ဟုလည်း တင်အေးကြည် ထင်၏။ မင်းဇေယျာက သူနှင့် မိနစ်ကလေး တစ်ယောက်ယောက် တွဲသည်ကို တွေ့ခဲ့လျှင် ပြောချင်သလို ပြောပါဟုပင် တင်အေးကြည်ကို ကတိပေးခဲ့သည်။

သည်တော့လည်း ခင်စရာကောင်းသော ငယ်သူငယ်ချင်း မင်းမင်းနှင့် မြကြည်ဖြူတို့ နီးစပ်စေချင်သည့် ဆန္ဒ ဖြစ်လာရ၏။ ထို့ကြောင့်လည်း တင်အေးကြည်က မြကြည်ဖြူကို သွေးတိုးစမ်းကြည့်မိခြင်း ဖြစ်၏။

"မင်းမင်းက လူကောင်ကွ၊ ပညာလဲ တော်တယ်၊ သဘောလဲ ကောင်းတယ်၊ စေတနာလဲ ကောင်းတယ်ဖြူ၊ ပြီးတော့ တစ်ဦးတည်းသော သား၊ သူ့မိဘတွေက မြေမြို့မှာ မျက်နှာကြီးထဲက လူချမ်းသာတွေ၊ သားသမီးဆိုလို့လဲ သူတစ်ယောက်ပဲရှိတယ်၊ ပြီးတော့

ရန်ကုန်မှာရှိတဲ့ သူ့အဘိုးကလဲ ဂရိတ်ပဲ၊ အဘိုးကြီး
အမွေတွေ သူပဲရမှာကွ၊ သူကတောင် စိတ်ဝင်စားတယ်
ဆိုတော့ အင်း....ဖြူ ကံကောင်းတာပေါ့နော်"

တင်အေးကြည်က မင်းဇေယျာ၏ အကြောင်းကို ဆက်၍ပြောရင်း မြကြည်ဖြူကို အကဲခတ်၏။ လက်ထဲမှ ဇွန်းနှင့်ခက်ရင်းကို ချကာ လက်သုတ်ပဝါကို လှမ်းယူ၏။

မြကြည်ဖြူက တင်အေးကြည်၏ စကားကို မတုန့်မလှုပ်နားထောင်နေပြီးမှ....

"အကြည်က အောင်သွယ်နေတာလား ဟင်"

တဲ့တိုးကြီးမေးလာသော စကားကြောင့် တင်အေးကြည်ဘာပြောရမှန်းမသိ ဖြစ်သွားရသည်။ ပခုံးတွန့်၍ ရယ်လိုက်၏၊ ပြီးတော့မှ လေပြေ ထိုးသည်။

"အဟင်း၊ ဒီလိုလဲ မဟုတ်ပါဘူး၊ ကိုယ်က မင်းတို့
နှစ်ယောက်စလုံးကို ခင်တယ်လေ၊ ဒီတော့၊ အဲ....
ဖြူကလဲ စိတ်ဝင်စားမယ်ဆိုရင်တော့ ကြားကဝမ်းသာ
စရာပေါ့ကွယ်၊ အဟင်း....ဟင်း"

မြကြည်ဖြူက ပြုံးလဲ့လဲ့ကြည့်ကာ ပြောသည်။ တင်အေးကြည်က ချောင်းဟဲ့ ရှေ့ထိုင် လုပ်၏။

"ယူသော် ရ၏ ပေါ့ကွာ၊ အဟင်းဟင်း"

"ကိုယ်ကတော့ ဒါတွေ လုံးဝ စိတ်မဝင်စားဘူး၊ ကျောင်းနေဖို့လာတာ၊ စာသင်ဖို့၊ စာကြိုးစားဖို့ပဲ အသိထဲမှာ ရှိနေတယ်၊ အချိန်တန်ရင် သူများနည်းတူ ဘွဲ့



ရမယ်၊ ပြီးရင် ကိုယ်တတ်ထားတဲ့ ပညာနဲ့ တိုင်းပြည်ကို
တစ်နည်းနည်း အကျိုးပြုနိုင်အောင် ကြိုးစားရမယ်"

မြကြည်ဖြူက တည်တည်ကြည်ကြည်နှင့် သူ့ရည်ရွယ်ချက်ကို အသေးအနက်ပြောလာ၏။ တင်အေးကြည် စကားဖြတ်လိုက်ရ၏။

ထမင်းစားဆောင်မှထွက်ရင်း တင်အေးကြည်သည် တစ်စုံတစ်ရာ စဉ်းစားလာသည်။ မင်းဇေယျာနှင့် ပတ်သက်၍ပင်ဖြစ်၏။ မင်းဇေယျာအနေဖြင့် မြကြည်ဖြူကို ချဉ်းကပ်ရန်မည်သည့်နည်းနှင့်မျှ လွယ်မည်မဟုတ်သည်ကို တင်အေးကြည်သတိထားမိသည်။

မင်းဇေယျာက အရာရာတွင် ပေါ့တန်၏၊ အလေးအနက်မထားတတ်။ အပျော်သမားသက်သက်ဟုလည်း ဆိုနိုင်သည်။ မြကြည်ဖြူက အရာရာတွင် အလေးအနက်ထား၏။ ရှေ့ရေးနောက်ရေးကို တွေးတောဆင်ခြင်တတ်၏။ ဘဝကို ရှန်းကန်ကြိုးစားခြင်းဖြင့် အောင်ပန်းကို ဆွတ်လှမ်းလိုသူပင် ဖြစ်၏။ သည်တော့ မင်းဇေယျာနှင့် မြကြည်ဖြူ၏ သဘောထားမှာ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်သကဲ့သို့ ရှိနေ၏။

နောက်တစ်နေ့တွင် မင်းဇေယျာသည် တင်အေးကြည်တို့ သင်တန်းများရှိရာသို့ မယောင်မလည် ရောက်လာသည်။

တင်အေးကြည်ကို တွေ့တော့ မင်းဇေယျာသည် တင်အေးကြည်ထံ လျှောက်လာသည်။

"တစ်ယောက်တည်းလား အကြည်"

"တစ်ယောက်တည်းမဟုတ်လို့ ဘယ်နှစ်ယောက်ရှိနေရမှာလဲ"

မင်းဇေယျာသည် မည်သည့်အကြောင်းကြောင့်ရောက်လာသည်ကို သိသဖြင့် တင်အေးကြည်က အငေါ်တူးပစ်လိုက်၏၊ မင်းဇေယျာ မျက်နှာချိုငွေ့လေသည်။

"ငါက အကြောင်းမေးတာပါဟ"

"အေးလေ၊ ငါကလဲ အကြောင်းပြောတာပါ၊ ငါက ဟသ်ာလို အဖော်ရှိမှ နေတတ်တဲ့သူမှ မဟုတ်တာပဲ၊ ဥသြလို တစ်ကောင်တည်းနေတတ်တဲ့သူပဲ"

တင်အေးကြည်က သူ့အကျင့်အတိုင်း ငေါ့သည်။ သူတို့နှစ်ယောက်က မည်သည့်အခါမှ စကားပြော အပေါက်အလမ်းတည့်သည်မရှိ၊ ဘုကျမြဲပင် ဖြစ်သည်။ သို့သော် ဘယ်သူက လွန်လွန် ဂိတ်ဆိုးလေ့မရှိ။ ငယ်သူငယ်ချင်းများမို့ အခင်အမင်လည်း မပျက် ပါချေ။

"င လဲ အခု တစ်ယောက်တည်းပါပဲဟာ"

"ဒါပေမယ့် အဖော်ရှာနေတယ်မဟုတ်လား"

"အဟဲ....နင်က ဘယ်ဆိုးလို့လဲ"

မင်းဇေယျာက ရယ်ကျဲကျဲနှင့် ပြောသည်။

"ဘာ မဆိုးတာလဲ"

"ငါ့အကြောင်းသိနေတာကို ပြောတာပါ"

"နင့်အကြောင်းကတော့ သိပ်သိ၊ ပါးစပ်ဟလိုက်တာနဲ့ အာပုပ်နံ့ထွက်မယ်၊ ချေးနံ့ အီးနံ့ထွက်မယ်"

"သောက်ဆန်းမ လုပ်တော့မယ်"



မင်းဇေယျာက ထဆဲတော့ တင်အေးကြည် ရယ်တော့၏။

"စကားပြောရင် အကောင်းပြောစမ်းပါဟ၊ အာမြဲမရ၊ ငါက အကောင်းပြောမလို့"

"ဘာအကောင်းလဲ၊ ပြောလေ"

"ငါ မနေ့က သူ့ကို ကွင်းထဲမှာတွေ့တယ်ဟ"

"ဘယ်သူ့ကိုလဲ"

တင်အေးကြည်က တမင်သိလျက်နှင့် မေးလိုက်ခြင်းပင် ဖြစ်သည်။

"ဘယ်သူရမလဲ၊ မြကြည်ဖြူ ပေါ့"

"ဟင်း....ဒီအကြောင်း ပြောမှ ပြောပါ့မလားလို့ စိတ်ပူနေတာ၊ အခုမှ စိတ်အေးသွားရတယ်၊ အဟင်း....ဟင်း"

တင်အေးကြည်က မင်းဇေယျာကို ကြည့်ကာ ဟားတော့၏။

မင်းဇေယျာ တစ်စုံတစ်ရာ ဆက်ပြောမည် မြင်တော့ တင်အေးကြည်က စကားဖြင့် နှုတ်ပိတ်သည်။

"နေပါဦး၊ ငါ ပြောပါ့မယ်၊ နင် မြကြည်ဖြူနဲ့ တွေ့တယ်၊ ဟင်းချိုနဲ့ ထွေးမိတဲ့ကိစ္စ တောင်းပန်တယ်၊ အဲဒါပြောမလို့ မဟုတ်လား"

"အေး၊ သူက နင့်ကို ပြောပြလို့လား"

"ပြောပြလို့ သိတာပေါ့"

မင်းဇေယျာ လှုပ်လှုပ်ရှားရှားဖြစ်သွား၏။ မြကြည်ဖြူ သူ့အပေါ် ထားသော သဘောထားကို သိချင်လာသည်။ ရင်ခုန်သံ

သည်ပင် နဂိုထက် ပိုမြန်လာမှန်း သိလိုက်သည်။ မျက်လုံးများကလည်း တောက်ပ ရွှန်းလက်လာလေသည်။

"ဟုတ်လား၊ ငါ့....ငါ့အကြောင်း ဘာတွေပြောသေးသလဲ"

"နင့်အတွက် ကြည့်လို့မရဘူးတဲ့၊ နင့်မျက်နှာ မြင်ရင် ထမင်းစား ပျက်တယ်တဲ့၊ နင့်မျက်နှာ တစ်နေ့မတွေ့ရရင် စားလို့ သိပ်ကောင်းတယ်၊ အိပ်လို့ သိပ်ကောင်းတယ်တဲ့"

ထိုကဲ့သို့ မြကြည်ဖြူ ပြောမည်မဟုတ်သည်ကို မင်းဇေယျာ သိ၏။ သူ့ကို ချော်နေခြင်းပင်ဖြစ်သည်။ အလူးအလဲ ခံနေရသော်လည်း ကိုယ့်အကြောင်းနှင့်ကိုယ်ဆိုသလို ဖြစ်နေရသဖြင့် သူ အားလျှော့ပေးထားရ၏။ သို့မဟုတ်လျှင် သူကလည်း ပြန်ခွက်မိမည်။ သူကလည်း အနိုင်အထက် ပြောရမည်ဆိုလျှင် နှုတ်ရည် ညံ့လှသူမဟုတ်။

"အေးပါ၊ သူ စားကောင်းပါစေ၊ အိပ်ကောင်းပါစေ၊ ငါ ဝမ်းသာပါတယ်ဟာ၊ ဒါနဲ့ နင် ငါ့အကြောင်းတွေ သူ့ကို ဘာပြောမိသေးလဲ"

"စုံလို့ပါပဲ၊ နင်က သူဌေးသား၊ ပွေတယ်၊ ရှုပ်တယ်၊ လူပေါ်ကြော့တစ်ယောက် ဖြစ်တယ်၊ နင့်ကိုကြိုက်မိတဲ့ မိန်းမဟာ ထမင်းအိုးကို အခြောက်နဲ့ပစ်ချရမယ်ဆိုတာတွေပေါ့"



"စကားကောင်းလေး နည်းနည်းပါးပါး ပြောစမ်းပါဟာ၊ မိန်းမပါးစပ်က ဒါလောက် ဗလွတ်ရွတ်တနိုင်တာ နင် မရှက်ပေမယ့် ငါ ရှက်တယ်"

မင်းဇေယျာ မျက်နှာထားတည်တည်ဖြင့် တင်အေးကြည်ကို ပြောသည်။ တင်အေးကြည်မှာ သူ့မျက်နှာကိုကြည့်ကာ စကားရှိန် သတ်သည်။

"အံမယ်....နင်က ဘာဆိုင်လို့ ရှက်ရမှာလဲ"

"တော်ကြာ လူတွေက ပြောကုန်ကြမှာပေါ့၊ မင်းမင်း မိန်းမက အာကြမ်းတယ်လို့"

"ကြည့်စမ်း....ခွေးကောင်က"

ပြောပြီး တင်အေးကြည်က မင်းဇေယျာ၏ ရင်ဘတ်ကို ထုလိုက်၏။ သည်ကောင်မလက်က ကြမ်းသည်။ အောင့်သွားသော်လည်း မင်းဇေယျာ ရယ်နေလိုက်ရ၏။

"လာဟာ၊ ကျောင်းချိန် လိုပါသေးတယ်၊ တစ်ခုခု သွားစားကြရအောင်"

"လာဘ်မထိုးပါနဲ့ဟာ၊ နေပါစေ၊ ငါ နောက်ပြောနေတာပါ၊တကယ်တော့ ငါ နင့်အကြောင်း မကောင်း မပြောပါဘူးဟာ၊ နင်က ဖြူ့ကို စိတ်ဝင်စား နေတဲ့ အကြောင်းလဲ ပြောတယ်၊ နင့်အကြောင်း အကောင်းတွေပဲ ရွေးပြောလိုက်ပါတယ်"

"ဟင်....ဒီတော့ သူက ဘာပြောလဲ"

မင်းဇေယျာ ဝမ်းသာအားရ မေးလိုက်၏။

"သူကတော့ စိတ်ဝင်စားပုံမရဘူး၊ စကားပြောတာလဲ ပြတ်တယ်၊ ကျောင်းနေတာ ပညာသင်ဖို့ ရည်ရွယ်ချက်ကလွဲပြီး ဘာရည်ရွယ်ချက်မှ မရှိကြောင်း ပြောတယ်၊ သူက ရည်ရွယ်ချက်လဲ ကြီးတယ် မင်းမင်း၊ ဘွဲ့ရပြီးရင် သူတတ်ထားတဲ့ပညာနဲ့ တိုင်းပြည်ကို တစ်နည်းနည်း အကျိုးပြုနိုင်အောင် ကြိုးစားမယ်တဲ့၊ အသည်းမကွဲချင်ရင် အခုကတည်းက နောက်ဆုတ်ထား၊ သူ့ရည်ရွယ်ချက်ထဲမှာ လင်ယူဖို့ မပါဘူး၊ ဟား....ဟား"

တင်အေးကြည်စကား နားထောင်ပြီး မင်းမင်း မျက်နှာ ပျက်သွား၏။ မြကြည်ဖြူနှင့်သူ ဝေးကွာသွားသည်ဟု စိတ်ထဲ ခံစားလိုက်ရ၏။

အတည်ပြောပြီး သူ့မျက်နှာကိုကြည့်၍ တင်အေးကြည် ဟားပြန်သည်။

"နင်ကလဲ စိတ်ညစ်ရတဲ့အထဲ ဟားနေတာပဲ"

မင်းဇေယျာ တကယ်ပင် စိတ်ညစ်သွား၏။ မြကြည်ဖြူကို မည်သို့မည်ပုံ ချဉ်းကပ်ရမည်ကို မသိဖြစ်နေရ၏။ မင်းဇေယျာ ၏ အသွင်ကို ကြည့်ကာ တင်အေးကြည် သနားသွားရပြန်သည်။

"တစ်ခုတော့ရှိတယ် မင်းမင်းရဲ့"

"တစ်ခုရှိရင်တော့ နင်ပဲစားလိုက်ပါဟာ"

မင်းမင်းသည် သူ့ရင်ထဲက ဝေဒနာကို ကုစားရန်အတွက် ကြိုးစား၍ ပြက်ချော်ချော် လုပ်လိုက်သည်။

တင်အေးကြည် မျက်စောင်းထိုး၏။



"ငါက အကောင်းပြောမလို့ပါ မသာကောင်ရဲ့"

"ဒါဖြင့်လဲ ပြော၊ နင့်အကောင်းဆိုတာကိုတော့ ငါ ခပ်ကြောက်ကြောက်ပဲ"

"တကယ်ပါ၊ နင် ဖြူ့ကို တကယ်စိတ်ဝင်စားတယ်ဆိုတာကို ငါ ယုံချင်တယ်"

"တကယ်ပါဟာ"

တင်အေးကြည်သည် မင်းမင်းမျက်နှာကို စူးစူးရဲရဲကြည့်သည်။ မျက်လုံးများထဲတွင် ရှာဖွေသည်။ အမှန်တရားကို တွေ့သည်ထင်၏။

"အေးပါ၊ ဒါကြောင့်လဲ ငါ သွယ်ဝိုက်ပြီးတော့ အောင်သွယ်မိသေးတယ်၊ အောင်မသွယ်ဘူးတော့ ဘူးပေါ်သလို ပေါ်သွားပြီး သူကတောင် အောင်သွယ်နေတာလားလို့ မေးတာကို ခံရသေးတယ်၊ အဟက်.... ခုမှ ရှက်လိုက်တာဟာ၊ ဟင်း....ဟင်း၊ ထားပါဟာ၊ ငါပြောချင်တာက နင်တို့နှစ်ယောက်ကို ငါ အမှတ်မထင် လှေ့လာမိတယ်၊ ဖြူက အရာရာ လေးနက်တယ်၊ ပညာသင်တာကိုက မိဘတွေအပေါ် မျက်နှာပြကောင်းအောင် တာဝန်ကျေသင်တာမျိုး မဟုတ်ဘဲ တတ်တဲ့ ပညာနဲ့ တိုင်းပြည်ကို အကျိုးပြုမယ်ဆိုတဲ့ ရည်ရွယ်ချက်မျိုးနဲ့ သင်တာ၊ နင်ကတော့ နေရာတကာမှာ ခပ်ပေါ့ပေါ့ပဲ၊ ဒီတော့ နင်တို့နှစ်ယောက်ဟာ ဆန့်ကျင်ဘက်လို ဖြစ်နေတယ်ဟ၊ အဖြူနဲ့အမည်းလိုဖြစ်နေတယ် မင်းမင်း"

"ဒီတော့ ဘာလုပ်ရမလဲ"

"သူ့အချစ်ကို ရဖို့ကတော့ သူ အထင်ကြီး လေးစား
လောက်တဲ့ အလုပ်တစ်ခုခုကို လုပ်ပြနိုင်မှ လွယ်လိမ့်မယ်
ထင်တယ် မင်းမင်း"

မင်းဇေယျာ စဉ်းစားသည်။ သူ့ကိုယ်သူ သုံးသပ်ကြည့်
သည်။ တင်အေးကြည်၏ ပြောစကားမှာ အမှန်ပင်ဖြစ်နေသည်
ကို သတိထားမိ၏။

"အေး....တစ်နေ့တော့ ငါဟာ သူလေးစားလောက်
တဲ့ လူတစ်ယောက် ဖြစ်လာရမှာပေါ့ဟာ"

မင်းဇေယျာသည် ခေါင်းတညိတ်ညိတ်နှင့် အလေးအနက်
စကားဆိုမိလေပြီတည်း။

စာစု ( ၈ )

"ဘာကွ...."

"ဘယ်လို...."

"စဉ်းစားပြီးမှ ဆုံးဖြတ်တာလား"

"အမေ ဆူမှာစိုးလို့လား၊ အမေ ဆူရင် ငါ့ဆီ ပြေးခဲ့"

အုံ့သြစကားလည်း ဆိုသည်။ ဟားသူကလည်း ဟားသည်။
အပေါင်းအသင်းတွေအဖို့ ကျားက ဥပုသ်စောင့်တော့မည်ဆို
သော စကားကို ကြားလိုက်ရသည့်သို့ ရှိ၏။

အခါတိုင်းဆိုလျှင် ကျောင်းအားရက်တွင် အပျော်အပါး
လုပ်မည့် ကိစ္စမှန်သမျှကို မင်းဇေယျာက ရှေ့မှ ဦးဆောင်
တတ်မြဲ ဆွယ်တတ်မြဲ။

ယခုတော့မူ....

သက်ဦးက အိမ်မှ ငွေရောက်လာသဖြင့် လာမည့် တနင်္ဂနွေ နေ့တွင် အပေါင်းအသင်း အားလုံးကို ဘီယာတိုက်မည်ဟု ကြွေးကြော် ကတိပေး၏။ သည်အခါ မင်းဇေယျာက....

"ငါတော့ မသောက်ဘူး၊ လိုက်လဲ မလိုက်ဘူး" ဟု ယတိပြတ် ငြင်း၏။

"နေပါဦး၊ မောင်ရင်က ဘာဖြစ်လို့လဲ၊ ဒိတ်လုပ်ထားတာ ရှိလို့လား"

ကျော်ကျော်က မေး၏။

"အခုအချိန်မှာ ငါ့အတွက် ဒိတ်ဆိုတာတွေလဲ မရှိတော့ဘူး၊ ယမကာကိုလဲ မကြာခဏ မသုံးဆောင်ချင်တော့ဘူး"

"အကြောင်းက...."

စိုးဟိန်းက ဝင်ထောက်သည်။

"အရင်က မဟုတ်တဲ့ ငါဖြစ်သွားလို့ပေါ့ကွ၊ ငါ့ဘဝ ငါ့ အခက်အခဲတွေကို ပြောင်းလဲရမယ် သူငယ်ချင်းတို့၊ အခု ငါ လေးနက်သွားလို့ပေါ့ကွာ"

"ကျွတ်....ကျွတ်....ကျွတ်....မောင်ကံ ကျောက်ရုပ်ဖြစ်တာပဲ ကြားဖူးတယ်၊ မင်းမင်း ကျောက်မီးသွေး ဖြစ်တယ်ဆိုတာကိုတော့ အခုမှ ကြားဖူးတယ်"

မြင့်ကြူးက ပြောသည်။

"ဘာဆိုင်လို့လဲကွ ချစ်တီး"

"မင်းက လေးနက်သွားတယ်ဆိုကွ၊ လေးနက်တာ ကျောက်မီးသွေးပဲ ရှိတယ်"



"ရှိသေးတယ်ကွ၊ ကတ္တရာတုံး"

"ဝါး....ဟား....ဟား....ဟား....ဟား"

ဝိုင်း၍ ဟားကြသည်။ အဟားခံရသဖြင့် မင်းဇေယျာ နည်းနည်းတော့ ရှက်သွား၏။ သည်ကောင်တွေကို အလျော့ပေး၍တော့ မဖြစ်။ လျော့လိုက်လျှင် ပို၍ ဟားကြမည်ကို သိ၏။ သည်တော့ ကြီးကြီးကျယ်ကျယ်တွေ လျှောက်ပြောရန် စိတ်ကူးသည်။ အနံကြီး ကွင်းကျယ် လုပ်ရမည်။

"ပြောစမ်းပါဦးကွ၊ မင်းက ဘာတွေ လေးနက်နေတာလဲ"

မြင့်ကြူးက မေး၏။

"မင်းတို့ကတော့ ဘာနားလည်မှာလဲ ချစ်တီးရာ၊ ပျော်လိုက် ပါးလိုက်နဲ့ချည်း အချိန်ကုန်မခံချင်တာကို ပြောတာ၊ စာမေးပွဲကြီးကလဲ နီးလာပြီ၊ ဒီတော့ စာကြိုးစားရဦးမယ်၊ တစ်နှစ်ကျတယ်ဆိုရင် မိဘတွေမှာ ငွေကုန်မယ်၊ တိုင်းပြည်က ပေးထားတဲ့ ပညာရေး စရိတ်တွေကို အလကား ဝင်ဖြုန်းတီးရာ ကျမယ်၊ ဒါကို အလေးအနက် စဉ်းစားပြီး အပျော်အပါး လျှော့မယ် ပြောတာကွ၊ သိလား၊ တုံးရ"

မင်းဇေယျာက ပြန်နှက်လိုက်တော့ မြင့်ကြူး ငြိမ်သွားသည်။ မေးစေ့ကို လက်ချောင်းများဖြင့် ပွတ်ရင်း စဉ်းစားနေ၏။ မြင့်ကြူးသည် တစ်စုံတစ်ရာကို ပြန်ပြောရန် စကားစ ရှာနေခြင်းပင် ဖြစ်ပေလိမ့်မည်။

"အင်း....ဒီတစ်ခါတော့ ခွေးပါးစပ်က နတ်စကား ထွက်တာပဲ၊ခံရတာ နာတယ်ကွာ"

ပြန်ပြောစရာ စကားစ ရှာမရသဖြင့် မြင့်ကြူးက အသား လွတ် နှုတ်ခဲတော့၏။

"ဟာ....ဘာလိုင်းကြီးပါလဲကွ"

ဟု စိုးဟိန်းက ထောင်ပေးသည်။

"ပြောပါစေကွာ၊ ဒီကောင်က ပစ္စန္တရစ် အရပ်က လာတာပဲ၊ ဒါကောက်တော့ ရှိမှာပေါ့"

"ဘာလဲကွ၊ ပစ္စန္တရစ်အရပ်ဆိုတာ"

ပစ္စန္တရစ်အရပ် ဆိုသည်ကို မြင့်ကြူး မသိ။

"ကဲ....စာရေးဆရာ၊ မင်းပဲ ရှင်းပြလိုက်ပါကွာ"

မင်းဇေယျာက စိုးဟိန်းဘက် ပြန်လှည့်၍ ထောင်ပေးလိုက်၏။

"ပစ္စန္တရစ်အရပ် ဆိုတာ ရတနာသုံးပါး မတည်လို့ အလွန်ရိုင်းစိုင်းတဲ့ လူတွေနေတဲ့ အရပ်ကွာ"

စိုးဟိန်းက ရှင်းပြသည်။

"ဟာ....ဒီလိုဆို၊ ကိုတော့ လူပေါင်းမှားပြီ သက်ဦးရ၊ လက်စသက်တော့ တို့တွေက ပစ္စန္တရစ်အရပ်သားတွေနဲ့လာပြီး ပေါင်းမိနေတာကိုး၊ လာ...သွယ်ချင်းသွား စို့"

ကျော်ကျော်က သက်ဦးကို လက်တို့ခေါ်၏။ သူတို့စကားနှင့် သူတို့ ပိတ်မိနေကြသဖြင့် မင်းဇေယျာတို့ သူငယ်ချင်း သုံးယောက်မှာ ဟားတိုက်၍ ရယ်နေကြရတော့၏။



မည်သို့ပင်ဖြစ်စေ....

မင်းဇေယျာတစ်ယောက် အခါတိုင်းထက် ခြေငြိမ်ကွားခဲ့သည်မှာတော့ အမှန်ပင် ဖြစ်သည်။

သူသည် အလည်အပတ် အပျော်အပါးတို့ကို သိသိသာသာ လျှော့ပစ်လိုက်၏။ စာကို မှန်မှန်ကျက်၏။ သင်တန်းတွေကိုလည်း မှန်မှန်တက်၏။ ပြီးတော့...မြကြည်ဖြူတို့ သင်တန်းများရှိရာသို့လည်း မှန်မှန်ရောက်တတ်မြဲပင် ဖြစ်၏။

သို့သော်....မြကြည်ဖြူကို တွေ့သည့်အခါ အနီးတော့မကပ်ရဲ၊ ကွယ်ရာနေရာကိုရှာကာ တော်ရာနေရာမှ ငေးမောရ၏။

မင်းဇေယျာသည် လိပ်ပြာကလေးပင် ဖြစ်၏။ လိပ်ပြာကလေးသည် ပန်းလှလှကလေးတွေရှိရာ နေရာတိုင်းတွင်ဝဲကာ ပျံကာ ရှိနေတတ်၏။

ယခုလည်း မင်းဇေယျာသည် လိပ်ပြာကလေးပင် ဖြစ်သည်။ သို့သော်....ပန်းလှလှကလေးတိုင်း၏ အနားတွင် ရစ်ဝဲမနေတော့ပါ။ တစ်ပွင့်သော ပန်းကလေး တစ်ပွင့်အနီးမှာသာ ထာဝရ ရစ်ဝဲနေတော့သည်။ ဤသည်ကို ပန်းကလေးကလည်း သိသည်။ သိသော်လည်း ပန်းကလေးက ဣန္ဒြေကြီး၏။ မသိကျိုးကျွန်ပြု၏။

သို့နှင့်ပင်....

ကာလရထားသည် အချိန်မှန်မှန် ခုတ်မောင်းလျက် ရှိ၏။ သည်အခါ အချိန် ဘူတာကြီးတစ်ခုသို့ဆိုက်ရောက်လာတော့၏။ စာမေးပွဲကြီးစစ်ချိန်သို့ ရောက်လာ၏။

မင်းဇေယျာသည်လည်း အများနည်းတူ စာမေးပွဲတစ်ရတည်းကိုသာ အာရုံစိုက်နေလေတော့သည်။

အဆောင်များတွင် စာကျက်သံများကို ပို၍ပီပြင်စွာ ကြားလာရသည်။ ကျောင်းဝင်းအနှံ့တွင် ဘာသာရပ်ဆိုင်ရာ ခုပေါင်း ဆွေးနွေးပွဲကလေးများကို တွေ့လာရ၏။

မင်းဇေယျာတို့ အုပ်စုသည်လည်း တစ်ဦးတည်း စာကျက်သည့်အခါ ကျက်၏။ စုပေါင်းဆွေးနွေးသည့်အခါ ဆွေးနွေးကြသည်။

အချိန်ကား တိုတောင်းလှသည်။ ဘာလိုလိုနှင့် တက္ကသိုလ် စာမေးပွဲများ ပြီးသွားခဲ့၏။ မင်းဇေယျာတို့ နောက်ဆုံးနှစ် စာမေးပွဲများလည်း ပြီးသွားခဲ့ပြီ။

အချိန်တန်တော့လည်း အိမ်ပြန်ကြရတော့မည်။

"ငါတော့ လွမ်းတယ်ကွာ"

မင်းဇေယျာက အလွမ်းစကား ဆို၏။

"အေး၊ တို့ ကျောင်းကြီးကို ခွဲသွားရမှာတော့ လွမ်းစရာပဲကွ၊ အင်း....လွမ်းစရာလေးတွေ ဖြစ်ကုန်ပြီ"

စိုးဟိန်းက ထောက်ခံသည်။

"တို့ ကျောင်းကိုလွမ်းတာ မဟုတ်ဘူးကွ"

"ဩော်....ကျော်ကျော်တို့နဲ့ ခွဲရမှာကို လွမ်းတာလား၊ ဒါမှမဟုတ် ချစ်တီးကို လွမ်းတာလား"

"မဟုတ်ဘူးကွ၊ ဖြူ့ကိုလွမ်းတာကို ပြောတာ"

"ခွဲမသား နှာဘူး"

ဝိုင်းဆဲကြသည်။ ပြီးတော့....ရယ်မောကြသည်။



"မပူပါနဲ့ကွာ၊ မင်း မြကြည်ဖြူကို မြို့ရောက်ယင် ပြန်တွေ့မှာပေါ့"

သက်ဦးက ပြောသည်။

"ဟုတ်တယ်၊ အဲဒီကျမှပဲ ဖိနပ်စာမိမယ်လေ"

မြင့်ကြူး၏စကားကြောင့် ရယ်ကြရပြန်သည်၊ ရယ်ရင်း မောရင်းနှင့်ပင် မင်းဇေယျာတို့ အုပ်စုခွဲခဲ့ကြသည်။

ကျော်ကျော်နှင့် သက်ဦးက ရွှေဘိုပြန်သည်။ မင်းဇေယျာတို့ သူငယ်ချင်းသုံးယောက်ကတော့ မြို့ ပြန်ကြရသည်။

စာမေးပွဲကြီးပြီးသည်နှင့် စိုးဟိန်း တစ်ယောက်ကတော့ စာရေးဆရာလုပ်မည်ဟုဆိုကာ ကြီးမားသော ရည်ရွယ်ချက်ဖြင့် ရန်ကုန်သို့ တက်သွား၏။ မြင့်ကြူးကလည်း အလုပ်ရှာနေသည်။ မင်းဇေယျာကတော့ မြကြည်ဖြူကို ရှာနေ၏။

မြကြည်ဖြူ မြို့မှာနေသည်ကို သိ၏၊ ဘယ်အရပ်မှာနေသည်ကိုမသိ၊ တင်အေးကြည်နေသည့် အရပ်ကိုလည်း သူမသိ၊ ဆယ်တန်းအောင်သည့်နှစ် ကတည်းက တင်အေးကြည်တို့ အိမ်ပြောင်းသွားခဲ့သည်။ ထို့ကြောင့် အမှတ်မထင် အဆက်ပြတ်သွားခဲ့၏။

သို့သော်....ဘဲ့နှင်းသဘင် ကျင်းပသည့်နေ့ကျတော့ သူငယ်ချင်းတွေ ဆုံကြသည်။ တင်အေးကြည်ကိုလည်း တွေ့ရ၏။ မြကြည်ဖြူကိုလည်း တွေ့ရ၏။

တည်တော့မှ တင်အေးကြည်မှတစ်ဆင့် မြကြည်ဖြူ ဘယ်မှာနေသည်ကို စုံစမ်းရသည်။ (၇) ရပ်ကွက်ထဲမှာ နေသည်ဆိုသည်ကိုတော့ သိလိုက်ရ၏။

လိပ်စာကို သေသေချာချာမသိရ။ တင်အေးကြည်က တမင်လျှို့ဝှက်ထားသည်ဟု ထင်၏။ သို့သော် ကိစ္စမရှိ။ ဤမျှသိရလျှင် သူ ကျေနပ်ပြီ။ မည်သည့်အရပ်ဝယ်တွင်နေသည်ကို သိရသည်ဆိုလျှင် သူ့အတွက် ပြည့်စုံပါပြီ။ သူသည် မမြို့သား မဟုတ်လား။ သူ့မှာ အပေါင်းအသင်းများသည်။ ရက်ပိုင်းအတွင်း မြကြည်ဖြူတို့၏အိမ်ကို သိဖို့ သေချာနေပါပြီတည်း။

ညှော်သည်လား၊ လိပ်ပြာလား။

စကားဝါလေးကို လက်ဆွဲ၍ရောက်လာသော မင်းဇေယျာကို မြကြည်ဖြူသည် အတန်ကြာမျှ အံ့ဩကြည့် ကြည့်နေမိ၏။ လဲ့ရွန်းကြည်သော မျက်ဝန်းအိမ်ပေါ်မှ ဖော်ရွေမှု အရိပ်အယောင်ကို တွေ့ရသဖြင့် သူ ကြည်နူးသွားရသည်။

"ကလေး ကျောင်းအပ်ချင်လို့ပါ ဆရာမ"

ကွန်မြူပုံးလေးကို ဦးစွာတွေ့ရ၏။ ပြီးမှ ချိုသာကြည်မြသော စကားသံကို ကြားရ၏။

"ရပါတယ်ရှင်"

မြကြည်ဖြူက တည်ငြိမ်လွန်းသောကြောင့် မင်းဇေယျာလည်း ကွန်မြူဆည်ရသည်။

"ပြောစရာတစ်ခုတော့ ရှိတယ် ဆရာမ"

"ဟုတ်ကဲ့၊ ပြောပါရှင်"

"စကားဝါကလေးက လူကြီးတွေလစ်ရင် အိမ်ပြန်ပြန်ပြေးတတ်တယ်"

မင်းဇေယျာသည် ထိုစကားကိုပြောရင်း မြကြည်ဖြူ၏ မျက်နှာကလေးကို ငေးကြည့်နေမိ၏။ မျက်ဝန်းလဲ့ပြာပြာက ပြုံး



တင်အေးကြည်သည်လည်း ဤကျောင်းမှ ကျောင်းဆရာမကလေးပင် ဖြစ်၏။

မင်းဇေယျာ ရှက်ပြုံးကလေး ပြုံးလိုက်မိသည်။ ကိုယ့်အကြောင်းနှင့်ကိုယ်ဆိုတော့ မလုံမလဲဖြစ်သွားရ၏။ ဒါပေမယ့် အရှက်ပြေကလေးတော့ ပြောလိုက်၏။

"ကလေး ကျောင်းလာအပ်တာပါ"

"အေးလေ....နင်ဒီကို တစ်နည်းနည်းနဲ့ ရောက်လာမယ်ဆိုတာ သိသားပဲ၊ အင်း....နင့်ရောဂါက သိပ်တော့ မလွယ်ဘူး"

တင်အေးကြည်၏စကားကြောင့် မင်းဇေယျာ စိုးရိမ်သွားရ၏။ ဆရာမလေး မြကြည်ဖြူရှိရာကို လှမ်းကြည့်မိသည်။ မြကြည်ဖြူကတော့ သူ့ကိုကြည့်မနေပါ။ ကလေးများကို ကဗျာတစ်ပုဒ်ရွတ်ဆိုပြနေ၏။ သီချင်းဆိုပြနေခြင်းလည်း ဖြစ်နိုင်သည်။ မင်းဇေယျာ သဲသဲကွဲကွဲ မကြားရပါ။

"တိုးတိုးပြောပါဟဲ့၊ နင်ကလဲ"

နှုတ်ရဲလျှာရဲ ပြောတတ်သော တင်အေးကြည်ကို တောင်းပန်ရသည်။

"ဘာတိုးတိုးပြောရမှာလဲ၊ နင့်ကို စောစောကတည်းက ငါမြင်နေတာ၊ ဘွဲ့နှင်းသဘင်နေ့က မြကြည်ဖြူလိပ်စာကို ပေးကတည်းက နင်ရောက်လာမယ်ဆိုတာ ငါသိတယ်၊ ဒါကြောင့် ဒီမှာ ကျောင်းဖွင့်ထားတယ်ဆိုတာ တမင်မပြောဘဲ ချိုထားခဲ့တာ၊ ဒါပေမယ့် ရောက်လာတာပဲ မဟုတ်လား"

"အေးပါဟာ၊ ကိုယ်သိရင်လဲ ကိုယ့်ဟာကိုယ် နေစမ်းပါ၊ နင်သိပ်အာချောင်တာပဲ"

"မနေဘူး၊ တို့ကတော့ သိသမျှ ပွင့်ပွင့်လင်းလင်းပဲ"

"ရှိကြီးခိုးပါရဲ့ဟယ်၊ အာမကျယ်စမ်းပါနဲ့၊ စကားဝါကလေးနဲ့ ငါ ဘာမှမတော်ဘူးဆိုတာလဲ သူမသိစေနဲ့၊ သိရင် မလွယ်ဘူးဟ"

"အေး.... ဒါပေမယ့် နင့်ကို စောင့်ကြည့် ရဦးမယ်၊ တခြားမှာ နင့်သတင်း တစ်ခုခုကြားရင်တော့ နင့်အကြောင်းတွေ ပေါ်ပြီသာ မှတ်၊ ငါ့အကြောင်း သိတယ်မဟုတ်လား"

တင်အေးကြည်က အသားလှတ်ကြီး ကြိမ်းမောင်းနေသည့်ကိုင် စိတ်မဆိုးနိုင်။ သူကပင် တင်အေးကြည်ကို ပြန်တောင်းပန်နေရသေးသည်။

"အေးပါဟာ....စိတ်ချပါ၊ စိတ်ချပါ ကျောင်းအမရယ်၊ ငါက အခု ပါးစပ်ထဲ လက်ညှိုး ထည့်တောင် မကိုက်တတ်တော့ပါဘူး၊ အဟဲဟဲ....ယုံပါဟာ"

"အေး....ငါကလဲ မျက်လုံးဒေါက်ထောက်ကြည့်နေမှာပါ၊ တို့ကျောင်းအုပ်ဆရာမလေး အညာမခံရအောင်တော့ စောင့်ရှောက်ရမယ်"

ကြာကြာနေ၍ မဖြစ်တော့၊ အာကျယ်မ တင်အေးကြည်၏ စကားကြောင့် သူ့ အထုပ် ပြေသွားနိုင်သည်။

အထုပ်ပြေ၍ မဖြစ်၊ ဘယ်နည်းနှင့်မှ မဖြစ်။



အထူးသဖြင့် ဆရာမလေး မြကြည်ဖြူ၏ ရှေ့တွင် ပြေ၍ မဖြစ်။ မဖြစ်ရေးချ မဖြစ်ပါချေ။

သြော်....မင်းမင်း။

သို့မဟုတ် မင်းဇေယျာ။

တစ်ချိန်က အကြောင်းပေါင်းကလေးတွေ မကောင်းသမျှ အဟောင်း အဟောင်းကလေးတွေက အရိပ်အဖြစ် ရှိနေသေးပါလား။ မင်းဇေယျာသည် နှလုံးသည်းပွတ် ပင်လယ်ပြင်ကို ရှပ်တိုက်ပြေးလွှား တိုက်ခတ်လာသော အချစ်မုန်တိုင်းဒဏ်ကို ခံနေရပြီဆိုသည်ကိုရော သိပါလေစ။

## စာစု ( ၉ )

မင်းဇေယျာ။

နာမည်က လှသကဲ့လို လူကလည်း ဖြူဖြူသွယ်သွယ် ချော

ချော အသေး။ ပိန်ကပ်ကပ် ရှည်ရှည်မျောမျော အရပ်အမောင်း

မျိုးတော့ မဟုတ်။ အရပ်ရှည်သော်လည်း သူ့အရပ်နှင့် လိုက်

ဖက်ညီသော အလုံးအထည်ရှိသည်။

ကိုယ်ခန္ဓာက တောင့်တင်းသည်ဟု မဆိုသာသော်လည်း

ပျော့ပျော့နွဲ့နွဲ့ကလေးလည်း မဟုတ်ပါ။

ထူးခြားသည်က လက်ဖျံနှစ်ဖက်တွင် ထူးခြားစွာ စိမ်းစို

နေသော အမွေးအမှင်များ ရှိရုံမျှမက ရင်ဘတ်တွင်လည်း

အသည်းယားစရာ အမွေးအမှင်များ ထူထပ်စွာ ပေါက်နေကြ

သည်။

အစကတော့ သည်အမွေးအမှင်များကြောင့် သူ ရှက်

သည်။ နိုင်ငံခြား ရုပ်ရှင်မင်းသားများကို ကြည့်ဖန်များလာ



သောအခါ ထိုအမွေးထူခြင်းအတွက် ဂုဏ်ယူနိုင်ကာ နေသား

ကျသွားတော့သည်။

မင်းဇေယျာသည် အဝတ်အစား သန့်သန့်ကလေးများ

ဝတ်တတ်သကဲ့သို့ နောက်ဆုံးပေါ် အဆင်အသန်းကိုမှ ခုံမင်တတ်

သည်။

မင်းဇေယျာတို့ ပန်းဟောဝန် ခြံကြီးမှာ မေမြို့တွင် မသိသူ

မရှိသလောက် ထင်ရှား၏။ သူ့ဖခင် အငြိမ်းစား ဒုတိယ

ဗိုလ်မှူးကြီး ဦးမင်းထင်နှင့် မေါ်သူဇာလှိုင်သည် မြို့မျက်နှာဖုံး

များ ဖြစ်ကြ၏။

ပန်းဟောဝန်သည် မေမြို့၏ အဓိကရ လမ်းမကြီးဖြစ်သော

မန္တလေး လားရှိုး လမ်းမကြီးပေါ်တွင် ရှိသည်။

မင်းဇေယျာသည် တစ်ဦးတည်းသော သားဖြစ်သဖြင့်

ဦးမင်းထင်နှင့် ဒေါ်သူဇာလှိုင်တို့၏ ဖူးဖူးမှုတ်ထားခြင်း ခံရ

သူပင် ဖြစ်သည်။

ထို့ပြင် သူ့အဘိုး ဦးမင်းကျော်ထင်ကလည်း မင်းဇေ

ယျာအား အသည်းစွဲ ချစ်သည်။ သူ့မြေးအတွက် အမွေ

အချို့ကိုပင် ဘဏ်တွင် ခွဲဝေ အပ်နှံထားပေးပြီး ဖြစ်သည်။

ရန်ကုန်တွင် လာရောက် နေထိုင်ရန်လည်း အခါခါ ခေါ်ဘတ်

သည်။

သို့သော် မင်းဇေယျာ မသွားနိုင်ခဲ့။

ထို့ကြောင့် မင်းဇေယျာ၏ ဘဝတွင် ကြောင့်ကြမှုဟူ၍

လုံးဝ မရှိ။ ရွှေလိုလျှင် ရွှေ၊ ငွေလိုလျှင် ငွေ၊ ပြည့်စုံသည်။ ဤ

သည်မှာ စကားအဖြစ် မဟုတ်။ လက်တွေ့ပင် ဖြစ်သည်။

မင်းဇေယျာ လူမှန်းသိတတ်ကတည်းက လိုတာ အကုန်ရသည်။ အရွယ်ကလေး ရလာတော့လည်း သူ့အရွယ် အတိုင်း အတာ မီအောင် လိုတာ အကုန်ရသည်။

ကြည့်။ သူ ဆိုင်ကယ်စီးချင်သည့်ဆို၍ ဆယ်တန်းကျောင်းသားကတည်းက မော်တော်ဆိုင်ကယ် ဝယ်ပေးရသည်။ ဟွန်ဒါ ဆိုင်ကယ်ကို ငါးနှစ်စီးသောအခါ ရိုးသွား၏။ ယခုတော့ ကာလတန်ဖိုး ခုနစ်သောင်း၊ ရှစ်သောင်း ပေးရသော မော်တော်ဆိုင်ကယ်မျိုးကိုမှ အပူကပ်သဖြင့် အသစ် လဲပေးရသည်။ ယင်းဆိုင်ကယ်မျိုးမှာ ဆီပါမကာ ရေပါထည့်မောင်း၍ ရသည်။ ဖင်ထိုင်ခုံအောက်မှာ ရေတိုင်ကီတစ်လုံးပါ၏။ တကယ် တမ်းပြေးပြီဆိုတော့ သူများ ဆိုင်ကယ်တွေထက် နှစ်ဆပြေးသည်။ ဈေးကလည်း ကောင်းသည်ကိုး။

နေ့ကလေးထိန်းကျောင်းဝ ယူကလစ်ပင်ကြီးအောက်တွင် ရပ်ထားသည့် မော်တော်ဆိုင်ကယ်ရှိရာသို့ မင်းဇေယျာ သွက် သွက်လျှောက်လာခဲ့သည်။

မင်းဇေယျာ မော်တော်ဆိုင်ကယ်ကြီးဘေးတွင် မော်တော် ဆိုင်ကယ်တစ်စီး သော့ပိတ်၍ ရပ်ထား၏။

လူကိုတော့ မတွေ့။

သို့ပေမယ့် သူ ဘယ်သူဘယ်ဝါ ဆိုတာကိုသိပြီ။ ချစ်တိုင်း အောင်ပဲ ဖြစ်ရမည်။

ဆိုင်ကယ်က ရှားရှားပါးပါး၊ အဝါရောင် နံပါတ်ကို လည်း မှတ်မိပြီးသား ဖြစ်၏။

"အင်း....ဒီကောင် ဘယ်သွားပါလိမ့်"



မင်းဇေယျာ မော်တော်ဆိုင်ကယ် ဘေးပတ်ဝန်းကျင်ကို ကြည့်သည်။ ချစ်တိုင်းအောင်၏ အရိပ်အယောင်ကိုမျှ မတွေ့မြင် ခက်ကပြီ။

သည်အကောင် ဘယ်အချိန်ကရောက်လာပြီး ဘယ်ကိုသွား လသနည်း။ စကားဝါကလေးအတွက် အစားအသောက် စ်ခုခုပို့ပေးဖို့က ရှိသေးသည်။ ကျောင်းစာဘက်တက်ချင်းနေ စကားဝါကလေး မျက်နှာမငယ်စေချင်ပါ။

သူ သည်ကိုလာသည်ဟုလည်း ချစ်တိုင်းအောင်ကို မပြောခဲ့ ါ။ စကားဝါကလေးနှင့် နေ့ကလေးထိန်း ကျောင်းကိစ္စမှာ ့အတွက် ထိပ်တန်းလျှို့ဝှက်ချက် ဖြစ်၏။ သည်ကောင် ဘယ် ဘယ်လို သိသွားသေသနည်း၊ ဘယ်နည်းဘယ်ပုံ အနံ့ရသွား သသနည်း၊ အဘယ်သို့ ခြေရာခံမိခဲ့လေသနည်း။

မတွေ့တတ်။

ဟော....တွေ့ပြီ။

ကြည့်စမ်း၊ ချစ်တိုင်းအောင်။

လမ်းထိပ်မှာ အကြည်ဆိုက်နေပါလား၊ ထို့ကြောင့်လည်း မည်က ချစ်တိုင်းအောင် ဖြစ်နေခြင်းပင်။ သည်ကောင်က ည်း အချောအလှတွေနှင့် ပတ်သက်လာလျှင် တစ်ချိန်က သူ့ ဖုကို မီသည်။

ချစ်တိုင်းအောင်သည် အချောအလှကလေး တစ်ယောက် စကားပြောနေသည်။ ဟန်နှင့် ပန်နှင့်ပါလား။ အကြံ န် လုပ်နေသည်လား မသိ။

မင်းဇေယျာ လူမှန်းသိတတ်ကတည်းက လိုတာ အကုန် ရသည်။ အရွယ်ကလေး ရလာတော့လည်း သူ့အရွယ် အတိုင်း အတာ မီအောင် လိုတာ အကုန်ရသည်။

ကြည့်။ သူ ဆိုင်ကယ်စီးချင်သည်ဆို၍ ဆယ်တန်းကျောင်း သားကတည်းက မော်တော်ဆိုင်ကယ် ဝယ်ပေးရသည်။ ဟွန်ဒါ ဆိုင်ကယ်ကို ငါးနှစ်စီးသောအခါ ရိုးသွား၏။ ယခုတော့ ကာလတန်ဖိုး ခုနစ်သောင်း၊ ရှစ်သောင်း ပေးရသော မော် တော်ဆိုင်ကယ်မျိုးကိုမှ အပူကပ်သဖြင့် အသစ် လဲပေးရ သည်။ ယင်းဆိုင်ကယ်မျိုးမှာ ဆီပါမကာ ရေပါထည့်မောင်း၍ ရသည်။ ဖင်ထိုင်ခုံအောက်မှာ ရေတိုင်ကီတစ်လုံးပါ၏။ တကယ် တမ်းပြေးပြီဆိုတော့ သူများ ဆိုင်ကယ်တွေထက် နှစ်ဆပြေး သည်။ ဈေးကလည်း ကောင်းသည်ကိုး။

နေ့ကလေးထိန်းကျောင်းဝ ယူကလစ်ပင်ကြီးအောက်တွင် ရပ်ထားသည့် မော်တော်ဆိုင်ကယ်ရှိရာသို့ မင်းဇေယျာ သွက် သွက်လျှောက်လာခဲ့သည်။

မင်းဇေယျာ မော်တော်ဆိုင်ကယ်ကြီးဘေးတွင် မော်တော် ဆိုင်ကယ်တစ်စီး သော့ပိတ်၍ ရပ်ထား၏။

လူကိုတော့ မတွေ့။

သို့ပေမယ့် သူ ဘယ်သူဘယ်ဝါ ဆိုတာကိုသိပြီ။ ချစ်တိုင်း အောင်ပဲ ဖြစ်ရမည်။

ဆိုင်ကယ်က ရှားရှားပါးပါး၊ အဝါရောင် နံပါတ်ကို လည်း မှတ်မိပြီးသား ဖြစ်၏။

"အင်း....ဒီကောင် ဘယ်သွားပါလိမ့်"



မင်းဇေယျာ မော်တော်ဆိုင်ကယ် ဘေးပတ်ဝန်းကျင်ကို ကြည့်သည်။ ချစ်တိုင်းအောင်၏ အရိပ်အယောင်ကိုမျှ မတွေ့မြင် ခဲ့ကပြီ။

သည်အကောင် ဘယ်အချိန်ကရောက်လာပြီး ဘယ်ကိုသွား လသနည်း။ စကားဝါကလေးအတွက် အစားအသောက် တစ်ခုခုပို့ပေးဖို့က ရှိသေးသည်။ ကျောင်းစာကိုတက်ချင်းနေ့ ာ စကားဝါကလေး မျက်နှာမငယ်စေချင်ပါ။

သူ သည်ကိုလာသည်ဟုလည်း ချစ်တိုင်းအောင်ကို မပြောခဲ့ ါ။ စကားဝါကလေးနှင့် နေ့ကလေးထိန်း ကျောင်းကိစ္စမှာ ူ့အတွက် ထိပ်တန်းလျှို့ဝှက်ချက် ဖြစ်၏။ သည်ကောင် ဘယ် ဘယ်လို သိသွားသေသနည်း၊ ဘယ်နည်းဘယ်ပုံ အနံ့ရသွား လသနည်း၊ အဘယ်သို့ ခြေရာခံမိခဲ့လေသနည်း။

မတွေ့တတ်။

ဟော....တွေ့ပြီ။

ကြည့်စမ်း၊ ချစ်တိုင်းအောင်။

လမ်းထိပ်မှာ အကြည်ဆိုက်နေပါလား၊ ထို့ကြောင့်လည်း မည်က ချစ်တိုင်းအောင် ဖြစ်နေခြင်းပင်။ သည်ကောင်က ည်း အချောအလှတွေနှင့် ပတ်သက်လာလျှင် တစ်ချိန်က သူ့ ရာကို မီသည်။

ချစ်တိုင်းအောင်သည် အချောအလှကလေး တစ်ယောက် ှင့် စကားပြောနေသည်။ ဟန်နှင့် ပန်နှင့်ပါလား။ အကြံ ဖန် လုပ်နေသည်လား မသိ။

မင်းဇေယျာ ထွက်လာသည်ကို သူလှမ်းမြင်သည်။ မိန်း
ကလေးနှင့် စကားပြောနေရာမှ ဖျတ်ခနဲ တစ်ချက်လှမ်းကြည့်
သည်။ မိန်းကလေး၏ မျက်နှာအလှကို အဝေးကြည့်မို့ မခ
မှန်းနိုင်သော်လည်း ကိုယ်လုံးကိုယ်ပေါက်ကတော့ အချိုးအစာ
ပြေပြစ်သည်။ စတော်ဘယ်ရီသီးရောင်ဝမ်းဆက်နှင့်ထီးကခလုတ်
ထီးရှည် အနီနှင့် ဖိနပ်ကို မမြင်ရသော်လည်း အနီဖြစ်ပေလိ
မည်။

ခဏအကြာမှာ ရထားလုံးတစ်စီး မင်းဇေယျာ၏ရှေ့မှဖြတ်
မောင်းသွားသည်။

ရထားလုံးကိုဆွဲသောမြင်းမှာ ဒေါက်ကောင်းလှ၏။ ရထား
လုံးအမိုးပေါ်မှ ကြာပွတ်ဝင့်လျက် လိုက်ပါသွားသော ပထ
ကြီးကလည်း ခန့်ညားလှသည်။ ရှေးဟောင်း အငွေ့အသက်
ဆို၍ မေမြို့တွင် နာရီစင်နှင့် ရထားလုံးတွေပဲ ကျန်တော့သည်
ဟု ရှေးယခင်ကတော့ ရထားလုံးတွေ မေမြို့မှာ ရှားပါ
သည်။

တော်လှန်ရေးကောင်စီ လက်ထက်က မြို့တော် စည်ပင်သာ
ယာရေးအတွက် ရထားလုံးနှင့် မြင်းလှည်းများကို ရန်ကုန်တွင်
မထားတော့ဘဲ နယ်သို့ပို့ခဲ့သည်။ ယင်းအစား သုံးဘီး၊ လေးဘီး
များကို အစားထိုးခဲ့သည်။ ယင်းအချိန်မှစ၍ ရထားလုံးများ
မေမြို့သို့ တစ်စုတစ်ဝေး ရောက်ရှိလာခဲ့၏။ အခြားမြို့များတွင်
လည်း ရထားလုံးများ မရှိ၊ ကိုလိုနီခေတ် အငွေ့အသက်
ပြောမည်ဆိုကလည်း ဖြစ်၏။ သို့သော် မင်းဇေယျာတို့ကတော့
မေမြို့တွင် ရထားလုံးတွေ ရှိနေခြင်းကို ကျေနပ်နေလေသည်



ရထားလုံးသည် အတွင်းမှစီးသူကို မမြင်စေချင်လျှင် တံခ
အလုံပိတ်ထားနိုင်သည်။ မင်းဇေယျာတို့ကတော့ ချစ်သူရထ
ဟု တင်စားခေါ်ကြသည်။ ရန်ကုန်မှာရှိစဉ်ကတော့ အိမ်တွ
ပုန်း ကုလားမများသာ အများဆုံးစီးကြသည်ဟု လူကြီးမျ
ပြောသံကို ကြားဖူးသည်။

ရထားလုံးမှာ ချစ်တိုင်းအောင်ရှိရာ လမ်းထိပ်သို့ ရော
သွားသည်။

စတော်ဘယ်ရီမလေးက ရထားလုံးကို လက်ပြတားသည
ရထားလုံး ရပ်တန့်သွားသည်။

စတော်ဘယ်ရီမလေး ရထားလုံး တံခါးကိုဖွင့်ကာ တ
သွားသည်။ ရထားလုံး မောင်းသမားကြီးက မြင်းဇက်ကြိုး
သုတ် ပိုက်သည်။ ရထားလုံး နေရာမှထွက်သွားသည်။ မြင်း
သံက တဖြောက်ဖြောက် တခွပ်ခွပ်။

သွားပြီ။ အချစ်အညာသမားတော့ ပစ်ခွာသွားခြင်းခံရ
ချစ်တိုင်းအောင် ကျန်ရစ်လေပြီ။

သို့သော်....

အာဂ ချစ်တိုင်းအောင်က လှည့်မလာသေး။ ရထားလုံး
မျက်စိတစ်ဆုံး ကြည့်နေသည်။ ရထားလုံး မြင်ကွင်းမှပျော
သွားသည်အထိ ကြည့်ပါလိမ့်မည်။

ခဏကြာမှ ချစ်တိုင်းအောင် ပြန်လျှောက်လာသည်။
ငနဲ၏မျက်နှာက မချိုမချဉ်။

မင်းဇေယျာ စိတ်မရှည်။ မော်တော်ဆိုင်ကယ်ပေါ် ဝ
သည်။ စက်နှိုးမည်ပြုသည်။

မင်းဇေယျာ ထွက်လာသည်ကို သူလှမ်းမြင်သည်။ မိန်း
ကလေးနှင့် စကားပြောနေရာမှ ဖျတ်ခနဲ တစ်ချက်လှမ်းကြည့်
သည်။ မိန်းကလေး၏ မျက်နှာအလှကို အဝေးကြည့်မို့ မခ
မှန်းနိုင်သော်လည်း ကိုယ်လုံးကိုယ်ပေါက်ကတော့ အချိုးအစာ
ပြေပြစ်သည်။ စတော်ဘယ်ရီသီးရောင်ဝမ်းဆက်နှင့်ထီးကခလု
ထီးရှည် အနီနှင့် ဖိနပ်ကို မမြင်ရသော်လည်း အနီဖြစ်ပေလိ
မည်။

ခဏအကြာမှာ ရထားလုံးတစ်စီး မင်းဇေယျာ၏ရှေ့မှဖြ
မောင်းသွားသည်။

ရထားလုံးကိုဆွဲသောမြင်းမှာ ဒေါက်ကောင်းလှ၏။ ရထာ
လုံးအမိုးပေါ်မှ ကြာပွတ်ဝင့်လျက် လိုက်ပါသွားသော ပထ
ကြီးကလည်း ခန့်ညားလှသည်။ ရှေးဟောင်း အငွေ့အသ
ဆို၍ မေမြို့တွင် နာရီစင်နှင့် ရထားလုံးတွေပဲ ကျန်တော့သည်
ဟို ရှေးယခင်ကတော့ ရထားလုံးတွေ မေမြို့မှာ ရှားပါ
သည်။

တော်လှန်ရေးကောင်စီ လက်ထက်က မြို့တော် စည်ပင်သ
ယာရေးအတွက် ရထားလုံးနှင့် မြင်းလှည်းများကို ရန်ကုန်တ
မထားတော့ဘဲ နယ်သို့ပို့ခဲ့သည်။ ယင်းအစား သုံးဘီး၊ လေးဘီ
များကို အစားထိုးခဲ့သည်၊ ယင်းအချိန်မှစ၍ ရထားလုံးမျ
မေမြို့သို့ တစ်စုတစ်ဝေး ရောက်ရှိလာခဲ့၏။ အခြားမြို့များတ
လည်း ရထားလုံးများ မရှိ၊ ကိုလိုနီခေတ် အငွေ့အသက်
ပြောမည်ဆိုကလည်း ဖြစ်၏။ သို့သော် မင်းဇေယျာတို့ကတော
မေမြို့တွင် ရထားလုံးတွေ ရှိနေခြင်းကို ကျေနပ်နေလေသည်



ရထားလုံးသည် အတွင်းမှစီးသူကို မမြင်စေချင်လျှင် တံခါး အလုံပိတ်ထားနိုင်သည်။ မင်းဇေယျာတို့ကတော့ ချစ်သူရထား ဟု တင်စားခေါ်ကြသည်။ ရန်ကုန်မှာရှိစဉ်ကတော့ အိမ်တွင်း ပုန်း ကုလားမများသာ အများဆုံးစီးကြသည်ဟု လူကြီးများ ပြောသံကို ကြားဖူးသည်။

ရထားလုံးမှာ ချစ်တိုင်းအောင်ရှိရာ လမ်းထိပ်သို့ ရောက် သွားသည်။

စတော်ဘယ်ရီမလေးက ရထားလုံးကို လက်ပြတားသည်။ ရထားလုံး ရပ်တန့်သွားသည်။

စတော်ဘယ်ရီမလေး ရထားလုံး တံခါးကိုဖွင့်ကာ တက် သွားသည်။ ရထားလုံး မောင်းသမားကြီးက မြင်းဇက်ကြိုးကို သုတ် ိုက်သည်။ ရထားလုံး နေရာမှထွက်သွားသည်။ မြင်း ခွာ သံက တဖြောက်ဖြောက် တခွပ်ခွပ်။

သွားပြီ။ အချစ်အညာသမားတော့ ပစ်ခွာသွားခြင်းခံရပြီ။ ချစ်တိုင်းအောင် ကျန်ရစ်လေပြီ။

သို့သော်....

အာဂ ချစ်တိုင်းအောင်က လှည့်မလာသေး။ ရထားလုံးကို မျက်စိတစ်ဆုံး ကြည့်နေသည်။ ရထားလုံး မြင်ကွင်းမှပျောက် သွားသည်အထိ ကြည့်ပါလိမ့်မည်။

ခဏကြာမှ ချစ်တိုင်းအောင် ပြန်လျှောက်လာသည်။

ငနဲ၏မျက်နှာက မချိုမချဉ်။

မင်းဇေယျာ စိတ်မရှည်။ မော်တော်ဆိုင်ကယ်ပေါ် တက် သည်။ စက်နှိုးမည်ပြုသည်။

သည်တော့မှ မင်္ဂလာယူဏာ လျှောက်လာသော ချစ်တိုင်းအောင်၏ ခြေလှမ်းများ သွက်လာသည်။ ပါးစပ်ကလည်း လှမ်းအော်သည်။

"ဟော့ကောင် နေဦးကွ၊ မင်းကိုပါ တွေ့ချင်လို့ တစ်မနက်လုံး လိုက်ရှာနေတာ"

မင်းဇေယျာသည် မော်တော်ဆိုင်ကယ်ကို စက်မနိုးသေးဘဲ ရပ်စောင့်နေလိုက်သည်။ ချစ်တိုင်းအောင် သူ့အနီးရောက်လာသည်။

"မင်းကို လိုက်ရှာနေတဲ့သူကို မင်းက ပစ်သွားတော့မှာလား"

"ထပ်"

မင်းဇေယျာ မျက်နှာကို မဲ့ပစ်လိုက်၏။ ချစ်တိုင်းအောင် အကြောကို မင်းဇေယျာတို့က နောကျေနေခဲ့လပြီ။ ငယ်ပေါင်းသူငယ်ချင်းတွေမို့လည်း လာပတ်လျှင် ခံသွားရမည်။ မင်းဇေယျာသည် ချစ်တိုင်းအောင်ကို မထီတရီ ပြုံးပြလိုက်၏။ ပြီးတော့မှ....

"လုပ်မနေစမ်းပါနဲ့၊ မင်း လိုက်ရှာနေတာက ဟိုစတော်ဘယ်ရီ ဝမ်းဆက်ကလေး မဟုတ်လား"

မင်းဇေယျာ၏စကားကို ချစ်တိုင်းအောင် ပျာပျာသလဲ ငြင်းသည်။

"အို....မဟုတ်တာ၊ မင်းကိုစောင့်ရင်း ပျင်းလို့ လမ်းမှာ တွေ့တာနဲ့ အပျင်းပြေ ဝင်ပူးကြည့်တာ၊ မဆိုးပါဘူး၊ ကြည့်သွားပဲ"



အခါတိုင်းဆိုလျှင် မင်းဇေယျာ ထိုကိစ္စအတွက် ကောင်းချီးပြုမိမည် ဖြစ်သော်လည်း ယခုတော့ စိုးရိမ်စိတ် ဝင်လာရသည်။ မင်းဇေယျာတို့ ယောကျ်ားကောင်းစိတ် ဝင်နေလေပြီ။

"မင်း....အဲဒီလို ကြပ်ကြပ်လုပ်၊ တခြားလူတွေ မြင်သွားရင် အထင်သေး အမြင်သေး ဖြစ်ကုန်လိမ့်မယ်၊ သူများသားသမီးတွေကို စိတ်အနှောင့်အယှက် မပေးပါနဲ့ကွာ"

ချစ်တိုင်းအောင်သည် မင်းဇေယျာ၏မျက်နှာကို ကြည့်ကာ ခေါင်းခါသည်။

"အမယ်....မယ်၊ ကျားသားမိုးကြိုးပါလား မင်းမင်းရ၊ မင်း....မင်းမင်းအစစ်မှ ဟုတ်ရဲ့လား၊ ဘုရား....ဘုရား၊ ငါ့နားတွေကလဲ ကောင်းမှ ကောင်းသေးရဲ့လား မသိဘူး"

မင်းဇေယျာ၏ စကားကြောင့် ချစ်တိုင်းအောင်သည် မင်းဇေယျာကို အထူးအဆန်းသဖွယ် ကြည့်သည်။ ပြီးတော့.... ယုံသက်ဘဟန် ပြသည်။ နောက်....ဟက်ဟက်ပက်ပက် ရယ်လေသည်။

မင်းဇေယျာကမူ ချစ်တိုင်းအောင်၏ မျက်နှာကို မပြုံးရယ်မျက်နှာနှင့် ကြည့်နေသည်။ နဖူးပေါ် ဝဲကျလာသော ဆံပင်တို့ကို လက်နှင့် သပ်တင်လိုက်သည်။

"ဟား....ဟား....ဟား၊ မင်းမင်းရာ၊ မင်းက ငါ့ကို
ပြောရသေးတယ်နော်၊ ငါးဖယ်က ပြောင်းပြန်လှန်၊
တည်းသီးက အီးစော်နံဆိုတာ ဒါပဲထင်ရဲ၊ ဟား....
ဟား....ဟား....ဟား....ဟား"

ချစ်တိုင်းအောင်၏ အသံက ကျယ်လွန်းသောကြောင့် မင်းဇေယျာသည် ကျောင်းဝင်းအတွင်းသို့ တစ်ချက် လှည့်ကြည့်လိုက်မိ၏။ လူတစ်ရပ်နီးပါးအမြင့်ရှိသော ခြံစည်းရိုးပင်များကြောင့် အတွင်းကို မမြင်ရ၊ တော်ပါသေးသည်။

မြကြည်ဖြူ တစ်ယောက် မြင်သွား ကြားသွားမည်ကို မင်းဇေယျာ စိုးရိမ်မိသည်။ စလုံးရေမစမီက အထင်သေးမခံချင်။

"ဟေ့ကောင်....မင်းပါးစပ်ကို ဒီအနားမှာ ခဏပိတ်ထားစမ်း၊ နောက်မှ ပြောချင်တာပြော"

မင်းဇေယျာ တစ်ချက်ဟန့်လိုက်ပြီး မော်တော်ဆိုင်ကယ်ကို စက်နှိုးလိုက်သည်။

ကိုယ်ကိုလည်း ခြင်ထိုင်လိုက်၏။ ပြီးတော့မှ မော်တော်ဆိုင်ကယ်ကို ယူကာသစ်ပင်အောက်မှ ဝေါခနဲ မောင်းထွက်လိုက်၏။

ချစ်တိုင်းအောင်၏ ရယ်မောသံက နောက်မှ လိုက်ပါလာသည်။

မင်းဇေယျာ၏ အမူအရာ အပြောင်းအလဲကို ချစ်တိုင်းအောင် နားမလည်နိုင်၊ ခဏချင်းမှာ ဘဝချင်းက အပြူအမည်း ကွာသွားပါလား။



သူတို့အုပ်စုထဲတွင် သူ့ထက်ကဲရွှေပြည်စိုးက မင်းမင်း။

အလှမက်၊ အချောကြိုက်၊ လိပ်ပြာကလေး မင်းမင်း။

ယခုတော့ ဘယ်လိုဖြစ်သွားပါလိမ့်။

ချစ်တိုင်းအောင်သည် လမင်းကြီး မြေကြီးထဲက ထွက်လာသည်ကို မြင်နေရသကဲ့သို့ အံ့သြနေရ၏။

## စာစု ( ၁၀ )

အချိန်၏ခြေလှမ်းက မှန်သည်။ အဟန့်အနား မရှိသကဲ့သို့ အစိပ်အကျဲလည်းမရှိ၊ သူ့ခရီးကိုသာ မှန်မှန်လျှောက်နေ၏။ သို့သော်....လူတွေကတော့ သူတို့ဆန္ဒအလျောက် မြန်သည်၊ နှေးသည်ဟု မှတ်ချက်ချသည်။ အချိန်ကတော့ ဤသည်ကို လည်း ဂရုမစိုက်၊ သူ့ခရီးကိုသာ သူ မှန်မှန်လျှောက်နေ၏။

ဆရာမလေး မြကြည်ဖြူ၏ စားပွဲတင် နာရီအလေးကိုပဲ ကြည့်၊ စက္ကန့်တိုင်း တချက်ချက်မြည်ကာ ရွေ့လျားသွားသော အချိန်ကာလကို ပြနေ၏။

ဆယ့်တစ်နာရီ။

ဆရာမလေး မြကြည်ဖြူသည် စားပွဲပေါ်မှ ကြေးခေါင်း လောင်းကလေးကို လှုပ်ယမ်းလိုက်သည်။

လက်ချောင်း သွယ်သွယ်ကလေးနှင့် ခေါင်းလောင်းတီးပုံ ကပင် လှလှကလေး။



"ကလင်....ကလင်....ကလင်....ကလင်"

ခေါင်းလောင်းသံက ဆူညံစွာ အော်မြည်လေသည်။

"ဝေး....ဟေး"

"ထမင်းချားရတော့မယ် ဟေ့"

ငြိမ်သက်နေသော ကလေးတွေ ဆူညံသွားသည်။ ဆရာမ လေး မြကြည်ဖြူ ကြင်နာသံအပြည့်နှင့် စကားလှမ်းပြော သည်။

"သားတို့ သမီးတို့၊ ဆရာမ ဘာပြောထားသလဲ၊ အခုလိုဆူညံတာ ကောင်းသလား၊ ညီးမဲ့ကမ်းမဲ့ ကလေးတွေလို့ အခြားလူတွေကပြောရင် ကောင်း မလား"

လှလည်းလှ၍ မိခင်ပီသသော အပြစ်ကင်းစကားကိုပင် အချစ်ထင်စားသွားအောင် ပြောနိုင်သော ဆုံးမစကားကို အပြုံးအလှများနှင့် ပြောနိုင်သော မြကြည်ဖြူ၏ စကားများကို ကလေးများက ငြိမ်သက်စွာ နားထောင်နေရာမှ ဆိုသွား သည်နှင့်....

"မကောင်းပါဘူး"

သံပြိုင်အော်ကြသည်။ နောက်တော့ အပ်ကျသံပင် ကြားရ လောက်အောင် ငြိမ်သွားကြသည်။

မိခင်မေတ္တာဖြင့် ထုံမွမ်းသော မြကြည်ဖြူ၏ စကားကြောင့် ကလေးများက ခေါက်ငမ်းကြိမ်းမောင်းသည် မထင်ကြ။ မြကြည်ဖြူက အနီးဆုံး ကလေးတစ်ယောက်၏ ခေါင်းကို ပွတ်သပ်ကာ ပြောလိုက်သည်။

"ကဲ….ထမင်းစားဖို့ သားတို့ သမီးတို့ သွားနိုင်ပြီ"

ကလေးများ ထမင်းစားခန်းသို့ တန်းစီ၍သွားကြသည်။ စကားပြောဆိုခြင်း လုံးဝမရှိတော့။

ထမင်းစားခန်းထဲတွင် ဆရာမလေး တင်အေးကြည် ရှိနေသည်။

မြကြည်ဖြူသည် နောက်ဆုံးနှစ်စာမေးပွဲကြီး မစမီကတည်းက ယခုလို နေ့ကလေးထိန်းကျောင်းမျိုးဖွင့်ရန် ဆန္ဒရှိခဲ့သည်။ ကလေးတွေကို လူကောင်းလူတော်ကလေးတွေဖြစ်အောင် ပြုစုပျိုးထောင်ပေးချင်၏။ ပညာသင်ပေးချင်၏။ မအားလပ်ရှာသော ကလေးမိဘတွေကိုလည်း တစ်ဖက်တစ်လမ်းက ကူညီချင်သည်။ သို့နှင့် နေ့ကလေးထိန်းကျောင်းကို စာမေးပွဲကြီးပြီးကတည်းက စတင်ဖွင့်ခဲ့သည်။ ဤတွင် တင်အေးကြည်ကလည်း မြကြည်ဖြူ၏အကြံနှင့် ရည်ရွယ်ချက်ကို သဘောကျသွား၏။ ဘွဲ့ရပြီးလျှင် အထူးအလုပ်ရှာနေစရာ မလိုတော့။ ကိစ္စငြိမ်းသည်။ သို့နှင့် တင်အေးကြည်သည်လည်း ဆရာမလေး ဖြစ်လာရတော့၏။

စကားဝါကလေးမှာ တန်းစီ၍ ထမင်းစားခန်းထဲသို့ ဝင်သွားကြသော ကလေးများကို ငေးမောကြည့်နေသည်။ သူ့မှာ စားသောက်စရာ ထမင်းဗူးမပါလာ။ ထမင်းထည့်ဖို့ချိုင့်ပင် အိမ်တွင် မရှိ။

ဦးဦး မင်းမင်းက ပြောထားသည်။ ထမင်းစားဖို့ ချိုင့်နှင့် လာပို့ပေးမည်တဲ့။



စကားဝါလေးသည် ကလေးများအားလုံး ထမင်းစားခန်းထဲသို့ ဝင်ရောက်သွားသည်အထိ နေရာမှာပင် ရပ်နေမိသည်။ ဦးဦးမင်းမင်းများ ရောက်လာမည်လား အထင်နှင့် ကျောင်းပေါက်ဝကို လှမ်းမျှော်ကြည့်သည်။

ဦးဦးမင်းမင်းကို လုံးဝမတွေ့။ စကားဝါ၏မျက်နှာက လေးမှုန်နေ၏။

စကားဝါလေး ငိုချင်လာသည်။ မျက်ရည်ဝဲလာသည်။

မေမေရှိရာ အိမ်ကိုလည်း ပြန်ပြေးချင်လာ၏။ သို့သော် လမ်းကို မမှတ်မိ။

ဦးဦးမင်းမင်းနှင့်အတူ ကျောင်းကိုလာစဉ်က မော်တော်ဆိုင်ကယ်ကို အကြာကြီးစီးလာရသည်။ ဦးဦးမင်းမင်း မလာပါကလည်း အခြားမော်တော်ဆိုင်ကယ် တစ်စီးစီးနောက် တက်စီးလျှင် အိမ်သို့ရောက်နိုင်သည်ဟု စကားဝါလေးက ကလေးတွေး တွေးမိသည်။

ကျောင်းရှေ့မှာ မော်တော်ဆိုင်ကယ် ရပ်ထားခဲ့သည်ကို စကားဝါ မှတ်မိသည်။ ထိုနေရာသည် မော်တော်ဆိုင်ကယ် ရပ်နေကျဖြစ်လိမ့်မည်ဟု စကားဝါထင်သည်။ စကားဝါသည် မော်တော်ဆိုင်ကယ်ကို မင်းမင်းဆိုင်ကယ်ဟု ခေါ်တတ်၏။

"ဦးဦးမင်းမင်း….ကျောင်းထဲကို ဘာဖြစ်လို့ ဖုတ်ချက်ဖုတ်ချက်ကြီးနဲ့ မဝင်တာလဲ"

စောစောကပင် မေးခွန်းထုတ်ခဲ့မိသေးသည်။

"ဝင်လို့မရဘူး သမီးရဲ့၊ ဒီနေရာမှာ ဘယ်ဖုတ်ချက်ဖုတ်ချက်မဆို ရပ်ရတယ်"

သည်စကားကို စကားဝါ မှတ်မိသည်။ ကျောင်းရှေ့သစ်ပင်ကြီးအောက်တွင် ဦးဦးမင်းမင်း၏ဆိုင်ကယ် မရှိပါက အခြားဆိုင်ကယ်တစ်စီးစီးတော့ ရှိနေပါလိမ့်မည်။ နောက်ကထိုင်စီးလျှင် အိမ်ကိုရောက်မည်။

စကားဝါကလေး အိမ်ကိုပြန်ရန် ခြေလှမ်းပြင်လိုက်သည်။

"သမီး....စကားဝါ"

အေးမြကြည်လင်သော အသံပင်ဖြစ်သည်။ ထို့ကြောင့် စကားဝါ ခြေလှမ်း တန့်သွားသည်။ ဆရာမ လှလှကလေး၏ အသံပင် ဖြစ်ပေမည်။ စကားဝါနှင့် စိမ်းနေသေးသည်။

စကားဝါ၏မျက်နှာကို ပြုံး၍ကြည့်နေသော မြကြည်ဖြူကို မြင်ရသည်။ စကားဝါ၏ရင်ထဲမှ ထိတ်လန့်ကြောက်ရွံ့မှုများ ပျောက်ကွယ်သွားသည်။

"သမီး အိမ်ကို ထွက်ပြေးမလို့ မဟုတ်ပါဘူး ဆရာမ"

စကားဝါက ဦးအောင် ဖြေရှင်းချက်ထုတ်သည်။ အာဂ စကားဝါပင်တည်း။

မြကြည်ဖြူ ပါးချိုင့်ကလေးတွေ ခွက်ဝင်သွားအောင် ပြုံးမိလေသည်။

ကလေးများသည် လိမ်ညာရင်းနှင့် ဖော်ပြောတတ်၏။ ထို့ကြောင့် ကလေးများ မလိမ်တတ် မညာတတ်၊ အပြစ်ကင်းစင်သည်။

ကလေးဟူသည် ဖယောင်းနှင့် တူသည်။ ဆိုး[illegible]မ်းသော ပတ်ဝန်းကျင်တွင် ဖယောင်းရုပ်ကလေးများသည် အကျင့်ဆိုးနှင့် ပုံသွင်းခံရသည်။ စည်းစနစ်ကျသော၊ ရည်မွန်သော၊ မေတ္တာ



ထုံမွှမ်းသော ပတ်ဝန်းကျင်တွင် ဖယောင်းရုပ်ကလေး လှလှပပ ကလေးများ ပေါ်လာတတ်၏။

"သမီးနဲ့ ဆရာမတို့ ထမင်း စားကြရအောင်၊ သမီး အတွက် ဆရာမက အိမ်က ထမင်းတွေ ပိုထည့်လာခဲ့တယ်"

ကလေးက မညာတတ်တော့ လူကြီးက လိမ်ညာရန် ကြိုး စားရတော့သည်။ ဖြူစင်သောအညာပင် ဖြစ်သည်။

စကားဝါသည် လူကြီးတစ်ယောက်အလား ခေါင်းကလေး ကို ငဲ့စောင်းကြည့်ကာ မြကြည်ဖြူကို ပြန်ပြောသည်။

"သမီး ဒီနေ့လာမယ်ဆိုတာ ဆရာမ ကြို သိလို့လား"

စကားဝါကလေးကို လျှော့တွက်၍ ရမည့်ကလေး မဟုတ် န်း မြကြည်ဖြူ နားလည်လိုက်သည်။

"သိတာပေါ့ သမီးရယ်"

မြကြည်ဖြူသည် စကားဝါနားတွင် ဆောင့်ကြောင့်ထိုင် ာ စကားဝါကလေးအား ဖက်ထားရင်း ချိုအေးစွာ ပြန် ပြောသည်။ မျက်နှာကလေးကို အချိုဆုံးပြုံးထားသောကြောင့် ကားဝါကလည်း ပို၍ရဲတင်းလာသည်။

"ဘယ်သူပြောလို့လဲ ဆရာမ၊ ဦးဦးမင်းမင်းက ပြော ထားလို့လား"

နည်းနည်းတော့ ဖြေရကျပ်သွားသည်။ ပြီးတော့ ပြုံးမိ ည်။

သို့သော် ကလေးတို့၏ ဆရာမဖြစ်သော ဒေါ်မြကြည်ဖြ
ချက်ချင်း အဖြေရသွားသည်။ စကားဝါကလေးကို ဖက်ထ
ထားရင်း....

"ဆရာမကလဲ သမီးတို့ဆရာမပဲဟာ၊ ဆရာမဆီ သမီးတ
ဘယ်နေ့ရောက်မယ်၊ ဘယ်နေ့မရောက်ဘူးဆိုတာ သိ
တာပေါ့"

စကားဝါ ပြန်ပြောသော စကားများကို နားထောင်ရသေ
အခါ စကားဝါသည် ပုံပြင်ကလေးများနှင့် ရင်းနှီးသေ
ကလေးမှန်း၊ မှတ်ဉာဏ်ကောင်းသောကလေးမှန်း သိလိုက်သည

"ဟင်....ဟုတ်လား၊ ဆရာမက ဒါဆို တန်ခိုးရှိတ
နော်၊ ဦးဦးမင်းမင်းပြောတဲ့ ပုံပြင်ထဲက နတ်သမီးလု
ကလေးပေါ့၊ ဟုတ်ပါတယ်၊ ဆရာမက နတ်သမီးလု
ကလေးပါ၊ ဒါဆိုရင် ဆရာမနဲ့ ထမင်းစားမယ်၊ ဦး
မင်းမင်းနဲ့ ထမင်းမစားတော့ဘူး"

ကြည့်....

စကားဝါတို့ လည်သိုက်ပုံများကတော့ ကမ်းကုန်အေ
ပင်။ သူ့ ဦးဦးမင်းမင်းကိုပင် ဘာက်ကန်ချေပြီ။

မြကြည်ဖြူကိုဖက်ကာ မြကြည်ဖြူနှင့် ထမင်းစားတေ
မည်တဲ့။

ဆရာမလေး မြကြည်ဖြူသည် စကားတတ်လွန်းသော စ
ဝါ၏ ခေါင်းကလေးကို ပွတ်သပ်ပြီး ထမင်းစားခန်းထဲ
လာခဲ့သည်။



စင်စစ် ဆရာမ မြကြည်ဖြူသည် ကျောင်းအုပ်ဆရာမ ဒေါ်မြကြည်ဖြူသာ ဖြစ်နေရ၏။ ယခုမှ နှစ်ဆယ်စွန်းရုံသာ ရှိသေးသည်။ ဆရာမ တင်အေးကြည်တို့၊ ရီရီဝင်းတို့ထက်ပင် အသက်က ငယ်သေး၏။ ငယ်ရုံဏ်ကြောင့် မဟုတ်သော်လည်း ဆရာမလေး မြကြည်ဖြူ၏ အလှတို့သည် တိုနှစ်ဦးစလုံးကို လွှမ်းမိုးနိုင်၏။ လိုနှစ်ဦးစလုံးကိုသာမက မေမြို့တစ်မြို့လုံးကိုပင် လွှမ်းမိုးထားနိုင်သည်ဟုဆိုလျှင် မှားအံ့မထင်။

ထိုထက်ကား မြကြည်ဖြူ၏ စေတနာ၊ မေတ္တာ၊ ကရုဏာ၊ အကြင်နာတရားနှင့် ရည်မှန်းချက်တို့သည် တိုင်းပြည်၏ အသီးအပွင့်ကလေးများအတွက် အားထားစရာ ခိုနားစရာပင်ဖြစ်သည်။

မြကြည်ဖြူ ရင်ခွင်မဲ့ ကလေးများကို သနားသည်။ အကြင်နာ အယုအယ ခံရခြင်းကင်းမဲ့သော အဖြစ်ကို စာနာတတ်သည်။ ထို့ကြောင့် အသပြာထက် စေတနာကို ရှေ့တန်းတင်ကာ ဤ'ပန်းကမ္ဘာ' ကလေးထိန်းကျောင်းကို ဝါသနာအလျောက် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ကလေး လေးငါးဆယ်ယောက်နှင့် စခဲ့သော ပန်းကမ္ဘာသည် ယခုတော့ လေးငါးဆယ်အထိပင် ရှိနေပေပြီ။

ပန်းကမ္ဘာမှ ဘုရင်မကလေး မြကြည်ဖြူ။

မနုတ်၊ မရိတ် ပကတိ မျက်ခုံးကလေးသည် သုံးရက်လနှယ် ကွေးညွတ် သွယ်ဝန်းသည်။ သုံးရက်လ မျက်ခုံးအောက်မှ မျက်ခွံပြည့်ပြည့်ကလေးတွေက စူးရှကြည်လဲ့သော မျက်ဝန်းနှစ်ဝန်းကို အားဖြည့်၏။ ကော့ပျံနေသည့် မျက်တောင်တော့

ကြီးတွေက မသိလျှင် မျက်တောင်တုများ တပ်ဆင်ထားသည်ဟု ထင်ရပေမည်။ မို့မို့ဖောင်းဖောင်းရှိနေသော ပါးကလေးဖြစ်စေကာမူ ပြည့်ဝန်းနေချေသည်။ ဖြောင့်စင်းသော နှာတံနှင့် အဖူးလွန်ရက်များ၍ပွင့်တော့မည့် နှင်းဆီဖူးနှယ် ပွင့်အာလုလု နှုတ်ခမ်းများမှာ မြင်ရသူကို ရှင်ဖို့လိုက်မောစေပါ၏။ တစ်ချက်မက်မက် စွဲမက်စေပါ၏။

ဖြူဝင်းသော အသားအရောင် ဆင်စွယ်နှစ်သည် ကြော့ရှင်းဖွံ့ထွားသော ခန္ဓာကိုယ် အချိုးအဆက်ကျမှုနှင့် အသားအရေ ကောင်းခြင်းဟူသော မိန်းကလေးတို့၏ ကောင်းခြင်းငါးဖြာတွင် တစ်ဖြာ အပါအဝင် ပြသရာ ရောက်လျက်ရှိ၏။ ဆံပင်ကို ရှီးရှီးယဉ်ယဉ် အလယ်ခွဲကလေးခွဲပြီး နောက်လှန်ဖြီးထားသဖြင့် မျက်နှာအလှသည် ပေါ်လွင်လှန်းနေသည်။

အင်္ကျီစံပယ်ဖြူ၊ ထဘီက စံပယ်ရွက်စိမ်းဖြင့် မိုးဦးကျ ပင်ပျိုနုကဲ့သို့ စိမ်းစိုလန်းဆတ်နေသည်။ အချိုးအဆက် ပြေပြစ်သူဖြစ်၍ ထဘီစိမ်းကို ဝတ်စားခဲ့သည်ဆိုစေ၊ အခြားအခြားသော ရောင်စုံ အဆင်ဆန်း ဝတ်ထားသူများထက် ဆရာမလေး မြကြည်ဖြူက ပေါ်လွင်စွဲမက်ဖွယ်ရာ ကောင်းနေသည်။

ဝတ်လဲသစ်သစ်၊ သရစ်လတ်လတ်၊ လေပြည်ခတ်ကာ ပြာသဒ်ဝန်းကျင်၊ ခြူးသင့်သင့်လျှင်၊ ရှင်ရှင်လမည်၊ ရွှေအိမ်သည်ဟု၊ ကိုယ်ရည်တန်ဆောင် တပြောင်ပြောင်သား။

ဟူ၍လည်းကောင်း။



ညရီဆည်းဝယ်၊ စုလည်းထုံးသစ်၊ ရွှေထုံးရစ်လျက်၊ ပန်နုစ်ဆင်ခြယ်၊ တင့်တယ်ဖွယ်တုံ၊ ရွှေစွယ်နောက်ပိတ်၊ သက်ထိပ်လန့်ကြား အိုဘုရားဟု၊ လူသားတထူး မမြင်ဖူးသော်၊ မူးမူးယောင်ယောင်၊ ဆီမီးရောင်နှင့် တန်ဆောင်ရွှေတိုင်၊ နှစ်ပါးပြိုင်။

ဟူ၍လည်းကောင်း။

ပြာသိုသတ်မြ၊ ဆွတ်ဆွတ်လှလျက်၊ သန္တာညွတ်ကွေး၊ သွန်း၍ရေး၊ သို့ဟစ်သေးမကြီး၊ ညည်းရှီးလျှင်၊ အနီးလဲ့ပြာ၊ လှမော့ာနှင့်၊ ကေသာရွက်ထုံး၊ စုလည်းထုံးလျက်၊ မြတုံးသွယ်မြိတ်၊ ရောင်လျှံဖိတ်မျှ၊ ထိတ်ထိတ်ဝင်းဝါ နတ်ကလျာ။

ဟူ၍လည်းကောင်း။

ရှင်အဂ္ဂသမာဓိ ရေးဖွဲ့ခဲ့သော ဘရဏီနတ်သမီးအလှဘွဲ့ကို အမှတ်ရစရာ ကောင်းလောက်အောင်ပင်။

"တော....ဆရာမ၊ လာ....လာ၊ ကျွန်မတို့စောင့်နေတာ"

ဆရာမ ရီရီဝင်းက ဆီးကြိုခေါ်၏။ ရီရီဝင်းက မြကြည်ဖြူကို ဘလေးဘစား ဆရာမဟုသာ ခေါ်၏။ မြကြည်ဖြူကလည်း ရီရီဝင်းကို ဆရာမဟု ခေါ်၏။ တင်အေးကြည်နှင့် မြကြည်ဖြူကတော့ တက္ကသိုလ်တွင် ကျောင်းနေဖက်မို့ သူငယ်ချင်းတွေကဲ့သို့သာ တရင်းတနှီး ခေါ်ပြောကြသည်။ သို့သော် လူစိမ်းများရှေ့တွင်တော့ တစ်ဦးကိုတစ်ဦး ဆရာမဟုသာ ခေါ်ကြ

သည်။ တကယ်လည်း နှစ်ယောက်စလုံးက ဆရာမတွေ ဖြစ်နေပြီ မဟုတ်လား။

ဆရာမ တင်အေးကြည်နှင့် ရီရီဝင်းတို့က ပါလာသော ထမင်းချိုင့်များကို ဖွင့်လှစ်ပြီးနေပြီ၊ စားတော့မစားကြသေး၊ ဆရာမလေး မြကြည်ဖြူကို စောင့်နေကြခြင်းပင်။

ဆရာမလေး မြကြည်ဖြူသည် စကားဝါလေးကို ခုံတစ်လုံးတွင် နေရာချထားပေးသည်။ သူ့ဘေးတွင် ထိုင်စေသည်။

"အားနာစရာ ဆရာမတို့ရယ်၊ စားနှင့်ရောပေါ့"

မြကြည်ဖြူက အရင်းခံအတိုင်း ပြောမိသည်။ သူမကြောင့် အခြားသူတွင် တာဝန်မကြီးစေချင်သည်မှာ သူမ၏ သဘောထားပင် ဖြစ်သည်။

"အို....ဘာဖြစ်လို့ အားနာစရာ ဖြစ်ရတာလဲ ဆရာမရယ်၊ ခါတိုင်းလဲ အတူစားနေကျပဲဟာ"

ဆရာမလေး ရီရီဝင်းက ပြန်ပြောသည်။

မြကြည်ဖြူသည် စားပွဲပေါ်ရှိ ကြိမ်ခြင်းထဲမှ ထမင်းဘူးကို ထုတ်သည်။ လက်သုတ်ပဝါ အနီကွက်ကလေးဖြင့် သေသေသပ်သပ် ချည်ထုပ်ထားသဖြင့် ကျင်လည်စွာဖြေရသည်။ လက်သုတ်ပဝါဖြေပြီးတော့ ထမင်းဘူးကိုဖွင့်သည်။ ထမင်းဘူးထဲရှိ ဟင်းခွက်အကန့်ကလေးထဲတွင် ဘဲဥကြော်နှင့် ဟင်းနုနွယ်ကြော်သာ ပါလသည်။ ဘဝကပေးသမျှသာတည်း။

"ဒီနေ့တော့ ဟင်းကောင်းပဲ ဆရာမရေ့"



ဟင်းခွက်ကလေးကို ဆရာမ တင်အေးကြည်တို့ ထားရာ ဟင်းခွက်များရှိရာ ပို့လိုက်သည်။ ဆရာမ တင်အေးကြည်နှင့် ဆရာမ ရီရီဝင်းတို့ မျက်နှာက ပြုံးလျက်ရှိ၏။

ဆရာမ တင်အေးကြည်၏ ဟင်းခွက်က ငါးခြောက်ကြော်၊ ဆရာမ ရီရီဝင်း၏ဟင်းခွက်က ချဉ်ရည်ဟင်းနှင့် ပဲငါးပိဖုတ်၊ ဝင်ငွေနှင့် ဘဝအခြေအနေတွေကြောင့် ဟင်းခွက်အားလုံး ဆင်းရဲသားစားနေကျ အာဟာရများ၊ အခြေခံလူတန်းစား၏ အကောင်းဆုံး အစားအစာ ထမင်းဘူးအဖုံးထဲသို့ ဆရာမလေး မြကြည်ဖြူက ထမင်းများ တစ်ဝက်ခွဲထည့်သည်။ စကားဝါ လေးအတွက် ဖြစ်သည်။

ကျန်ဆရာမလေးနှစ်ယောက်က အတွေ့အကြုံ ရှိသူများပီပီ သူတို့ဟင်းခွက်ထဲမှ ဟင်းများကို ဆရာမလေး မြကြည်ဖြူ ခွဲထည့်ထားသော ထမင်းဘူးအဖုံးပေါ် ခပ်၍ထည့်ပေးကြ သည်။

စကားဝါကလေးမှာ ဆာလောင်မွတ်သိပ်နေရှာ၏။ အခြား ကလေးများ စားနေသည်ကို တစ်ချက်တစ်ချက် လှမ်းကြည့် သည်။

ဆရာမလေး မြကြည်ဖြူကလည်း မြင်သည်။ ရင်ထဲတွင် သနားစိတ် ထိုးဖိတ်သွားရသည်။ ပြီးတော့ မနက်က တခမ်း တနား ရှိန်းရှိန်းဝေအောင် စကားတွေပြောပြီး ကျောင်းလာ အပ်သွားသော ကိုလူချောကိုလည်း စိတ်ထဲက အမျက်ထိုသွား မိသည်။ ကလေး ထမင်းစားချိန်ကို အချိန်မီ ထမင်းလာပို့ဖို့

ကောင်းသည်။ ယခုတော့ ကလေးက ထမင်းဆာရှုံမျှမက သိမ်ငယ်သွားမည်ကို စိုးရိမ်ရသည်။

"စားနော် သမီး၊ ကုန်ရင် ထပ်ပေးဦးမယ်၊ ဟုတ်လား"

ဆရာမလေး မြကြည်ဖြူသည် စကားဝါရှေ့တွင် ထမင်းနှင့်ဟင်း ထည့်ထားသော ထမင်းဘူးအဖုံးကို ချပေးလိုက်သည်။ စကားဝါကလေးက သူ့ဆရာမမျက်နှာကို မရဲတရဲကြည့်သည်။ ပြီးတော့မှ တံတွေးကို မျိုချကာ နှိုက်စားမည်ပြုစဉ် ဆရာမလေး မြကြည်ဖြူက လက်ကလေးကို ဖျတ်ခနဲ ဆွဲထားလိုက်ရသည်။ စကားဝါကလေးက နားမလည်နိုင်သော အကြည့်ဖြင့် မော်ကြည့်သည်။ မျက်နှာကလေးက ငိုမဲ့ မဲ့။

"နေဦးလေ သမီးရဲ့၊ ထမင်းမစားခင် လက်ဆေးရတယ်၊ ဒါမှ ကျန်းမာမှာပေါ့ကွယ့်"

စကားဝါကလေးမှာ ဆရာမလေး လှမ်းပေးသော လက်ဆေးရည်ခွက်ထဲ လက်နှိုက်ဆေးလိုက်ရသည်။ ပြီးတော့မှ စကားဝါကလေးသည် ထမင်းကို ဆာဆာနှင့် ခေါင်းငုံ့ကာ စားတော့သည်။

မြကြည်ဖြူ ကြည်ဖြူကျေနပ်စွာ ပြုံးနေသတည်း။

စာစု (၁၁)

"ဟကောင်ကြီးရ ချပါကွ၊ နည်းလှချည်လား"

ချစ်တိုင်းအောင်က တိုက်တွန်း၏။ မင်းဇေယျာ နောက်ဆံတင်းနေသည်။ လက်ထဲမှ ဆီကိုကွစ်ကို ကြည့်သည်။ နေ့လယ်သို့ပင် ရောက်နေပြီ။ စကားဝါကလေး ဆာတော့မည်။

"သိပ်များလို့မဖြစ်ဘူးကွ၊ ကလေးကို ထမင်းကြော်သွားပို့ပေးရဦးမယ်"

မင်းဇေယျာ ပါးစပ်ကသာ ပြောနေသည်။ ဆိုင်ထဲကနေ အပြင်သို့မထွက်၊ ယမကာက ခြေထောက်ကိုဆွဲထား၏။

ထမင်းကြော်အထုပ်သုံးထုပ်က စားပွဲပေါ်မှာ ရှိနေသည်။ ထမင်းကြော်များ အေးစက်နေလေပြီ၊ ချစ်တိုင်းအောင် ခေါ်လာကာသည်းက ဆိုင်ထဲသို့ပါလာခဲ့ခြင်း ဖြစ်သည်။

အပေါင်းအသင်းကလည်း စုံနေ၏။ မြင့်ကြူး၊ စိုးဟိန်းနှင့် ထွန်း ပင်း ကျော်တို့က ဆိုင်ထဲရောက်နှင့်နေကြသည်။ စိုးဟိန်းက

စာမေးပွဲကြီး ပြီးကာသည်းက ခရီးဆရာလုပ်ရန် မဟာရည်ရွယ်ချက်ဖြင့် ရန်ကုန်ရောက်နေ ... င်တက်မယူခဲ့၊ ယခုမူ ဆိုရခြင်း ဖြစ်သည်။

သည် လေငှန် စားခဘာ ဆိုင်မှာ မင်းဇေယျာတို့ အဖွဲ့ ခံနေကျပင်။

သူတို့ကိုယ်သူတို့ လူဘော် လူဆိုးကလေးတွေဟု သတ်မှတ်ထားကြသည်။

ဟုတ်တော့လည်း ဟုတ်သလိုပင်။ သူတို့ ဘွဲ့ကိုယ်စီလည်း ရထားပြီးကြပြီ။ စိုးဟိန်းက စာရေးဆရာဖြစ်ရန် ကြိုးစားနေသည်။ မြင့်ကြူးက လေဘာတွင် ခြေထပ်နေ၏။ ထွန်းလင်းကျော်က ဆယ်တန်းအောင်ပြီးကာသည်းက ဗိုလ်သင်တန်းတက်ခဲ့သဖြင့် စစ်ဗိုလ် ဖြစ်နေ၏။ ချစ်တိုင်းအောင်က ဆယ်တန်းအောင်ပြီးနောက် ကျောင်းဆက်မတက်တော့ဘဲ မိဘတွေ၏ကုန်သည်အလုပ်ကို ဝင်ကူ၏။ မင်းဇေယျာကတော့ လေဘာမှာလည်း ခြေရာမထပ်၊ မိဘအလုပ်ကိုလည်း ဝင်ကူစရာမရှိ၊ ဆည်တော့ ယောင်နေ၏။ လည်ရာပြန်ဂွားရေး လုပ်နေ၏။

မင်းဇေယျာသည် ဘဲကင်တစ်ဖတ်ကို တူကလေးနှင့် မြည်းလိုက်ပြီးလျှင် လက်မှ နာရီကိုပြန်ကြည့်၏။ မရှိးမရွ ဖြစ်သွားသည်။

"ဟာ...ဆယ့်နှစ်နာရီဆယ်ငါးမိနစ်ပါလား၊ ကျောင်းတက်တာ ဆယ်ငါးမိနစ်ရှိသွားပြီ"

ချစ်တိုင်းအောင်နှင့် ထွန်းလင်းကျော်က မင်းဇေယျာကို နားမလည်စွာ ပြန်မေးကြသည်။



"ဘာကျောင်းလဲကွ"

ဗိုလ်ထွန်းလင်းကျော်က ပြုံးစစဖြင့်မေးသည်။ မင်းဇေယျာ၏ နှုတ်ဆွံ့အ နေ၏။ ခါတိုင်းတော့ ဘာလုပ်လုပ် အပေါင်းအသင်းတွေကို တိုင်ပင်နေကျ၊ ပြောနေကျ၊ အခုတော့ နှုတ်ဆိတ်နေ၏။

"ဟုတ်သားပဲ၊ ငါ ရန်ကုန်ဆင်းနေတုန်း မင်း အခြေအနေတွေက ဘယ်လိုပြောင်းနေသလဲ၊ တင်ပြစမ်း"

စိုးဟိန်းက ဆက်မေးသည်။

မင်းဇေယျာ ပြောရခက်သဖြင့် ရှက်ပြုံး ပြုံးနေ၏။ ရှက်သည့် စိတ်ကြောင့် အငြိမ်မနေနိုင်တော့ဘဲ ဘီယာကုန်နေသော မတ်ခွက်ထဲသို့ ဘီယာများ ငှဲ့ထည့်နေ၏။

သည်တွင် အကြောင်းသိ မြင့်ကြူးက စခန်းထလာ၏။

"မင်း ရန်ကုန်ရောက်နေတုန်း မင်းမင်းက အစာတပ်မထားတဲ့ ငါးမျှားချိတ်ကို ဟပ်မိနေတယ်၊ ကဲ.... ဒီလောက် အစဖော်လိုက်ရင် မင်း သိမှာပါကွာ"

မင်းဇေယျာသည် အာချောင်သော မြင့်ကြူး ပခုံးကို လက်သီးနှင့် ထိုးလိုက်၏။ ပြီးတော့ ခပ်ရှက်ရှက် ရယ်နေမိသည်။ ကြိုက်မရှက် ငိုက်မရှက်ဟု ဆိုသော်သည်း မင်းဇေယျာ ရှက်နေ၏။

"ဟော့.... ဆိုစမ်းပါဦး၊ မင်းဟာက ထူးထူးဆန်းဆန်း ပါလား"

ဗိုလ်ထွန်းလင်းကျော်က တအံ့တဩ ထပ်မေးသည်။

“ငါးစာတပ်ထားတဲ့ ငါးမျှားချိတ်ဆို ဟပ်မိတာက ငါးရဲ့အပြစ်မဟုတ်ဘူး၊ ငါးစာမျှားတဲ့ သူရဲ့ အပြစ်က ရှိနေပြီကိုး”

“ဒါပေါ့ ဒါပေါ့”

ချစ်တိုင်းအောင်က ဘုမသိဘမသိဝင်ထောက်သည်။

“ဒါပေမယ့် အစာလဲမရှိဘဲ တချို့ ငါးတွေဟပ်တတ်တာက ထွန်းလင်းကျော်တို့လို ငါးမျိုး၊ အစာငတ်နေတယ် မဟုတ်လား”

ဗိုလ်ထွန်းလင်းကျော်က ရယ်သည်။

“မင်းမင်းဆိုတဲ့အကောင်က အစာမှမငတ်တာပဲ၊ တို့ထဲမှာ ဒီကောင် အစွံဆုံးဟာကို”

အဖြစ်ကိုရိပ်မိလာသဖြင့် စိုးဟိန်းက အစထောင်ပေးသည်။

“မုန့်ပိုစားရတဲ့ကလေး ပိုငတ်တာပေါ့လေ”

ချစ်တိုင်းအောင်က စကားပုံနှင့် ကိုင်ပေါက်သည်။

“မင်းလိုပေါ့ကွာ၊ ချစ်တိုင်းအောင်ရာ”

ဗိုလ်ထွန်းလင်းကျော်၏ စကားကြောင့် ရယ်ကြရသည်။

“ဒီလိုကွ၊ ဒီအကြောင်းကို စိုးဟိန်းကတော့ သိတယ်၊ တို့ မန်းတက္ကသိုလ် တက်နေတုန်းက လှပျိုဖြူ တစ်ယောက်ရှိတယ်၊ သိပ်လှတဲ့ အလှဆုံး ဆိုပါတော့၊ ဒီတော့ အလှကြိုက်တဲ့ မိုက်သား မင်းမင်းက ကြိုက်တယ်”



“ဒီလိုတော့ မပြောနဲ့ကွာ၊ ‘အလှကြိုက်၍ မိုက်သည်ဆိုခြင်း၊ ဤမြေပြင်ဝယ် ဘယ်သူ လိမ္မာကြသနည်း’ ဆိုတဲ့ ကဗျာတောင် ရှိသေးတာပဲ”

စိုးဟိန်းက စာသံပေသံနှင့် မင်းဇေယျာဘက်က စစ်ဝင်ကူ၏။

သို့သော်....

မြင့်ကြူးက ဖော်လက်စနှင့် မင်းဇေယျာ၏ အကြောင်းကို ဆက်၍ ဖော်တော့၏။

မင်းဇေယျာနှင့် မြကြည်ဖြူ တက္ကသိုလ်နောက်ဆုံးနှစ်တွင် တွေ့ခဲ့သည်မှ အစ ယခု စကားဝါကလေးကို ခုတုံးလုပ်ကာ ပိုးနေရသည်အထိ ဖြစ်သည်။

“ဟာ... ဒါဆို ငါ သိပြီ၊ ပန်းကမ္ဘာက ကျောင်းအုပ်ဆရာမလေးပဲ၊ တို့မြို့ရောက်လာတာ ကြာပုံမရသေးဘူးကွ၊ လှသမှ ဘယ်လောက်လှသလဲ မမေးနဲ့၊ တို့တစ်မြို့လုံးမှာတောင် သူ့လောက် လှတာ မတွေ့သေးဘူး၊ အဟဲ....ငါတောင် ဘယ်လို ဝင်ထွေးရမလဲလို့ စဉ်းစားနေတာ”

မြင့်ကြူး စကားဆုံးတော့ ချစ်တိုင်းအောင်က ဝင်ပြောသည်။ သည်အခါ မင်းဇေယျာ လှုပ်လှုပ်ရွားရွား ဖြစ်သွား၏။

“ဟေ့ကောင် ချစ်တိုင်းအောင်၊ မင်း သူ့နားကပ်တာနဲ့ သေဒဏ်ပဲ၊ သူ့အနားမှာ အဖိုဆို မီးဖိုတောင် အထားမခံဘူး”

“ဝါး ဟား ဟား ဟား”

ပွဲကျသွားကြသည်။

"ဒါလောက်တောင်ပဲလား မင်းမင်းရ၊ ဘယ်လိုဖြစ်သွားရတာလဲ၊ငါတော့ မျက်စိတောင်လည်ချင်ပြီ"

ဗိုလ်ထွန်းလင်းကျော်က ပြော၏။

ယခင်က မင်းဇေယျာတစ်ယောက် မမြင်ဖူး မှုးမြစ်ထင် အဖြစ်မျိုး ဖြစ်ခဲ့၊ ယခုမူ လေးနက်ရှုံမှုမက သွေးပင်ထွက်နေပြီလား မသိ။

"မင်းလဲ စောင့်ကြည့် စိုးဟိန်း၊ ဇာတ်လမ်းတော့ ရမယ်"

မြင့်ကြူးက ပြောသည်။

"တော်စမ်းပါကွာ၊ ဒီကောင့် ဇာတ်လမ်းက ဘယ်တော့မှ ဆုံးမှာမှမဟုတ်ဘဲ၊ ငါသေတာတောင် အဆုံးသတ်ပါ့မလားဆိုတာမှ မသိတာ"

"သတ်မှာပါကွ၊ မကြာခင် ညားကြလေသတည်းဆိုပြီး ဇာတ်လမ်းဆုံးသွားမှာပါ"

မင်းဇေယျာက ယုံကြည်ချက်အပြည့်နှင့် ဝင်ပြောသည်။

"ဟိုက လင်ရသွားလို့ လွမ်းစေသတည်း ဖြစ်နေရင်ကော..."

မြင့်ကြူးက ဝင်နှောက်ပြန်၏။

"ဟိုဘက်နည်းနည်းတိုးစမ်းကွာ၊မင်းပါးစပ်က အာပုပ်စော် နံတယ်"



မင်းဇေယျာက မြင့်ကြူး၏ ပခုံးကို ဆောင့်၍ တွန်းကာ ပြောလိုက်၏။ အပေါင်းအသင်းတွေက ဝိုင်း၍ ရယ်ကြ၏။ ယမကာဝိုင်းမှာ အရယ်အားမောဖြင့် စည်ကားနေသည်။

"ဒါနဲ့ နေပါဦးကွ၊ မင်းက အဲဒီ ဖူးကြည်မြ..."

"မြကြည်ဖြူပါကွ"

"အဲ... မြကြည်ဖြူနဲ့ နီးအောင် သူများ ကလေးကို ကျောင်းအပ်ထားတော့ မင်းကလေးထင်ပြီး ကလေး အဖေ မှတ်နေရင် ဘယ့်နှယ်လုပ်မလဲ"

ဗိုလ်ထွန်းလင်းကျော်က မေး၏။ မင်းဇေယျာက လက်ကျန် ဘီယာကို မော့လိုက်ပြီး....

"ဒါက မိုင်နာပါ၊ ကျောင်းအပ်ကာပည်းက ရှင်းပြီးသားပါ၊ ဒီမှာ သူငယ်ချင်း၊ မင်းမင်းတို့က ဒီလောက် မထုံဘူး"

"ထမင်းကြော်ကသုံးထုပ်တောင်လား၊ မင်းက သူများသားသမီး စားပိုးနင့်အောင် ဒုက္ခပေးတာလား"

စိုးဟိန်းက ထမင်းကြော်ထုပ်များကိုကြည့်ကာ ပြောသည်။

"မင်းဟာ မတော်တော်တုံးဦးမယ့် စာရေးဆရာပဲ၊ တုံးနေဦးမယ့် ကျွန်တော်ပါ ဆိုပြီး လုံးချင်းခရေး ထုတ်ရင် စွံလိမ့်မယ်၊ ကိုယ်တွေ့ဝတ္ထုကိုး၊ ဟား.... ဟား....ဟား"

မင်းဇေယျာက စိုးဟိန်းကို ဟားသည်။ စိုးဟိန်း ရှုံသွား၏။

"မသေမချင်းမှတ်ထား၊ တစ်ထုပ်က ကလေးဖို့၊ တစ်ထုပ်က ချစ်အတွက်၊ ချစ်နှုုးစာလို့ ခေါ်တယ်၊ ကျန်တဲ့

"တစ်ထုပ်က အာကျယ်မ တင်အေးကြည်ရဲ့ ပါးစပ်ကို ဆို့ဖို့၊ ငါ့နောက်ကြောင်းတွေကို မဖော်အောင်လို့"

ဘီယာရှိန်ကလေးရနေသဖြင့် မင်းဇေယျာ လေရနေသည်၊ အာသွက်လျှာသွက် ဖြစ်နေသည်။

"ဒီခကောင် တစ်ခုတော့ တော်တယ်ကွ"

မြင့်ကြူးက သူ့ဘေးမှ ချစ်တိုင်းအောင်ကို လှည့်ပြောသည်။

"ဘာတော်တာလဲ"

"မွဲခဆေးဖော်ဘဲ့နေရာမှာ တော်တာလေ၊ တစ်နေ့ ထမင်းကြော်သုံးထုပ်ဆိုတော့ ကြာရင် သူ့မိဘတွေ မွဲတော့မှာပေါ့"

"တစ်သက်လုံး မမွဲဘူးကွ၊ ငါ့မိဘတွေက ငါ့အတွက် အပြည့်ရှာထားတာ၊ ငါ့မှာ ရေကတော့ အမြဲလျှံ လျှက်ပဲ၊ ကဲ....မင်းတို့နဲ့ စကားပြောရတာ လေကုန် တယ်ကွာ၊ ငါသွားတော့မယ်"

မင်းဇေယျာသည် ထမင်းကြော်ထုပ်များကိုဆွဲကာ ထိုင်ရာမှ ထလိုက်၏။ သူ့ခန္ဓာကိုယ် တစ်ချက်ယိမ်းယိုင်သွား၏။ အရက်ရှိန်ကြောင့် ဖြူနုသော သူ့မျက်နှာမှာ ရဲနေသည်။ မျက်လုံးများက ရီဝေနေ၏။

"ကဲ....အပေါင်းအသင်းတို့ ဂွတ်ဒ်ဘိုင်"

သူ ကိုယ်ကိုထိန်းကာ ဆိုင်ဝသို့ ထွက်သည်။ ကိုယ်ဟန်ကတော့ မပျက်၊ သို့သော် ခေါင်းထဲမှာတော့ မူးရီစပြုပြီ။

"မင်းမင်း"



ဗိုလ်ထွန်းလင်းကျော်က လှမ်းခေါ်သည်။

"ဘာလဲကွ၊ တိုက်ဦးမလို့လား၊ တော်ပြီ၊ နောက်မှ ဆုံမယ်၊ စကားဝါကလေး ဆာလှရော့မယ်"

မင်းဇေယျာက ဝိုင်းဆီ ပြန်လှည့်ကြည့်ကာ ပြောလိုက်၏။

"မဟုတ်ဘူးကွ၊ အကောင်းပြောလို့၊ မင်း ဒီပုံစံနဲ့ သွားဖို့ မကောင်းတော့ဘူး"

"ငါ မမူးသေးပါဘူး"

"ဒါက မင်းက ပြောတာကိုးကွ၊ အမူးသမား မူး တယ်လို့ ဘယ်ပြောပါ့မလဲ၊ ဘေးက ကြည့်ရင်တော့ သိတာပေါ့"

မင်းဇေယျာသည် သူ့ကိုယ်သူ ပြန်လှည့် သုံးသပ်ကြည့်၏။ ပုံစံတော့ ပျက်လှသည်မထင်။ သို့သော် ခေါင်းထဲကတော့ မူးရီနေ၏။

"ဟုတ်တယ်ကွ၊ မင်း သွားဖို့မကောင်းဘူး၊ မမူးဘူးပဲ ထား၊ မင်းကိုယ်က အရက်နံ့ရနေမှာပေါ့၊ မသောက်တဲ့ လူက အရက်နံ့ကို ပိုသိတယ်ကွ၊ မင်း သောက်ထား တာလဲ ကြည့်ဦး၊ ဘီယာသုံးလုံးရှိပြီ"

စိုးဟိန်းကဝင်ပြောသည်။ သည်တော့မှ သူ မသွားသင့်သည်ကို သတိရလာ၏။ သူ ဘီယာသောက်လာသည်ကို မြကြည်ဖြူ သိသွားလျှင် အထင်သေးသွားပေလိမ့်မည်။ ထိုမျှသာမက သူ ဘီယာသောက်လာသည်ကို တင်အေးကြည် သိလျှင် အရက်သမားဟု ယောင်ဖွာ ယောင်ဖွာ ပြောဆိုနေလျှင် အခက်၊ ချစ်သူရှေ့မှာ အရှက်ရချေတော့မည်။

မင်းဇေယျာသည် ကုလားထိုင်တွင် စိတ်ပျက်လက်ပျက် ထိုင်ချလိုက်၏။

"အေးကွ၊ သွားလို့တော့မဖြစ်တော့ဘူး၊အဲဒါမှဒုက္ခပဲ၊ အမှတ်တော့တော့ ကုန်ပါပြီကွာ"

မင်းဇေယျာ ပြောရင်း ခေါင်းကို ကုတ်၏။

"ဘာဒုက္ခလဲကွ၊ မင်း မြကြည်ဖြူကို ဒီနေ့ မတွေ့ရရင် နောက်နေ့ တွေ့ရမှာပဲ၊ ဒါလောက်တောင် သောက်ဖြစ်သည်းမနေပါနဲ့ကွာ"

မြင့်ကြူးက ဝင်ပြောသည်။

"အဖြစ်သည်းတာမဟုတ်ဘူးကွ၊ စကားဝါလေးတော့ ထမင်းငတ်တော့မှာပဲ"

ပြောရင်း စကားဝါလေးကို သနားသွားရ၏။

"သူများသားသမီးကို ဘော်တော်ဒုက္ခပေးတဲ့ကောင်ပဲ၊ ဟုတ်တယ်၊ စကားဝါကလေး သနားစရာပဲ၊ မင်းအကြောင်း ကလေးဒုက္ခခံရတာတော့ ဘယ်ကောင်းပါ့မလဲကွ"

စိုးဟိန်းက အပြစ်တင်၏။ စကားဝါကလေးကိုရော သူ့မိဘတွေပါ အားလုံး ရင်းနှီးကြသည်။ စကားဝါကလေး၏ ဖခင် ကိုမြနှင့် သူတို့တစ်သိုက်က သောက်ဖော်စားဖက်လည်း ဖြစ်၏။

"ဒီတော့ ဘယ်လိုလုပ်ကြမလဲ၊ အကြံပေးပါဦးကွ"

မင်းဇေယျာသည် သူ ဘာလုပ်ရမှန်းမသိသဖြင့် အပေါင်းအသင်းတွေထံ အကြံကောင်းလေတော့၏။



"ကားသမား တစ်ယောက်ယောက်ကို ပိုက်ဆံပေးပြီး ပို့ခိုင်းလိုက်ရင် မကောင်းဘူးလား"

ဗိုလ်ထွန်းလင်းကျော်က အကြံပေးသည်။

"ကိုယ်နဲ့ မသိတဲ့ ကားသမားဆိုရင် မမှီဘဲ နေရင် ဘယ့်နှယ်လုပ်မလဲ၊ ဖွတ်မရ ဓားမဆုံး ဖြစ်နေမှာပေါ့"

"အေး၊ ဒါလဲ ဟုတ်တာပဲ"

စိုးဟိန်း၏စကားကို ဗိုလ်ထွန်းလင်းကျော်က ပြန်ထောက်ခံသည်။

"ဒီလိုလုပ်ကွာ"

အကြည့်အာရုံ အားလုံးက ချစ်တိုင်းအောင်ထံ ရောက်သွား၏။

"မယဉ်မေဆီ အမြန်ပြေးပြီး ပေးခိုင်းလိုက်၊ ဒါဆို အဆင်ပြေသွားရော"

"အေး၊ ကောင်းတယ်"

စိုးဟိန်းက ထောက်ခံ၏။

"ကောင်းတယ်၊ ဒါပေမယ့် ငါသွားရင်တော့ မယဉ်မေက ငါ့ကို ကောတော့မှာပဲ၊ အားနာစရာလဲ ကောင်းတယ်ကွ၊ ဒီတော့ ချစ်တိုင်းအောင်၊ မင်းပဲ သွားပေးကွာ၊ မင်း အကြံပေးတာပဲ"

"ဟင့်....ဘယ်နှာကြီးပါလိမ့်၊ သူများကလဲ အကောင်း အကြံပေးရသေးတယ်"

ချစ်တိုင်းအောင်က ကြောမှုဟန်ဖြင့် ရယ်စရာလုပ်ကာ ပြောလိုက်၏။ အပေါင်းအသင်းတွေက ဝိုင်းရယ်ကြ၏။ မင်းဇေ

ယျာကတော့ မရယ်နိုင်။ သူ့ကြောင့် စကားဝါကလေး ဆာလောင်နေမည်ကို အကြီးအကျယ် စိုးရိမ်နေသောကြောင့်ပင် ဖြစ်၏။

"ဟေ့ကောင်၊ ဂျီလိုလို မတ်လိုလိုနဲ့ ယောင်ကြူး လုပ်မနေနဲ့၊ ဒီကိစ္စမှာ မင်းတာဝန် ရှိတယ်ကွ"

မင်းဇေယျာသည် ကြံရာမရသဖြင့် ချစ်တိုင်းအောင်ကို အနိုင်ကျင့်ရန် ကြိုးစားရတော့၏။

"ဘာတာဝန် ရှိတာလဲကွ"

"တာဝန်ရှိတာပေါ့၊ မင်း ခေါ်လာလို့ ဒီကို ငါ့ရောက်လာတာ၊ ဒီတော့ မင်းပဲ သွားပို့ပေး၊ ဒါပဲ"

ပြောရင်း မင်းဇေယျာသည် ခေနသားတကျ ပြန်ထိုင်၏။ ဘီယာမတ်ခွက်ကို ဆွဲကာ ဘီယာထည့်၏။ ချစ်တိုင်းအောင် သိလိုက်ပြီ။ သူ့ကို အပြတ်ညစ်တော့မည်။ မင်းဇေယျာသည် မူးလာလျှင် သူငယ်ချင်းတွေအပေါ် ဆိုးတတ်၏။ သူများ ဆိုးမျိုးကိုလည်း ခံတတ်၏။ သူ ရှောင်လွှဲရမည် မဟုတ်သည်ကို ချစ်တိုင်းအောင် သိလိုက်၏။

"ဟေ့ကောင်....မင်းမင်း၊ ပို့ပေးစေချင်ရင်လဲ ကောင်းကောင်း ပြောကွာ၊ ယဉ်ယဉ်ကျေးကျေး ပြောရင် လေယာဉ်ပျံတောင် အလကား စီးလို့ရပါတယ်"

"မင်းဘာကလွှား၊ လေယာဉ်ပျံ အလကားစီးလို့ ရမှာလဲ၊ မြင်းလှည်းတောင် အလကားစီးလို့ မရဘူး၊ ကြာပွတ်စာ မိသွားမယ်၊ ရှည်မနေနဲ့ သွားမှာ သွားတော့၊ သွားမှာသွား၊ စကားရှည်မနေနဲ့"



မြင့်ကြူးက ထဟောက်သည်။ စကားဝါကလေး ဆာနေမည်ကို သူကိုယ်တိုင်လည်း စိုးရိမ်နေသောကြောင့်ပင် ဖြစ်၏။ မင်းဇေယျာကတော့ ဘီယာကို ဆက်မော့နေလေပြီ။

"ဟာ....ဗလာချီတွေချည်း ခံနေရပါလား"

"ဗလာချီဖြစ်ဖြစ်၊ ရုံပွဲဖြစ်ဖြစ်ကွာ၊ သွားမှာ မြန်မြန်သွား၊ မင်းအခွက် ကြည့်ရတာ နေလို မီးလို ပူလာပြီ"

မင်းဇေယျာက ဘီယာခွက်ကို ခပ်တည်တည် ဆောင့်ချရင်း ပြောသည်။

"ကဲ....သွားကွာ....သွားကွာ.. ဟုတ်တယ်၊ တရား ခံ အစစ်က မင်းပဲ၊ မင်းပဲ မင်းမင်းကို ခေါ်လာတာ မဟုတ်လား"

"အေးပါ....သွားပါ့မယ်၊ ငါကလဲ အကုသိုလ် အတုံး ကြီးမှန်း မသိဘဲ ခေါင်းပေါ် ရွက်လာမိတာကိုး၊ အင်း အခုနမတော် အထိုင်မတတ်၊ ပိုက်ဆံ ဖင်ကြားညှပ် ဆိုတာ ငါပါလားနော်"

တစ်ယောက် တစ်ပေါက် ဝိုင်းပြောကြသဖြင့် ချစ်တိုင်းအောင် ညည်းညူရင်း ထမင်းကြော်ထုပ်များကို ဆွဲရတော့၏။

"သွားမယ်ဆို ခပ်မြန်မြန်ကလေးဟေ့"

ဗိုလ်ထွန်းလင်းကျော်က ထအော်သည်။

"သွားသင့်နေတာ ကြာပြီ"

"ဘယ်ဟုတ်မှာလဲ၊ အစကတည်းက မလာသင့်ဘာ"

"ဝါး....ဟား....ဟား"

ပြောပြီး ရယ်ကြသည်။ ချစ်ဘိုင်းအောင်လည်း ရယ်မော လျက် ဆိုင်အပြင်သို့ ထွက်သွားတော့သည်။

ယမကာဝိုင်းမှာ အသစ် စိုပြည်လာပြန်သည်။ ရယ်ရင်း မောရင်းဖြင့် ဆက်၍ သောက်စားကြပြန်သည်။

မင်းဇေယျာသည် မြကြည်ဖြူနှင့် တွေ့ခွင့်မရတော့သဖြင့် အခါတိုင်းထက် ပို၍ သောက်မိသည်။

သည်အခါ....

သူချစ်ရသော ဆရာမကလေး မြကြည်ဖြူကိုလည်းကောင်း၊ သူသနားရသော စကားဝါကလေးကိုသည်းကောင်း မေ့လျော့ သွားချေပြီ။

သို့သော် ...

အပေါင်းအသင်းများက သီချင်းဆိုရန် တောင်းဆိုလာ သောအခါ သူ မူးမူးနှင့် သီချင်းတစ်ပုဒ်ကို ထဆိုဖြစ်သည်။

ငွေသော်ဘာရောင်ခြည်×ထိန်လင်းခဲ့ပြီ× ဘုံကြိုးပြတ်တဲ့ မိုးနတ်မဒီ××

သဒ္ဒါကပိုသည်×ကညာနှမပျိုမဒီ×ဆရာမ ပဲ အသည်း စွဲအောင် ချစ်တော့သည်။

●

ခန်း (၁၂)

နံနက်ချိန်ခါ စောစွာထလို့
အလှပြင်ရမှန်ရှေ့ဝယ်
ရှုပ်ထွေးဆံပင် သန့်စင်ဖြီးလို့
ကြက်တောင်စည်းလေး သေးသေးသွယ်
ရှိုးရှိုးယဉ်ယဉ် ဝတ်ကာစားလို့
သနပ်ခါးလေး ပါးမှာခြယ်
စာအုပ်ခဲတံ စုံအောင်စစ်လို့
လွယ်အိတ်သစ်ကလေး ပခုံးလွယ်။
ရှင်ပြုံးမူရာ ခွန်းချီဆက်လို့
ကျောင်းတက်သွားမယ့် သမီးငယ်။
ချစ်ဖွယ်....ချစ်ဖွယ်။

နေ့ကလေးထိန်း ကျောင်းကလေးအတွင်းမှ ကလေး
များ၏ ကဗျာရွတ်ဆိုသံသည် တညီတညာတည်း ထွက်ပေါ်
သည်။

မယဉ်မေသည် ခေါက်ဆွဲထုပ် သုံးထုပ်ကို ဆွဲကာ ရထ
လုံးပေါ်မှ ဆင်းခဲ့သည်။

"ညနေ သုံးနာရီခွဲကျရင် ပြန်လာပြီး ခေါ်နော်၊
နာရီခွဲရင် ကလေးကျောင်း ဆင်းမှာ"

"ဟုတ်ကဲ့ ကန်းမလေး"

မြင်းလှည်းသမား ကုလားကြီးက မေမြို့ ကုလားစကား
ပြန်ပြောသည်။ ဟုတ်ကဲ့ဟုလည်း ရှိသေသည်။ ကန်းမလေး
လည်း သုံးနှုန်းသည်။

နာယဉ်နေပြီဖြစ်သဖြင့် မယဉ်မေ၊ မပြုံးမိတော့ပ
ကျောင်းဆီသို့ လှမ်းလာခဲ့သည်။

ကလေးများ၏ ကဗျာရွတ်ဆိုသံက တစ်မျိုးပြောင်းသ
၏။ ကဗျာသစ် တစ်ပုဒ်ကို ပြောင်းလဲ ရွတ်ဆိုနေခြင်းပင် ဖြ
ပေမည်။

ဝလုံးကလေး ဝိုင်းဝိုင်းရေး
ညီမစပယ်ထွေး
ကျောက်တံလေးနဲ့ ရေးမယ်ပြင်
ကျောက်သင်ပုန်းပေါ်တွင်
ထင်ထင်ရှားရှားရေးလို့သွား
ဝလုံးပန်းကုံးများ



ကြိုးကြိုးစားစား ရေးကာသိ
ဝလုံး စီရီရီ။
ဝလုံးညီမှ အချိုးကျ။
နောင်ခါ လက်ရေးလှ။

ဆရာမလေး မြကြည်ဖြူသည် ယခုနှစ်မှ အသစ်ထွက်လာ
သော ကလေးချစ်သူ ကဗျာဆရာ မြေလတ် မောင်မြင့်သူ၏
လေးကဗျာကလေးများကို ကလေးများအား ရွတ်ဆိုသင်ပြ
ကျ ရှိ၏။ ကလေးချစ်သူ ဆရာမလေး မြကြည်ဖြူသည် ကလေး
ဗျာစာအုပ်မှန်သမျှ မလွတ်တမ်း ဝယ်သည်။ ကလေးများ
စ်သက်မည့် ကဗျာကောင်း ကလေးများဆိုလျှင် တစ်ခေါက်
တ်ရုံနှင့် ဆရာမလေး မြကြည်ဖြူမှာ အလွတ်ရနေတော့၏။

ဆရာမကလေး မြကြည်ဖြူသည် မယဉ်မေရောက်လာသည်ကို
မမြင်မိ။ ကလေးများပညာရမည့် ကဗျာကလေးတစ်ပုဒ်ကို
းပြောင်းသင်နေပြန်၏။

ခေါင်းလောင်းသံက ချိုချိုလွင်
ကကြီး ခခွေး ရေးဖို့ပြင်။
ကိန်းဂဏန်းစဉ် ရေတွက်ရေး
တစ်၊ နှစ်၊ သုံး၊ လေး လေ့ကျင့်ပေး။
ကဗျာကလေးကို ရွတ်ဆိုသိ
အေ ဘီ စီ ဒီ အီး အက်ဖ် ဂျီ။
ညီညီညာညာ တက်တက်ကြွ
ရေးကြဖတ်ကြ သင်ယူကြ။

အလုပန်းများ ပျိုးထောင်ရာ
တို့ကျောင်းဖေ ကြီး သာသာယာ။
နောင်တစ်ခေတ်မှာ သားကောင်းများ
ပေါ်ထွန်းပါစေသား။

ကလေးများသည် မြကြည်ဖြူသင်ပေးသော ကဗျာကလေး
များကို-ညီညီညာညာနှင့် တက်ကြွစွာ ရွတ်ဆိုနေကြသည်။
ဆရာမကလေး ရီရီဝင်းကလည်း သူ့အတန်းမှ ကျောင်း
သားကလေးများကို ကဗျာတစ်ပုဒ် ရွတ်ဆိုသင်ပြနေသည်။
ကလေးများ အစဉ်အဆက် နှစ်သက်ခဲ့သော ဆရာတင်မို
၏ အမေ့ကျောင်းကဗျာပင် ဖြစ်သည်။

နေဝန်းနီနီ ညနေစောင်းတော့
အမေ့ကျောင်းကို သွားရမယ်။
ငွေဗျိုင်းဖြူရယ် လိုက်မလားကွယ့်
အတူသွားတော့ ပျော်လှတယ်။
သင့်မှာတောင်စုံ လေဟုန်စီးရင်
ဒိုးပျံကြီးထက် မြန်လိမ့်မယ်။
ရွှေလဝါဝါ ပြူကာထွက်တော့
ကျောင်းတက်ချိန်လို့ မှတ်ရတယ်။
ကောင်းကင်ကြီးဟာ ကျောက်သင်ပုန်းပေါ့
ကြယ်ဝလုံးတွေ ရေးရမယ်။
မေမေ့ရင်ခွင် ထိုင်ခုံလုပ်လို့
ငုတ်တုတ်ကလေး ထိုင်ပါမယ်။



ကျောင်းလွှတ်ချိန်မှာ မေမေကျွေးတဲ့
ချိုချိုမွှေးမွှေး စို့ရမယ်
သွားမယ်၊ သွားမယ်။
ဆရာမကလေး ရီရီဝင်းကလည်း သူ့အတန်းမှ ကလေးများ
ကို ကျောင်းသုံးကဗျာကလေးများကို ရွတ်ဆိုသင်ပြပေးလျက်
ရှိ၏။

ယုန်ကလေးက နားရွက်ထောင်
ပညာရှိ ယောင်ယောင်။
ကြောင်ကလေးက ဖဗဒင်တွက်
ချောင်းလိုက်ရတဲ့ကြွက်။
ကြောတိုင်းယုံတဲ့ ပုက်သင်ညို
ခေါင်းညိတ်ဘတ်တယ်ဆို။
မိုးလေဝသဗေဒင်ဟော
တောက်တဲ့ကိုလူချော။
ကလေးများ ဟန်နှင့်ပန်နှင့် ကဗျာကလေးများကို ရွတ်ဆို
နေကြသည်ကို မယဉ်မေ မြင်လိုက်ရသည်။ ဆရာမကလေးတွေ
ကိုယ်တိုင်က စိတ်ပါလက်ပါ ဟန်နှင့်ပန်နှင့် သီဆိုသင်ပြနေ
သည်ကို မြင်နေရသဖြင့် မယဉ်မေ၏ရင်မှာ တစ်မျိုးကြည်နူး
သွားရသည်။

တောရွာမှာမွေး တောရွာသေး
တောက လုံမလေး။
လုံမလေးရဲ့ ဆံကေသာ
ကုပ်ဝဲ မဟုတ်ပါ။

တောရွာမလေး ဟန်ပန်တိုင်း
မြန်မာ့ဆံရစ်ဝိုင်း။
လူတိုင်းငေးတဲ့ သူ့မျက်နှာ
ပြုံးချို ချစ်စရာ။
ပါးမို့မို့မှာ ပါးကွက်ကျား
မြန်မာ့သနပ်ခါး။
ပါးကွက်ကျားနဲ့ အလှဆင်
ဆံရစ်ဝိုင်းကယဉ်။
အမျှားအမြင် ရှုမငြီး
မြန်မာ့ချစ်သမီး။

မယဉ်မေသည် ကလေးများ ကဗျာရွတ်ဆိုနေကြသည်ကို နားထောင်ကောင်းကောင်းနှင့် ရပ်၍နားထောင်နေမိသည်။

ကလေးများ ကဗျာရွတ်ဆိုခြင်း ပြီးသွားသဖြင့် ထိုင်လိုက်ကြသည်။ ကလေးများ၏မျက်နှာမှာ ပျော်ရွှင်နေကြသည်။

အမှန်တော့ မယဉ်မေသည် စကားဝါကလေးကို ငယ်သေးသည်ဟု ထင်မိ၏။ နေ့ကလေးထိန်းကျောင်း ပို့မည်ဆိုလျှင် ကြံဖန်၍ ပို့နိုင်သော်လည်း သမီးကလေးကို စိတ်မချ၍ မပို့ဖြစ်ခဲ့။

ခင်ပွန်းဖြစ်သူ ကိုမြသည် မန္တလေး-လားရှိုးလမ်းမှာ ခရီးသည်တင်ကား မောင်းသူဖြစ်၍ ဝင်ငွေမသေးလှ။ သို့သော် ညဉ့်ဆိုးကလေးက ရှိသည်။ အငယ်အနှောင်း ကလေးလည်း ထားချင်သည်။ အရက်ကလေး ဘာကလေးလည်း ကြိုက်တတ်သည်။ ဘာထိညာထိဆိုလျှင်လည်း ရှိစုမဲ့စု အောလိုက်သေး၏။



လောကတွင် ပျော်ပျော်နေ၍ ရဲဝံ့စွာ တိုက်ပွဲဝင်နေပါသည်ဟု မူးလျှင် ပြောတတ်၏။

အလုပ်ကောင်းပါလျက် ဝင်ငွေမှန်သမျှ အိမ်ရောက်လာသည် မရှိ။ ကားကြီးဒရိုင်ဘာဖြစ်သော်လည်း အိမ်ပိုင်နှင့်မနေရ။ (၇)ရပ်ကွက်မှ အိမ်တစ်လုံး ငှားနေရသည်။ အိမ်လခကိုပင် မှန်မှန်ပေးနိုင်သည် မရှိ။ အပေါင်းအသင်း ကောင်းသဖြင့်သာ အိမ်ရှင်က မနှင်ရဲခြင်းဖြစ်သည်။ မင်းမင်းတို့၊ ချစ်တိုင်းအောင်တို့ကသာ တစ်ခါတစ်ခါ အိမ်လခ စိုက်ပေးရသည်။

အမှန်တော့ မင်းမင်းတို့အသိုက်သည် ကိုမြ၏အဖွဲ့ဖြစ်သည်။ ကိုမြ ကားနား၍ အိမ်မှာအိပ်လျှင် မင်းမင်းတို့အသိုက် ရောက်လာတတ်သည်။ ကြက်၊ ဘဲ တစ်ကောင်ကောင် ချက်စားလေ့ရှိသည်။ ဗိုလ်ထွန်းလင်းကျော် ပါလာသည့်အခါမျိုးတွင်တော့ တောပစ်ထွက်ပြီး ပါလာသည့် ဂျီ(ချေ)၊ ဆတ်၊ တောဝက် တစ်ကောင်ကောင် ချက်စားလေ့ရှိသည်။

ကလေးကို စိတ်မချရသည်မှာ အခြားမဟုတ်၊ မယဉ်မေတို့၏ အဖေအမေအိမ်မှာ ဘီတီဘုရားသားနားမှာ ရှိသည်။ တစ်ခါတလေ အဘိုးအဘွားတွေက ခေါ်သွားလျှင် အိမ်ကို ပြန်ပြေးလာတတ်သည်။ ကား၊ မြင်းရထား၊ စက်ဘီးများ ရှုတ်ယှက်ခတ်နေသဖြင့် သမီးလေးကို မယဉ်မေ စိတ်ပူရသည်။

သည်ကြားထဲက ကိုရွှေမင်းမင်းက သမီးကို ကျောင်းထားပေးချင်သည်ဟု သူ့အဖေ ကိုမြ လာစဉ်က ပြောခဲ့သည်။ ကိုမြကလည်း အလွယ်တကူ သဘောတူခဲ့သည်။ မယဉ်မေကတော့ သဘောမကျ၊ စိတ်မချ၍ ဖြစ်သည်။

သို့သော်....မယဉ်မေကိုယ်တိုင်က မင်းမင်းကို မောင်လေး တစ်ယောက်နှင့်မခြား ခင်နေသူမို့ မငြင်းသာ။ စေတနာနှင့် ဆောင်ရွက်သည့်ထင်သဖြင့် မဘားဆီးဖြစ်ခဲ့။ ယခုတော့ ပထမ ဦးဆုံး ကျောင်းတက်သည့်ရက်မှာပင် အခြေအနေတွေက ပြော သည့်အတိုင်း ဖြစ်မလာ။

ချစ်တိုင်းအောင် နေ့လယ် တစ်နာရီကျော်လောက်တွင် ထမင်းကြော်သုံးထုပ်ဖြင့် အိမ်သို့ရောက်လာသည်။ တစ်ထုပ်က စကားဝါဖို့၊ တစ်ထုပ်က ကျောင်းအုပ်ဆရာမလေး မြကြည်ဖြူဖို့၊ တစ်ထုပ်က တင်အေးကြည်ဖို့ ဟု ဆိုသည်။

သေသေချာချာမှာပြီး ငွေအစိတ် ပေးထားခဲ့သည်။

မင်းမင်းတစ်ယောက် သူ့အဖေနှင့် အမေ အရေးပေါ်ကိစ္စနှင့် မန္တလေးကို လွှတ်လိုက်သဖြင့် မန္တလေးသို့ ထွက်သွားရ ကြောင်းကိုလည်း တောင်းတောင်းပန်ပန် ပြောခဲ့သေးသည်။

သို့တိုင် မယဉ်မေ မယုံချင်၊ ချစ်တိုင်းအောင်၏ ပါးစပ်မှ အရက်နံ့ ထွက်နေသဖြင့် သံသယတွေ ဝင်နေခဲ့သည်။ အရက် သမား၏ မယားဖြစ်လာမှတော့ အရက်သောက်သူ၏ ရေပ အနံ့ကို မဖမ်းမိဘဲ ရှိပါ့မလား။

ချစ်တိုင်းအောင် ပြန်သွားတော့ မြင်းရထားကို အမြန်ငှား ရသည်။ အသိဖြစ်သော ဦးစလေးနန်၏ မြင်းရထားနှင့် ကြုံသဖြင့် တော်တော့သည်။ (၇) ရပ်ကွက်မှ မြင်းရထားဂိတ်ရှိရာ နာရီ စင်သို့ သွားရသည်။ မြင်းရထားဖြင့် လားရှိုးလမ်းမကြီးအတိုင်း လာခဲ့စဉ်....

ဟုတ်တော့ ဟုတ်နေပါပြီ။



ထိုသို့ လာခဲ့စဉ်မှာ ကိုရွှေမင်းမင်းတို့၏ လိမ်ဆင်ကြီး ပေါ် ခဲ့သည်။

လမ်းမကြီးပေါ်မှ လေငွန် စားသောက်ဆိုင်မှာ မင်းမင်း စီးနေကျ မော်တော်ဆိုင်ကယ် အနီကြီး၊ နောက် ချစ်တိုင်း အောင် စီးနေကျ မော်တော်ဆိုင်ကယ်အဝါကြီး၊ ဤမျှသာပဲ လားဆိုတော့ မကသေးပါ၊ ဗိုလ်ထွန်းလင်းကျော်၏ ဘီအက်စ် အေ ဆိုင်ကယ်ကြီးကိုပါ သုံးစီးယှဉ်လျက် တွေ့ရသည်။

ဟိုမျှမကသေး၊ ထိုဘက်သေချာသည်ကလည်း ရှိပါသေး သည်။

ဗိုလ်ထွန်းလင်းကျော်ရယ် ဖီးလ်ဂျက်ကက်ကြီးတကားကား ဖြင့် ဆိုင်ပြင်ထွက်ကာ နှပ်ညှစ်နေလေရဲ့။

မယဉ်မေကတော့ ဗိုလ်ထွန်းလင်းကျော်ကို မြင်မသွားပါ၊ သမီးကလေး ရွှေရေးကိုသာ အရှည်တွေးနေမိခဲ့သည်။ စိတ်က လည်း ပူနေသည်။ နောက်တစ်နေ့တွင် စကားဝါကလေးကို ကျောင်းမလွှတ်တော့ဟု ဆုံးဖြတ်မိသည်။

ယခု ကျောင်းရောက်လာတော့လည်း သမီးကလေးနှင့် အရွယ်တူကလေးငယ်များ၊ ကဗျာရွတ်ဆိုကြ၊ ဟန်ပန်အမူအရာ ကလေးတွေ လုပ်နေကြသည်ကို မြင်ရတော့လည်း ရင်ထဲမှာ ကြည်နူးရသည်။ သမီးငယ်ကလေးနှင့်အတူ ဆရာမချောချော ကလေးတွေကပါ ကဗျာရွတ်ကြ၊ ဟန်ပန်အမူအရာတွေကို ပျော်ရွှင်စွာ လုပ်ပြနေကြသည်ကို တွေ့ရတော့ ပီတိတွေလည်း ပိုသွားရပါ၏။

သို့သော်....

ကြည်နူးသည့်စိတ်က တဒင်္ဂမျှသာ ကြာ၏။ သမီးကလေး စကားဝါ ထမင်းဆာနေတော့မည်။ သည်အတွေးကြောင့် ကြည်နူးစိတ်ကလေး ပျောက်သွားရ၏။ ကိုရွှေမင်းမင်းကိုလည်း စိတ်ကွက်မိသည်။ စိတ်ခုမိသည်။ ကျောင်းခန်းထဲသို့ မယဉ်မေ လှမ်းကြည့်သည်။

စကားဝါကလေးသည် ဆရာမ ချောချောကလေး အနီးတွင် ထိုင်လျက်ရှိ၏။ ထမင်းဆာနေပုံမရ၊ မအေဝင်လာသည်ကိုလည်း မမြင်၊ အခြား ကျောင်းသူကျောင်းသားများကဲ့သို့ ငြိမ်သက်စွာထိုင်လျက် ရှိသည်။

ဆရာမနှစ်ယောက်က မိန်းကလေးအုပ်စုနှင့် ယောကျ်ားလေးအုပ်စု နှစ်အုပ်စုကို ထိန်းသိမ်းနေသည်။ တစ်ယောက်သော ဆရာမကလေးကမူ မီးဖိုဘေးတွင် အိုးတစ်လုံးနှင့် အလုပ်ရှုပ်နေသည်။ သူမ၏အမည်ကို မယဉ်မေ သိပါသည်။ မယဉ်မေတို့ အမေအိမ်နားက ဆရာမလေး ဖြစ်သည်။ တင်အေးကြည်ဟု ခေါ်သည်။ မယဉ်မေနှင့် တွေ့ဖူးကြုံဖူး နှုတ်ဆက်ဖူးသည်။

ဆရာမက သုံးယောက်ဖြစ်နေ၍ ဝယ်လာသော ထမင်းကြော်ထုပ်များကိုပေးရန် မယဉ်မေ အခက်တွေ့နေသည်။

"ဟော....အစ်မ၊ စကားဝါဆီ လာတာလား"

ဆရာမကလေး တင်အေးကြည်က မယဉ်မေ၏အနီးသို့ လျှောက်လာပြီး နှုတ်ဆက်သည်။

"ဟုတ်တယ် ညီမရယ်၊ ကလေးအတွက် ထမင်းကြော် လာပို့တာ၊ ကလေး ဆာနေရောပေါ့"



မယဉ်မေ စိုးရိမ်ပူပန်စိတ် နှင့် ပြောလိုက်သော်လည်း တင်အေးကြည်က အပြုံးမပျက် နှစ်သိမ့်သည်။

"ဆာမယ်မထင်ပါဘူး အစ်မရယ်၊ ကျွန်မတို့နဲ့ ထမင်းစားချိန်က ထမင်းစားခဲ့ပြီးပါပြီ၊ ကျွန်မတို့ ကျောင်းအုပ်ဆရာမက သိပ် သဘောကောင်းတာပဲ အစ်မရဲ့၊ ကလေးလဲ သိပ်ချစ်တတ်တယ်။ စကားဝါကလေးက ကျောင်းနေစမို့ အားငယ်မှာစိုးတာနဲ့ အနားမှာလဲ ထားတယ်၊ သူ့ထမင်းကိုပဲ ကျွေးတယ်"

တင်အေးကြည်၏ စကားကြောင့် မယဉ်မေ ပို၍ ကြွဲသွားရသည်။ မင်းမင်းကိုလည်း မျက်နှာလွှဲခဲပစ်လုပ်ရ ကောလားဟု ဒေါသဖြစ်မိသည်။

"အို....အားနာစရာကောင်းနေပါပြီ ညီမရယ်၊ စကားဝါကလေး ကျောင်းထားတာ ညီမတို့ကို ဒုက္ခပေးသလိုဖြစ်နေပါပြီ"

"အားနာစရာမလိုပါဘူး အစ်မရယ်၊ ကျွန်မတို့က ကလေးချစ်တတ်တာပဲဟာ၊ ဆရာမ မြကြည်ဖြူဆိုရင် အခုလို ကျောင်းဖွင့်ဖို့ ဝါသနာကြီးတာ၊ ကလေးချစ်တတ်တာကလဲ လွန်ပါရော၊ ဒီမှာ ဘာမှ အားနာစရာမရှိပါဘူး၊ ကျောင်းထားစကလေးတိုင်း အဆင်မပြေတာ ကလေးတွေ ရှိတတ်စမြဲပါပဲ၊ ကျွန်မတို့ အတွေ့အကြုံရှိပြီးသားပါ။ ဘာမှ အားမနာနဲ့ အစ်မ"

တင်အေးကြည်၏ စကားကြောင့် မယဉ်မေ၏ ပူပန်မှုများ ချမ်းမြေ့သွားရသည်။ ကျေးဇူးတင်စွာ ကြည့်နေမိရင်းက လက်ထဲမှ အထုပ်များကို ကမ်းပေးမိသည်။

"အခု ထမင်းကြော်သုံးထုပ် ယူလာတယ်ညီမ၊ အဲဒါ ညီမတို့တစ်တွေနဲ့ သမီးစားဖို့ မင်းမင်း ဝယ်ပေးလိုက်တာ"

မင်းမင်း၏ အမည်ကို ပြောဖြစ်အောင် ပြောမိသည်။

"အဲဒီအကောင်က ဘယ်သွားသေနေလဲ အစ်မ၊ မနက်ဖြန်မှ လာတော့ သူပဲ ထမင်းလာပို့မယ် ဘာမယ်နဲ့ ဟုတ်တိ ပတ်တိ ပြောသွားသေးတယ်"

မယဉ်မေသည်လည်း စိတ်ပေါက်ပေါက်နှင့် မင်းမင်း အကြောင်း ပြောလိုက်မည်ဟု စိတ်ကူးလိုက်မိသေး၏။ ပြီးမှ စိတ်ကို ထိန်းလိုက်ရသည်။

"မင်းမင်းနဲ့ ညီမ ရင်းနှီးလား"

"ငယ်သူငယ်ချင်းတွေပဲ အစ်မရဲ့၊ ဘွဲ့လဲ တစ်နှစ်တည်း ရခဲ့တာ"

"ဩော်....အင်း ဟုတ်မှာပေါ့လေ၊ သူက အခု သူ့ အဖေနဲ့ အမေက အရေးပေါ် မန္တလေးကို လွှတ်လိုက်လို့တဲ့လေ၊ လာပြောတဲ့သူကလဲ နောက်ကျနေတာနဲ့ အစ်မလဲ အခုလို နောက်ကျခဲ့တာ"

လက်ာချောအောင် မုသားသုံးလိုက်ရတော့သည်။

"နောက်ကျလဲ ကိစ္စမရှိတော့ပါဘူး၊ ခေါက်ဆွဲထုပ်လဲ မယူတော့ပါဘူး၊ တော်ကြာဆိုရင် သာဂူတိုက်ဦးမှာ၊ စကားဝါကလေးလဲ ထမင်းကောင်းကောင်း စားပါတယ်၊ မဆာနိုင်တော့ပါဘူး"

"ဒါပေမယ့် သူ မဆာလဲ ဆရာတို့တစ်တွေ စားကြပါစေကွယ်"

မယဉ်မေက ထမင်းကြော်ထုပ်များကို တင်အေးကြည်၏ လက်ထဲ ဇွတ်ထည့်ပေးသည်။

"နေပါစေ အစ်မရဲ့၊ ပြန်ယူသွားပါ"

တင်အေးကြည်ကလည်း အတင်း ငြင်းနေသည်။

"ပြန်တော့ ယူမသွားပါရစေနဲ့ကွယ်၊ မင်းမင်းက သေသေချာချာမှာပြီး ပေးလိုက်တာပါ၊ အိမ်စားဖို့လဲ သပ်သပ်ပေးပြီးသားပါ"

တင်မအေးကြည် မငြင်းသာသောအခါ၊ ထမင်းကြော်ထုပ်များကို ယူလိုက်ရသည်။ ပြီးသော စကားဝါကလေးကို လှည့်ကြည့်ကာ မယဉ်မေကို အလိုက်ကသိ ခေါ်ရသည်။

"ကဲ....လာ အစ်မရေ၊ စကားဝါကလေးဆီ သွားကြရအောင်"

မယဉ်မေနှင့် တင်အေးကြည်တို့ နှစ်ယောက်သား စာသင်ဆောင်ဘက်ဆီသို့ လျှောက်ခဲ့ကြသည်။

ဘက်သရွှန်ပန်းနုရောင်အကျီသည်အရောင်လွင့်လျက် အနားစြာ ပွင့်ရိုက် ထဘီကလေးနှင့် မယဉ်မေမှာ များစွာ နွမ်းပါးရှာသည်။ စကားဝါကလေး အိမ်မှာခေါ်သည့် ဂွပ်ဂွပ် ဖိနပ် ပါးကျပ်ဘန် ကော်ဖိနပ်ကလေးကို ကျောင်းသားများ ဖိနပ်

ချတ်သည့် နေရာမှာပင် ချတ်ထားခဲ့ကာ ဆရာမလေး တင်အေးကြည်နှင့် ကျောင်းပေါ်တက်ခဲ့သည်။

စကားဝါကလေးသည် ဆရာမ မြကြည်ဖြူ၏ လက်ကို ဆွဲထား၏။ အနားက မခွာစေချင်ဟန်တူ၏။ ဆရာမလေး မြကြည်ဖြူကို ခင်မင်လေ၍သည်။ ဆရာမကလေးမြကြည်ဖြူကလည်း စကားဝါကလေးကို တွေ့တွေ့ချင်း ခင်မိ၏။

မယဉ်မေသည် လမ်းမှာတွေးခဲ့သည့် အတွေးတွေ ပျောက်ပျက်သွားခဲ့သည်။ ကျောင်းပြန်လွှတ်လျှင် ခေါ်သွားပြီး နောက်နေ့ ကျောင်းမတက်ခိုင်းတော့ဟူသော အကြံအစည် အစီအစဉ်ကိုလည်း ဆရာမကလေးများ၏ စေတနာပါသော ပြုစုယုယမှုတို့ကြောင့် ဖျက်လိုက်ရလေသည်။

"ဦးမင်းမင်းက ဘာမှန်းလဲမသိဘူး၊ ထမင်းလာပို့မယ်ဆိုပြီး ပြန်သွားတာ၊ ခုအထိ ပြန်မလာဘူး၊ အိမ်ကို ဒီတစ်ခါလာတော့မှ သူ့ဖိနပ်ကိုဝှက်ထားလိုက်ဦးမယ်"

စကားဝါ၏ စကားကြောင့် မြကြည်ဖြူတို့တစ်သိုက် ရယ်လိုက်ကြသည်။ မြကြည်ဖြူ၏ မျက်လုံးများထဲတွင် နံနက်က ရောက်လာသော မင်းမင်း၏ အသွင်ကို မြင်ယောင်လာ၏။ သူမကိုကြည့်သော မျက်လုံးများထဲတွင် ၅၂၀ လွန် အကြည်များကို တွေ့ရသည်၊ ကျောင်းတုန်းက သူနှင့် မတော်တဆဖြစ်ခဲ့သည့် အဖြစ်ကိုလည်း သတိရ၏။ သူက တောင်းပန်တော့ သူမက အရောမဝင်ချင်သယောင်ပြုမူခဲ့သည့်အတွက် အားနာသလို ဖြစ်နေရသည်။



သို့သော် ယခုအခါတွင် ယင်းအဖြစ်နှင့် ပတ်သက်၍ သူစကားမစခဲ့သော်လည်း သူမကို စိတ်ဝင်စား၍ရောက်လာခြင်းဖြစ်မည် ထင်၏။

"အို…ဒါတွေ ငါနဲ့ ဘာဆိုင်လို့လဲ"

မြကြည်ဖြူ အတွေးကို ဖြတ်လိုက်သည်။

"ဒီလိုမလုပ်ပါနဲ့ သမီးရယ်၊ သမီးရဲ့ ဦးမင်းမင်းက အခုထမင်းကြော်တွေဝယ်ပေးလိုက်ပါတယ်၊ကိစ္စအရေးကြီးလို့ မန္တလေးကို ဆင်းသွားတယ်ကွယ့်"

ဆရာမလေးမြကြည်ဖြူသည် အသွင်အပြင်အားဖြင့်ခြားနားလျက်ရှိသော မယဉ်မေနှင့် စကားဝါကလေး၏ ဦးလေးဆိုသူ မင်းမင်းကို ဆက်စပ်ကြည့်ခြင်းအားဖြင့် ငြိမ်သက်နေသည်။

တစ်ယောက်က ချမ်းချမ်းသာသာထဲက အပုံစား။

တစ်ယောက်က ဆင်းဆင်းရဲရဲထဲက ချို့ချို့တဲ့တဲ့ နွမ်းနွမ်းပါးပါး။

သူတို့နှစ်ယောက်မှာ မောင်နှမအရင်းတော့ ဘယ်နည်းနှင့်မှ မဖြစ်နိုင်ဟု တွေးမိသည်။ ဆွေမျိုးနီးစပ်လောက်သာ ဖြစ်နိုင်လိမ့်မည်ဟု ထင်သည်။

မြကြည်ဖြူသည် အတွေးများကို ဖြတ်တောက်ကာ ထမင်းကြော်ထုပ်များကို ကြည့်လိုက်မိသည်။ စေတနာကို ကျေးဇူးတင်သော်လည်း မေတ္တာအပေါ်တွင် အမည်းစက် အစွန်းအထင်း မခံချင်။ အဖြူပေါ်တွင် အနက်မထင်စေချင်။

"ထမင်းကြော်တွေတော့ ပြန်ယူသွားပါ မမရယ်၊ ကလေး ထမင်းစားပြီးနေပါပြီ၊ နောက်ပြီး သာဂူ သောက်ရတော့မှာပါ"

"ပြန်ယူမသွားပါရစေနဲ့ ဆရာမရယ်၊ သမီးကို ဆရာမတို့က ထမင်းကျွေးထားရလို့ ဆရာမတို့ တစ်ယောက်စာ အတွက် လျော့စားကြရမှာပေါ့၊ ထမင်းကြော်ကလဲ သိပ်မများပါဘူး၊ ဆရာမတို့နဲ့ သမီးလေး မျှစားရင် ကုန်သွားမှာပါ၊ ဒါကိုတော့ လက်ခံပါ"

မယဉ်မေက အရိုးခံအတိုင်း ပြောမိသည်။ မြကြည်ဖြူတို့မှာ ထမင်းကို ခွဲဝက်ကျွေးရရုံမျှမက အော်ရဟစ်ရ သွားရလာရသဖြင့် ဆာလောင်နေကြရော့မည်။ စကားဝါကလေးက ပါ မြကြည်ဖြူ၏ လက်ကိုဆွဲကာ ဝင်ပြောသည်။

"ဟုတ်တယ် ဆရာမ၊ ယူလိုက်ပါ၊ သမီးတို့အားလုံး စားကြမယ်လေ"

မြကြည်ဖြူက စကားဝါကလေး၏ ခေါင်းကို ပွတ်နေမိ၏။

ဆရာမမြကြည်ဖြူက ယူလိမ့်မည်မဟုတ်မှန်းသိသဖြင့် ဆရာမ တင်အေးကြည်က မယဉ်မေ၏ လက်ထဲမှ ထမင်းကြော်ထုပ်ကို လှမ်းယူလိုက်သည်။ လှမ်းယူပြီးမှ တစ်စုံတစ်ရာကို သတိရသဖြင့် မေးလိုက်သည်။

"ဘာနဲ့ကြော်ထားတာလဲ အစ်မ"

"ကြက်သားနဲ့လို့ ပြောတယ်"



"ဦးမင်းမင်းက သူ ဘာကျွေးကျွေး စားမှုကြိုက်တယ် ဆရာမရဲ့၊ တစ်ခါတစ်ခါဆိုရင်လဲ ဦးလေးသွန်းဝေ တောပစ်ထွက်ပြီး ချွေးလိုအကောင်ကြီးတွေ ယူလာပြီ ချက်စားတတ်ကြတယ်"

"ချေပါ သမီးရယ်"

စကားဝါကလေး၏ စကားကြောင့် အားလုံး ပျော်သွားကြသည်။

စကားဝါက စကားတတ်သော်လည်း စကားကို အခါ အခေါ် တည့်အောင် မပြောတတ်။ ထို့ကြောင့် စကားဝါ ကလေး၏ စကားတွေက ရယ်စရာဖြစ်နေတတ်သည်။

ဆရာမ မြကြည်ဖြူသည် စကားဝါကလေး၏ ခေါင်းကိုပွတ်ကာ ပြုံးနေမိသည်။

မြကြည်ဖြူသည် ပြုံးရင်းက သန်းဥကလေးတွေ ဖွေးဥလျက် သန်းပေါင်းများစွာရှိနေမည့် စကားဝါလေး၏ဆံပင်ကို မည်သို့ ရှင်းသန့်ရမည်ကို စဉ်းစားနေသည်။

ဪ....ဆရာမဆိုပေမည့် ပညာတတ်အောင် သင်ပေးရုံ မပြီးသေး။

ကလေးများ ဘာစ်ကိုယ်ရေ သန့်ရှင်းဖို့။

သွက်လက်ချက်ချာ၍ လူ့တောထဲဝင်ဆံ့ဖို့ ဆိုတာတွေလည်း ရှိသေးသည်။

"ထမင်းကြော်တွေတော့ ပြန်ယူသွားပါ မမရယ်၊ ကလေး ထမင်းစားပြီးနေပါပြီ၊ နောက်ပြီး သာဂူ သောက်ရတော့မှာပါ"

"ပြန်ယူမသွားပါရစေနဲ့ ဆရာမရယ်၊ သမီးကို ဆရာမတို့က ထမင်းကျွေးထားရလို့ ဆရာမတို့ တစ်ယောက်စာ အတွက် လျော့စားကြရမှာပေါ့၊ ထမင်းကြော်ကလဲ သိပ်မများပါဘူး၊ ဆရာမတို့နဲ့ သမီးလေး မျှစားရင် ကုန်သွားမှာပါ၊ ဒါကိုတော့ လက်ခံပါ"

မယဉ်မေက အရိုးခံအတိုင်း ပြောမိသည်။ မြကြည်ဖြူတို့မှာ ထမင်းကို ခွဲဝက်ကျွေးရရုံမျှမက အော်ရဟစ်ရ သွားရလာရ သဖြင့် ဆာလောင်နေကြရော့မည်။ စကားဝါကလေးကပါ မြကြည်ဖြူ၏ လက်ကိုဆွဲကာ ဝင်ပြောသည်။

"ဟုတ်တယ် ဆရာမ၊ ယူလိုက်ပါ၊ သမီးတို့အားလုံး စားကြမယ်လေ"

မြကြည်ဖြူက စကားဝါလေး၏ ခေါင်းကို ပွတ်နေမိ၏။

ဆရာမမြကြည်ဖြူကယူလိမ့်မည်မဟုတ်မှန်းသိသဖြင့် ဆရာမ တင်အေးကြည်က မယဉ်မေ၏ လက်ထဲမှ ထမင်းကြော်ထုပ်ကို လှမ်းယူလိုက်သည်။ လှမ်းယူပြီးမှ တစ်စုံတစ်ရာကို သတိရသဖြင့် မေးလိုက်သည်။

"ဘာနဲ့ကြော်ထားတာလဲ အစ်မ"

"ကြက်သားနဲ့လို့ ပြောတယ်"



"ဦးမင်းမင်းက သူ ဘာကျွေးကျွေး စားမှုကြိုက်တယ် ဆရာမရဲ့၊ တစ်ခါတစ်ခါဆိုရင်လဲ ဦးလေးသွန်းတို့ တောပစ်ထွက်ပြီး ခွေးလိုအကောင်ကြီးတွေ ယူလာပြီး ချက်စားတတ်ကြတယ်"

"ချေပါ သမီးရယ်"

စကားဝါကလေး၏ စကားကြောင့် အားလုံး ပျော်သွားကြသည်။

စကားဝါက စကားတတ်သော်လည်း စကားကို အဆီအငေါ် တည့်အောင် မပြောတတ်။ ထို့ကြောင့် စကားဝါကလေး၏ စကားတွေက ရယ်စရာဖြစ်နေတတ်သည်။

ဆရာမ မြကြည်ဖြူသည် စကားဝါကလေး၏ ခေါင်းကိုပွတ်ကာ ပြုံးနေမိသည်။

မြကြည်ဖြူသည် ပြုံးရင်းက သန်းဥကာလေးတွေ ဖွေးဥလျက် သန်းခေါင်းများစွာရှိနေမည့် စကားဝါလေး၏ဆံပင်ကို မည်သို့ ရှင်းသန့်ရမည်ကို စဉ်းစားနေသည်။

ဪ...ဆရာမဆိုပေမည့် ပညာတတ်အောင် သင်ပေးရုံနဲ့ မပြီးသေး။

ကလေးများ တစ်ကိုယ်ရေ သန့်ရှင်းဖို့။

သွက်လက်ချက်ချာ၍ လူတောထဲဝင်ဆံ့ဖို့ ဆိုတာတွေလည်း ရှိသေးသည်။

ဝါသနာပါရုံနှင့် မပြီးသေး။

စေတနာ ပါရမည်။

အနစ်နာခံတတ်ရမည်။

နာသုံးနာ ပါမှ ကလေးတို့၏ ဆရာမ ပီသချေမည်။

မြကြည်ဖြူကမူ ဥယျာဉ်မှူးဘဝကို မက်မောသည်။

သူမက သူမ၏ ဥယျာဉ်တွင်းမှ ပန်းကလေးများ လန်းဆန်း ဖွေးပွင့်ပြီး ကမ္ဘာအနှံ့ဝေစေချင်သည့် ဆန္ဒ ပြင်းပြနေသူသာ ဖြစ်ပါလေသတည်း။

## ခါစု ( ၁၃ )

ပန်းဟေဝန်၏ဘံခါးသည် အလျင်စလိုပွင့်သွားသည်။ လိပ်ပြာကလေးတစ်ကောင် ပျံသန်းလာသည်။ လေပြည်တစ်ချက် ဝေ့လိုက်သည်။ သစ်ပင်ပန်းပင်များ ယိမ်းနွဲ့သွား၏။

ခြံစောင့် မောင်စိန်သည် ပန်းဟေဝန်၏အရှင်သခင်တစ်ပါး ဖြစ်သော မင်းမင်းအကြောင်းကို နောကျေအောင် သိထားပြီး ဖြစ်သည်။

မင်းမင်း၏ မော်တော်ဆိုင်ကယ်သံ ကြားသည်နှင့် တံခါး ဖွင့်ပြီးသား ဖြစ်နေသည်။ သို့မဟုတ်လျှင် အဆူအငေါက် ခံရမည်။ အကြိမ်းအမောင်း ခံရမည်။

အဒပါင်းအသင်းများ အပေါ်တွင် ကောင်းတတ်သော မင်းမင်းသည် အိမ်နှာဒဘာ့ မကောင်းတတ်။ ရွှေလိုဥထားခြင်း ခံရသော တစ်ဦးတည်းသောသားမို့ လုပ်ချင်ရာလုပ်တတ်သည်။ စိတ်လိုက်မာန်ပါလည်း လုပ်တတ်သည်။

မင်းမင်းသည် ဖွင့်ထားသောတံခါးမှ ဆိုင်ကယ်ကို စက်ရှိန်မလျှော့ဘဲ ခြံတွင်းသို့ မောင်းဝင်လာခဲ့သည်။ အခါတိုင်းကဲ့သို့ ကိုမောင်စိန်ကို နှုတ်ဆက်ဖော်လည်း မရတော့။ ကမူးရှူးထိုး ဖြစ်နေသည်။

ကိုမောင်စိန် သိလိုက်ပြီ။ မင်းမင်းတစ်ယောက် မူးလာပြီ။ မင်းမင်း၏ အမူးဒီဂရီက မြင့်လျက်ရှိနေပြီ။ ရီဝေရစ်မူးလျက် ရှိသည်။

အပေါင်းအသင်းတွေက သူတို့အိမ် လိုက်အိပ်ဖို့ ပြောကြသည်။ မင်းမင်း ဇွတ်ပေ၍ ပြန်လာခဲ့သည်။ မြင့်ကြူးက ဆိုင်ကယ် မောင်းပေးမည်ဆိုသည်ကိုလည်း လက်မခံခဲ့။ သူကိုယ်တိုင် မောင်းခဲ့သည်။

ခါတိုင်းဆော့ မင်းမင်း အရက်သောက်လာပြီးလျှင် အိမ်သို့ ပြန်မလာချေ။ အရက်သောက်ပြီးလျှင် ဖခင်ဖြစ်သူကို ရင်မဆိုင်ရဲပါ။ ဖခင်ဖြစ်သူက မင်းမင်းကို အဆိုးအကောင်းပြောတတ်သူ မဟုတ်သော်လည်း အနေတည်သူဖြစ်သဖြင့် မင်းမင်း ရှံ့သည်။

မိခင်ကမူ သားကို အချစ်ကြီးသူဖြစ်သဖြင့် ဘာမဆို အလိုလိုက်သည်။ အကြိုက်ဆောင်သည်။ လိုက်လျောသည်။ ခွင့်လွှတ်စိတ် မွေးနိုင်စွမ်းကြီး၏။ သားလုပ်သမျှ စိတ်ရှည်လက်ရှည် အကူအညီပေးတတ်သည်။

မင်းမင်းသည် သူလုပ်သမျှ လူကြီးက ဘာမှ အပြစ်စကား မဆိုဘဲ ခွင့်လွှတ်နေသောအခါ သူ့ကို လူကြီးတွေက ဘာလုပ်လုပ် ဘာမှ မပြောတော့ဟု အထင်ရောက်လာခဲ့သည်။ သူ



လုပ်ချင်တာ လုပ်ပိုင်ခွင့်ရှိသည်ဟုလည်း ထင်လာသည်။ သူတို့လည်း ရပြီးနေပြီဖြစ်၍ သူ့ကိုယ်သူ ပိုင်သည်ဟု ယူဆလာသည်။ ထိုအယူအဆများသည် ယခင်က ငုပ်လျှိုးနေဘတ်သော်လည်း အရက်မူးသည့်အခါတွင် ပေါ်လာတတ်သည်။

ယင်းကြောင့် ယခုတခေါ် မင်းမင်း အရက်မူးလာလျှင် ယခင်ကကဲ့သို့ လူကြီးများရှေ့တွင်လို မနေတော့။ အိမ်ကို ဇွတ်တရွတ် ပြန်လာတတ်သည်။

"အိမ်ပြန်တော့လဲ ဘာဖြစ်သေးလဲ မြင့်ကြူးရ၊ ငါ ဘွဲ့ရပြီးပြီ၊ အသက်လဲ နှစ်ဆယ်ကျော်နေပြီ၊ ငါ့ကြမ္မာ ငါ ဖန်တီးနိုင်တဲ့ လူကြီးဖြစ်နေပြီ၊ မဲဆန္ဒပေးနိုင်တဲ့ အခွင့်အရေးလဲ ရခဲ့တာကြာပြီ၊ ငါ့အိမ်က လူကြီးတွေ အကြောင်း ငါသိပါတယ်ကွာ၊ မတားကြနဲ့၊ ငါ သူတို့ ဖြစ်စေချင်တာအားလုံး လုပ်ပေးခဲ့ပြီးပြီ၊ ဒါကြောင့် ငါ ဘာလုပ်လုပ် ခွင့်လွှတ်ဘတ်ကြတယ်ကွ၊ ကဲ....ငါ ပြန်မယ်၊ ငါ့အတွက် ဘာမှမပူနဲ့၊ ငါက အရင်ကလို ပိစိကွေးမင်းမင်း မဟုတ်ဘူးကွ၊ ရောမ မင်းမင်း၊ဘီအေ မင်းမင်းကွ၊ ဟား....ဟား"

မြင့်ကြူးတို့က မင်းမင်းနှင့် ငယ်သူငယ်ချင်းများ ဆိုသည့်တိုင် မင်းမင်း၏ မိဘများအကြောင်းကို အစင်းသိ၊ အတွင်းသိများ မဟုတ်ကြ။ အပေါ်ယံဖြင့်သာ သိကြသည်။ သား တစ်ယောက်တည်း ရှိသည်။ ငွေကြေး ချမ်းသာသည်။ အလိုလိုက်သည်။ သည်မျှလောက်သာ သိကြသည်။

သူတို့အားလုံးက ကိုယ့်လုပ်ငန်းမှာသာ နစ်မြုပ်နေသည့်အချိန်တွေကလည်း များသည်။ ကျောင်းပြီးသည်နှင့် မြင့်ကြူးက မန္တလေးတိုင်း သမဝါယမအသင်းစုတွင် အလုပ်ရသွားသည်။ စိုးဟိန်းက ရန်ကုန်တက်သည်။ ပုံနှိပ်တိုက်တစ်တိုက်တွင် စာပြင်ဆရာလုပ်ရင်း စာရေးဆရာဖြစ်ရန် ကြိုးစားနေသည်။

ဗိုလ်ထွန်းလင်းကျော်နှင့် ချစ်တိုင်းအောင်က ဆယ်တန်းအောင်ပြီးကတည်းက တာဝန်ကိုယ်စီနှင့်။ ဗိုလ်ထွန်းလင်းကျော်က ဗိုလ်သင်တန်းတက်သည်။ ချစ်တိုင်းအောင်က မိဘများကုန်သည်လုပ်ငန်းတွင် ဝင်ကူသည်။

သူတို့သည် အရက်နှင့်ပတ်သက်၍ အပျော်သဘောသာသောက်ကြသည်။ အားလုံး အရက်သမားများ မဟုတ်ကြ။ ထိုအပျော်သဘောကလေးများသည် ရက်ဝေးတတ်ပါ၏။ တစ်လမှတစ်ကြိမ်၊ နှစ်ကြိမ်မျှသာ။ ဒါကလည်း လူစုံဦးမှ။ တစ်ယောက်ယောက်က လူစုံအောင် စုစည်းနိုင်ဦးမှ။

မင်းမင်းသည် မော်တော်ဆိုင်ကယ်ကို ပန်းဟောဝန်၏ ပေါ်တီကိုအောက်တွင် ထိုးရပ်လိုက်သည်။ စက်သော့ပိတ်၍မှန်ဘာမှန်း မသိတော့။ မော်တော်ဆိုင်ကယ်ပေါ်မှ ဆင်းသည်။ ဒေါက်ကို မူးမူးရူးရူးနှင့် ထောက်သည်။ ခြေထောက်နှင့် ဆယ်ခါထက်မနည်း ဒေါက်ကိုကန်ပါမှ ဒေါက်ပြုတ်သည်။

မင်းမင်းအခြေအနေကို အပေါ်ထပ် ပြတင်းပေါက်မှ မမှိတ်မသုန် ကြည့်နေသူတစ်ဦးရှိသည်။ မင်းမင်း၏ဖေဖေ အငြိမ်းစားဒုတိယဗိုလ်မှူးကြီး ဦးမင်းထင်ပါတည်း။



ဦးမင်းထင်သည် ငါးသုံးလုံးစီးကရက်ကို ရှူရှိုက်လေးမဖွာမိဖင်စီခံကို တင်းတင်းကိုက်ထားသည်။

သားဖြစ်သူ၏ မော်တော်ဆိုင်ကယ်သံကို ကြားကတည်းက စာကြည့်ခန်းတွင် စာကြည့်နေရင်း ထကြည့်မိသည်။

သားအမေ ဒေါ်သူဇာလှိုင်သည်လည်း အနားတွင် ရှိနေသည်။ သူ့သားလေး ဝတ်ရန်ဆိုပြီး သိုးမွှေးဆွယ်တာ တစ်ထည် ထိုင်၍ထိုးနေသည်။

ဒေါ်သူဇာလှိုင်သည် မော်တော်ဆိုင်ကယ်သံ ကြားသည်နှင့် ဦးမင်းထင်နောက်ပါးမှ ကပ်ပါလာကာ ပြတင်းဝမှထ၍ ကြည့်မိသည်။

သား မော်တော်ဆိုင်ကယ် စီးလာပုံက အသည်းယားစရာကောင်းလှသည်။ အရှိန်ပြင်းသည်။ ယိမ်းခါနေသည်။

"မင်းသားတော့ ပေါက်လာပြီနဲ့ တူတယ်"

"မဖြစ်နိုင်ပါဘူး ကိုကိုရယ်၊ သားလေးက ဒါလောက်မမိုက်ပါဘူး"

ဒေါ်သူဇာလှိုင်က ပြောင်ကာကွယ်၏။

"မင်းကသာ မပေါက်ဘူး ပြောနေ၊ ဒီကောင် အခုပေါက်ပေါက်လာတာ သုံးလေးကြိမ်ရှိပြီ မအေကြီးရဲ၊ ကိုကိုမသိအောင် မအေကြီး ဖုံးကွယ်နေတဲ့အကြိမ်တွေလဲ ရှိမှာပဲ"

"မဖုံးကွယ်ပါဘူး ကိုကိုရယ်၊ တကယ်ပေါက်လာတာက နှစ်ကြိမ်လောက်ပါ၊ တကြိမ်က သူ့သူငယ်ချင်း

တစ်ယောက် မွေးနေ့လုပ်တာ၊ တစ်ကြိမ်ကလဲ သူ့သူငယ်ချင်း စာမေးပွဲအောင်လို့ ပါတီပေးတာပါ”

“အကြောင်းပြချက်တွေကတော့ အမျိုးမျိုးပေါ့ကွာ၊ အကြိမ်ပေါင်း များလာရင်တော့ ကိုကို သည်းမခံနိုင်တော့ဘူးနော်၊ လွတ်လပ်မှုဆိုတာ တန်ဖိုးထားတတ်တဲ့ လူကိုမှ ပေးသင့်တယ်ကွ”

“ကလင်....ကလင်....ကလင်....ကလင်”

ဦးမင်းထင်နှင့် ဒေါ်သူဇာလှိုင်တို့ စကားပြောနေစဉ်မှာပင် အောက်ထပ်မှ လျှပ်စစ် လူခေါ် ခေါင်းလောင်းသံက မြည်လာ၏။ ခေါင်းလောင်းသံက ရပ်နားသည် မရှိ။ အဆက်မပြတ် မြည်နေ၏။

“ကလင် ကလင် ကလင် ကလင်”

“ကဲ.... သွားလိုက်ပါဦးကွာ၊ မင်း သားတော်မောင် မူးလာတာ ကျိန်းသေနေပြီ၊ ခက်တော့ ခက်နေပါပြီ”

“ကလင် ကလင် ကလင် ကလင်”

ဒေါ်သူဇာလှိုင်သည် တံခါးဖွင့်ရန်အတွက် အောက်ထပ်သို့ အပြေးကလေး ဆင်းလာခဲ့သည်။

အောက်ထပ် ရောက်သည့်တိုင် လျှပ်စစ်ခေါင်းလောင်းသံက မြည်နေဆဲပင် ရှိသေးသည်။ မတတ်သာတော့။ ဒေါ်သူဇာလှိုင်သည် သားဖြစ်သူ အသံကြားအောင် ခပ်ကျယ်ကျယ် ပြောလိုက်ရသည်။

“လာပြီ သားရေ၊ ဘဲလ် မနှိပ်နဲ့တော့”



မင်းမင်းသည် ဒေါ်သူဇာလှိုင်၏ အသံကိုတော့ ကြားဟန်တူသည်။ လျှပ်စစ် ခေါင်းလောင်း ခလုတ်ကို နှိပ်နေရာမှ ရပ်တန့်လိုက်သည်။

ဒေါ်သူဇာလှိုင် တံခါးဆီသို့ လျှောက်လာသည်။ အသင့်ပါလာသော သော့ဖြင့် တံခါးကို ဖွင့်သည်။

“မေမေကလဲဗျာ၊ ဒီမှာ ဘဲလ်နှိပ်ရတာ လက်ကို အံခသေတော့မယ်”

ဗြူစူသော အာလေး လျှာလေးသံဖြင့် ဆိုသည်။

မင်းမင်း ပါးစပ်မှ အရက်နံ့ကို ဒေါ်သူဇာလှိုင် ရလိုက်၏။

စင်စစ် ဒေါ်သူဇာလှိုင်သည် အရက်နှင့် မစိမ်း။ ဦးမင်းထင်သည်လည်း အရက်ကို တစ်ခါတစ်ရံ သောက်တတ်သူပင် ဖြစ်သည်။ ကပ်ထဲမှာ ရှိစဉ်ကတည်းက အခမ်းအနားများ၊ ပါတီပွဲများတွင် မိ ်ဖြစ် ဆွေဖြစ် သောက်လေ့သောက်ထ ရှိခဲ့သည်။ ရှောင်းမှာကျတော့ ကျန်းမာရေးအတွက် သောက်ရသည်။ ယခု အသက်အရွယ် ရလာတော့လည်း အရက်ကို ဖြတ်သည်မဟုတ်။ လိုအပ်လျှင် သောက်လေ့သောက်ထ ရှိသည်။

သို့သော် အလွန်အကျွံ ဘယ်တော့မှ မသောက်၊ အလွန်အကျွံလည်း အဖြစ်မခံ။ သူ၏ သိက္ခာကို ထိန်းသိမ်းနိုင်စွမ်း ရှိသူပင် ဖြစ်သည်။

“သား အရက်တွေ သောက်လာပြန်ပြီလားကွယ်”

သည်တစ်ခါ ဘယ် ပါတီပွဲ ပြောမည်ကို နားစွင့်နေမိသည်။

မင်းမင်း ထံမှ စကားပြန် မရ။

ယိုင်ထိုး ယိုင်ထိုးဖြင့် အိမ်ထဲသို့ ဝင်လာသည်။

အကြောင်းသိဖြစ်သော ခြံစောင့် ကိုမောင်စိန်က မှောင်ရိပ်မှနေ၍ အိမ်ထဲသို့ ဝင်လာသည်။

"အစ်မကြီး၊ ကျွန်တော် ဘာလုပ်ပေးရမလဲ"

"အေး၊ အတော်ပဲ မောင်စိန်ရေ၊ သားကိုတွဲပြီး သူ့အခန်း သွားပို့ပေးလိုက်ပါကွယ်"

ဒေါ်သူဇာလှိုင်က ပြောသဖြင့် ကိုမောင်စိန် မင်းမင်းကို ဝင်တွဲသည်။

မင်းမင်း ဘာမှ ပြန်မပြော။

ကိုမောင်စိန် တွဲရာသို့ပါသွားသည်။ ကိုမောင်စိန် အရပ်က ပုပု၊ မင်းမင်း အရပ်က ရှည်ရှည်။ ပြီးတော့ ကိုမောင်စိန် ခန္ဓာကိုယ်က ညှက်သေးသည်။ ထို့ကြောင့် မင်းမင်းကို အိပ်ရာထဲရောက်အောင် မနည်း တွဲ၍ ပို့ရသည်။

ဒေါ်သူဇာလှိုင်သည် သော့ကို ကိုင်၍ ငိုင်နေမိသည်။

စိတ်ဓာတ် ခိုင်မာတင်းပြတ်လှပြီး တစ်ခုခုကို ပြတ်ပြတ်သားသား လုပ်တတ်သော ဦးမင်းထင်အား ဘယ်လို ပြောရမည်ကို စဉ်းစားနေမိသည်။

ဦးမင်းထင်သည် စိတ်အလွန်ရှည်သူပင်ဖြစ်သည်။ တစ်ခုခုကို အလျင်စလို မလုပ်တတ်၊ လုပ်လေ့မရှိ။ သေသေချာချာ ဆုံးဖြတ်ပြီးမှ လုပ်လေ့ရှိသည်။ လုပ်ပြီဆိုလျှင်လည်း ဘယ်သောအခါမှ ပြန်လည် ပြင်ဆင်တတ်သူ တစ်ဦး မဟုတ်။

"အစ်မကြီး၊ မင်းမင်းကို ကျွန်တော် သေသေချာချာ သိပ်ထားခဲ့တယ်၊ အကြောင်းရှိရင် ကျွန်တော့်ကို ခေါ်လိုက်ပါ၊ ကျွန်တော် ပြန်မယ်"



"အေး အေး"

ကိုမောင်စိန် ပြန်ရောက်လာမှ ဒေါ်သူဇာလှိုင် အတွေးများ ပြတ်သွားသည်။

ကိုမောင်စိန် အပြင်သို့ ထွက်သွားသည်။

ဒေါ်သူဇာလှိုင်သည် သံဘာဂျာ တံခါးကို သော့ခတ်လိုက်သည်။

ဒေါ်သူဇာလှိုင်၏ ပါးပြင်တွင် မျက်ရည်များ စီးကျလာ၏။

"ဘုရား ဘုရား ဘုရား၊ ငါ သူ့ အဖေကို ဘယ်လို ပြောရမလဲ၊ ငါ့ သားကလေး အရက်များစွဲနေပြီလား"

ဒေါ်သူဇာလှိုင်၏ ရင်ထဲမှ စကားများသည် အပြင်သို့ မထွက်နိုင်ဘဲ ရင်ထဲတွင် လှုပ်ခတ်နေသည်။

သားအတွက် စိုးရိမ်စိတ်ကြောင့် မျက်ရည်များ ဖြေမဆည်နိုင်တော့။

"ဖြစ်ရလေ သားလေးရယ်"

"ဩော်.... မင်းမင်းရယ်"

ခန်း (၁၄)

နာရီ အချက်ပေးသံ မြည်လာသည်။

မြကြည်ဖြူ စာကြည့်နေရာမှ စားပွဲပေါ်မှ နာရီကို ဖျတ်

ကြည့်လိုက်သည်။

"အို... ကိုးနာရီတောင် ထိုးနေပြီပဲ"

အခြား စားပွဲတစ်လုံးတွင် စာကြည့်နေသော မြကြည်ဖြူ

ညီမလေး မြသဲဖြူနှင့် မြသဲနုတို့ကလည်း နာရီသံကြော

မြကြည်ဖြူကို လှမ်းကြည့်သည်။

"နေ နေ၊ ညီမလေးတို့ စာ ဆက်ကြည့်ကြ၊ မမ ဆို

သွားသိမ်းလိုက်မယ်"

မြကြည်ဖြူက ညီမလေး နှစ်ယောက်ကို လှမ်းပြောပြီး

လက်စ စာအုပ်ကို စားပွဲပေါ် ချထားလိုက်သည်။

ဆိုင်ကလေးမှာ အိမ်ဆိုင်ကလေး ဖြစ်သည်။ အိမ်မကြီး

ခြေရင်းခန်း တစ်ခြမ်းကို ဆက်လျက် ခြံစည်းရိုးအထိ အဆော

ထုတ်၍ အိမ်ဆိုင်ကလေး လုပ်ထားခြင်းပင်။



မီးဖိုချောင်သုံး ပစ္စည်းကလေးများ စုံအောင် ကားရှိသည်။ ဆန်၊ ဆီ၊ ဆား၊ အာလူး၊ ကြာဆံ၊ ပဲ၊ ငရုတ်၊ ကြက်သွန်မှအစ မီးခြစ်၊ ပေတံ၊ မီးခြစ်ကျောက်၊ ရေနံဆီ၊ မီးဇာမှုန်အိမ်၊ တံမြက်စည်း၊ အုန်းဆံကြိုး၊ ခဲတံခဲဖျက်၊ ဗလာစာအုပ် စသော လူသုံးကုန်ပစ္စည်းများ စုံအောင် တင်ထားသည်။ အသေးစား စတိုးဆိုင်တစ်ဆိုင်နှင့် မခြားလှပါချေ။

ဒေါ်အေးဖြူသည် မျက်မှန်ကြီး တကားကားဖြင့် စာအုပ်ကြီးကို ချလျက် တစ်နေ့တာ ရောင်းရသမျှ စာရင်းကို တွက်မှတ်နေ၏။

"ဒီနေ့ ရောင်းကောင်းရဲ့လား မေမေ"

"ကောင်းပါတယ်၊ ဒါပေမယ့် အကြွေးတော့ များတယ်"

"လကုန်ရက်ဆိုတော့ ဒီအတိုင်းပေါ့ မေမေ၊ ရောင်းကောင်းတာ တော်သေးတာပေါ့"

ပြောပြီး မြကြည်ဖြူက ဆိုင်ပြင်တွင်ထားသည့်ပစ္စည်းများကို ဆိုင်ထဲ သွင်းနေ၏။

ဒေါ်အေးဖြူကတော့ စာရင်းစာအုပ်နှင့် ဆက်၍ အလုပ်ရှုပ်နေသည်။

ဆိုင်သိမ်းချိန်ဆိုလျှင် ဒေါ်အေးဖြူ သည့်သို့ပင် အလုပ်ရှုပ်တတ်မြဲပင် ဖြစ်သည်။

တစ်နေ့တာ ရောင်းရသမျှကို သေချာစွာ စစ်ဆေး တွက်ချက်ရသည်။ ပြန်ဝယ်ရမည့် ပစ္စည်းစာရင်းကိုလည်း မှတ်သား

ထားရ၏။ ဘယ်ရွှေ့ဘယ်မျှမြတ်သည်။ မည်သည့်ပစ္စည်းက အစွဲ့ပေါ်သည်ကိုလည်း ဂရုပြုရသည်။

ဆိုင်ကို ဒေါ်အေးဖြူက ပင်တိုင်ထိုင်သည်။ မြကြည်ဖြူတို့ညီအစ်မတစ်တွေက အလျဉ်းသင့်သလို ကူညီရ၏။

ဒေါ်အေးဖြူသည် ယောကျ်ားမရှိသည့်တိုင် စိတ်ဓာတ်ကတော့ မကျ၊ သမီးတွေ မျက်နှာမငယ်စေရအောင် အလံမလှဲစိတ်ဓာတ်ဖြင့် ဘဝကို ရင်ဆိုင် တိုက်ပွဲဝင်နေသူပင် ဖြစ်သည်။

သူမ၏ ယောကျ်ားမှာ ကျောင်းအုပ်ဆရာကြီး ဖြစ်၏။ တမြန်နှစ်ကမှ ကွယ်လွန်သွားခဲ့သည်။

လင်ယောကျ်ား မရှိသော်လည်း ဒေါ်အေးဖြူ အားမငယ်ခဲ့၊ အားငယ်နေ၍လည်း မဖြစ်ပါချေ၊ သူမကိုယ်တိုင်က စိတ်ဓာတ်ကျနေလျှင် သားသမီးတွေက ပို၍ စိတ်ဓာတ်ကျမည်သည်တော့ မာန်တင်းရသည်။ သားသမီးတွေကိုလည်း အားပေးရသည်။

သားသမီးဆို၍ လက်ရှိ သူမတွင် သမီးသုံးယောက်သာရှိသည်။ ဒုတိယမြောက် သားကြီးတစ်ယောက်တော့ ရှိခဲ့၏။ သို့သော် တစ်ဦးတည်းသော သားကလေးက သက်ဆိုးမရှည်ရှာ။ ဆယ်နှစ်သားအရွယ်တွင် ကွယ်လွန်ခဲ့သည်။

ယောကျ်ားကလည်း တမြန်နှစ်က ကွယ်လွန်သွားခဲ့သည်ဆိုတော့ သမီးသုံးယောက်အား ကြက်မကြီးက ကြက်ကလေးတွေကို ရင်အုပ်မကွာ ပြုစုံသလို ပြုစုပျိုးထောင်ပေးနေရသည်။



ယခင်က ဒေါ်အေးဖြူတို့မိသားစုမှာ မြေလတ်ပိုင်း ချောက်မြို့တွင် နေသည်။ သူမ ယောကျ်ားရှိစဉ်ကတည်းက ဒေါ်အေးဖြူမှာ အရောင်းအဝယ်နှင့် ယှဉ်ပါးခဲ့ရ၏။ သားသမီးတွေများ လာတော့ ယောကျ်ား လစာ နှင့် မလောက်ချေ။ သည်တော့ ဒေါ်အေးဖြူ ဈေးထဲမှာပင် ကုန်ခြောက်ဆိုင်ကလေးဖွင့်ကာ တစ်ဖက်တစ်လမ်းက ဝင်ငွေရှာခဲ့ရ၏။

ယောကျ်ား ကွယ်လွန်သောအခါ အိမ်ထောင့်တာဝန်က ဒေါ်အေးဖြူထံ လုံးလုံးလျားလျား ပုံကျလာခဲ့သည်။ သို့သော် ဒေါ်အေးဖြူ စိတ်မပျက်၊ အားမငယ်၊ သားသမီးတွေ မျက်နှာမငယ်ရအောင် ရုန်းကန်ခဲ့သည်။ ထို့ကြောင့် သမီးကြီးပင် ဘွဲ့ရခဲ့ပြီ။ သူ ဝါသနာပါသော နေ့ကလေးထိန်းကျောင်းနှင့်သည့် အလုပ်ကလေးကို ပျိုးထောင်ပေးနိုင်ခဲ့သည်။

သမီးကြီး မြကြည်ဖြူကလည်း လိမ္မာရေးခြား ရှိသည်။ မအေ့သွေးပါသည်ဟုလည်း ပြောနိုင်သည်။ ကလေးသူငယ်များကို ပြုစုပျိုးထောင်ရသည့် အလုပ်ကို ခုံခုံမင်မင် ဝါသနာပါ၏။ ဤသည်ကိုပင် ဒေါ်အေးဖြူကလည်း ကျေနပ်နေပါ၏။

"ဆိုင်တံခါးတွေ ပိတ်လိုက်ရတော့မလား မေမေ"

မြကြည်ဖြူက မိခင်ဖြစ်သူကို လှမ်းပြောသည်။

"အေး သမီး....ပိတ်လိုက်တော့၊ ဝယ်သူမှ မလာတော့တာပဲကွယ်"

မြကြည်ဖြူ ဆိုင်တံခါးများပိတ်ပြီးချိန်တွင် ဒေါ်အေးဖြူသည်လည်း စာရင်းအင်းများ တွက်ချက်ပြီးနေပြီ၊ သူမ၏ တစ်နေ့တာလုပ်ငန်း ပြီးစီးခဲ့ပြီ။

အိမ်တံခါးများ လုံခြုံစွာပိတ်ပြီးနောက် ညီအစ်မ သုံး ယောက်သား ပြိုင်တူ ဘုရားဝတ်ဖြည့်ကြသည်။ ဤသည်အ ငယ်စဉ်ကတည်းက ဖခင်ကြီး၏ ဆုံးမသင်ပြပေးထားသော အကျင့်ပင် ဖြစ်သည်။ ဖခင်ကြီး၏ ကျေးဇူးကြောင့် အရွယ် ရောက်သည့်တိုင် အနုခန္တာအနန္တငါးပါးကို မမေ့တော့။

ဘုရားဝတ်ဖြည့်ပြီးနောက် ညီအစ်မသုံးယောက်သား မိခ ကြီး ဒေါ်အေးဖြူကို ကန်တော့ကြသည်။

မေမေ့ကို ကန်တော့တိုင်း မြကြည်ဖြူ မျက်ရည်လည်ချ သည်။ ဖေဖေ့ကို သတိရသောကြောင့်ပင် ဖြစ်သည်။ ဖေဖေ ရှိစဉ်ကတော့ မိဘနှစ်ပါးစလုံးကို ပြိုင်တူ ကန်တော့ကြရ၏ ဖေဖေက ကန်တော့ပြီဆိုလျှင် ဆုတွေ တရှည်တဝေး ပေးလေ့ ရှိသည်။ ဖေဖေ နောက်ဆုံးပေးလေ့ရှိသောဆုမှာ စိတ်သွ တိုင်း ကိုယ်ပါ၍ လိုအင်ဆန္ဒပြည့်ပါစေဆိုသည့် ဆုပင် ဖြ သည်။

မြကြည်ဖြူအတွက် ဖေဖေပေးသောဆု ပြည့်သည်ဟု ဆို မည်။ သူမဆန္ဒရှိသည့်အတိုင်း တက္ကသိုလ်မှ ဘွဲ့တစ်ခုရအော ယူနိုင်ခဲ့သည်။ သူမ ဖွင့်ချင်သည့် နေ့ကလေးထိန်း ကျောင်းကို လည်း ဖွင့်နိုင်ခဲ့သည်။

သည်အလုပ်က ချမ်းသာမည့်အလုပ် မဟုတ်သည့်တို မြကြည်ဖြူအတွက်ကတော့ စိတ်ချမ်းသာသည်။ ပျော်သည် ကျေနပ်သည်။



လူသည် ရရှိသောဘဝကို ကျေနပ်နေသည်ဆိုလျှင် တစ်နည်းအားဖြင့် စိတ်ချမ်းသာနေသည်ဟု ဆိုနိုင်သည်သာတည်း။

မြကြည်ဖြူသည် မေမေ့ကို ကန်တော့ပြီး စိတ်အေးချမ်းသာ အိပ်ရာဝင်ခဲ့သည်။

သည်ကနေ့မှာ အခါတိုင်းလိုတော့ ရုတ်တရက် အိပ်မပျော်ပါချေ။ အတွေးက ဟိုရောက်သည်ရောက် ရောက်လျက်ရှိသည်။

နောက်ဆုံး မြကြည်ဖြူ၏ စိတ်လိပ်ပြာ စကားဝါကလေးထံသို့ ရောက်သွားသည်။

စကားဝါကလေးက ချစ်စရာကောင်းသလောက် ဆင်းရဲပုံရသည်။ သူ့အမေကိုသည်း နွမ်းနွမ်းပါးပါးအသွင်နှင့် မြင်ခဲ့ရသည်။

သူ့ဦးလေး ဆိုသူကတော့ အပျံစားထဲက ဖြစ်သည်။ မော်တော်ဆိုင်ကယ် အကောင်းစားကြီးနှင့် ... သည်။ သားရေတုဂျာကင်နှင့် တံဆိပ် ဂျင်းဘောင်းဘီ ဝတ်လျက် ဟိုက်ဟီးဖိနပ်စီး၍ ရှိုးအပြည့်ဆင်ထားသည်။ အမှန်တော့ သူ့ကို တွေ့ခဲ့ရသည့် သည့်အလျင်ကလည်း ရှိုးအပြည့်နှင့်ပင် ဖြစ်သည်။

လူကလည်း လူချော၊ သဘောကောင်းပုံလည်း ရသည်။

သူက....သူက။

"သူက မင်းကိုစိတ်ဝင်စားနေတာ မြကြည်ဖြူ"

တင်အေးကြည် ပြောခဲ့သောစကားကို ကြားယောင်လာသည်။

"အို....သူ့ဟာသူ သူစိတ်ဝင်စားတာ ငါနဲ့ဘာဆိုင်လဲ"

မြကြည်ဖြူ မျက်လုံးအစုံကို မှိတ်ထားလိုက်သည်။

သို့ပါလျက်။

သူမ၏ အမြင်အာရုံတွင် မင်းမင်းဆိုသည့်လူ၏ မျက်နှာတဘွားဘွားကြီး ပေါ်လာသည်။

●

## ခန်း (၁၅)

"မြကြည်ဖြူရယ်၊ စိတ်မဆိုးပါနဲ့ကွယ်"

မင်းမင်း၏ ပါးစပ်မှ တဘွတ်တွတ် ရေရွတ်သံကြောင့် အခန်းထဲမှာရှိသော ဒေါ်သူဇာလှိုင် ငိုက်နေရာမှ ဖျတ်ခနဲ နိုးလာခဲ့သည်။

မင်းမင်းသည်လည်း နိုးတစ်ဝက် အိပ်မက်ထဲတွင် မြကြည်ဖြူကို ဘမ်းတဲနေပါ၏။ မျက်နှာက ပြုံးနေသည်။

ဒေါ်သူဇာလှိုင်သည် သားကို ကြည့်လိုက်မိသောအခါ ရင်ဘတ်ပေါ်တွင် စောစောက တင်ထားသော စောင်ခေါက်ထလေးကို မတွေ့ရတော့။ ဘေးသို့ ပုံကျနေသည်။

မင်းမင်းသည် မျက်လုံးကို မဖွင့်။ ခုတင်ပေါ်တွင် လူးလှိမ့်နေသည်။ ပါးစပ်ကလည်း ကယောင်ကတမ်း ပြောလို့၊ ဆိုလို့၊ ညည်းလို့၊ တမ်းတလို့။

"မြကြည်ဖြူရယ် ကိုယ့်ကို ခွင့်လွှတ်ပါကွယ်"

ဟော....တစ်ကျော့ပြန် ထပ်၍ ယောင်နေပြန်ပြီကော။

ဒေါ်သူဇာလှိုင်သည် သားဖြစ်သူ၏ အဖြစ်ကို ကြည့်ပြီး မျက်ရည်များ စို့တက်လာသည်။ အပေါ်ထပ်မှ ဖအေကြီး ကြားသွားမည်ကိုလည်း စိုးရိမ်သည်။

မင်းမှင်း ပြန်ရောက်လာပြီးနောက် ခုတင်ထက်တွင် မင်းမင်းကို နေသားတကျ သိပ်ထားပြီး ဒေါ်သူဇာလှိုင် အိမ်ပေါ်ထပ်သို့ တက်ခဲ့သည်။

အပေါ်ထပ်တွင် စောင့်နေသော ဖအေကြီးက မင်းမင်း အကြောင်းကို ဆီးမေးသည်။

"ဟိုကောင် အရမ်းသောက်လာတယ် မဟုတ်လား"

ဒေါ်သူဇာလှိုင် ဖုံးကွယ်ရ ခက်သွားရသော်လည်း မဖုံးသာ မကွယ်သာ ဖုံးကွယ်လိုက်သေး၏။

"သူငယ်ချင်း တစ်ယောက် ရာထူးတိုးလို့တဲ့၊ မသောက် မဖြစ်လို့ သောက်တာပါတဲ့ ကိုကိုရယ်"

ဦးမင်းထင် ဘာမှ မပြော။ မျက်နှာမှာ တည်ငြိမ် လှသည်။ မျက်လုံးတွေက အရည်လက်နေသည်ဟု ထင်သည်။ ထိုတည်ငြိမ်မှုကိုပင် ဒေါ်သူဇာလှိုင် စိုးရိမ်နေပါသည်။ တည်ငြိမ်သည်ဆိုသော်ငြား မျက်လုံးများကိုတော့ မဖုံးကွယ်နိုင်။ မျက်လုံးတွေက ဝမ်းနည်းကြေကွဲခြင်းအရိပ်အယောင် သမ်းလျက်။

ဦးမင်းထင် ဘာမှ မပြောဘဲ အိပ်ရာထဲ ဝင်သည်။ ဒေါ်သူဇာလှိုင်သည်လည်း အောက်ထပ်သို့ ဆင်းခဲ့သည်။ သား၏



အိပ်ခန်းထဲမှာပင် ပက်လက်ကုလားထိုင် ခင်းလျက် သား၏ အခြေအနေကို စောင့်ကြည့်နေခဲ့သည်။

မှုးနေတုန်း သားကို ဆူပူကြိမ်းမောင်းခြင်း မလုပ်ချင်။ မှုးခင်လည်း ဘယ်သောအခါ ကာလကမှ ဆူပူကြိမ်းမောင်းခြင်း မပြုခဲ့။ ဆူပူကြိမ်းမောင်းခြင်းကို မဆိုထားနှင့်။ သား မျက်နှာ ညှိုးမည့် သားစိတ်ဆင်းရဲမည့် ကိစ္စမှန်သမျှကို ရှောင်ခဲ့သည်။

ယခုတော့ သည်သားက မိဘတွေ စိတ်ဆင်းရဲမည့် ကိစ္စ ဟူသမျှကို လုပ်နေပါလား။

ဒေါ်သူဇာလှိုင် ပက်လက် ကုလားထိုင်ပေါ်မှ ထ လိုက်သည်။ သား၏ ခုတင်နားသို့ တိုးကပ်လာခဲ့သည်။

မင်းမင်းကတော့ ဘာမှ မသိ၊ အိပ်မက်ကမ္ဘာထဲ ရောက်နေသည်။ အိပ်မက်ကမ္ဘာထဲမှာ မြကြည်ဖြူနှင့် နှစ်ပါးကြည်ကာ စကားပလီနေ၏။

ဒေါ်သူဇာလှိုင်သည် မင်းမင်းဘေးတွင် ကျနေသော စောင်ခေါက်ကလေးကို ယူ၍ လူးလှိမ့်နေသော မင်းမင်း၏ ကိုယ်ကို နေသားတကျ ဖြစ်စေပြီး ရင်ဘတ်ပေါ် ပြန်တင်ပေးလိုက်သည်။

မင်းမင်း၏ တစ်ကိုယ်လုံး ချွေးစေးများ ပြန်လျက်ရှိသည်။ အရက်နံ့ ထွက်နေ၏။ အရက်ချွေးတွေ ဖြစ်ပေမည်။

ဒေါ်သူဇာလှိုင်သည် မင်းမင်း၏ ခန္ဓာကိုယ်ကြီးကို နေသားတကျ ပြုပြင်ပေးလိုက်သဖြင့် မင်းမင်း မှုးလျက် အိပ်

ပျော်ရင်း အိပ်မက်လိုလို အတွေးလိုလိုဖြင့် ကတိမ်းကပါး ဖြစ်နေရာမှ ပြန်လည် သတိရလာသည်။

ပထမဦးဆုံး အသိမှာ ရင်တွင်း၌ မီးတောက်နေခြင်းပင်။

နေဆယ်စင်း ပူပြင်းလျက် လောက်မြိုက်ကျွမ်း ဖြစ်နေပြီလား။ တောမီးက ရင်ထဲတွင် လောင်နေပြီလား။

နှုတ်ခမ်းတွေကခြောက်သယောင်းလျက်ရှိပြီးပါးစပ်အတွင်းပပ်ကြားအက်ကွဲနေသလိုပြီ။ ရင်တစ်ပြင်လုံး ဆူပွက်နေသည်လား။

"ရေ....ရေ"

မင်းမင်း မျက်လုံးကို မဖွင့်ဘဲ ပါးစပ်လှုပ်သည်။

ဒေါ်သူဇာလှိုင်သည် ကပျာကယာပင် အခန်းထောင့်ရှိရာသို့ အပြေးသွားပြီး ကြွေရေအိုးထဲမှ သောက်ရေ တစ်ခွက် ခပ်ရသည်။ သားဖြစ်သူကို လှုပ်နှိုးရသည်။

"မင်းမင်း၊ သား၊ မင်းမင်း"

"အင်း...."

သည်တော့မှ မင်းမင်း မျက်လုံးကိုဖွင့်သည်။ ဒေါ်သူဇာလှိုင်ကို တွေ့တော့ အံ့ဩနေသည်။

ဒေါ်သူဇာလှိုင် မင်းမင်းကို သောက်ရေခွက်လှမ်းပေးသည်။

"သား ရေသောက်မလို့ဆို၊ သောက်လေ"

"ဟင်....မေမေ"

"သား ရေသောက်ချင်တယ်ဆို"

မင်းမင်း မျက်လုံးပြူးရပြီ၊ မေမေသည် အခန်းထဲသို့ ဘယ်အချိန်က ရောက်နေခဲ့ပါသနည်း။ သူကကော အခန်းထဲတွင် ဘယ်နည်းဘယ်ပုံဖြင့် ရောက်ရှိနေပါသနည်း။



သူ ဆက်မတွေးတော့။ ရင်ထဲကပူလောင်နေသဖြင့် သောက်ရေခွက်ကို လှမ်းယူလိုက်သည်။ ရင်တွင်းမှ အပူငြိမ်းစေအံ့ငှာ အငမ်းမရ သောက်ချလိုက်၏။ ဂလွတ် ဂလွတ် အသံမြည်လျက် ရေလုံးကြီးများ လည်ချောင်းအတွင်းမှာ ကျွမ်းထိုး ခုန်ပေါက်ဆင်းသွားလေသည်။

"ဖြည်းဖြည်းသောက်ပါ သားရယ်၊ တော်ကြာ ဒုက္ခရောက်နေပါ့မယ်"

ဒေါ်သူဇာလှိုင်ကပြောလိုက်ချိန်မှာ ရေတစ်ခွက်ကကုန်သွားချေပြီ။ မင်းမင်းသည် ရေခွက်ကို ခုတင်ဘေးမှ စားပွဲပေါ်တွင် တင်လျက် ကြိုးစားပြုံးနေချေသည်။ သို့သော် ခေါင်းထဲမှာတော့ ရှိတိတိ ဝေဝေတေတေ။

"မေမေ သားအခန်းထဲကို ရောက်နေတာကြာပြီလား"

"သားကို တမင် စောင့်အိပ်နေတာ"

"ဟင်၊ ဒါဖြင့် သား အခြေအနေ တော်တော်ဆိုးတယ်ပေါ့"

စိုးရိမ်တကြီး မေးသည်။

ဒေါ်သူဇာလှိုင်သည် သားဖြစ်သူအား မျက်ရည်လဲ့လဲ့ဖြင့် ကြေကွဲစွာ ကြည့်နေသည်။ ပြီးမှ

"သိပ်မူးလာတယ် သား"

"ဖေဖေများ သိသွားပြီလား မေမေရယ်"

မင်းမင်းတို့ကတော့ ကြည့်၊ မမူးဘူးဆိုတော့ တကယ့်လူကောင်းကလေး၊ သူ အရက်သောက်သည်ကို ဖအေကြီး သိသွားမည်ကို စိုးရိမ်သည်။

သည်သို့မေးလေတော့ ဒေါ်သူဇာလှိုင် သားကို သနား သွားမိသည်။ သူ့အဖေကိုတော့ ကြောက်သားပဲဟူသောအသိ ဖြင့် သားဖြစ်သူအပေါ် အချစ်ပိုရပြန်သည်။

ဒေါ်သူဇာလှိုင် ထံမှ စကားပြန်မရသောအခါ မင်းမင်း ရင်ထဲ ထိတ်နေရပြီ၊ ဖေဖေ့စိတ်ဓာတ်ကို သူသိသည်။

"ပြောပါဦး မေမေ၊ သား မူးလာတာ ဖေဖေ သိသွားသလားလို့"

"သိသွားတယ် သား"

ဒေါ်သူဇာလှိုင် မပြော၍ မဖြစ်တော့ချေ။ ဤကလေးသည် မနက်ဖြန်ဆိုလျှင် ဖခင်ကြီးကို ရင်ဆိုင်ရပေလိမ့်မည်။ မနက်ဖြန် ရင်မဆိုင်ရလျှင်လည်း နောက်တစ်နေ့မှာထိုအဖြစ်ကိုအကြောင်း ပြု၍ ရင်ဆိုင်ရပေလိမ့်မည်။

ပြဿနာဟူသည် ရှင်း၍ ရတုန်းခိုက်မှာ ရှင်းထားမှ တန်ကာ ကျမည်။

"သား အရက်သောက်တာဟာ အပေါင်းအသင်းတွေ နဲ့ မိတ်ဖြစ် ဆွေဖြစ် ပျော်စေပါးစေသောက်တဲ့ ပုံစံမျိုး မဟုတ်တော့ဘူး၊ သား အရက်သောက်ပုံက အရက်စွဲ နေတဲ့ အရက်သမားတစ်ယောက် အရက်ကို နှစ်နှစ် ခြိုက်ခြိုက် သောက်တဲ့ပုံစံလိုဖြစ်နေတယ်၊ တရားလွန်မူး မူးလာကယ်၊ ဘယ်သူ့ကိုမှ အရေးမထားတဲ့ ပုံစံမျိုး ကွယ့်"

သည်အခါတော့ မင်မင်း အထိတ်တလန့်ဖြစ်သွားရသည်။ မျက်စိမျက်နှာပျက်နေပြီ။



"ဟင်....ဟုတ်လား၊ သား ဖေဖေတို့ မေမေတို့ကို ဘာပြောမိသေးလဲ၊ မူးမူးရူးရူးနဲ့ စော်ကားသလိုများ ဖြစ်ခဲ့သေးသလား မေမေ ဟင်၊ သားကို ပြောပြ စမ်းပါ"

အရက်သောက်ထားတုန်းကကိစ္စတွေကို မင်းမင်း မမှတ်မိ တော့။ မမူးခင်က အကြောင်းတွေကိုသာ မှတ်မိသည်။

မည်သို့ပင်ဖြစ်စေ။

အမိအဖကို စော်ကားသော သားတစ်ယောက်အဖြစ်မခံယူ လိုပါ၊ လူရမ်းကားတစ်ယောက်အဖြစ် လူသကာ မျက်မှန်းကျိုး မခံနိုင်ပါ။

"ပြောပါဦး မေမေရဲ့၊ သား မူးမူးရူးရူးနဲ့ ဖေဖေနဲ့ မေမေကို စော်ကားမိသေးသလား ဟင်"

"အခုလဲ စော်ကားတာနဲ့ ဘာထူးလို့လဲ သားရယ်"

သည်စကားကို ဒေါ်သူဇာလှိုင် ပြောလိုက်ချင်ပါ၏။ သို့သော် သားကလေး စိတ်ဆင်းရဲသွားမည်ကို စိုးရိမ်မိပြီး ပါးစပ်မှ ဖွင့်ဟမပြောဖြစ်တော့။ ပြောလည်း မပြောရက်။ ယင်းကြောင့်ပင် သားကလေး စိတ်ချမ်းသာအောင် ဖြေသာ စကားပြောရသည်။

"မစော်ကားပါဘူး သားရယ်၊ သားဟာ မေမေတို့ ဖေဖေတို့ရဲ့ သားလိမ္မာကလေးပဲ၊ ဒီလောက်တော့ဖြစ်ပါ့ မလား"

သည်တော့မှ မင်းမင်း ခေါင်းဖော်နိုင်တော့သည်။

ဒေါ်သူဇာလှိုင်၏ ရင်မှာမူ လှုပ်ခတ်နေဆဲရှိပါသေးသည်။

"မြကြည်ဖြူရယ် စိတ်မဆိုးပါနဲ့ကွယ်"

ဆိုသော စကားကို ဒေါ်သူဇာလှိုင် နားနှင့်ဆတ်ဆတ်ကြားခဲ့ရသည်။

မြကြည်ဖြူ ဆိုသည်မှာ မည်သူနည်း။

သားက တောင်းပန်ရအောင် မည်သို့သောအပြုအမူမျိုးပြုမူခဲ့သနည်း။

ထိုစကားရပ်အတွက် ဒေါ်သူဇာလှိုင်တွေးစရာတွေများပြားလာရသည်။

ဤကလေးသည် အတောင်အလက်မစုံပါပဲလျက် အမိအဖရင်ခွင်မှ ထွက်ပြေးပျံသန်းတော့မည်လား။

ဒေါ်သူဇာလှိုင်သည် သားကလေးကို အမိ နို့ရည်ပင်ကောင်းစွာမပျောက်သေးဟု ထင်နေပါ၏။ သားကို ကလေးငယ်တစ်ယောက်နှင့်မခြား ယခုတိုင် မြင်နေမိသည်။

"သားကို မေမေ တစ်ခုမေးမယ်၊ သား မေမေ့ကို မညာရဘူးနော်"

"ဟင်"

စကားအသွားအလာကို ထောက်ရှုပြီး မင်းမင်း ရင်ထဲမှ ထင့်သွားရသည်။ သို့သော် စိတ်ကိုတင်းရ၏။

"မေးပါ မေမေ၊ သား မေမေ့ကို ဘယ်တုံးကညာဖူးလို့လဲ"

ဒေါ်သူဇာလှိုင်က မင်းမင်း၏ မျက်နှာကို စေ့စေ့ကြည့်ပြီး မေးလိုက်သည်။

"မြကြည်ဖြူဆိုတာ ဘယ်သူလဲ ဟင်"



"ဟင်....မြကြည်ဖြူ ဟုတ်လား မေမေ"

"ဟုတ်တယ် သား၊ မြကြည်ဖြူ တဲ့"

မင်းမင်းသည် တဒင်္ဂအတွင်း မျက်နှာမထားတတ်အောင်ဖြစ်သွားရသည်။ ရှက်သွေးဖြန်းသွားရသည်။ မေမေသည်ယခု ဘယ်လို သိသွားပါလိမ့် ဟူသော အတွေးကလည်း ခေါင်းထဲသို့ ဒိုင်းခနဲ ဝင်ဆောင့်လာသည်။

လောလောဆယ်တွင် မြကြည်ဖြူနှင့် ပတ်သက်၍ မေမေ ဘာမျှမသိစေချင်သေးပါ။ မြကြည်ဖြူထံမှ ချစ်ခြင်းမေတ္တာကို မင်းမင်း ရထားသေးသည်လည်း မဟုတ်။

မင်းမင်း လူတွေကို သံသယဝင်လာသည်။ မြကြည်ဖြူနှင့်ပတ်သက်၍ ယခုမှ စလုံးရေ စခါရှိသေး၏။ အိမ်ကို ဘယ်သူလာပြောခဲ့လေသနည်း။ သူငယ်ချင်း ဗားပေါင်းအသင်းတွေထဲကလည်း မဟုတ်တန်ရာ။ သို့ဆိုလျှင် မည်သူဖြစ်မည် ဆိုသည်ကိုလည်း မတွေးတတ်။

မည်သို့ပင်ဖြစ်စေ၊ မင်းမင်း မေမေ့ကို ရှက်နေ၏။

"သား မသိပါဘူး မေမေ၊ ဘယ်က မြကြည်ဖြူလဲ"

မင်းမင်း ဘယ်သောအခါကမျှ မညာစဖူး ညာလိုက်ရတော့သည်။

"မှန်မှန်ပြောလေ သားရယ်၊ သား မေမေ့ကို ဘယ်တော့မှ လိမ်ညာ မပြောဘူး မဟုတ်လား"

"အခုလဲ သား မလိမ်ပါဘူး မေမေရယ်"

"မေမေကတော့ သား လိမ်နေပြီလို့ ထင်တယ်"

"မေမေ ဘယ်လိုလုပ်ပြီး သား လိမ်တယ်လို့ ပြောနိုင်တာလဲ မေမေ"

"သား မူးပြီး အိပ်နေတုန်းက သားအတွက် စိုးရိမ်ပြီး သားအနားမှာ မေမေ တစ်ချိန်လုံး ရှိနေခဲ့တယ်၊ သား ပါးစပ်က ယောင်ပြီးပြောတဲ့ မြကြည်ဖြူဆိုတဲ့ စကားလုံးတွေ မေမေ အတိုင်းသား ကြားနေရတာပဲ သားရဲ့"

အခုမှ မင်းမင်း ပိုရှက်သွားရသည်။

"မြကြည်ဖြူဆိုတဲ့ မိန်းကလေးကြောင့် သား စိတ်ညစ်ပြီး အရက်တွေ အများကြီး သောက်ခဲ့တာလား ဟင်"

"အို.... မေမေကလဲ၊ မဟုတ်တာ၊ သား အရက်သောက်ခဲ့တာက သား သူငယ်ချင်း စိုးဟိန်း ရန်ကုန်က ရောက်လာပြီး သူ့ ဝတ္ထု ရုပ်ရှင်ရိုက်ရတာနဲ့ သူငယ်ချင်းတွေကို ပွဲပေးလို့ သောက်ခဲ့တာပါ၊ အပေါင်းအသင်းတွေ ချည်း ဆိုတော့ များသွားတာပေါ့ မေမေရယ်"

"ဒါပဲ ဖြစ်ဖြစ်ပေါ့ သားရယ်၊ မိန်းကလေး တစ်ယောက်အတွက်နဲ့တော့ သားကိုယ်သား အနှစ်မနာခံပြီး အရက်သောက်မနေနဲ့၊ အရက်ထဲမှာ ဇွတ်နှစ်မနေနဲ့၊ မေမေတို့မှာ တကယ့် ထိုက်တန်းဆိုတဲ့ မိန်းကလေးကို တောင်းရမ်းပေးနိုင်တဲ့ အဆင့်ရှိတယ်၊ သားအတွက် ဆိုရင် ကုန်ချင်သလောက် ကုန်ပါစေ၊ မေမေတို့ တောင်းပေးနိုင်တယ်"

"အို.... မေမေရယ်၊ သားက ဒီလို လူစားမျိုး မဟုတ်ပါဘူး၊ မေမေ ဒီအထိ အတွေးခေါင်မနေပါနဲ့၊ သား



မူးပြီး အိပ်ပျော်နေရာက ကယောင်ကတမ်း တွေ လျှောက်ပြောနေမိတာပါ၊ နော် နော်"

မင်းမင်းက တကယ့် ကလေးကဲ့သို့ တဆိုးတန္ဒဖြင့် မအေကို လှမ်းဖက်သည်။ တီတီကာတာ စကားပြောရင်း ချော့သည်။

သည်တော့မှ ဒေါ်သူဇာလှိုင်မှာ ရစ်ဝဲ မျက်ရည်ကြားက အပြုံးမျှင်တန်းကလေး ဖြတ်သန်းလာခဲ့ရသည်။

သို့သော်....

မြကြည်ဖြူဆိုသည့် နာမည်ကိုတော့ ဒေါ်သူဇာလှိုင် မှတ်မှတ်ထင်ထင် သတိရနေပေလိမ့်မည်။ သားနှင့် ပတ်သက်သည် မဟုတ်လား။

သားတို့ရုပ်ရည် သိတာမည်သား တဲ့။

စကားရှိသည်၊ စာရှိသည်။

စာစု (၁၆)

မင်းမင်းသည် မော်တော်ဆိုင်ကယ်ကို (၇) ရပ်ကွက် အတွင်းသို့ ချိုးဝင်လိုက်သည်။

စကားဝါကလေး ကျောင်းမမီမှာကို စိုးရိမ်သည်။

ထို့ထက် စကားဝါကလေးကို ကျောင်းမပို့ရမည်ကို ပို၍ စိုးရိမ်သည်။

အချိန်က ရှစ်နာရီ။

ကျောင်းက နံနက် ရှစ်နာရီ သုံးဆယ်တွင် တက်သည်။ မင်းမင်းသည် အသီဆိုင် တစ်ဆိုင်ဝင်ပြီး စကားဝါကလေး အတွက် ထမင်းဘူးတစ်ဘူးကို ဝင်ဝယ်ရသေးသည်။ လက်သုတ်ပဝါ ဝယ်ရသေးသည်။ ထမင်းဘူးနှင့်အတူ ဇွန်း၊ ရေဘူး အကုန်ဝယ်သည်။



သည်မျှနှင့် မပြီးသေး။ စကားဝါကလေးတို့ အိမ်မှာ ထမင်းအဆင်သင့်ရှိမည် မထင်သဖြင့် ခေါင်နံ့ကို အတင်းဖွင့်ခိုင်းပြီး ထမင်းကြော် ဝယ်ကာ ထမင်းဘူးထဲ ထည့်ခိုင်းရသည်။

ဒလင့်နက လူတွေ အိပ်ရေးပျက်ကုန်ကြသည်။ သည်အချိန်မှာ သူတို့ ထလော့မရှိ။ မင်းမင်းထက်ပင် ကာလနဂါး အကောင်ကြီးသည်။ အမြီးကလည်း ရှည်ပေမည်။ ကိုးနာရီ ဆယ်နာရီမှ ဆိုင်ဖွင့်သည်။

ယခုတော့ မင်းမင်းကြောင့် ထကြရသည်၊ မီးမွှေးကြရသည်၊ အလုပ်တွေ သိပ်များသွားသည်။ တော်တော်ရှုပ်နိုင်သည့် မင်းမင်း။

မော်တော်ဆိုင်ကယ် စကားဝါကလေးတို့ အိမ်ရှေ့တွင် ရပ်သွားသည်။

ခရီးသည်တင် ဘတ်စ်ကားကြီးတစ်စီး စကားဝါကလေးတို့ အိမ်ရှေ့တွင် ရပ်ထားသဖြင့် ကိုမြ ပြန် ရောက် နေ ကြောင်း မင်းမင်း အတပ် သိနေလေသည်။

"ဟော.... ဦးဦး မင်းမင်း လာပြီ၊ ဖုတ်ချက်ကြီးနဲ့ ရောက်လာပြီ"

စကားဝါကလေးက ဝမ်းသာအားရ လှမ်းအော်သဖြင့် ပဲကြော်ခနေသော မယဉ်မေ မီးဖိုထဲက အပြေးထွက်လာသည်။

ကိုမြက မောနင်းပက် ပက်နေရင်းက ပက်လက်ကုလားထိုင်ပေါ်မှ သွား သုံးဆယ့်နှစ်ချောင်းကုန်အောင် ဖြဲပြီး မင်းမင်းကို သဘောကျစွာ ကြည့်နေသည်။

"အမယ်၊ ဒီကနေ့ ထူးထူးဆန်းဆန်း ကိုမြပါ နိုးနေသကိုး"

"အေးပေါ့ကွာ၊ ခါတိုင်း ဒီအချိန်မှာ အိမ်ပြန်လာရင် နှပ်နေကျကွ၊ အခုတော့ မင်းက မနှပ်နိုင်အောင် လုပ်ထားတာကိုး၊ ဟုတ်လား ယဉ်မေ"

"အို...ရှင်ကလဲ ဘာမှန်း မသိဘူး"

မယဉ်မေကိုပါ လှမ်းစသဖြင့် မယဉ်မေ ရှက်သွားသည်။ ကိုမြက စကားဝါကလေးကို မင်းမင်း နေ့ကလေးထိန်းကျောင်း ပို့ထားသဖြင့် မနက် မိုးလင်းသည်နှင့် အိပ်ရာက ထကြရခြင်းကို ရည်ရွယ် ပြောလိုက်ခြင်း ဖြစ်သည်။ မယဉ်မေက သူ့ ယောကျ်ား ကိုမြကို မျက်စောင်းချိတ်၍ မင်းမင်းကို လှမ်းပြောသည်။

"မင်းမင်းရယ်....ထမင်းဘူးရော၊ ရေဘူးရော၊ အားလုံး အစုံအစေ့ ဝယ်လာဘာပဲ့ါပဲလား၊ အားနာစရာ ဖြစ်နေပြီ"

မင်းမင်း ဝယ်လာသော ပစ္စည်းများကို ကြည့်ကာ ပြောပြောလိုက်ခြင်း ဖြစ်သည်၊ မယဉ်မေ၏ စိတ်ထဲတွင် ထူးဆန်းနေ၏။ လူပေါ်ကြော့ကလေး မင်းမင်းတစ်ယောက် စကားဝါကလေးကို သမီးလေး တူမလေးကဲ့သို့ အနာဂတ်အရေးကို တွေးတော ပူပင်နေသည်မှာ ထူးရှိမျှမက ဆန်းနေလေသည်။

မင်းမင်းက ပြုံး၍ ပြောရသည်။



"ဘာ အားနာရမှာလဲ မမရာ၊ စကားဝါ စာတတ်ဖို့အတွက် လိုအပ်တာ မှန်သမျှ ကျွန်တော် အကုန်ဝယ်ပေးမယ်လို့ ပြောထားသားပဲဟာ"

"အင်း....မင်းမင်းက သမီးကလေးကို ဂရုစိုက်လွန်းတော့ မမတို့လဲ ဘယ်နေနိုင်တော့မလဲ၊ သမီးကလေး ကျောင်းမှီဖို့အတွက် မနက်လင်းတာနဲ့ ပဲပြုတ်ကလေး ဘာလေး ထကြော်ရတာပေါ့၊ မင်းမင်း မလာရင်လဲ သူ့ အဖေနဲ့ မမတို့ ကျောင်းလိုက်ပို့ဖို့ စီစဉ်နေကြပြီ"

ပဲပြုတ်ကြော်ဟူသော အသံကို ကြားရသည်နှင့် မင်းမင်း မျက်နှာရှုံ့သွား၏။ အများတကာ၏ ကြားတွင် စကားဝါကလေး မျက်နှာငယ်တော့မည်။

သို့သော် မသိချင်ယောင် ဆောင်၍ မေးရသည်။

"ပဲပြုတ်ကြော်ကတော့ ဟုတ်ပါပြီ၊ ဘာနဲ့ ထည့်မှာလဲ၊ ဖက်နဲ့ထုပ်ရင် ကျောင်းမှာ ကလေး မျက်နှာငယ်မှာပေါ့"

"အမယ်လေး....မင်းမင်းရယ်၊ ဒီလောက်တောင် မပူပါနဲ့၊ မနေ့က မင်းမင်း ပေးတဲ့ အပိတ်ထဲက ချိုင့်ကလေး တစ်ချိုင့်ဝယ်ထားပြီးပါပြီ၊ တစ်ဆယ့်ငါးကျပ်ပဲ ပေးရပါတယ်"

မယဉ်မေ၏ အစီအစဉ်ကို စိတ်ထဲက ကျေနပ်သွားရသော်လည်း သူ စီစဉ်ပြီးပြီဖြစ်၍ နှုတ်ပိတ်လိုက်ရတော့သည်။

"အမယ်၊ ဒီကနေ့ ထူးထူးဆန်းဆန်း ကိုမြပါ နိုးနေ သကိုး"

"အေးပေါ့ကွာ၊ ခါတိုင်း ဒီအချိန်မှာ အိမ်ပြန်လာ ရင် နှပ်နေကျကွ၊ အခုတော့ မင်းက မနှပ်နိုင်အောင် လုပ်ထားတာကိုး၊ ဟုတ်လား ယဉ်မေ"

"အို...ရှင်ကလဲ ဘာမှန်း မသိဘူး"

မယဉ်မေကိုပါ လှမ်းစသဖြင့် မယဉ်မေ ရှက်သွားသည်။ ကိုမြက စကားဝါကလေးကို မင်းမင်း နေ့ကလေးထိန်း ကျောင်း ပို့ထားသဖြင့် မနက် မိုးလင်းသည်နှင့် အိပ်ရာက ထကြ ရခြင်းကို ရည်ရွယ် ပြောလိုက်ခြင်း ဖြစ်သည်။ မယဉ်မေက သူ့ ယောကျ်ား ကိုမြကို မျက်စောင်းချိတ်၍ မင်းမင်းကို လှမ်း ပြောသည်။

"မင်းမင်းရယ်...ထမင်းဘူးရော၊ ရေဘူးရော၊ အား လုံး အစုံအစေ့ ဝယ်လာတာပဲပါလား၊ အားနာစရာ ဖြစ်နေပြီ"

မင်းမင်း ဝယ်လာသော ပစ္စည်းများကို ကြည့်ကာ ပြော ပြောလိုက်ခြင်း ဖြစ်သည်၊ မယဉ်မေ၏ စိတ်ထဲတွင် ထူး ဆန်းနေ၏။ လူပေါ်ကြော့ကလေး မင်းမင်းတစ်ယောက် စကားဝါကလေးကို သမီးလေး တူမလေးကဲ့သို့ အနာဂတ် အရေးကို တွေးတော ပူပင်နေသည်မှာ ထူးရုံမျှမက ဆန်းနေ လေသည်။

မင်းမင်းက ပြုံး၍ ပြောရသည်။



"ဘာ အားနာရမှာလဲ မမရာ၊ စကားဝါ စာတတ်ဖို့ အတွက် လိုအပ်တာ မှန်သမျှ ကျွန်တော် အကုန်ဝယ် ပေးမယ်လို့ ပြောထားသားပဲဟာ"

"အင်း...မင်းမင်းက သမီးကလေးကို ဂရုစိုက်လွန်း တော့ မမတို့လဲ ဘယ်နေနိုင်တော့မလဲ၊ သမီး ကလေး ကျောင်းမီဖို့အတွက် မနက်လင်းတာနဲ့ ပဲပြုတ် ကလေး ဘာလေး ထကြော်ရတာပေါ့၊ မင်းမင်း မလာရင်လဲ သူ့ အဖေနဲ့ မမတို့ ကျောင်းလိုက်ပို့ဖို့ စီ စဉ်နေကြပြီ"

ပဲပြုတ်ကြော်ဟူသော အသံကို ကြားရသည်နှင့် မင်းမင်း မျက်နှာရှုံ့သွား၏။ အများတကာ၏ ကြားတွင် စကားဝါ ကလေး မျက်နှာငယ်တော့မည်။

သို့သော် မသိချင်ယောင် ဆောင်၍ မေးရသည်။

"ပဲပြုတ်ကြော်ကတော့ ဟုတ်ပါပြီ၊ ဘာနဲ့ ထည့်မှာ လဲ၊ ဖက်နဲ့ထုပ်ရင် ကျောင်းမှာ ကလေး မျက်နှာငယ် မှာပေါ့"

"အမယ်လေး...မင်းမင်းရယ်၊ ဒီလောက်တောင် မပူ ပါနဲ့၊ မနေ့က မင်းမင်း ပေးတဲ့ အစိတ်ထဲက ချိုင့် ကလေး တစ်ချိုင့်ဝယ်ထားပြီးပါပြီ၊ တစ်ဆယ့်ငါးကျပ် ပဲ ပေးရပါတယ်"

မယဉ်မေ၏ အစီအစဉ်ကို စိတ်ထဲက ကျေနပ်သွားရသော် လည်း သူ စီစဉ်ပြီးပြီဖြစ်၍ နှုတ်ပိတ်လိုက်ရတော့သည်။

"အင်းလေ....အဲဒါ ထားလိုက်ပါတော့၊ ကြော်ထား တဲ့ပဲပြုတ်လဲ မမရှဲ့ယောကျ်ားကြီး မောနင်းပက်အတွက် အမြည်းလုပ်ပါစေတော့ ဟုတ်လား၊ ကျွန်တော်ဆိုင်က ထမင်းကြော် ဝယ်ထည့်လာခဲ့ပြီးပြီ ဗျ"

မင်းမင်း၏ စကားကြောင့် ကိုမြ အံ့ဩသွားသည်။ နေ ခြည်မှ မပြူသေး။ ဆိုင်တွေ ကွေးကောင်းတုန်း ရှိဦးမည်။

"ဟာ....ဒီကောင် ဒီအချိန် ဘယ်ခေါက်ဆွဲဆိုင် ဖွင့်မှာ လဲ"

"လေငွန်မှာ အနိုင်ကျင့်ပြီး နှိုးကြော်ခိုင်းတာလေ"

"မင်းကတော့ လုပ်ရော့မယ်"

ကိုမြ စကားကို နှုတ်တုံ့မပြန်တော့၊ သူသိချင်သည်ကို မေး လိုက်သည်။

"နေပါဦး၊ ခင်ဗျားက ဘယ်တုံးက ပြန်ရောက်နေ တာလဲ၊ အဖွဲ့ကို သတင်းမပို့ ဘာမပို့နဲ့"

မင်းမင်းက ပြောရင်း ကိုမြရှေ့ရှိ ကုလားထိုင်တွင် ဝင်ထိုင် လိုက်သည်။ ကိုမြကမူ ပစ်(က်)မီအပ်(ပ်)ပင် လုပ်နေချေပြီ။

"မနေ့က ဆယ့်တစ်နာရီလာက်ကပါကွာ၊ လားရှိုးက နေ မန္တလေး ခရီးသည်ပို့ပြီး ပြန်လာတာနဲ့ အုံနာရဲ့ အမျိုးတစ်သိုက်ကို မြေမြို့အုံနာအိမ် ပို့ပေးရတယ်လေ၊ သူတို့က ရန်ကုန်အမြန်နဲ့ မန္တလေးကို ရောက်လာကြ တာကွ၊ မန္တလေးကနေ ည ရှစ်နာရီ ငါ တက်လာခဲ့ တာ"



ကိုမြတာ ရယ်ကျဲကျဲ ရှင်းပြသော်လည်း မင်းမင်း ဘဝင် မကျ။ ညကြီးမင်းကြီး တောင်တက်ခရီးကို မော်တော်ကား နှင့် လာရသည်မှာ အန္တရာယ် များသည်။ တင်ချက် ငိုက်သွား လျှင် ဒုက္ခကောင်းကောင်း ရောက်နိုင်သည်။ ထို့ကြောင့် အပြစ် တင်မိသည်။

"ခင်ဗျားကလဲ လုပ်တော့မယ်၊ မနက်မှ တက်ရောပေါ့ ဗျာ၊ ညကြီး မင်းကြီးမှာ"

"ဒီလမ်းတွေကို ငါ မျက်စိမှိတ်မောင်းနေကျပါ မင်း မင်းရာ၊ စိတ်မပူစမ်းပါနဲ့"

ဟုတ်တော့လည်း ဟုတ်မည်။ ကိုမြကဲ့သို့ နှစ်ပေါင်းများ စွာ ယာဉ်မောင်းလာသူအတွက် သည်ခရီးလမ်းသည် လက် ဝါးပြင်ထက်က လက္ခဏာအရေးကြောင်းကဲ့သို့ ရှိမည်မှာ မလွဲ။ သို့တိုင်အောင် မင်းမင်း ကွန့်လိုက်သေးသည်။

"စိတ်ပူလို့ ပြောတာမဟုတ်ပါဘူး၊ အပေါင်းအသင်း တစ်ယောက် လျော့သွားမှာစိုးလို့ပါဗျာ နော်"

"မင်းကတော့ လုပ်ရော့မယ်၊ တော်တော် ဆိုးတဲ့ ကောင်၊ ငါလဲ ငါ့မိန်းမကို လွမ်းတာပေါ့ကွာ၊ တစ်လ မှာ နှစ်ခါလောက် ကားနားချိန်ကလေးမှာ တွေ့ရတာ၊ မဟုတ်ဘူးလား ယဉ်မေရာ"

ကိုမြက အရယ်မပျက် သူ့မိန်းမကို နှောက်လိုက်သေး သည်။ မယဉ်မေက မျက်စောင်းထိုးရင်း ကိုမြကို ပြန်ပြော သည်။

"တော်ပါ၊ မင်းမင်းရှေ့မှာ အသားယူနေတာ၊ ဒါမျိုး ပေါ့ မင်းမင်းရဲ့၊ ကွယ်ရာင်မေ့ တွေ့ သေအောင်လွမ်း ဆိုတာ"

မင်းမင်းရှေ့မှ မယဉ်မေ ရှက်သွားဟန်တူသည်။ ပြောပြော ဆိုဆိုဖြင့် မီးဖိုသဲ ပြေးဝင်သွားသည်။

ကိုမြက ဖန်ခွက်တစ်လုံးကို မှောက်ထားရာမှ လှန်လိုက် သည်။

ရွှေလိမ္မော်ပုလင်းထဲမှ အရက်များကို သွန်ထားသော ဖန် ခွက်အတွင်းသို့ ငှဲ့မည်ပြုစဉ် မင်းမင်းက ကိုမြ လက်ကို ဖမ်း၍ တားထားလိုက်သည်။

"ဘာလုပ်မလို့လဲဗျ"

"မင်းကို တိုက်မလို့လေ"

"ဟာဗျာ၊ ကျွန်တော် မသောက်ချင်ဘူး၊ မဖြစ်ဘူး"

"တစ်ခွက် တစ်ဖလားပေါ့ကွာ၊ ပါးစပ် အယားပြေ ပေါ့"

"ခင်ဗျားပဲ သောက်ပါဗျာ၊ ကျွန်တော် စိတ်မပါ လို့ပါ"

မင်းမင်းက အပြတ်ငြင်းရ၏။ မငြင်း၍လည်း မဖြစ်။ ရွှေ လိမ္မော်အနံ့က ပြင်းသည်။ မြကြည်ဖြူ အရက်နံ့ရသွားက အခက်တွေ့မည်။ အထင်သေးသွားမည်။ သူသည် မြကြည်ဖြူ၏ ရှေ့တွင် သိုးကလေးတစ်ကောင်ကဲ့သို့ နေချင်သည်။

မင်းမင်း အရက်သောက်ဖို့ ငြင်းသည်ကို ကြုံရတော့ ကိုမြ အံ့ဩသွား၏။ မျက်လုံးပြူးကြီးနှင့် မင်းမင်းကို ကြည့်သည်။



ကိုမြ အံ့ဩမည်ဆိုကလည်း အံ့ဩလောက်၏။ ကိုမြ အရက် တိုက်လျှင် မင်းမင်း ငြင်းသည်မရှိ။ မင်းမင်းတို့အုပ်စုကို အရက် သောက် သင်ပေးသူမှာလည်း ကိုမြ ပင်ဖြစ်သည်။ ကိုမြသည် အရပ်ထဲမှ လူငယ်တော်တော်များများကိုလည်း အကုန်အကျ ခံကာ ဖျက်ဆီးခဲ့ဖူးသူပင် ဖြစ်သည်။ သူ ကားနားပြီဆိုလျှင် သူ့အိမ်မှာ လူငယ်တွေအရှုန်းရှုန်း၊ ပျော်တတ်သော ကိုမြကို လူငယ်အားလုံးက ခင်ကြ၏။ သူ့ကို ဦးတပ်ခေါ်လျှင် မကြိုက် သဖြင့် ကြီးဂုဏ်ကိုထောက်ကာ သူ့ကို လူငယ်တွေက ဗိုလ်မြ ဟု ခေါ်ကြသည်။ အမှန်တော့ သူ့အသက်က လေးဆယ်နား ကပ်နေပြီ။ သို့သော် သျှောင်ကြီးတော့ ငိုက်၊ လူကြီးတော့ မိုက် ဆိုသည့် ထုံးကို နှလုံးမူကာ ကိုမြတစ်ယောက် သောက် သောက်စားစား လူမင်းသား လုပ်နေဆဲပင် ဖြစ်သည်။

"ဟာ—ကျောင်းသားမိုးကြိုးပါလားကွ"

ကိုမြက မင်းမင်းကို မျက်လုံးပြူးကြီးနှင့်ကြည့်ကာ ထအော် သည်။

"ကျောင်းသားမိုးကြိုးတွေ အင်သားမိုးကြိုးတွေလုပ်မနေ နဲ့၊ ကျွန်တော် ကလေးကို ကျောင်းပို့ပေးရဦးမှာဗျ"

"ဘတ်စ်ကားနဲ့ ပို့တာပေါ့ကွာ"

"ကလေးတစ်ယောက်တည်းကို ခင်ဗျား ဘတ်စ်ကား ကြီးနဲ့ ပို့မယ်ဆိုတော့ အမြင်မတော် ဆင်တော်နဲ့ ခလောက် ဆိုသလို ဖြစ်နေမှာပေါ့ဗျ"

"ဆင်တော်နဲ့ ခုလောက် မကလို ပုရွက်ဆိတ်နဲ့ အုန်းခမောင်း ဖြစ်ဖြစ်ပေါ့ကွာ၊ ဒရိုင်ဘာသမီးကို သူ့အဖေက သူမောင်းတဲ့ ဘတ်စ်ကားနဲ့ ပို့တာ ဘာဆန်းသလဲ"

ဟုတ်ကဲ့၊ အမှန်ပင်ဖြစ်ပါသည်။ စကားဝါကို ဘတ်စ်ကားနှင့် ကျောင်းပို့သည်မှာ ဘာမှမဆန်းပါ။ သို့သော် စကားဝါကလေးကို အကြောင်းပြုကာ သံယောဇဉ်တွယ်တာခင်းမည့် သူ့အစီအစဉ်ကိုတော့ အပျက်မခံနိုင်။ ထို့ကြောင့် ဇွတ်ငြင်းရ၏။

"ပို့ချင်ရင် ခင်ဗျားဟာ ခင်ဗျား နောက်မှပို့ဗျာ၊ ဒီကနေ့တော့ ကျုပ်တူမကို ကျုပ်ကိုယ်တိုင်ပဲ ပို့ရမယ်"

"ယဉ်မေရေ၊ ကမ္ဘာလောကကြီး ဘယ်လိုပြောင်းလဲသွားတယ် မသိဘူး၊ ငါတောင် လိုက်မမီတော့ဘူးကွ"

ကိုမြက မီးဖိုချောင်ဘက်သို့ လှမ်းအော်ပြောသည်။

မယဉ်မေ ထမင်းကြော်ပန်းကန်နှစ်ချပ်ကို ကိုင်ကာ ရောက်လာ၏။ မေမြို့တွင် စားတော်ပဲ ခေတ်မစား၊ ပဲထောပတ်သာ ခေတ်စားသည်။ ထို့ကြောင့် ထမင်းကြော်ပန်းကန်များထဲတွင် ပဲထောပတ်များ ဖွေးဖွေးလှုပ်နေ၏။

"အစ်ကိုကသာ မပြောင်းလဲတာ သိလား၊ အစ်ကိုက မိုးလင်းမိုးချုပ် အရက်သောက်နေရမှ နေသာထိုင်သာရှိတာမဟုတ်လား၊ ဒီ့ပြင်လူတွေက အစ်ကို့လို မဟုတ်ဘူး ရှင့် သိလား"



မယဉ်မေက ကိုမြကို မျက်စောင်းထိုးကာ ပြောသည်။ မင်းမင်း လက်မ ထောင်ပြလိုက်သည်။ ကဲ ဘယ့်နှယ်ရှိစဟူသော အသွင်ဟန်နှင့် မျက်နှာကိုလည်း ပြုံးဖြဲဖြဲလုပ်ထားသည်။

သို့တိုင်အောင် ကိုမြက မလျှော့။

"အစ်ကိုသာ အော်ရီဂျင်နယ်ပဲလေ၊ အတုမဟုတ်ဘူး၊ အစစ်၊ မဟုတ်ဘူးလား ညီမရ"

မယဉ်မေ စကားကို ဝင်ဖြတ်ရ၏။

"ကဲ... ထမင်းကြော်စား၊ မင်းမင်းလဲ စားသွားနော်၊ သမီးလေးကတော့ မေမေနဲ့ နောက်ဖေးမှာစား၊ ဟုတ်လား"

ပြောပြီး မယဉ်မေသည် စကားဝါလက်ကိုဆွဲကာ မီးဖိုချောင်ဘက်သို့ ပြန်လျှောက်သွားသည်။

"ယဉ်မေတို့ကတော့ တကယ်ပဲ မင်းမင်း၊ မင်းက သမီးအတွက် ထမင်းကြော် ဝယ်လာတယ်လဲဆိုရော အိမ်က ထမင်းကြော်ကို ချကျွေးတော့တာပဲ"

"မမက စေတနာနဲ့ပါဗျာ"

မင်းမင်းက မယဉ်မေဘက်က စစ်ကူဝင်ရသည်။ မဝင်ချင်၍လည်း မဖြစ်။ တော်ကြာ စိတ်မလို၍ စကားဝါကို ကျောင်းမသွားဟုဆိုလျှင် သူ့အဖို့ အခက်တွေ့နိုင်သည်။

"ဒီစေတနာတွေကြောင့် ငါလဲ ချည်တိုင်ကို ပြန်ပြန်ရောက်နေရတာပေါ့ ဟား....ဟား....ဟား"

"ဟော့လူကြီး၊ တိုးတိုးပြော၊ တော်ကြာ ကြားသွားလို့ မလွယ်ကြော မျောနေဦးမယ်"

"ငါက တစ်ခါတလေ ပြန်ရောက်တာပါကွ၊ မင်း မမယဉ်မေနဲ့ ဘယ်ရန်ဖြစ်ရပါ့မလဲ၊ ရန်ဖြစ်ရင် ရောက်တဲ့ရက်ကလေးမှာ ငတ်သွားမှာပေါ့၊ ဟဲ....ဟဲ"

"ဘာ ငတ်မှာလဲဗျ"

"ထမင်းပေါ့ကွာ၊ ဟား....ဟား....ဟား"

ကိုမြ စောစောစီးစီး ပေါက်နေချေပြီ။

ပေါက်ပေါက်နှင့် ဟိုနောက်သည်နောက်ကာ ဟားနေ၏။

မင်းမင်းသည် ဘာမှ ဆက်မပြောတော့ဘဲ ထမင်းကြော်တစ်ဇွန်းနှစ်ဇွန်းကို ယူစားလိုက်၏။

စကားဝါအား ဆိုင်ကယ်ပေါ်တင်၍ ကျောင်းသို့ထွက်လာသောအခါ ရေဗီယိုမှ သီချင်းပင် လာနေချေပြီ။

"စကားဝါလေး"

"ရှင့်"

"သမီး၊ရဲ့ဆရာမ မြကြည်ဖြူက ချောတယ်နော်"

"ဟုတ်တယ် ဦးမင်းမင်းရဲ့၊ သမီးတို့ဆရာမက ချောလဲချောတယ်၊ သဘောလဲကောင်းတယ်၊ သမီးကို ရိုက်လဲမရိုက်ဘူး၊ ထမင်းလဲကျွေးတယ်၊ သူ့အနားမှာပဲ ထားတယ်"

"ဦးနဲ့ ဘယ်သူပိုချောလဲ"

"ဦးကလဲ ချောတယ်၊သမီးတို့ဆရာမကလဲ ချောတယ်၊ အတူတူချောတယ်"



မင်းမင်း သဘောကျစွာ ရယ်မောလိုက်သည်။

မော်တော်ဆိုင်ကယ်သည် နှင်းထုကိုဖြတ်ကာ ပြေးလျက်ရှိသည်။

သူသည် မြကြည်ဖြူ၏ မျက်နှာလှလှကလေးကို မြင်ယောင်လာ၏။ မြကြည်ဖြူကို တွေ့ချင်စိတ် လှုန်ကဲလာ၏။

သူ ဆိုင်ကယ်အရှိန်ကို အနည်းငယ် မြှင့်တင်လိုက်၏။

ကိုလူချောတို့ကား လာချေပြီ။

## စာစု (၁၇)

တာ ကြောင့်ရယ်မသိ၊ မော်တော်ဆိုင်ကယ်သံ ကြားရသည်နှင့် ရင်ထဲ ထိတ်သွားရသည်။ သူ့မျက်နှာကို ဖျတ်ခနဲ မြင်ယောင် လာသည်။ တစ်ဆက်တည်းမှာပင် သူများ ဖြစ်နေလမည်လား ဟူသော အတွေးက ဦးနှောက်ထဲသို့ ဖြတ်သန်းသွားသည်။

သူဆိုသည်မှာ မင်းမင်း။

မင်းမင်း၏နာမည်ကို တင်အေးကြည်မှတစ်ဆင့် စတင် ကျွမ်း ဝင်ခဲ့သည်။ သူ့နာမည်အရင်းကတော့ ဇေယျာမင်းဆိုလား၊ မင်းဇေယျာဆိုလား သေသေချာချာ မမှတ်မိတော့။ တင်အေး ကြည်ကတော့ ပြောပြဖူးသည် ထင်၏။

မည်သို့ပင် ဖြစ်စေ၊ မင်းမင်းဆိုသည့်အမည်ကို မြကြည်ဖြူ မှတ်မိထားသည်။ သိထားသည်။



နာမည်ထက် လူကို အရင်သိခဲ့ရသည်ဆိုက ပိုမှန်မည်။ တက္ကသိုလ် နောက်ဆုံးနှစ်က ဖြစ်၏။ မိဂဒါဝုန် စားသောက် ဆိုင်မှာ စတင် ဆုံစည်းခဲ့ရသည်။ မိတ်ဖြစ်ဆွေဖြစ် ဆုံစည်းပုံမျိုး တော့ မဟုတ်။ အမှတ်မထင် တိုက်ဆိုင်မှုကလေးတစ်ခုကြောင့် ဆုံစည်းခဲ့ရခြင်း ဖြစ်သည်။

သည်နောက်တော့ ဆုံစည်းစရာ အကြောင်းမရှိတော့ဟု ထင်ခဲ့သည်။ ကျောင်းလည်းပြီးသွားပြီ။ အချိန်တန်၍ အိမ်ကို လည်း ပြန်ခဲ့ရပြီ။ သည်တော့လည်း သူ့ကို မေ့မေ့လျော့လျော့ ရှိခဲ့ရသည်။ သူမမှာလည်း တာဝန်တွေနှင့် လုံးထွေးနေခဲ့သည်။ သူမ ပျိုးထောင်ခဲ့သည့် ပန်းကမ္ဘာထဲမှ ချစ်သောပန်းကလေး တွေ ဖူးပွင့်လာအောင် လန်းရွှင်လာအောင်၊ လှပအောင် ပျိုး ထောင်ပေးနေရသည်။

ထိုစဉ်မှာပင် ပန်းကမ္ဘာကလေးထဲသို့ သူ ရောက်လာခဲ့၏။ ကားဝါဆိုသော ပန်းကလေးတစ်ပွင့်ကို ပန်းတိုက်ပျော်ရာ ပန်း ကမ္ဘာကလေးထဲ လာရောက်ပို့ဆောင်ခဲ့ခြင်း ဖြစ်သည်။

ထိုမှစ၍ သူ့သံယောဇဉ်မျက်လုံးတွေကြောင့် မြကြည်ဖြူ ရင်တုန်ခဲ့ရသည်။ ရင်နွေးခဲ့ရသည်။ တစ်ကြိမ်တစ်ခါမှ မခံ စားခဲ့ရသော ခံစားမှုအသစ်တွေကို ခံစားခဲ့ရသည်။ သူက မြကြည်ဖြူကို စိတ်ဝင်စားနေသည်ဟူသော တင်အေးကြည်၏ စကားကလည်း စိတ်ကို လှုပ်ခြောက်နေ၏။

ဟော....ကြည့်၊ အခုလည်း သူ ရောက်လာချေပြီ။ မော် တော်ဆိုင်ကယ်က သူ့ မော်တော်ဆိုင်ကယ်သံပင် ဖြစ်၏။

ကျောင်းဝင်းထဲသို့ ဝင်လာကာ ဆိုင်ကယ်ကိုရပ်သည်။ ပြီးတော့ စကားဝါ၏ လက်ကိုဆွဲကာ ကျောင်းဆီသို့ လျှောက်လာသည်။

မြကြည်ဖြူ သူ့ကို ဘာဘောကျသည့် အချက်တစ်ချက် ရှိသည်။ သူ ကလေးချစ်တတ်ခြင်းပင် ဖြစ်သည်။ သူ စကား ဝါကလေးကို ချစ်ပုံရသည်။ စကားဝါ၏လက်ကို ဆွဲလာပုံက တယုတယအသွင်၊ ထမင်းဘူးကလေးကိုလည်း ဂရုတစိုက်ကိုင် လို့၊ ဟော...မော်တော်ဆိုင်ကယ်ပေါ်မှ ဆင်းတော့ စကားဝါ ကို ငုံ့၍ နမ်းလိုက်သေးသည်။ ထိုမြင်ကွင်းကို တွေ့လိုက်ရတော့ မဆီမဆိုင် ရင်ထဲတွင် ကြည်နူးသွားရသည်။

သူ့ပုံစံကို ကြည့်ရသည်ကတော့ ဇွတ်တရွတ်ပုံစံမျိုး၊ ဝတ် စားထားပုံကတော့ သားနားသပ်ရပ်သည်။ မော်တော်ဆိုင် ကယ်ကလည်း အပျံစား၊ ဈေးက နည်းမည်မဟုတ်။

မြကြည်ဖြူသည် တင်အေးကြည်ကို လှည့်ကြည့်လိုက်၏။ တင်အေးကြည်က ကလေးတွေနှင့် အလုပ်ရှုပ်နေ၏။ သည်တော့ စကားဝါကို သူမကိုယ်တိုင် ကြိုရတော့၏။

"ဟော...စကားဝါကလေးတောင် ရောက်လာပြီကိုး၊ လာသမီး...လာ"

မြကြည်ဖြူ၏ အာရုံက စကားဝါထံ ရောက်သွားသည်။ သူမ၏မျက်နှာမှာ မေတ္တာဖြင့် ကြည်လင်သန့်စင်နေသည်။ သူမ၏ စကားသံမှာ အကြင်နာဖြင့် ကြည်လင်ချိုမြနေ၏။

စကားဝါကလည်း သူချစ်သော ဆရာမကို တွေ့လိုက်ရ သဖြင့်ချစ်စဖွယ်ပြုံးသွားသည်။ဝမ်းသာအယ်လဲ ဆရာမထံ ပြေး လာသည်။



"မင်္ဂလာပါ ဆရာမ"

"မင်္ဂလာပါ သမီးရယ်"

လိမ္မာလွန်းလှသည့် စကားဝါကလေးပါ၊ ကျောင်းတစ်ရက် သာ တက်ရသေးသည်။ သင်သမျှတတ်နေပြီ၊ ကျောင်းအထာ ကို ကျွမ်းနေပြီ။ ဆရာမကိုမြင်သည်နှင့် နှုတ်ဆက်ရမည်ကို နား လည်နေပြီ။

မြကြည်ဖြူသည် စကားဝါ၏လက်ကို လှမ်းဆွဲရင်း မင်းမင်း ၏ မျက်နှာကို မော့ကြည့်လိုက်မိ၏။ မင်းမင်း၏ မျက်နှာက ပြုံးနေ၏။ မြကြည်ဖြူ၏ ရင်ထဲတွင် ဘာလှုပ်လှုပ်ခုန်လာရသည်။ တစ်ကိုယ်လုံးလည်း နွေးသွား၏။ အကြည့်ကို မသိမသာ လွှဲရ၏။

"မောနင်း ဆရာမ"

"ဂွတ်ဒ်မောနင်းပါ မင်းမင်း"

နှုတ်က လွှတ်ခနဲထွက်သွားပြီးတော့ စိတ်ထဲက ဟင်ခနဲ ဖြစ် သွားရသည်။ သူ့ကို တရင်းတနှီး ဘာကြောင့်များ မင်းမင်းဟု ခေါ်လိုက်ပါလိမ့်။ သူကလည်း ဆရာမဟုသာ ခေါ်သည်။ ခေါ်ပုံက တရင်းတနှီး။

"ဆရာမ"

"ရှင်"

"စကားဝါ့ ထမင်းဘူး"

"အြော်...ဟုတ်ကဲ့"

သူ့လက်ထဲမှ ထမင်းဘူးကို လှမ်းယူလိုက်သည်။ လက်ဖျား င်းထိ သွားသည်။ ရင်ခုန်သံက ပို၍မြန်လာသည်. ထင်ရ၏။

တစ်ကိုယ်လုံး ရှိန်းနွေးသွားသည်။ ချိုကြည်မြနေသော င်းမင်း မျက်နှာတွင် ဆွဲဆောင်မှုတစ်ခု ရှိနေသည်ထင်၏။ ကြည်ဖြူ သူ့ကို သ်သူသည်း မကျေနပ်၊ ကျောင်းတုန်းက ပေကွာပြုနိုင်ခဲ့သမျှ ခု ဘာကြောင့် ရင်ခုန်နေရသနည်း။

"သမီး၊ ဦးဦးသွားမယ်နော်"

သူက စကားဝါကလေး၏ ပါးမို့မို့ကို မနာမကျင်ဆွဲကာ နှုတ်ဆက်၏။

"ဟုတ်ကဲ့၊ ဦးမင်းမင်း တာ့တာ"

စကားဝါက လက်ကလေးမြှောက်ကာ နှုတ်ဆက်သည်။

"ကဲ....သမီးလာ၊ ဂေ ဗျာရှုတ်ကြရအောင်နော်"

စကားဝါကို အတန်းဆီသို့ ခပ်မြန်မြန် ဆွဲခေါ်ခဲ့သည်။ သူ့ရှေ့မှာ သူမစိတ်တွေ ဘာကြောင့် လှုပ်ရှားနေရသည်ကို မတွေးတတ်။ သူ့ကို ကျောခိုင်းမိတော့လည်း ရင်ထဲမှာ ဟာ သွားသလို ခံစားလိုက်ရ၏။

မင်းမင်းသည် မော်တော်ဆိုင်ကယ်ဆီသို့ တစ်လှမ်းချင်း လျှောက်ခဲ့၏။

မြကြည်ဖြူ၏ မျက်နှာလှလှကလေးကို မြင်ခွင့်ရခဲ့သဖြင့် သူ့ရင်ထဲမှာ ကျေနပ်ကြည်နူးနေ၏။

ထိုမျှမကသေး။

မြကြည်ဖြူသည် သူ့အား 'မင်းမင်း' ဟုပင် ခေါ်ခဲ့သည်။ သံယောဇဉ်သမ်းကလေးကို နှစ်ဦးသားရင်ထဲ ပေါက်နိုင်ခဲ့ပြီ ထင်၏။ မြကြည်ဖြူ မျက်နှာပေါ်တွင် အမူအရာစိမ်းများ မရှိ



တော့။ မျက်လုံးစိမ်းများ မရှိတော့၊ စိတ်ကူးဖြင့် ပျော်နေသည်။

သူသည် မော်တော်ဆိုင်ကယ်ပေါ်တွင် ညင်သာစွာ ခွထိုင်လိုက်သည်။

မော်တော်ဆိုင်ကယ်ဒေါက်ကို ဖြုတ်သည်။ စက်သော့ကို ဖွင့်သည်။ ထို့နောက် မော်တော်ဆိုင်ကယ်ကို စက်နှိုးကာ နေရာမှ မောင်းထွက်ခဲ့သည်။

မြကြည်ဖြူသည် ကျောင်းထဲရောက်မှ မင်းမင်းကို ပြန်၍ လှည့်ကြည့်မိသည်။ မင်းမင်းတစ်ယောက် ဆိုင်ကယ်ဆီ တရွေ့ရွေ့ လျှောက်သွားပြီး မောင်းထွက်သွားသည်အထိ မြကြည်ဖြူ မျက်တောင်ခတ်ဖို့ မေ့နေ၏။

"ဆရာမ....ဆရာမ"

"ဘာလဲ....စကားဝါ"

"ဦးမင်းမင်းကလေ...."

မြကြည်ဖြူ သတိဝင်လာပြီး စကားဝါကို ပြန်မေးမိသည်။ စကားဝါကလေးက စကားကို ဆက်မပြောဘဲ ရပ်ထားကာ မြကြည်ဖြူကို မော့ကြည့်နေ၏။

"ပြောလေ သမီး"

"ဟို....ဦးဦးမင်းမင်းက ပြောတယ်၊ သမီးတို့ ဆရာမ မြကြည်ဖြူက သိပ်လှတာပဲတဲ့"

"အို...."

မြကြည်ဖြူ ရှက်သွားသည်။ ကြိုက်ရှက်လား၊ ငိုက်ရှက်လား၊ ရှိုက်ရှက်လား၊ မသိ၊ မြကြည်ဖြူ စိတ်မဆိုးမိဘဲ ရင်ဖိုသွားရသည်က အမှန်။

"ဦးမင်းမင်းကလဲ လုပ်ပါတယ်နော် ဆရာမ"

"အင်း....ဩော်....သမီးရယ်"

မြကြည်ဖြူက 'အင်း' လိုက်ပြီးမှ စကားတတ်သော စကားအိုးမကလေးကို ဖက်ထားမိသည်။ ပြီးတော့ စကားဝါ၏ ပါးကလေးကို လက်နှင့် ဖျစ်ရင်း....

"လုပ်ပါတယ်ကွယ်၊ ကဲ....လာ....စကားဝါ၊ အခန်းထဲ ဝင်ကြစို့"

မြကြည်ဖြူသည် စကားဝါ၏ လက်ကိုဆွဲကာ စာသင်ခန်းထဲ ဝင်ခဲ့သည်။ စာသင်ခန်းဟု ခေါ်သော်လည်း ပောက် လောက်လားလားကား မဟုတ်။

"ဆရာမ"

"ဩော်....ကြည်"

တင်အေးကြည်က မြကြည်ဖြူကို ပြုံးစိစိနှင့် ကြည့်နေသည်။ မြကြည်ဖြူက စကားဝါ ကိုယ်ကလေးကို တွန်းလွှတ်ပေးလိုက်သည်နှင့် စကားဝါကလေး စာသင်ခန်းထဲသို့ ပြေးဝင်သွားတော့သည်။

"မင်းမင်း ပြန်သွားပြီနော်"

"အင်း...."



"မင်းမင်း တစ်ယောက်လဲ ဘွဲ့ရပြီး ဘာအလုပ်မှ လုပ်ဖို့ မစဉ်းစားသေးဘူးနဲ့ တူတယ်၊ အင်းလေ....သူ့အတွက်က ဘာအလုပ်လုပ်ဖို့ လိုမှ မလိုတာပဲလေ"

မြကြည်ဖြူ မျက်မှောင်ကုတ်လိုက်မိ၏။ မင်းမင်း၏ မိဘများက ချမ်းသာသည်ကို တင်အေးကြည် ပြောပြထားသဖြင့် သိထားသည်။ သို့သော် ပညာတွေ တတ်ထားပြီး တတ်ထားသည့် ပညာနှင့် တိုင်းပြည်အတွက် တစ်စုံတစ်ရာ အကျိုးမပြုသည်ကိုတော့ ဘဝင်မကျ။

"ဒါပေမယ့် အလုပ် တစ်ခုခုတော့ လုပ်သင့်တာပေါ့နော်၊ လူတိုင်းမှာ ဘဝရှေ့ရေးဆိုတာ ရှိနေတာပဲ၊ အလုပ်ရှိမှ အာမခံချက် ရှိမှာပေါ့၊ အဓိပ္ပာယ် ရှိမှာပေါ့"

"ဩော်....ဖြူက သူ့အတွက် တွေးတော ပူပန်တတ်နေပြီပေါ့"

တင်အေးကြည်၏ စကားကြောင့် မြကြည်ဖြူ၏ မျက်နှာမှာ ဆည်းဆာရောင် သမ်းသွား၏။

"အို....အကြည်ကလဲ၊ ဘာဆိုင်လို့လဲ၊ ကိုယ်က သင်ထားတဲ့ ပညာတွေ အလကားဖြစ်မှာ စိုးလို့ပါ၊ ဒီ့အတွက် တိုင်းပြည်ကလဲ အကုန်အကျ ခံထားရတယ် မဟုတ်လား"

"ဖြူကသာ မဆိုင်ဘူး ပြောနေ၊ ဟိုကတော့ ဆိုင်ချင်လွန်းလို့ ပိုင်ချင်လွန်းလို့၊ ရွှေစွန်ညို ဝဲသလို ဝဲနေ

တာ သိလှား၊ ရွှေစွန်ညို ဘာကိုလိုလို့ ဝဲတယ်ဆိုတာ မဟုတ်လား"

တင်အေးကြည်က အကြောင်း တိုက်ဆိုင်သည်နှင့် ဖိုးလမင်း လုပ်နေ၏။

"သူ ကလေးချစ်တတ်သားပဲ၊ စကားဝါကလေးကို ချစ်လို့ ဂရုစိုက်နေတာဖြစ်မှာပေါ့ အကြည်ရယ်"

အရှက်ပြေ ကာကွယ်မိသည်။ သို့သော် သူ့အကြောင်းကို စိတ်ပါဝင်စားစွာ ပြောဆို နားထောင်နေမိသည့်အတွက် သူမကိုယ် သူမ အံ့သြနေရ၏။ အစကတော့ သူမသည် ကိုယ့် ကိုယ်ကို အသည်းခိုင်သည်ဟု ထင်ထား၏။ ယခုတော့ ခိုင် သည်ဆိုသော အသည်းမှာ ယိုင်လှုပ်ချင်နေပြီလား မသိ။ သူ့ အကြောင်း ပြောနေရသည်ကပင် ရင်တွင်း နွေးနွေးထွေး ထွေး ခံစားနေရ၏။

"မင်းမင်း ကလေးချစ်တတ်တာကတော့ အမှန်ပဲ၊ သနားလဲ သနားတတ်တယ်၊ ကိုယ်တို့နဲ့ ဟိုက်စကူးမှာ အတူနေကတည်းက နွမ်းနွမ်းပါးပါး ကလေးတွေ တွေ့ရင် မုန့်ဖိုးအမြဲ ပေးတတ်တယ်၊ စကားဝါကလေး ကို သူ အရမ်းချစ်ပုံ ရတယ်၊ သူ့အဖေက ကားမောင်း သမားလေ၊ စကားဝါကလေး ပညာသင်ကြားရေးကို အမြင်မတော်တာနဲ့ ကူညီနေတာပါ"

"ဩော်...."

"မင်းမင်းက စိတ်ကောင်း စေတနာကောင်းတော့ ရှိရှာပါတယ်၊ စာနာသနားစိတ်လဲ ရှိတယ် ဖြူရဲ့"



မြကြည်ဖြူ ဘာမှ မပြောတော့။ တင်အေးကြည်ကို လက် ရိပ်ပြကာ ကလေးများရှိရာသို့ လျှောက်ခဲ့သည်။

"ကဲ...သားတို့ သမီးတို့ ခါတိုင်းလိုပဲ ဘုရားရှိခိုးရမယ်၊ အားလုံး ဘုရားရှိခိုးဖို့ပြင်"

ကလေးများ လှုပ်လှုပ်ရွရွ ဖြစ်သွားကြသည်။ ယောကျ်ား ကလေးများက ဆောင့်ကြောင့်ကလေးတွေ ထိုင်သည်။ မိန်း ကလေးများက ကျုံ့ကျုံ့ ထိုင်လိုက်ကြ၏။

သည်နောက်တော့ ကျောင်းခန်းကလေးထဲတွင် ကလေး များ၏ မမွှေးတားသံ ဝေစည်နေတော့သည်။

အစု ( ၁၈ )

"လာပါဦး သားရဲ့"

ဖေဖေက လှမ်းခေါ်ကတည်းက တစ်ခုခုတော့ ပြောတော့မည်ကို သိလိုက်သည်။ ရင်ထဲမှာ အနည်းငယ်တော့ စိုးထိတ်သွားရသည်။ ယမန်နေ့က သူ အရက်အမူးလွန်သည့် ကိစ္စနှင့်ပတ်သက်၍ တစ်စုံတစ်ရာ ပြောတော့မည်ဟု ထင်သည်။

ဖေဖေသည် တကူးတကန့် စကားခေါ်ပြောလေ့မရှိ။ ပြောစရာ အကြောင်း တစ်စုံတစ်ရာရှိမှသာ ပြောလေ့ရှိ၏။ တစ်နည်းအားဖြင့် အပြစ်မြင်လာလျှင် နားဝင်အောင် ဆုံးမစကားခေါ်ပြောလေ့ရှိသည်။ ဆူပူကြိမ်းမောင်းခြင်းလည်းမလုပ်တတ်။ သို့သော် ဖေဖေက အေးဆေးသော်လည်း အနေတည်လွန်းသဖြင့် ဖေဖေ့ကိုတော့ မင်းမင်း ရှိသည်၊ ကြောက်လည်းကြောက်၍ လေးစားသည်။



မင်းမင်း ညွှန်ခန်းဆီလျှောက်သွားရင်း အိမ်အခြေအနေကို အကဲခတ်လိုက်သည်။ မေမေ့အရိပ်အယောင်ကိုမျှမတွေ့ရ။ မေမေ အပြင်ထွက်သွားသည်မှာ သေချာနေပြီ။ ကားရုံထဲမှ အိမ်ကကားလည်း မတွေ့ရပါချေ။

"ထိုင်ကွာ"

မင်းမင်း ဖေဖေ့ရှေ့တွင် ဝင်ထိုင်လိုက်သည်။ ဖေဖေသည် စွယ်စုံကျမ်းနှစ်ချုပ်စာအုပ်တစ်အုပ်ကို လှန်လှောနေရာမှ စားပွဲပေါ် အသာတင်လိုက်သည်။

"သား ဘယ်ကပြန်လာတာလဲ"

"ခုနစ်ချပ်ကွက်ထဲကပါ၊ သူငယ်ချင်းတစ်ယောက်အိမ်ကပါ"

"ဒီကနေ့တော့ ပွဲတွေဘာတွေမရှိပါဘူးနော်"

"ဟာ...မရှိပါဘူး ဖေဖေ၊ အဟဲ"

ရယ်မော၍ပြောလိုက်သော်လည်း စိတ်ထဲကတော့ ရှိုးနေသည်။ ဆရာ့ရှေ့ရောက်နေသော အပြစ်ရှိသော ကျောင်းသားနှယ် အနေကျဉ်းကျပ်လျက်ရှိသည်။

ဦးမင်းတင်သည် ပြုံးရုံသာ ပြုံးလိုက်၏။ ပြီးတော့ တာမှဆက် မပြောသေးဘဲ ဓာတ်ဘူးထဲမှ ရေနွေး တစ်ခွက်ကို ငှဲ့လိုက်၏။

သူ့အကြိုက် အစားအသောက်ထဲတွင် ရေနွေးပူပူကျကျက အပါအဝင် ဖြစ်သည်။

နံနက်လင်းလျှင် သူသည် လက်ဖက်ရည် ကော်ဖီ မသောက်၊ ထမင်းကြော်နှင့် ရေနွေးကြမ်းကျကျကိုသာ သောက်စားလေ့

ရှိသည်။ ရေနွေးကြမ်းကိုတော့ သူ့အတွက် တစ်နေ့လုံး ပင်တိုင် အဖော်ပြုထားသည်။ နောက် အဖော်တွေကတော့ နဂါး စပါယ်ရှယ်နှင့် စာအုပ်များသာ ဖြစ်သည်။ စာအုပ်တွေကို တစ်အုပ်ပြီးတစ်အုပ် လှန်သည်။ မပျင်းမရိ ဖတ်သည်။ ဖတ် ပြီး မှတ်စုထုတ်သည့်အခါ ထုတ်၏။ စာထိုင်ရေးပြီဆိုလျှင်လည်း ထမင်းမေ့ ဟင်းမေ့ ရေးနေတတ်သည်။

ဦးမင်းထင်သည် ငယ်ငယ်ကတည်းက စာပေဝါသနာပါခဲ့ သည်။ ကျမ်းကြီး ကျမ်းငယ် အသွယ်သွယ်ကို ပြုစုချင်သည်။ သို့သော် တိုင်းပြည်က အပ်နှင်းထားသော တာဝန်ဝတ္တရား များကြောင့် စိတ်တိုင်းကျ ဝါသနာကို အကောင်အထည် မဖော်နိုင်ခဲ့။ ယခု ပင်စင်စားဘဝရောက်တော့မှ ဝါသနာကို အကောင်အထည်ဖော်ရန် ကြိုးစားခွင့်ရခဲ့သည်။ ထို့ကြောင့် သူသည် ကျမ်းစာတစ်စောင်ကို ပြုစုလျက်ရှိသည်။ ၂၀ ရာစု မြန်မာစစ်ဗျူဟာသမိုင်းကို ပြီးပြည့်စုံသော ကျမ်းတစ်စောင် ဖြစ်အောင် ကြိုးပမ်းပြုစုလျက်ရှိ၏။

မင်းမင်းသည်လည်း ဖခင်နည်းတူ စာပေတွင် ဝါသနာထုံ ခဲ့သည်။ သူက ကဗျာဝါသနာပါသည်။ ကဗျာရူး ဖြစ်ခဲ့၏။ သို့သော် စွဲစွဲမြဲမြဲကား မဟုတ်ခဲ့။ အထက်တန်းကျောင်းသား ဘဝက ပန်းချီလည်း ဆွဲခဲ့သေးသည်။ နာမည်ကြီး ပန်းချီဆရာ တစ်ယောက်ထံတွင် တပည့်ခံခဲ့၏။ ပန်းချီကို ကြိုးစားပမ်းစား ရေးဆွဲခဲ့၏။ နောက်တော့ ပန်းချီကို စွန့်လွှတ်လိုက်ပြန်သည်။ ဂီတာဘက်ကို အာရုံပြုသည်။ သူ ဘာလုပ်လုပ် အထိုက်အသင့် တော့ ကျွမ်းကျင်ခဲ့၏။ ထူးထူးချွန်ချွန်ကား ဘာမျှမဖြစ်ခဲ့။



တစ်ခု ဖြစ်ခဲ့သည်ကတော့ သေချာသည်။ ဆယ့်နှစ်မျိုး ချင်းသုပ်။

“သားမေမေလဲ အပြင်ထွက်သွားတယ်ကွ”

ဦးမင်းထင်က ရေနွေးကြမ်းတစ်ငုံ မှုတ်သောက်ပြီး ပြောသည်။

“ဘယ်သွားတာလဲ”

“ဒါတော့ ဖေဖေလဲ မသိဘူး၊ မမေးလိုက်မိဘူးကွ”

စကားပြတ်သွားပြန်သည်။ ဦးမင်းထင်က ရေနွေး တစ် ငုံကုန် ကုန်အောင် ဆက်၍ မှုတ်သောက်နေ၏။ မင်းမင်းက သတင်းစာကို စိတ်မပါ့တပါ ကောက်လှန်နေသည်။

“အခု သားအသက် ဘယ်လောက်ပါလိမ့်”

မေ့လျော့နေ၍ ပြောလိုက်သည်လား၊ တမင် သတိပေး ချင်၍ ပြောလိုက်သည်လား မသိ။

“နှစ်ဆယ့်သုံးနှစ်ထဲမှာပါ ဖေဖေ”

“သား သူငယ်ချင်း ဟိုကောင်တွေကော၊ မောင်မြင့် ကြူးတို့ မောင်စိုးဟိန်းတို့ကော အသက် အတူတူ ပဲလား”

“စိုးဟိန်းနဲ့ သားနဲ့က အသက်အတူတူပဲ၊ မြင့်ကြူးက တစ်နှစ် ငယ်တယ်”

“ဪ.... ဟုတ်လား၊ သူတို့လဲ ပျောက်နေကြပါ လား၊ ဖေဖေ မတွေ့တာကြာပြီ”

“ဟုတ်ကဲ့ ဖေဖေ၊ စိုးဟိန်းက ရန်ကုန်ရောက်နေတယ် လေ၊ စာရေးဆရာလုပ်နေတယ်”

“ဟုတ်လား၊ အေး....ဒီကောင်က စာပေဝါသနာအိုး ပဲကွ၊ ဖေဖေနဲ့ ဆွေးနွေးဖူးတာပဲ၊ မဂ္ဂဇင်းတွေမှာ ရေး နေတဲ့ စိုးဟိန်းဆိုတာ သူပဲလား”

“ဟုတ်တယ် ဖေဖေ”

“မဆိုးပါဘူးကွ၊ သူ့ဝတ္ထုတိုတွေ ဖေဖေ ဖတ်ဖူးသား ပဲ၊ လက်ရှိသားပဲ၊ ဆက်ကြိုးစားရင် မောင်စိုးဟိန်း အောင်မြင်မှာပါ၊ ဘာပဲဖြစ်ဖြစ် စာပေရေးသား ပြုစု တာလဲ အလုပ်တစ်ခုပေါ့ကွာ၊ ဒီအလုပ်က စေတနာ မှန်ရင် တိုင်းပြည်ကို အများကြီး အကျိုးပြုနိုင်တာပဲ၊ စာပေဟာ အထက်မြက်ဆုံး စည်းရုံးရေးလက်နက်ပဲကွ၊ ဒါနဲ့ မောင်မြင့်ကြူးကကော ဘာတွေလုပ်နေလဲ”

“မြင့်ကြူးက တိုင်းသမမှာပါ ဖေဖေ၊ စာရေးဝင်လုပ် နေတယ်”

“ဪ....သားသူငယ်ချင်းတွေတောင် အလုပ်ကိုယ်စီနဲ့ ဖြစ်နေကြပြီကိုး၊ အလုပ်ရှိတာ ကောင်းတာပေါ့ကွာ၊ လခဘယ်လောက်နည်းနည်း အလုပ်ဆိုတဲ့ဂုဏ်က မသေး ဘူးကွ”

ပြောစရာစကားမရှိ၍ ‘ဟုတ်ကဲ့’ ဟုသာ ပြောလိုက်ရ၏။ လူကတော့ နည်းနည်းတွန့်သွားသည်။ ဖေဖေ ဘာကိုဆိုလို သည်ကို သူ ရိပ်မိပြီ။

“အင်း....သားအသက် နှစ်ဆယ့်သုံးနှစ်ထဲမှာ ဆိုတော့ မငယ်တော့ဘူးကွ”

“ဟုတ်ကဲ့”



“သားတစ်ယောက်တည်း အတွက်ကတော့ ဖေဖေတို့နဲ့ တစ်သက်လုံး ထိုင်စားနေရုံပဲ၊ ဘာမှ လုပ်စရာ မလိုပါ ဘူး၊ ဖေဖေတို့ဆိုတဲ့စကားအတိုင်း ဖေဖေတစ်ယောက် တည်း ရှာခဲ့တာတော့ မဟုတ်ဘူးကွ၊ သားမေမေရှာခဲ့ လို့ စီးပွားကောင်းခဲ့တာ၊ ဖေဖေက စစ်သားဆိုတော့ စီးပွား မရှာတတ်ခဲ့ဘူး၊ တိုင်းပြည်ပေါ်မှာ အထိုက် အသင့် တာဝန်ကျေခဲ့တာတော့ ဂုဏ်ယူစရာရှိတယ်၊ ဒီတော့ ဖေဖေပြောချင်တာက တိုင်းပြည်အတွက် ဂုဏ် ယူနိုင်အောင် ကြိုးစားစေချင်တယ်၊ သား အတွက် ဖေဖေတို့လဲ ဂုဏ်ယူချင်တယ်၊လူဆိုတာ လူ့အဖွဲ့အစည်း တစ်ခုမှာ အဓိပ္ပာယ်ရှိရှိ အသက် ရှင်နေသင့်တယ်ကွ၊ အမှိုက်တစ်ခု ဖြစ်မနေသင့်ဘူး၊ ဒါမှလဲ လူပီသတော့ မှာပေါ့ကွာ၊ အေး....လူဖြစ်လာမှတော့ လူပီသအောင် ကြိုးစားသင့်တာ အမှန်ပဲသား၊ အေးလေ....ခွေးတစ် ကောင်တောင် သူ့စားရေးနေရေးအတွက် လှုပ်ရှားရုန်း ကန်ရသေးတာပဲ၊ ငါ့သားဟာ ခေတ်ပညာတတ် တစ် ယောက်ပဲကွာ၊အဓိပ္ပာယ်ရှိ အဖိုးတန်တဲ့ လူတစ်ယောက် ဖြစ်အောင် ကြိုးစားကွာ”

ပြောပြီး ဦးမင်းထင်က အေးဆေးစွာထ၏။ မင်းမင်း ငိုင် တွေ၍ ကျန်ရစ်ခဲ့သည်။

ဖေဖေသည် အမူးလွန်သည့်ကိစ္စနှင့်ပတ်သက်၍ ဘာမှမပြော ခဲ့၊ သို့သော် တစ်ခုတော့ ပြောခဲ့သည်။ ဘာပြောခဲ့သည်ကို ဆိုသည်ကိုလည်း သူ နားလည်၏။

ဖေဖေသည် သူ့ကို အလုပ်လုပ်စေချင်သည့်ဆန္ဒ ရှိခဲ့ပြီ။ အတင်းအကျပ် တိုက်တွန်းသည့်တော့မဟုတ်။ သို့သော် သူ့အတွက် ဖေဖေ ဂုဏ်ယူချင်သည်တဲ့။

သူ ဘာအလုပ် လုပ်ရမည်နည်း။ စဉ်းစားသည်။ မည်သည့်အခါကမျှ မစဉ်းစားခဲ့သောကိစ္စကို စဉ်းစားရသဖြင့် ဦးနှောက်ခြောက်သွားရ၏။

သူသည် ဘွဲ့ရပြီးသည်နှင့် တာဝန်ကျေခဲ့ပြီဟု ထင်ခဲ့သည်။ သူ့ ရှေ့ရေးနောင်ရေး အတွက်ကိုမူ မိဘတွေ တာဝန်ဟုသာ သဘောထားခဲ့သည်။ သူ့ကိုယ်သူ အလုပ်လုပ်စရာ မလိုဟုလည်း ထင်နေခဲ့သည်။

ယခုတော့မူ ဖေဖေကိုယ်တိုင်က အလုပ်လုပ်ခိုင်းနေပြီ။ သို့သော် ဖေဖေကိုယ်တိုင်က အလုပ်လုပ်ခိုင်းသော်လည်း အလုပ်တော့ ရှာပေးမည်မဟုတ်။

အလုပ်တစ်ခုရဖို့အတွက် ဖေဖေ့ထံ ချဉ်းကပ်သူတွေရှိခဲ့၏။ ဖေဖေသည် ဌာနဆိုင်ရာမှ ပုဂ္ဂိုလ်ကြီး အတော်များများနှင့် သိကျွမ်းသည်။ ခင်မင်သူတွေ ပေါသည်။ သို့သော် မည်သူ့ကိုမှ မိမိ ဆွေမျိုးသားချင်းပါ၊ တူသားနောင်မယ်ပါဟူ၍ ပြောဆိုအလုပ်သွင်းပေးခဲ့သည် မရှိခဲ့။

"တို့တုန်းကတော့ တို့လုပ်ရမယ့်အလုပ် တို့ဟာတို့ ရှာခဲ့တာပဲ၊ ဘယ်သူ့မှလဲ အပူမကပ်ခဲ့ဘူးကွ၊ ဘယ်သူ့မှလဲ အလုပ်ကိစ္စနဲ့ပတ်သက်လို့ ကြားက ပြောမပေးခဲ့ဖူးဘူး၊ ဒီတော့ လုပ်လေ့လုပ်ထမရှိတဲ့ကိစ္စကို မလုပ်ချင်ဘူးကွာ"



အလုပ်ကိစ္စနှင့်ပတ်သက်၍ ရောက်လာလျှင် ဖေဖေက လူတိုင်းကို ထိုသို့ပြောခဲ့၏။ သည်တော့ မင်းမင်းသည်လည်း အလုပ်ကိစ္စနှင့်ပတ်သက်၍ ဖေဖေ့ကို အပူမကပ်ဝံ့။ သို့သော် ဖေဖေ့ဆန္ဒအရ အလုပ်တစ်ခုကိုတော့ လုပ်ရတော့မည် ဆိုသည်ကိုတော့ သိနေရပြီ။

ရန်ကုန်ရှိ ဘိုးဘိုးကို ပြေး၍သတိရ၏။ ဘိုးဘိုးမင်း၏ စိတ်ဓာတ်ကလည်း ဦးမင်းထင်နှင့် နင်လားငါလားပင်။

သို့သော်....

နောက်ဆုံး မဖြစ်သာလျှင် ဘိုးဘိုးထံမှ အကူအညီ ယူရပေလိမ့်မည်။

မင်းမင်း စိတ်ပျက်စွာ နေရာမှထလိုက်၏။ ဘာမှန်းမသိ။ ဖေဖေက စိတ်ရှုပ်အောင် အလုပ်ပေးသွားသည်ဟုထင်၏။

သူ နောက်ဖေးဆောင်သို့ လျှောက်ခဲ့သည်။ အိမ်တွင် လူနည်းရသည့်ကြား မေမေ မရှိတော့ ပို၍ ပျင်းရိဖွယ်ကောင်းလောက်အောင် ခြောက်သွေ့နေသည် ထင်ရ၏။

နောက်ဖေးဆောင်တွင် ဒေါ်ငြိမ်းခင်သည် နံနက်စာအတွက် အလုပ်များလျက်ရှိ၏။

ဒေါ်ငြိမ်းခင်က သူ့မိခင်၏လူယုံ၊ သော့ကိုင်ဖြစ်သည်။ အိမ်တွင် မြဲခဲ့သည်ကလည်း ကြာပြီ။ မင်းမင်း အသက်နှင့်အမျှပင်ဖြစ်၏။

ဒေါ်ငြိမ်းခင်မှာ အသက် လေးဆယ်နီးပါး ရှိပြီ။ ဆွေမရှိမျိုးမရှိ၊ အပျိုကြီး ဖြစ်၏။ သို့သော် သူမသည် မင်းမင်းကို ငယ်ကတည်းက ထိန်းကျောင်းခဲ့ရသူဖြစ်သဖြင့် သားအရင်းတမျှ

ချစ်သည်။ မင်းမင်းကလည်း ဒေါ်ငြိမ်းခင်ကို အိမ်မှ အစေ အပါးသဘောမျိုး မထား။ ဆွေမျိုးသားချင်း အကြီးအကဲ တစ်ယောက်ကဲ့သို့ပင် ခင်မင်လေးစား၏။ နှဲ့ဆိုးလည်း ဆိုး တတ်သည်။

"အန်တီငြိမ်း၊ မေမေကော ဟင်"

မင်းမင်းက ထမင်းစားပွဲတွင်ထိုင်ကာ မီးဖိုနားတွင် အလုပ် ရှုပ်နေသော ဒေါ်ငြိမ်းခင်အား လှမ်းမေးလိုက်သည်။

"ဟင်....မမ မရှိဘူးလား"

"မရှိဘူး အန်တီငြိမ်း၊ အပြင်ထွက်သွားတယ်လို့ ဖေဖေ က ပြောတယ်"

"ဒါဆို အန်တီငြိမ်းလဲ မသိလိုက်ဘူး"

"ဟာ....အန်တီငြိမ်းကလဲ၊ မေမေ ဘယ်သွားတယ်ဆို တာ ဘာဖြစ်လို့မသိရတာလဲ၊ ဖေဖေကလဲ မသိဘူး တဲ့၊ မေမေက သူသွားရင် တစ်ယောက်ယောက်ကို ပြောသွားနေကျပဲ"

"ဟုတ်ဘယ်လေ သားရဲ့၊ ခါတိုင်းတော့ ပြောသွား တာပဲ၊ အခု ဘယ်သူ့ကိုမှပြောမသွားတော့ အန်တီလဲ မသိဘူးပေါ့၊ သားက သားမေမေနဲ့ အရေးတကြီး တွေ့စရာကိစ္စ ရှိလို့လား"

"ဟင့်အင်း၊ ပျင်းလို့ဗျ"

ဒေါ်ငြိမ်းခင် ရယ်တော့သည်။

"မရယ်နဲ့ အန်တီ၊ ပျင်းတယ်....ကပြ"

"ဟယ်....ဒီကလေးနှယ်၊ တောက်တီးတောက်တဲ့"



"အဲဒီ တောက်တီးတောက်တဲ့ သီချင်းနဲ့ပဲ ကပြဗျာ"

ဒေါ်ငြိမ်းခင် ရယ်ပြန်သည်။ ဒေါ်ငြိမ်းခင်က အရယ် နည်း နည်းသန်သည်၊ ထို့ပြင် ယောင်တတ်သေး၏။

မင်းမင်းသည် ဒေါ်ငြိမ်းခင်၏နောက်သို့ ခြေသံမကြား အောင် ကပ်သွား၏။ ပြီးတော့ ခါးကိုတို့ရင်း

"တောက်တီး....တောက်တီး တောက်တဲ့"

"တောက်တီး....တောက်တီး တောက်တဲ့"

ဒေါ်ငြိမ်း ခင် သည် မင်းမင်း ဆိုသည့်အတိုင်း ဆိုကာ ယောက်မကိုကိုင်လျက် ကလေတော့သည်။

"ဟုတ်ပြီဗျ၊ တောက်တီး....တောက်တီး တောက်တဲ့"

"ဟုတ်ပြီဗျ၊ တောက်တီး....တောက်တီး တောက်တဲ့"

ဒေါ်ငြိမ်းခင် ကွေးနေအောင် ကသည်။

ဟင်းအိုးတူးနံ့ ထွက်လာ၏။ သည်တော့မှ မင်းမင်းသည် ...ာက်ပြောင်ခြင်းကို ရပ်လိုက်သည်။

"အမယ်လေးတော်၊ ငါ့ဟင်းအိုးတော့ တူးပါပြီ"

ဒေါ်ငြိမ်းခင်က ပြောပြောဆိုဆို တူးနံ့ထွက်နေသော အမဲ ...အိုးကို ပြေးချသည်။

မင်းမင်း ရယ်မောလျက် အခန်းထဲမှ ထွက်ခဲ့သည်။ ဒေါ် ...ခင်ကို စရနောက်ရသည်မှာ သူ့အတွက် ပျော်စရာကောင်း ... သူ့အခန်းထဲရောက်တော့လည်း ပျင်းစရာကောင်းသွားပြန် ...ည်။

သူသည် စန္ဒရားခုံတွင် ဝင်ထိုင်လိုက်၏။ လက်ကွက်များကို ...မ်းကြည့်သည်။

ဂီတ သံစဉ်ကလေးများက သာယာနာပျော်ဖွယ် ထွက်ပေါ်လာသည်။ သို့သော်.... စန္ဒရားတီးရန် စိတ်မပါသဖြင့် စန္ဒရားခုံမှ ပြန်ထလိုက်သည်။

သူသည် ခုတင်ထက်တွင် လှဲချလိုက်၏။ နာရီကိုကြည့်သည်။

အခုမှ နံနက် ဆယ်နာရီသာ ရှိသေးသည်။ ညနေ သုံးနာရီ ခွဲရန် ငါးနာရီကျော်ကျော် စောင့်ရဦးမည်။ သည်တော့မှ မြကြည်ဖြူ၏ မျက်နှာကလေးကို မြင်ရမည်။ ပျော်ရမည်။ ယခုတော့ ပျင်းနေရသည်။ ငေါင်နေရမည်။

မင်းမင်းသည် ဖေဖေပြောခဲ့သည့်စကားကို သတိရ[illegible] သည်။ ဖေဖေက သူ့ကို အလုပ်တစ်ခုခုလုပ်ရန် သွယ်ဝိုက်သော[illegible] လမ်းကြောင်းခဲ့၏။ အကယ်၍ သူ့တွင် အလုပ်တစ်ခုခု ရှိ[illegible] လျှင် ယခုလောက် ငေါင်နေမည်မထင်၊ အပေါင်းအသင်း[illegible] ကလည်း အလုပ်ကိုယ်စီနှင့် ဖြစ်နေပြီ။

အပေါင်းအသင်းတွေ ဆုံသည့်နေ့က မြင့်ကြူးကအလုပ်[illegible] ပတ်သက်၍ စကားစခဲ့သည်ကိုလည်း သတိရလာ၏။

“ဟေ့ကောင် မင်းမင်း၊ မင်း ဘာအလုပ်လုပ်မယ်[illegible] စဉ်းစားထားလဲ”

“ငါက ဘာအလုပ် လုပ်ရမှာလဲကွ”

မြင့်ကြူး၏ အမေးစကားကို သူက အမေးစကား[illegible] တုံ့ပြန်ခဲ့သည်။

“အသက်မွေးဝမ်းကျောင်း အလုပ်တစ်ခုခုကို [illegible] တာပေါ့ကွာ”



“အသက်မွေးဝမ်းကျောင်း ဟုတ်လား၊ သြော်....ငါသိပြီ၊ ငါ့အသက်ကို မေမေက မွေးတယ်၊ ဝမ်းကိုလဲ ဖေဖေနဲ့ မေမေက ကျောင်းပေးတယ်၊ ဒါပြောတာ မဟုတ်လား၊ ဟား....ဟား....ဟား”

သူက မူးမူးနှင့် ထိုသို့ပင် ပြန်၍ ဟားခဲ့၏။

“မဟုတ်ဘူးလေကွာ၊ လူတစ်ယောက်မှာ အလုပ်တစ်ခုတော့ ရှိရမှာပေါ့ကွ၊ ဒါမှ လူချင်းတူမှာပေါ့ကွ”

“အေးလေ၊ ငါလဲ လူချင်းတူတူ သူချင်းမျှမျှ ဘီယာသောက်နေတာပဲ”

“ဝါး....ဟား....ဟား....ဟား”

ဟားကြသည်။ သူလည်း ရော၍ဟားခဲ့၏။ ယခု စဉ်းစားမိမှ မြင့်ကြူးက သူ့ကို ချတ်သွားခဲ့သည်ကို သတိထားလိုက်မိသည်။

အကောင်းဘက်က ကြည့်လျှင်တော့ သူ့ အားနည်းချက်ကို ထောက်ပြသွားသည်ဟု တွေးယူနိုင်သည်။

“သား မင်းမင်း၊ ထမင်းစားတော့မလား”

ဒေါ်ငြိမ်းခင် အခန်းဝရောက်လာကာ မေးတော့မှ အတွေးပြတ်သွားသည်။

“မေမေကော မရောက်သေးဘူးလား”

“အေးကွယ့်၊ မရောက်သေးဘူး”

“ဖေဖေကော”၊

“သားဖေဖေက မဆာသေးဘူးတဲ့၊ သားဖေဖေနဲ့မှ အတူစားမှာလား”

"ဟင့်အင်း၊ အခုစားမယ်"

ဖေဖေနှင့် မျက်နှာချင်းဆိုင်ရမည်ကို ဝန်လေးနေသလို ဖြစ်နေရသဖြင့် မင်းမင်း အိပ်ရာထက်တွင် လှဲနေရာမှ ထလိုက်သည်။

နံနက်စာ စားပြီးတော့လည်း မင်းမင်း တစ်ယောက်တည်း ပျင်းရိလျက် ငေါင်နေရပြန်၏။

ညနေပိုင်း ရောက်လာတော့မှ မင်းမင်း မြူးကြွလာသည်။ နာရီ တကြည့်ကြည့် ဖြစ်လာ၏။

စကားဝါတို့ ကျောင်းလွှတ်ချိန် နီးပြီ၊ စကားဝါကို ကြိုရမည်။ သည်အခါ မြကြည်ဖြူ၏ မျက်နှာကလေးကို မြင်တွေ့ရတော့မည်။

ကျောင်းချိန် နီးသည်နှင့် မင်းမင်း အိမ်မှထွက်ခဲ့သည်။ အချိန်ကိုက်လာခဲ့သည်မို့ ကျောင်းရောက်တော့ ကျောင်းလွှတ်ရန် နှစ်မိနစ် ခန့်သာ လိုတော့၏။

မင်းမင်း ကျောင်းဝရောက်တော့ မြကြည်ဖြူ၏ ကဗျာ သင်ပြပေးသံနှင့် ကလေးများ၏ သံပြိုင် ကဗျာရွတ်ဆိုသံကို ကြားလာရ၏။

တစ် နှစ်
မိတ်ဆွေဖြစ်။
သုံး လေး
မမုန်းကြေး။
ငါး ခြောက်
စိတ်မကောက်။



ခုနစ် ရှစ်
အလွန်ချစ်။
ကိုး တစ်ဆယ်
ကူညီမယ်။

ကဗျာရွတ်ဆိုသံနှင့်အတူ မြကြည်ဖြူ၏ မျက်နှာကလေးကို ပါ မြင်လာရ၏။ သူ့ရင်ထဲတွင် ကြည်နူးသွားရသည်။ မြကြည်ဖြူ ရွတ်ဆိုသင်ပြသော ကဗျာကလေးက သူတို့နှစ်ယောက်အတွက် အဓိပ္ပာယ်ရှိနေသည်။

"ကဲ....ကလေးတို့၊ ကိုယ့်နေရာ ကိုယ်ပြန်ထိုင်ကြ"

ကလေးများ ကဗျာရွတ်ဆိုရာမှ နေရာတွင် ပြန်ထိုင်ကြသည်။

မြကြည်ဖြူသည် လက်မှနာရီကလေးကို ကြည့်လိုက်ပြီး စားပွဲပေါ်မှ ခေါင်းလောင်းကလေးကိုယူကာ အသာလှုပ်ခတ်လိုက်သည်။

"ကလင်....ကလင်....ကလင်....ကလင်"

"ဝေး...."

ခေါင်းလောင်းမြည်သံနှင့် ကလေးများ၏အသံက ဆူညံသွားသည်။

အခန်း ( ၁၉ )

တစ် နှစ်
မိတ်ဆွေဖြစ်။

သုံး လေး၌
မမုန်းကြေး။

ငါး ခြောက်
စိတ်မကောက်။

ခုနစ် ရှစ်
အလွန်ချစ်။

ကိုး တစ်ဆယ်
ကူညီမယ်။



မင်းမင်းသည် စကားဝါကလေးကို မော်တော်ဆိုင်ကယ်နောက်မြီးတွင် တင်ကာ မောင်းရင်း မြကြည်ဖြူ ကလေးများအား သင်ပြခဲ့သည့် ကဗျာကလေးကို ကြည်နူးစွာ ရွတ်ဆိုလိုက်မိ၏။ ထိုကဗျာကလေးက သူ့အတွက် အဓိပ္ပာယ်ရှိနေ၏။ မြကြည်ဖြူက သူ ရောက်လာမှန်းသိ၍ တမင် ရွတ်ဆိုသင်ပြခဲ့သည်လား မသိ။

သို့ဆိုလျှင်....

သူတို့ တစ်၊နှစ်အဆင့်ကို ကျော်ခဲ့ပြီ။ မိတ်ဆွေဖြစ်ခဲ့ပြီ။ သုံးလေးအဆင့်ကိုလည်း လွန်ခဲ့ပြီ၊ မမုန်းကြေးပါတဲ့။ မင်းမင်းကလည်း မမုန်းကြေးပါပဲကွယ်။

ငါး ခြောက်ကျတော့ စိတ်မကောက်ဘူးတဲ့။ ဟုတ်ကဲ့ မင်းမင်းကလည်း ဆရာမလေးမြကြည်ဖြူအပေါ် စိတ်မကောက်ပါ။

ခုနစ် ရှစ် အလွန်ချစ်တဲ့၊မှန်ပါ၏။ မင်းမင်းက မြကြည်ဖြူကို အလွန်ချစ်ပါ၏။

ကိုး တစ်ဆယ် ကူညီမယ်တဲ့။ မင်းမင်းကလည်း ကူညီချင်ပါသည်။တစ်ခုခုတော့ကူညီရမည်။ဘာကူညီရမည်ကို စဉ်းစားထားဦးမည်။

"ဦးမင်းမင်းက သမီးသင်တဲ့ ကဗျာ ရထယ်နော်"

စကားဝါက မင်းမင်း၏ ခါးကို ဖက်ထားရင်း ပြော၏။

"ရတာပေါ့ သမီးရဲ့"

"ဟင်....ဦးမင်းမင်း ဘယ်လို လုပ်ပြီး ရတာလဲ"

"သမီးတို့ သင်တာကို နားထောင်ထားတော့ ရတာပေါ့"

"သမီးတို့ကတော့ တစ်ခါတည်း နားထောင်ရင် မရပေါင်၊ ခဏ ခဏ နားထောင်မှ ရတယ်"

"သမီးတို့က ကလေးကိုး၊ ဦးတို့လို လူကြီးဖြစ်ရင် တစ်ခါတည်း ကြားတာနဲ့ ရတာပေါ့"

"ဟုတ်တယ်နော်၊ သမီးတို့ ဆရာမလဲ တစ်ခါတည်း နားထောင်လို့ ရတာပေါ့နော်း"

"ဒါပေါ့ သမီးရဲ့"

"ဆရာမက ဘယ်သူ့ဆီက နားထောင်တာလဲဟင်"

ရုတ်တရက် အဖြေရ ကျပ်သွားရသည်။ ပြီးတော့မှ....

"စာအုပ်ထဲက ကျက်တာပေါ့ကွယ်"

"လူကြီးဆိုတော့ စာဘတ်လို့ပေါ့နော်"

"ဒါပေါ့ သမီးရဲ့"

စကားဝါတို့ အိမ်ရှေ့ ရောက်တော့ မယဉ်မေက အူယားဖားယား ပြေးထွက်လာကာ သမီးဖြစ်သူကို ဆီးကြိုသည်။

"အစ်ကိုကြီး ကား ထွက်သွားပြီလား မမ"

"အင်း....ထွက်သွားပြီ၊ ကားပဲ တကယ်ထွက်သွားတာလား၊ ပိုကာဝိုင်း ရောက်သွားတာလားဆိုတာတော့ မသေချာဘူး မင်းမင်းရဲ့"

ကိုမြ အကြောင်းကို အတွင်းသိဖြစ်သဖြင့် မင်းမင်း ရယ်နေလိုက်၏။



"အိမ်ပေါ် တက်ဦး မင်းမင်း၊ ရေနွေးလေး ဘာလေး သောက်ရအောင်"

"နေပါစေတော့ မမ၊ အိမ်မှာ ကိစ္စရှိသေးလို့ သွားလိုက်ဦးမယ်၊ ကဲ....သမီး တာ့တာ"

"တာ့တာ ဦးမင်းမင်း"

စကားဝါကလေးက ဆိုင်ကယ်အောက်မှ လက်ကလေးပြကာ ချစ်စဖွယ် နှုတ်ဆက်၏။

"ကဲ....သွားလိုက်ဦးမယ် မမရေ၊ မနက်ကျရင်သာ ကျောင်းသွားဖို့ သမီးကို အသင့် ပြင်ပေးထားနော်"

"အင်း....ငါ့မောင်လဲ သမီးအတွက် တာဝန်တစ်ခု ဖြစ်နေပြီ"

မယဉ်မေက ညည်းညည်းညူညူ ပြောသည်။ မင်းမင်းက မကြားယောင်ပြုကာ မော်တော်ဆိုင်ကယ်ကို နေရာမှ မောင်းထွက်ခဲ့သည်။ မယဉ်မေကသာ မင်းမင်းကို အားနာလျက်ရှိ၏။ စကားဝါကလေး တာဝန်ကို ထမ်းဆောင်နေရသည့်အတွက် မင်းမင်း ကျေနပ် ပျော်ရွှင်လျက် ရှိသည်ကို မယဉ်မေ မသိပါချေ။ မင်းမင်းအနေဖြင့် သည်တာဝန် မယူရမှာကိုပင် စိုးရိမ်နေရသေး၏။

မင်းမင်း အိမ်ပြန်ရောက်တော့မှ တစ်နေ့လုံး ပျောက်နေသော မေမေ့ကို တွေ့ရသည်။

မင်းမင်း အိမ်ပြန်ရောက်လာသည်နှင့် ဒေါ်သူဇာလှိုင် ကိုယ်တိုင် အိမ်တံခါးကို ဆီးကြို ဖွင့်ပေးသည်။

"မေမေ တစ်နေ့လုံး ဘယ်တွေ သွားနေတာလဲ"

အိမ်ထဲ ရောက်သည်နှင့် မင်းမင်းက မေးသည်။

"ကိုဖွားရှိလို့ မန္တလေးကို ခဏဆင်းတာပါ သားရယ်"

"ဟာ....မေမေကလဲ၊ မန္တလေး ဆင်းတာများ သားကို ဘာဖြစ်လို့ မခေါ်တာလဲ၊ သား လိုက်ပို့မှာပေါ့...."

"ခေါ်မလို့ပါပဲ သားရဲ့၊ သားက ဘယ်ထွက်သွားမှန်းမှ မသိတာကိုး"

"သူငယ်ချင်းအိမ် ခဏကလေး ထွက်သွားတာပါ၊ မေမေ ထွက်သွားတော့ သားပြန်ရောက်လာတာပဲ၊ အန်တီငြိမ်း မေးကြည့်ပါလား"

"အေးပါ....မေမေလဲ ချက်ချင်း ပြန်ရောက်မယ်ဆိုတာ မသိလို့ပါကွယ်"

သားအမိ နှစ်ယောက် ဧည့်ခန်း ကုလားထိုင်တွင် ထိုင်ကြသည်။ ဒေါ်သူဇာလှိုင်က အမှတ်မထင် တိုင်ကပ်နာရီကို လှမ်းကြည့်သည်။ လေးနာရီ ထိုးပြီ။

"သား ထမင်းစားတော့မလား"

"စောပါသေးတယ် မေမေရဲ့၊ အခုမှ လေးနာရီပဲ ရှိသေးတယ်"

မင်းမင်းက လက်မှ နာရီကို မြှောက်ကြည့်ကာ ပြောသည်။ အခါတိုင်း ညနေစာစားချိန်မှာ ငါးနာရီဖြစ်သည်။

"အခု သား ဘယ်က ပြန်လာတာလဲ"

မေးရင်း ဒေါ်သူဇာလှိုင်က မင်းမင်းကို အကဲခတ်သည်။ အခုတလော မင်းမင်း ခြေများနေသည်ကို သိသည်။ အခါ



တိုင်းတော့ ရှိုးရှိုး လည်ပတ်သည်ဟုသာ ထင်ခဲ့၏။ ယခုတော့ သံသယ ရှိလာသည်။ မြကြည်ဖြူဆိုသည့် မိန်းကလေးအိမ် သွားနေသည်လား။ ထိုမိန်းကလေးနှင့် လည်ပတ်နေသည်လား စသဖြင့် တွေးစရာ ဖြစ်လာသည်။

မြကြည်ဖြူဆိုသည့် နာမည်ကို မင်းမင်း နှုတ်ဖျားမှ ကြားရကတည်းက ဒေါ်သူဇာလှိုင် စိတ်ထင့်နေခဲ့ရသည်။ အကြောင်းက ပိုးမွှေးသလို မွေးပြီး ရွေလို့ဥထားရသော သားတစ်ယောက်ကို မိမိ စိတ်တိုင်းကျ မဟုတ်သော မိန်းကလေးတစ်ယောက်ယောက်နှင့် နီးစပ်သွားမည်ကို စိုးရိမ်နေမိသည်။

ထို့ကြောင့်လည်း ဒေါ်သူဇာလှိုင်သည် စိုးရိမ်တကြီး သားရေး သမီးရေးအတွက် စကားစရှိခဲ့သော ဦးမြင့်ဘော်တို့အိမ်သို့ သွားရောက်ခဲ့ခြင်း ဖြစ်သည်။

"ပြောပါဦး သားရဲ့၊ သား အခု ဘယ်သွားနေတာလဲ...."

သူမ၏ အမေးစကားကို ရုတ်တရက် မဖြေဘဲ မင်းမင်းက သတင်းစာကို ကောက်လှန်နေသဖြင့် ထပ်၍ မေးလိုက်၏။

"သားမိတ်ဆွေ တစ်ယောက်အိမ်ပါ မေမေရဲ့၊ ပျင်းတာနဲ့ ခဏ သွားတာပါ၊ သူလဲ မရှိတာနဲ့ ချက်ချင်း ပြန်လာတာ"

"ဪ....ဪ....ဒါနဲ့ သား ဦးမြင့်ဘော်တို့ကို သိတယ် မဟုတ်လား"

သူမ ပြောချင်သည့် စကားအတွက် စကားစ ိုက်မိခြင်းပင် ဖြစ်သည်။

"မေမေကလဲ အန်ကယ် ဦးမြင့်ဘော်တို့ကိုများ မသိရှိပါမလား၊ သူတို့အိမ်ကိုတောင် သား သုံးလေးကြိမ်မက ရောက်ဖူးတာပဲ"

ဦးမြင့်ဘော်နှင့် ဒေါ်စိုးအိမ်တို့ကို မင်းမင်း ကောင်းကောင်း သိထား၏။ သူတို့ သမီးချောကလေး အေးချမ်းမြကိုလည်း တစ်ကြိမ်တော့ မြင်ဖူးသည်။

အေးချမ်းမြက မန္တလေးမှာ အနေနည်းသည်။ ရန်ကုန်မှ ဦးလေးအိမ်တွင် နေရင်း ကျောင်းတက်၏။ သူမက သူ့ထက် သုံးလေးနှစ်ထက်မနည်း ငယ်မည် ထင်၏။ အေးချမ်းမြက လှသည်။ မန်းသူအစစ် ဖြစ်သော်လည်း ဖြူနု၏။ ပါးကလေးတွေက ဖောင်းဖောင်းမို့မို့။ မေးစေ့ကလေးက ဝိုင်းဝိုင်း။ မျက်လုံးကြည်ကြည် မျက်တောင်ကော့ကော့နှင့် ကော်ပတ်ရုပ်ကလေးလို ချစ်စရာ ကောင်းသည်။ မင်းမင်း ရောက်သွားစဉ် ကျောင်းပိတ်ချိန်နှင့် တိုက်ဆိုင်သဖြင့် သူမကို တစ်ကြိမ်သာ တွေ့ဖူးသည်။ နှစ်ကြိမ် သုံးကြိမ်သာ ဆုံရပါလျှင် စာကလေးတော့ အဆက်အသွယ် ဖြစ်ခဲ့ဖူးမှာ သေချာသည်။

ယခုတော့မူ မင်းမင်းသည် အရင်က မင်းမင်း မဟုတ်တော့။ မြကြည်ဖြူမှလွဲ၍ အခြားမိန်းကလေးများကို စိတ်ဝင်စားမည့် မင်းမင်း မဟုတ်တော့။

"အင်း....မေမေလဲ ဦးမြင့်ဘော်တို့ အိမ် ရောက်ခဲ့သေးတယ်၊ သား သူတို့ သမီး အေးချမ်းမြကို မှတ်မိသေးသလား"



"လွန်ခဲ့တဲ့ သုံး လေးနှစ်လောက်ကတော့ မြင်ဖူးတယ်လေ၊ အခု မြင်ရင်တော့ မှတ်မိဦးမလား မသိဘူး"

"အမယ်လေး....သားရယ်၊ ကောင်မလေး အခုမှ ပိုလှလာတယ်၊ မေမေနဲ့ တိုက်တိုက်ဆိုင်ဆိုင် သွားတွေ့တာ မှတ်တောင် မမှတ်မိတော့ဘူး၊ အခု အေးချမ်းမြက နောက်ဆုံးနှစ် ရောက်နေပြီလေ၊ ဒီနှစ်ကုန်ရင်ဘွဲ့ရတော့မယ်၊ ကျောင်းကတော့ ရန်ကုန်မှာပဲ တက်တယ်၊ စီးပွားရေးတက္ကသိုလ်မှာ၊ သူက သားထက် တစ်နှစ်၊ နှစ်နှစ်လောက်တော့ ငယ်မယ် ထင်တယ်"

"ဟုတ်မှာပေါ့"

မင်းမင်းက စိတ်မပါ့တပါ ပြောသည်။

"အင်း....သားကတော့ ဘွဲ့ရပြီးပြီ၊ အသက်လဲ နှစ်ဆယ့်သုံးနှစ်ထဲ ရောက်နေပြီ"

"အို....မေမေကလဲ၊ လာပြန်ပြီ ဒီအသက်၊ အသက်မေးပြီး ဖေဖေ့လို အလုပ်လုပ်ခိုင်းဦးမလို့လား၊ မေမေတို့ မကျေးချင်လဲ ရပါတယ်၊ သား လုပ်မှာပါ"

မင်းမင်း စိတ်တိုစွာ ပြောလိုက်မိ၏။ မျက်နှာကလည်း ညိုလာသည်။

"အို....မဟုတ်ပါဘူး သားရယ်....၊ သားမှာ ဘာအလုပ်လုပ်စရာ လိုလို့လဲ၊ အလုပ်လုပ်စေချင်မှဖြင့် မန္တလေးက မေမေ့ပွဲရုံတွေဆီ လွှတ်ထားတာ ကြာပြီပေါ့၊ သား ဘာမှမလုပ်ရပါဘူး သားရယ်၊ စိတ်ချ၊ စိတ်ချ"

မင်းမင်း မျက်နှာညှိုလာသဖြင့် ဒေါ်သူဇာလှိုင်က ပျာပျာ သလဲ ချော့၏၊ ပြီးတော့မှ....

"မေမေ ပြောချင်တာက သား ပညာလဲတတ်ပြီ၊ အရွယ်လဲရောက်ပြီလို့ ပြောတာပါ၊ ဒါပေမယ့် မေမေ ကတော့ သား နို့နံ့တောင် မစင်သေးဘူးလို့ ထင်နေ မိတယ်"

"ထားပါ၊ မေမေက သားကို ဘာပြောချင်တာလဲ၊ ဘာဖြစ်စေချင်တာလဲ"

မိခင်ဖြစ်သူက စကားကို ဝေ့လည်ကြောင်ပတ် ပြောနေသည် ထင်သဖြင့် မင်းမင်း စိတ်တိုလာရ၏။

"မေမေ ပြောချင်တာက သားရယ်၊ သားသမီးကို မွေးထားပြီးရင် မိဘဝတ္တရားဆိုတာ ရှိတယ်ဆိုတာပါ၊ ကျွေးမွေးရုံ၊ ပညာသင်ရုံနဲ့ မပြီးသေးဘူးကွယ့်"

"သိပြီမေမေ၊ မိဘဝတ္တရား ငါးပါးထဲမှာ ထိမ်းမြားခြင်းလဲ့ ပါတယ်။ သားကို လက်ထပ်ပေးချင်တယ် ပေါ့ ဟုတ်လား"

ဉာဏ်ချည်မသေးလှသော မင်းမင်းသည် စကားစထွက်လာသည်နှင့် သူ့မိခင် ဘာဆိုလိုသည်ကို သိလိုက်၏။

"ဟုတ်တာပေါ့ သားလေးရယ်၊ အေးချမ်း မြကလေး ဆိုရင် လှလိုက်ပါ့ဘိသနဲ့၊ သူ့မိဘတွေကလဲ ရွှေမရှား၊ ငွေမရှား၊ သားနဲ့လဲ ရွှေသွားနောက်လိုက် ညီပေါ့"



"အို....မေမေကလဲဗျာ၊ ဒါတွေ သား ဘာမှ မစဉ်း စားသေးပါဘူး၊ သား ငယ်ငယ်ကလေးပဲ ရှိသေး တယ်"

မင်းမင်း ထိုင်ရာမှ ဆတ်ခနဲထသည်။ ထို့နောက် နေရာမှ ပြေးထွက်ကာ လှေကားပေါ်သို့ ပြေးတက်သွားတော့၏။

စင်စစ်။

ဒေါ်သူဇာလှိုင်ပြောသည်ကို မင်းမင်း နားလည်သည်။ သူ ချစ်ရသောချစ်သူ ရှိနေ၍ သူ့ကိုယ်သူ ကလေးလုပ်ပစ်လိုက် ခြင်းပင် ဖြစ်သည်။ ဒေါ်သူဇာလှိုင်သည် မင်းမင်း၏ ကျောပြင် ကိုကြည့်ကာ သက်ပြင်းချလိုက်မိ၏။

"ဘယ့်နှယ်လဲ အခမဲ့ကြီး"

ဦးမင်းထင်က စာကြည့်ခန်းထဲမှ ထွက်လာကာ ဒေါ်သူဇာ လှိုင်ကို ပြုံးပြုံးကြီးကြည့်ကာ မေးလိုက်သည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ဒေါ်သူဇာလှိုင်သည် ညကတည်း က ဦးမင်းထင်အား တိုင်ပင်ခဲ့သည်။

ဦးမင်းထင်က စာနပသမားပီပီ ခေတ်ကို သဘောပေါက် သည်။ လူငယ်တွေ၏ စရိုက်သဘာဝကို နားလည်သည်။ ထို့ကြောင့် ယင်းကိစ္စမျိုးကို အလောတကြီး စီစဉ်ရန် မကြိုး စားသင့်ကြောင်း၊ သား၏သဘောထားကို ဦးစွာ တီးခေါက် သင့်ကြောင်း၊ လူငယ်ချင်း ဦးစွာရင်းနှီးအောင် လမ်းကြောင်း ပေးသင့်ကြောင်း၊ လူငယ်ချင်း ချစ်ကြင်နာကာမှ လူကြီးတွေ က ကွန်ခြွမပျက်အောင် အဆင့်အတန်းရှိရှိ စီစဉ်ပေးသင့် ကြောင်း ဖျောင်းဖျခဲ့သည်။

သို့သော် ဒေါ်သူဇာလှိုင်က အချိန်မဆွဲနိုင်၊ ဇောကပ်နေ၏။ သားတွင် ချစ်သူရှိနေပြီဟုလည်း ထင်နေ၏။ ထို့ကြောင့် သူမမွေးထားသည့်သားကို သူမ ပြောလျှင် ရမည်ဖြစ်ကြောင်း၊ သားက လိမ္မာပြီးသားဖြစ်ကြောင်း၊ သားကို သူမ တာဝန်ယူရဲကြောင်း အတင်းအကျပ်ပြောပြီး ချက်ချင်းပင် သူမ သဘောတူသော မိန်းကလေးမိဘများထံ သွားရောက်ပြီး စကားကမ်းလှမ်းခဲ့သည်။

တစ်ဖက်အမြင်ကလည်း ဒေါ်သူဇာလှိုင်တို့ သားသမီးဆိုသည်နှင့် သဘောတူပြီးသား ဖြစ်နေသည်။ သဘောမတူစရာလည်း မရှိ။ ဒေါ်သူဇာလှိုင်တို့မှာ ဂုဏ်ရှိသည်။ သိက္ခာရှိသည်၊ ပစ္စည်းဥစ္စာ ရှိသည်။

ကုန်သည်ချင်း စီးပွားဖက်လည်း ဖြစ်ခဲ့ဖူးသည်။သည်တော့ ဒေါ်သူဇာလှိုင့် သဘော၊ သားကို တာဝန်ယူနိုင်ပါက ကြိုက်သလို စီစဉ်ပါဟု ပြောခဲ့၏။ သူတို့ဘက်ကလည်း သူတို့ သမီးကို တာဝန်ယူပါမည်ဟု ကတိပေးခဲ့သည်။

ယခုတော့ ဒေါ်သူဇာလှိုင် စိတ်ထင့်သွားရ၏။ သို့သော် သူ့ဘက် ပါမည်။ သည်ကိစ္စမျိုးမကြုံဖူးသဖြင့် ရှက်နေသည်ဟု ထင်နေ၏။

"ပြောပါဦး အမေကြီးရဲ့၊ သားက ဘာပြောလဲ"

ဦးမင်းထင်က ဒေါ်သူဇာလှိုင့် ရှေ့တည့်တည့်တွင်ထိုင်ကာ ထပ်မေး၏။

"သူက သားပဲ ကိုကိုရယ်၊ ပြောရင် ရမှာပေါ့၊သားက အတွေ့အကြုံမရှိတော့ ရှက်နေတယ်"



ဦးမင်းထင် ပြုံးလိုက်ပြန်၏။-

"ကိုကိုကလဲ၊ ဘာရယ်နေတာလဲ"

"ရယ်တာမဟုတ်ပါဘူးကွ၊ ပြုံးတာပါ၊ မင်းက မင်းသား ပြောသမျှကို ယုံနေတာကိုး၊ ဒီခေတ်က လူငယ်တွေကို မင်း အတွေ့အကြုံမရှိဘူးလို့များ ထင်နေသလား၊ တို့ခေတ်ကနဲ့ အများကြီးကွာသွားပြီ သူဇာ၊ ပြီးတော့ သူတို့ဟာ အိမ်ထောင်ရေးလွတ်လပ်မှုကိုလဲ လိုလားတောင့်တနေကြပြီ၊ ဒီတော့ ဒီကိစ္စကို ခဏ ရပ်တန်းက ရပ်ထားပါ၊ စကားတွေ့သိပ်မလွန်ပါစေနဲ့၊ ကိုယ့်သားသမီးကို အသေအချာပြန်ပြီး လေ့လာ၊ သူကိုယ်တိုင်က မေမေတို့ သဘောပါ ဆိုတဲ့ ကတိစကားရမှ ရှေ့ဆက်၊ ဒါတောင် တချို့လူငယ်တွေဆိုရင် မိဘကို ကောင်းပြီ ကောင်းရဲ့ ကတိပေးပြီး သူတို့ကြိုက်တဲ့လူနဲ့ လိုက်ပြေးတာ တစ်ပုံကြီးရှိသေးတယ်"

"ကိုကို့သားက ဒီလိုလုပ်ဖို့ ဝေးသေးတယ်"

ဒေါ်သူဇာလှိုင်က သားဘက်က အပြည့်အဝ ကာသည်။

"မင်းပဲထင်ထား သူဇာ၊ ကိုကိုကတော့ စုံလုံးမကန်နိုင်သေးဘူး၊ ကိုယ့်သားဆိုပေမယ့် ဒီကိစ္စမျိုးမှာ ယုံမထားဘူး၊ ပြီးတော့ အိမ်ထောင်ရေးနဲ့ ပတ်သက်လို့ကတော့ ကိုကိုက လွတ်လပ်ခွင့်ပေးထားချင်တယ်"

"အို....ဒါက မိဘတာဝန်ပဲ၊ မိဘက စီမံပေးမှ ဆင်စီးမြင်းရံတာမျိုးဖြစ်မှာပေါ့၊ ကိုကို့ကို တစ်ခုပဲ ပြော

ချင်တယ်၊ ဒီကိစ္စမှာ ကိုကို မကူညီချင်နေ့၊ အနှောင့်အယှက်တော့မပေးနဲ့''

''အေးပါ၊ ကိုကိုကလဲ အနှောင့်အယှက်ပေးနေတာမဟုတ်ပါဘူး၊ စေတနာအမှားမဖြစ်အောင် သတိပေးနေတာပါ၊ ကိုယ့်သားသမီးပဲ သူဇာရယ်၊ တင့်တောင့်တင့်တယ် မြင်ချင်တာပေါ့၊ ဒါပေမယ့် ဒီကောင့်ကြည့်ရတာ အကဲမရဘူးကွ''

''တော်ပါ ကိုကိုကလဲ၊ သားဆို အကြောင်းကို မထင်ဘူး၊ သားလေးက လိမ္မာပါတယ်''

''လိမ္မာသင့်သလောက်တော့ လိမ္မာပါတယ်ကွာ၊ အေးမိုက်သင့်သလောက် မိုက်သွားရင်တော့ မိဘတွေမျက်နှာပျက်ရမယ်၊ ခုခေတ် လူငယ်တွေက အချစ်ကို ရွှေတန်းတင်တတ်ကြတယ်ကွ၊ မိဘက ညွှန်ပြသော်လည်း ညှိပြီး မန်းမှုတ်လို့ ရတာမျိုးမဟုတ်ဘူး''

''အို....သူဇာကတော့ သူဇာသဘောတူတဲ့လူနဲ့ရအောင် ပေးစားမှာပဲ၊ သားကလဲ သူဇာ ပြောရင် နားထောင်မှာပါ၊ သူဇာ့ သားအကြောင်း သူဇာ သိပါတယ်၊ ကိုကိုသာ မသိတာ''

''ကဲ.... သူဇာ မင်းသဘောပဲ၊ မင်း ကြိုးစားကြည့်ပေါ့၊ ကြိုးစား၊ ရမယ်မထင်ရင်တော့ လက်လျှော့ပါ''

''ရပါတယ်၊ သားက သူဇာ ပြောရင် ရပါတယ်''



ဒေါ်သူဇာလှိုင်က သူ့သားအပေါ် ယုံကြည်မှုအပြည့်အဝနှင့် ပြောနေ၏။ ဦးမင်းထင်က ဘာမှ ဆက်မပြောတော့ဘဲ ခေါင်းကိုသာ ညိတ်ညိတ်လုပ်နေမိ၏။

စိတ်ထဲကတော့ 'ဟောရင်းသာ ပျံလွန်းတော်မူမည်၊ ဆံဖြူတစ်ခွက်မှ ထွက်မည့်ပုံပေါ်ပါလား သူဇာရယ်'ဟု ပြောမိနေလေသည်။

* * *

မြကြည်ဖြူသည် စက်ဘီးကို အရှိန်နှင့် နင်းလာမိသည်။ အနွေးသည် ဝတ်ထားသော်လည်း မြူနှင်းတို့က မျက်နှာနှင့် ကိုယ်လုံးကို လာရိုက်သောကြောင့် အေးစိမ့်နေသည်။စက်ဘီးနင်းရသော အရှိန်ကြောင့် ချွေးထွက်လာပြီး နွေးလာ၏။

ထိုစဉ် ကလေးတစ်ယောက်က မြကြည်ဖြူ၏ စက်ဘီးရှေ့မှ လွတ်မကင်း ဖြတ်ပြေးသည်။ မြကြည်ဖြူသည် ကလေးကို မထိက်မိအောင် ရှောင်ရင်း အရှိန်ကို မထိန်းနိုင်တော့ဘဲ လူရော က်ဘီးပါ လဲကျသွားတော့သည်။

''အား....''

တံတောင်နှင့် ဒူးတို့တွင် အသည်းခိုက်အောင်နာကျင်သွားသောကြောင့် အားခနဲ အော်လိုက်မိသည်။ မျက်လုံးများ ည်လည်း ပြာဝေသွားသည်။

မြကြည်ဖြူသည် အံ့ကလေးကြိတ်လျက် ထရန် ကြိုးစား
သည်။ သို့သော် မဟန်နိုင်၊ ပြန်၍ လဲကျသွားသည်။

မော်တော်ဆိုင်ကယ်တစ်စီး သူမ အနီးသို့ ထိုးရပ်လာသံ
ကြားလိုက်ရသည်။

"ဟာ...မြ၊ မြကြည်ဖြူ...ဖြူ...ဖြူ..."

စိုးရိမ်တကြီးခေါ်သံနှင့်အတူ အနားတွင် ဒူးထောက်လာ
သော မင်းမင်းကို တွေ့လိုက်ရသည်။ မြကြည်ဖြူ အံ့ဩသွားရ
သည်။ ဒုက္ခရောက်နေချိန်မို့ အားလည်းတက်သွားရသည်။

"အား....နာတယ် မင်းမင်း၊ ခြေပွတ်တိုင် လည်သွား
သလား မသိဘူး"

မင်းမင်း၏ လက်ကို တစ်အားဆုပ်ကိုင်ကာ ပြောလိုက်မိ
သည်။ မင်းမင်းက ဘာမှမပြော။ မြကြည်ဖြူကို ပွေ့ချီ
လိုက်၏။

"အို...မင်းမင်း"

"ဒီမှာဗျာ၊ စက်ဘီးကြည့်ထားပေးစမ်းပါ၊ ကျွန်တော်
အခု လာယူပါ့မယ်"

မင်းမင်း ဘာကိုမျှ ဂရုမစိုက်၊ ဘေးမှလူများကို ပြောပြီး
မြကြည်ဖြူကို မော်တော်ဆိုင်ကယ် နောက်မြီးတွင် ထိုင်စေ၏။
ပြီး နေရာမှ ဝေါခနဲ မောင်းထွက်လိုက်သည်။

မကြာခင် ဆေးခန်းတစ်ခုသို့ ရောက်လာသည်။

"ဖြူ ခဏနေဦး၊ မနာတဲ့ ခြေထောက်နဲ့ ထောက်
ထားနော်၊ အဲ...ဟုတ်ပြီ"



မြကြည်ဖြူကို ပြောရင်း မော်တော်ဆိုင်ကယ်ပေါ်မှ ဆင်း
သည်။ မြကြည်ဖြူက ခြေတစ်ဖက်ထောက်၍ မင်းမင်း ပခုံးကို
ကိုင်ထားရသည်။ မင်းမင်းက မော်တော်ဆိုင်ကယ်ကို ဒေါက်
ထောက်ပြီး မြကြည်ဖြူကို ပွေ့မည် ပြုသည်။

"အို...မင်းမင်း မလုပ်နဲ့၊ ဖြူ မင်းမင်းကို လက်တွဲပြီး
လျှောက်မယ်"

ယခုမှ သူတို့သည် ငယ်ပေါင်းကြီးဖော်များပမာ ရင်းနှီး
သွားကြတော့၏။ မင်းမင်းသည် မြကြည်ဖြူအတွက် စိုးရိမ်နေ
မိသည်။

မင်းမင်း သက်ပြင်းချရင်း ခေါင်းခါသည်။ မြကြည်ဖြူက
အံကြိတ်ကာ စိတ်တင်းရင်း မင်းမင်း၏လက်မောင်းကို ဆုပ်ကိုင်
၍ ဆေးခန်းအတွင်းသို့ ဝင်ခဲ့သည်။

"ဟော့...မင်းမင်း၊ မတွေ့တာတောင်ကြာပြီ၊ ဘယ်တုံး
က လက်ထပ်လိုက်တာလဲ၊ တို့တောင် မဖိတ်ပါလား"

"အို...."

"ဟာ...ကိုကျော်သက်ခိုင်၊ ဘာတွေ ပြောနေတာလဲ၊
ကျွန်တော့်မိတ်ဆွေပါဗျ"

မြကြည်ဖြူ၏မျက်နှာကလေး ရဲသွားသည်။ စကားက ရှက်
စရာ။ မင်းမင်းက ကမန်းကတန်း ဖြေရှင်းရသည်။ ဒေါက်တာ
ကျော်သက်ခိုင် အားနာသွားသည်။

"ဟာ...ဆောရီးပဲ၊ ကဲ...လာလာ"

ဆေးခန်းအတွင်းသို့ ခေါ်သွားသည်။ မင်းမင်းနှင့်အတူ မြကြည်ဖြူ ရှက်ရှက်နှင့် လိုက်သွားရ၏။ မြကြည်ဖြူကို လူနာခုတင်ပေါ် တင်ပေးကြသည်၊ ပက်လက်အိပ်နေသည်။

"ကဲ...ဘာဖြစ်တာလဲ၊ ပြောပါဦး"

မြကြည်ဖြူက ပြောမည်ပြင်ဆဲမှာပင် မင်းမင်းက အဖြစ်အပျက်ကို ရှင်းပြသည်။

"စက်တီးလဲတာ ကိုကျော်သက်ခိုင်"

"ဘာဖြစ်သွားသေးသလဲ၊ ပြစမ်းပါဦး"

ဒေါက်တာကျော်သက်ခိုင်က မြကြည်ဖြူ၏ ခြေပွတ်တိုင်ကို ကိုင်ကြည့်သည်။ မြကြည်ဖြူက စုတ်သပ်သည်။ တံတောင်ဆစ်တွင် ပွန်းပဲ့သွားသည်၊ ဒူးတွင်လည်း မြသွားသည်။ ဒေါက်တာကျော်သက်ခိုင်က ခြေပွတ်တိုင်ကို လှုပ်ယမ်းကြည့်သည်။

"အား....နာတယ်ဆရာ"

"ခြေပွတ်တိုင်တော့ မလည်ပါဘူး၊ အဆစ်လွဲသွားတာထင်ရတယ်၊ အကြောတင်သွားတာပါ"

ဒေါက်တာကျော်သက်ခိုင်က မြကြည်ဖြူ၏ ခြေထောက်ကို ဆေးလိမ်းပေးသည်။ အကြောကို ဆန့်ပေးသည်။ ပွန်းပဲ့သွားသည့်များကိုလည်း ဆေးထည့်ပေးသည်။ မြကြည်ဖြူ စပ်သော်လည်း မင်းမင်းကို ရှက်သောကြောင့် ကျိတ်မှိတ်ခံနေရသည်။ မြကြည်ဖြူသည် မင်းမင်းကို ရှက်နေသည်နှင့်အမျှ မင်းမင်း ဂရုစိုက်မှု၊ ကြင်နာမှုတို့အတွက် ပို၍ ရင်းနှီး ကျွမ်းဝင်လာရသည်။

"ညနေ တစ်ခေါက်လောက် ဆေးလာထည့်ပါ"



"ဖြူ့ကိုတော့ ခေါ်မလာတော့ဘူး၊ ကိုကျော်သက်ခိုင်ကို ခေါ်ပြီး ဆေးသွားထည့်ပေးကြရအောင်"

မင်းမင်းက ဝင်ပြောသည်။ ဒေါက်တာကျော်သက်ခိုင်ကလည်း မင်းမင်း၏စကားကို မကန့်ကွက်ပါ။

ဒေါက်တာကျော်သက်ခိုင်က စားဆေး ပါ ပေးလိုက်သည်။ ဆေးခန်းမှ ထွက်သောအခါ မြကြည်ဖြူ၏ခြေထောက်က ပို၍နာလာ၏။ အလိုက်တသိဖြင့် အိမ် ဆရာဝန်ခေါ်လာမည့် မင်းမင်းကို ပို၍ ကျေးဇူးတင်လာရသည်။

"ဖြူ့ကြောင့် မင်းမင်းတော့ ဒုက္ခများနေပြီ၊ မင်းမင်း အလုပ်တွေ ပျက်ကုန်ပြီ"

မြကြည်ဖြူက အားတုံ့အားနာ ပြောမိသည်။

"ကျွန်တော်က တစ်ရက်ကိုး တစ်ရက်တစ်ဆယ်ပါ၊ ဖြူ့အတွက် ဘာမှ အလုပ်မပိုပါဘူး၊ ဖြူ့အတွက်သာ စိတ်မကောင်းဖြစ်တာပါ၊ ဖြူ ကျောင်း ပျက် တော့ မယ်၊ အလုပ်ပျက်တော့မယ်"

သည်တော့မှ မြကြည်ဖြူသည် ကလေးများ၏ မျက်နှာကို မြင်ယောင်လာသည်။ ဆရာမလေး ရီရီဝင်းက မူလတန်းပြဆရာမ အလုပ်ရ၍ ကျောင်းမှ ထွက်သွားချေပြီ။ တင်အေးကြည် တစ်ယောက်တည်းနှင့် ဖြစ်ပါ့မလား၊ နိုင်ပါ့မလား။

"သုံးလေးရက်လောက်တော့ နားရမယ်ထင်တယ် မင်းမင်းရယ်၊ ဒီထက်လဲ ကြာချင်ကြာမယ်ထင်တယ်"

"အင်း....ကျွန်တော် ဘာကူညီရမလဲ ဖြူ"

"ဖြူ့အလုပ်ကို မင်းမင်း မကူညီနိုင်ပါဘူးလေ၊ အခုလို မေးဖော်ရတာ၊ စေတနာရှိတာကိုပဲ ကျေးဇူးတင်လှပါ ပြီ မင်းမင်းရယ်"

မြကြည်ဖြူ၏စိတ်ထဲတွင် တကယ်ပင် ကျေးဇူးတင်သွားရ သည်။

မင်းမင်းက မြကြည်ဖြူကိုကြည့်ကာ သက်ပြင်းချသည်။ နောက် ဘာမှဆက်မပြောတော့။ မြကြည်ဖြူကို မော်တော်ဆိုင် ကယ်နှင့်တင်ကာ အိမ်သို့လိုက်ပို့ပေးသည်။ စက်ဘီးလည်းယူပေး သည်။ ကျောင်းကိုလည်း အကြောင်းကြားပေးသည်။

မြကြည်ဖြူ၏ မိခင်ကြီးက မင်းမင်းကို ကျေးဇူးတင်သွား သည်။ ခင်မင်သွားသည်။

"သူငယ်ကလေးက တော်တော်ရည်မွန်သားကွယ့်၊သမီး ကံကောင်းတယ်"

မေမေက ဘာအဓိပ္ပာယ်နှင့် ပြောမှန်း မ သိ သော် လည်း မြကြည်ဖြူ ရှက်သွား၏။ မင်းမင်းသည် မြကြည်ဖြူရင်ထဲ၌ ညီ့သည်အဖြစ် ရောက်လာချေပြီ။

"အို....မေမေကလဲ၊ သူက သမီးနဲ့ ကျောင်းနေဖက် သူငယ်ချင်းပါ၊ မန်းတက္ကသိုလ်မှာ တစ်နှစ်တည်းဆင်း ခဲ့ကြတာလေ"

ဘာမှန်းမသိဘဲ မြကြည်ဖြူ ဖြေရှင်းချက် ထုတ်နေမိ၏။

"ဟုတ်ပါ့တော်၊ မေမေကလဲ ဘာမှ မပြောပါဘူး၊ သူငယ်လေး ရည်မွန်ဘာကို ပြောတာပါ၊ သူနဲ့တွေ့တာ သမီး ကံကောင်းတယ်လို့ ပြောတာပါကွယ်"



မေမေပြောသော ကံကောင်းသည်ဟူသော အဓိပ္ပာယ်ကပင် နှစ်ခု။ မြကြည်ဖြူ မျက်နှာရှက်ကလေးကို မဖုံးကွယ်နိုင်ပါ။ ပင့် သက်ကိုလည်း ခိုးရှိုက်မိ၏။

မြကြည်ဖြူ၏ ရင်ခုန်ပွင့်ဦးကိုမှ သူ ခူးတော့မည် ထင်ပါ၏။ ထင်ပါ၏။

"ဩော်....မင်းမင်းရယ်"

## အခန်း (၂၀)

"အ....နာတယ်....နာတယ် မင်းမင်း"

မြကြည်ဖြူ နာကျင်စွာ အော်ရင်း မင်းမင်း၏ ပခုံးကို တင်းကျပ်စွာ ဆုပ်ကိုင်ထားသည်။ မင်းမင်းကမူ မြကြည်ဖြူကို ကြင်နာစွာ ကြည့်လျက်....

"ပြီးတော့မှာပါ ဖြူရဲ့၊ ခဏလေးနော်"

"မင်းမင်း....ဖြည်းဖြည်းလုပ်နော်"

"ပြီးတော့မှာပါ ဖြူရဲ့၊ အခုတော့ နာတာပေါ့ကွယ်၊ ပြီးရင် ကောင်းသွားမှာပါ"

မြကြည်ဖြူ နဖူးတွင် ချွေးစလေးများပင် စို့လာသည်။ မင်းမင်းသည် မြကြည်ဖြူ ခြေရင်းတွင် အကျအနထိုင်ကာ ခြေဖမိုးနှင့် ခြေပွတ်တိုင်ကို ဆေးလိမ်းပေးလျက် ရှိသည်။

မြကြည်ဖြူမှာ မင်းမင်းအပေါ်တွင် ခင်မင်တွယ်တာ လာလေသည်။



မင်းမင်းကလည်း ကြည့်။

မြကြည်ဖြူ စဖြစ်သည့်နေ့ကစပြီး နေ့တိုင်း ရောက်ရောက်လာ၏။ မေမေနှင့် ညီမလေးများနှင့်လည်း အဖွဲ့ကျနေပြီ။

"အစ်ကို မင်းမင်းကြီး၊ ရုပ်ရှင်မင်းသားလုပ်ဖို့ ကောင်းတယ်"

"ဟုတ်တယ်၊ ကျော်သူတို့၊ ရန်အောင်တို့ နောက်ကောက်ကျသွားမှာ၊ စိတ်ကူးမလွဲနဲ့နော် အစ်ကိုမင်းမင်း"

ညီမလေး နှစ်ယောက်ကလည်း အားပေးကြသည်။ မြကြည်ဖြူမှာ သည်တော့မှ မင်းမင်းကို စေ့စေ့ကြည့်မိ၏။ မင်းမင်းသည် လူချောတစ်ယောက်ပင်။

ညီမလေးများစကားကို မင်းမင်း ပြုံးနေလေသည်။

"အစ်ကို မင်းမင်းသာ ရုပ်ရှင်မင်းသား လုပ်လိုက်တော့ ကောင်မလေးတွေ ဝိုင်းနေမှာဗျ....နော"

"တော်ပါတော့ ချာတိတ်ရာ၊ ကိုယ့်မှာ မိန်းကလေး တစ်ယောက်ကို ချစ်မိတာတောင် ခုထိ အဖြေမရသေးဘူးဗျ"

သည်စကားကို မင်းမင်းဆိုတော့ မြကြည်ဖြူ မျက်လွှာ ချမိသည်။ အရှက်ရှိန်ဖြင့် တစ်ကိုယ်လုံး ကြက်သီး ထရ၏။

"ဘယ်သူလဲ ပြော၊ ညီမလေးတို့ ဝိုင်းကူ ပြောပေးမယ်"

"သူက သိပ်ဂုဏ်ကြီးတယ်ကွ၊ ဖြည်းဖြည်းပေါ့ကွာ၊ တစ်နေ့ ကိုယ့်အချစ်ကို သူ နားလည်လာမှာပါ"

မင်းမင်းက ထိုစကားကို ပြောပြီး မြကြည်ဖြူကို စေ့စေ့ကြည့်သတည်း။ ချာတိတ်မ နှစ်ယောက်က သည်တော့မှ သဘောပေါက်ဟန်ဖြင့် လျှာကလေးထုတ်ကာ အိမ်ခန်းထဲ ဝင်ပြေးလေသည်။

"မင်းမင်း မကောင်းဘူး"

"ဟောဗျ...."

"ဘာတွေ လျှောက်ပြောနေတာလဲ"

"ဖြူ ကြားသားပဲ မဟုတ်လား"

မြကြည်ဖြူက မျက်တောင် ကော့ကြီးများကို ပင့်လျက် ကြည့်သည်။ မျက်လုံးစိမ်းများ မဟုတ်တော့၊ မျက်လုံးရွဲကြီးများတွင် အကြင်နာ ကြွယ်ပွင့်များ လက်နေလေသည်။

"မင်းမင်း"

"ပြော"

"ဒီနေ့ ဆေးခန်းသွားရဦးမှာလား"

"သွားရမှာပေါ့ ဖြူရဲ့"

"ဒါဖြင့် သွားရအောင်"

"ဖြူ ထနိုင်လို့လား၊ ကိုယ်ပွေ့ခေါ် ရမလား"

"သွား....မင်းမင်းနော်၊ သိပ်မစီးပိုးနဲ့ သိလား၊ အဲဒီနေ့က ဖြူ ခြေထောက်တောင် မထောက်နိုင်လို့"

"စေတနာကို အထင်မလွဲပါနဲ့ ဖြူရယ်၊ အဲဒီအချိန်မှာ စိုးရိမ်တာရယ်၊ သနားတာရယ်ပဲ ကိုယ့်ရင်ထဲမှာ ရှိတာပါ"



မြကြည်ဖြူ နှုတ်ခမ်းကလေး စူရင်း ထ၏။ ခြေထောက်က နာသောကြောင့် စုတ်သပ်ရင်း ယိုင်သွားသည်။ မင်းမင်းက အချိန်မီ လက်ကို ဆွဲရ၏။ မြကြည်ဖြူ ဟန်မဆောင်နိုင်တော့။ မင်းမင်း လက်ကိုဆွဲကာ အိမ်ထဲမှ ထွက်ခဲ့ရ၏။ အိမ်ရှေ့ရောက်တော့လည်း မင်းမင်း ပခုံးတို အားပြုကာပင် မော်တော်ဆိုင်ကယ်ပေါ် ထိုင်ရ၏။

မင်းမင်းသည် မော်တော်ဆိုင်ကယ်ပေါ် ခွရင်း စက်နှိုးသည်။

"ဖြူ ခါးကို ဖက်ထားနော်"

မြကြည်ဖြူက မင်းမင်းကျောကို လက်သီးနှင့် ထုသည်။

သို့သော်....

မော်တော်ဆိုင်ကယ် ဝေါခနဲ ထွက်တော့လည်း မြကြည်ဖြူ အလန့်တကြားဖြင့် မင်းမင်းခါးကို ဖက်မိလေသည်။ နှစ်ဦးစလုံးရင်ထဲ နွေးထွေးသွားကြသည်။

သံယောဇဉ်သည်....

*　　*　　*

ထမင်းဝိုင်းတွင် မင်းမင်းသည် ညှော်သည်မဟုတ်တော့၊ သို့တိုင် မင်းမင်း လက်နှေးနေသည်။ မြကြည်ဖြူက ကြက်သားဟင်းပန်းကန်ထဲမှ အသည်းဖတ်ကို ခပ်ထည့်ပေးသည်။

"ဖြူလဲ စားလေ"

မင်းမင်းက ပြောရင်း အသည်းတစ်ဖုံလုံးဖွဲ့လျက် ပြန်ထည့်ပေး၏။ ထမင်းဝိုင်းမှာ နှစ်ယောက်တည်း ဖြစ်သောကြောင့် လွတ်လပ်နေသည်။

"မင်းမင်း စားပါ"

"တစ်ဝက်စီပေါ့ ဖြူရယ်"

မင်းမင်းမှာ ထမင်းတစ်လုတ် မျက်နှာတကြည့် လုပ်နေ၏။ မြကြည်ဖြူ မနေတတ်တော့။

"မင်းမင်းနော်၊ မနောက်နဲ့"

"မနောက်ဘူး၊ ကြည့်တယ်"

"ကြည့်၊ ပြောလေကဲလေပဲ"

မင်းမင်း ရယ်နေသည်။ မြကြည်ဖြူ၏ မျက်တောင်းများသည် ပန်းပွင့် ဖြစ်ကုန်၏။ မြကြည်ဖြူ မျက်နှာသည် လမင်းငယ် ဖြစ်သွားသည်။

* * *

မြကြည်ဖြူသည် မင်းမင်း၏ ပခုံးကိုကိုင်ရင်း လမ်းလျှောက်နေသည်။ ခြံဝင်းမှာ ဥယျာဉ်စိုက်ထားသည်ရှိသောကြောင့် လမ်းလျှောက်နိုင်သည်။

"မင်းမင်းတော့ ဖြူ့ကြောင့် အလုပ်ပျက်နေပြီနော်"

"အို....ဖြူကလဲ၊ ကိုယ်က တစ်ရာ့ကိုး တစ်ရာ့တစ်ဆယ်ပဲ၊ ဘာမှ အလုပ်မရှိတာ၊ အခုမှ အလုပ်ရတာဗျ"



"ဟွန်း....ဘာအလုပ်လဲ"

"ကိုယ်ရဲ့တော် ထိပ်မှူးလေးလေ"

မင်းမင်း မျက်နှာမှာ အပြုံးဖြင့် ကြည်နူးနေ၏။ မြကြည်ဖြူ ပါးကလေးများ ရဲသွားသည်။ ပါးရှက်ကလေးများသာ။

သို့သော်....မြကြည်ဖြူ ကိုယ်တိုင်လည်း မင်းမင်းနှင့် အတူနေရသည်ကို ကြည်နူးပျော်ရွှင်နေမိသည်။ ဣန္ဒြေရှင် မိန်းမသားတစ်၏ သိက္ခာများကို စောင့်ထိန်းနေ၍သာ။

"ဖြူ...."

တိတ်ဆိတ်ငြိမ်သက်စွာ လမ်းလျှောက်နေသော မြကြည်ဖြူက ဆတ်ခနဲ ကြည့်၏။

"ရှင်...."

"ဘာတွေ တွေးနေတာလဲ ဖြူ"

"ဟင့်အင်း"

"ကိုယ့်ကြောင့် စိတ်အနှောင့်အယှက် ဖြစ်နေသလား"

"မဖြစ်ပါဘူး မင်းမင်းရဲ့"

"ပြောနော်၊ ကိုယ်က ဘာမှ အလိုက်သိတတ်တာ မဟုတ်ဘူး၊ သံယောဇဉ်တစ်ခုတည်းနဲ့ ဖြူ့အနားမှာ နေတာ၊ တော်ကြာ ကိုယ့်ကြောင့် ဖြူ သိက္ခာကျမှ...."

မင်းမင်းက စကားကို ဆက်မပြောဘဲ ရပ်တန့်ထားလိုက်သည်။ မြကြည်ဖြူသည် မင်းမင်းမျက်နှာကို ကြည့်၏။ မျက်လုံးများကို ရင်ဆိုင်၏။ မင်းမင်း မျက်လုံးများထဲတွင် ဖြူစင်မှုများကို တွေ့ရသည်။ မင်းမင်း၏ နှလုံးသားသည်ပင်လျှင် လျှော်ဖွပ်ဖြူစင်နေပြီမှန်း မြကြည်ဖြူ သိသည်။

"ဖြူ အဲဒါတွေ ဂရုမစိုက်ပါဘူး၊ မင်းမင်းကို ဖြူ နားလည်ပါတယ်"

ဝမ်းသာအားရ ဖြစ်ကာ မင်းမင်းမျက်နှာ ဝင်းလက်ရယ်ရွှင်သွားသည်။ မြကြည်ဖြူကိုလည်း ရွှန်းလဲ့စွာ ကြည့်နေလေသည်။ ဖြူ့လက်ကလေးကို ဖျတ်ခနဲ ဆုပ်ကိုင်မိသည်အထိ စိတ်လွတ်ကိုယ်လွတ် ဖြစ်သွား၏။

"ကျေးဇူးတင်ပါတယ် ဖြူ"

လှိုက်လှဲစွာ ပြောလာသော သူ့စကားကို မြကြည်ဖြူ ခေါင်းခါလေသည်။

"ဟင့်အင်း....ကျေးဇူးမတင်နဲ့ မင်းမင်း၊ မင်းမင်းကို သူငယ်ချင်းကောင်း တစ်ယောက်အဖြစ်နဲ့တောင် ဖြူက ကျေးဇူးတင်ရမှာပါ"

"သူငယ်ချင်းတဲ့လား ဖြူ"

"ဟုတ်တယ်၊ ဖြူ့ သူငယ်ချင်းက တက္ကသိုလ်တုန်းကသာ ဗရုတ်ကျခဲ့၊ ခုတော့ လူကောင်းလေ"

"ဟုတ်တယ်နော်၊ တက္ကသိုလ်မှာ တကယ်ဆိုးခဲ့တာပဲ"

မြကြည်ဖြူက ဗရုတ်ကျသည်ဟုသာ ပြောခဲ့သည့် အတွက် မင်းမင်း ခံသာသွား၏။ အသက်ရှူချောင်သွား၏။

သို့တိုင် မြကြည်ဖြူ၏ အဓိပ္ပာယ်အပြည့်ပါသော မျက်လုံးများကိုမူ မင်းမင်း သတိထားလိုက်မိပါ၏။

* * *



"သမီးနဲ့ မင်းမင်းက ဘယ်လိုလဲကွယ်"

မေမေက ဆိုင်းမပါ ဗုံမဆင့် မေးလာတော့ မြကြည်ဖြူ တုန်လှုပ်သွားသည်။ မေမေ့ကို မော့ကြည့်ပြီး မျက်လွှာချ ထားမိလေသည်။

"မေမေလဲ ငယ်ရာက ကြီးလာတာပါ သမီးရယ်၊ သမီးလဲ တက္ကသိုလ်ကတောင် ဘွဲ့ရခဲ့ပြီပဲ၊ ပြီးတော့ မင်းမင်းဟာ မေမေ အကဲခတ်ရသလောက်တော့ မဆိုးပါဘူး"

"မင်းမင်းနဲ့ သမီး အဆင့်အတန်းချင်းကွာလွန်းတယ် မေမေ"

"သမီး မှားနေပြီ၊ သမီးမှာ မိန်းမသားတစ်ယောက်မှာ ရှိရမယ့် ခနဥစ္စာလုံလောက်နေတာပဲကွယ့်"

"ရှင်....မေမေ ပြောတာ...."

"ဣတ္ထိယ ရူပံ ခနံ ဆိုတာ သမီး မေ့နေပြီလား သမီး၊ မိန်းမသားဆိုတာ ကိုယ့်အလှကို ခနဥစ္စာလို တန်ဖိုးထားတတ်ရင် အသုံးချတတ်ရင် ယောကျ်ားတစ်ယောက်ရဲ့ စည်းစိမ်ကို ယှဉ်နိုင်ပါတယ်ကွယ်"

မြကြည်ဖြူ ဘာမျှမပြောပါ။ ငြိမ်သက်တွေဝေနေလေသည်။

"သမီး စဉ်းစားလေ"

"သမီး စဉ်းစားနေတာပါ မေမေ၊ မင်းမင်းဟာ ငြင်းစရာမရှိတဲ့ လူတစ်ယောက်ပါ၊ ဒါပေမယ့် သမီး စောင့်ကြည့်ချင်သေးတယ်"

"အချိန်ဆိုတာ အကောင်းဆုံး အတိုင်ပင်ခံပေါ့ သမီး ရယ်"

မေမေက ထိုသို့ပြောပြီး ထသွားလေတော့သည်။ မြကြည်ဖြူ ထိုညက အိပ်မပျော်နိုင်ခဲ့၊ အတွေးထဲသို့ မင်းမင်း ရောက်လာ နေသည်။

မင်းမင်းသည် သူ့ထံမှ မည်သည့်အခွင့်အရေးမျှမယူခဲ့။ သူ ဆက်ဆံသမျှမှာလည်း အပြစ်ကင်းစင်ရှိးသားနေသည်။ မြကြည် ဖြူအား နှမလေးသဖွယ် သူငယ်ချင်းသဖွယ်သာ ဆက်ဆံ ခဲ့သည်။

မြကြည်ဖြူပင် အံ့သြရ၏။

သို့စင်လျက်....

သူနှင့် အဆက်အဆံ၊ အတွေ့အထိများအပေါ်တွင် မြကြည် ဖြူ ရင်ခုန်နေ၏။ နှလုံးသွေးတို့ ပူနွေးလှိုက်မောနေ၏။

"ဪ....မင်းမင်းရယ်"

မြကြည်ဖြူလေ....။

* * *

ရက္ခဓဗဒဥယျာဉ်သည် ပန်းများဖြင့် လှပလျက်ရှိသည်။

ထို့ထက်ကား ယနေ့ ပိုလှနေ၏။

အဘယ်ကြောင့်ဆိုသော်....

မြကြည်ဖြူဆိုသော ပန်းကလေးတစ်ပွင့် လာပွင့်နေသော ကြောင့် ဖြစ်သည်။



မင်းမင်းသည် မြကြည်ဖြူအား ဆေးခန်းမှအပြန် ရက္ခဓဗဒ ဥယျာဉ်သို့ ဓမ်တော်ဆိုင်ကယ်ဖြင့် ခေါ်လာ၏။

"မင်းမင်းကလဲကွယ်"

မြကြည်ဖြူ စိတ်အိုက်သလေသံဖြင့် ပြောသေးသည်။ မရ။ ဘာမျှလည်း ပြန်မပြော။ ရက္ခဓဗဒဥယျာဉ်သို့ရောက်မှ။

"ကဲ....ဖြူ.... ဖြူ့ ခြေထောက် အနေအထား ကြည့်ရ အောင်၊ ဒီမြက်ခင်းတွေပေါ်မှာ လျှောက်ကြည့်နော်၊ နိုး....နိုး....မင်းမင်း ခိုင်းတာမဟုတ်ဘူး၊ ဆရာဝန်က ပြောတာဗျ၊ ဖြူက ခြေထောက်တွေကို သိပ်ညှာပုံရ တယ်တဲ့၊ လမ်းလျှောက်ပါတဲ့၊ လေ့ကျင့်ခန်းသဘော လုပ်ပါတဲ့၊ ကဲ....လမ်းလျှောက်ပါ၊ ဟော....ကိုယ့်ကို အဲသလို မကြည့်နဲ့ဗျ၊ ကိုယ်က ဖြူနဲ့ ပတ်သက်ပြီး ရိုးသားဖို့ကြိုးစားနေရတာနော်၊ ကဲ....လျှောက်"

မြကြည်ဖြူ မငြင်းနိုင်တော့ပါ။ မင်းမင်း၏ အမိန့်အတိုင်း မြက်ခင်းပေါ်တွင် လမ်းလျှောက်ရတော့၏။ ယခင်က ညီမလေး များကိုဖြစ်စေ၊ မင်းမင်းကိုဖြစ်စေ အားပြုကာ ကိုင်ကာ လျှောက်နေခဲ့သည်။ ယခု မည်သူ့အကူအညီမျှမပါ။

ပထမတော့ ခြေထောက်ကို ညှာနေမိ၏။ တစ်ချက်တစ်ချက် ...သည်။ မြက်ခင်းက ညီနေသောကြောင့် စိတ်ရဲလာ၏။ ...ည်းညင်းစွာ လျှောက်နေရာက ခြေလှမ်းကို ကျဲလိုက်သည်။ ...နည်းငယ် မြန်လိုက်သည်။ မင်းမင်းက မြကြည်ဖြူရှေ့မှ ...ျက်နှာချင်းဆိုင်လျက် နောက်ပြန်လျှောက်၏။

မြကြည်ဖြူ ခြေထောက်တွင်လည်းကောင်း၊ မျက်နှာတွင်လည်းကောင်း မျက်စိကမခွာ။ ပါးစပ်မှလည်း "ဖြည်းဖြည်း၊ အဲ....နည်းနည်းမြန်၊ စိတ်ကို ရဲရဲထား၊ ခြေထောက်ကိုမညှာနဲ့" ဟု တတွတ်တွတ်ပြောလျက် အားပေးသည်။

တစ်ခါတွင် မထင်မှတ်ဘဲ မြက်ခင်းထဲက ခဲတစ်လုံးကို ခြေထောက်က နင်းမိလေတော့သည်။

"အား....မင်း....မင်း....မင်း"

မြကြည်ဖြူ ရှုံ့မဲ့ရင်း ယိုင်လဲမည့်ကဲ့သို့ ဖြစ်သွားသည်။

ဖြူ....ဟု မင်းမင်း စိုးရိမ်တကြီးအော်ကာ မြကြည်ဖြူထံ လှမ်းခနဲရောက်လာ၏။ ကိုယ်ကလေးကို ဆတ်ခနဲသိုင်းဖက်ပြီး ဖြစ်နေသည်။

မြကြည်ဖြူမှာ နာကျင်လှသောကြောင့် စုဘ်သပ်လျက်၊ နဖူးမှ ချွေးစေးများပင် ယိုစိမ့်လျက် မင်းမင်းခါးကိုလည်း အားကိုးတကြီး ဖက်ထားမိသည်။

"ဖြူ....ဖြူ သိပ်နာသွားသလား ဟင်၊ မင်းမင်းအပြစ်ပါကွယ်၊ မင်းမင်း ဆတ်ဆော့လို့ ဖြစ်ရတာ"

မင်းမင်းမှာ ခြေမကိုင်မိလက်မကိုင်မိ ဖြစ်နေသည်။ မင်းမင်း ဖြစ်နေပုံကိုကြည့်ပြီး မြကြည်ဖြူ ကြည်နူးသည်။ မင်းမင်းရင်ထဲကို လည်းကောင်း၊ နှလုံးသည်းပွတ်ကိုလည်းကောင်း ထွင်းဖောက် မြင်လိုက်ရသကဲ့သို့လည်း ခံစားလိုက်ရလေသည်။

"သိပ်မနာပါဘူး မင်းမင်းရဲ့၊ ရုတ်တရက်ဆိုတော့ ဖြူ လန့်သွားတာပါ၊ မင်းမင်းက စိုးရိမ် တတ် လိုက် တာ နော်"



မင်းမင်း သည်တော့မှ မျက်နှာကြည်လင်လာ၏။ ပြုံးလာ၏။ မြကြည်ဖြူကို လက်မောင်းသားကလေးမှ ဆုပ်၍ မြက်ခင်းပေါ် ထိုင်စေသည်။ သူသည် မြကြည်ဖြူနှင့် မျက်နှာချင်းဆိုင် ဒူးထောက်ထိုင်လျက်၊ မျက်နှာကို စေ့စေ့ကြည့်လျက်။

"ဖြူရယ်....တို့က ဖြူ့ကို အရိပ်ကြည့်နေရတာပါ၊ ဖြူ ခံစားရသလို ရင်ထဲမှာ ခံစားနေရတာပါ၊ ဖြူ့ကို ဒီလိုချည်း မခံစားစေချင်ဘူးလေ၊ အော်လေ....ဖြူက တို့ရင်ထဲကိုမှ မမြင်နိုင်ဘဲ"

ဒူးနှစ်ဖက်ပေါ် လက်ထောက်လျက် ဝစ်လုံးချင်းပြောနေသည်။ ဖြူ မျက်ရည်လည်ရပါ၏။

"မင်းမင်းရယ်၊ ဖြူလေ မင်းမင်း....မင်းမင်းရင်ကို ခွဲပြီးမြင်ပါတယ်၊ ဒါပေမယ့် ဖြူဟာ မိန်းမသားလေကွယ်"

မြကြည်ဖြူရင်ထဲက ပွဲ့တင်သံပါ။ မင်းမင်းအား မြတ်နိုးစွာသာ စိုက်ကြည့်နေမိလေသည်။

မင်းမင်းက မြကြည်ဖြူ၏ခြေထောက်ကလေးကို ဆုပ်နယ်ပေးနေသည်။ မြကြည်ဖြူ မပြောနိုင်တော့။ ပြော၍လည်း ရမည်မဟုတ်။ မင်းမင်း၏ အကြင်နာ၊ အယုယ၊ အပြုစုတို့တွင် မြကြည်ဖြူမှာ ဖိန်းရှိန်းနွေးလျက်ရှိလေသည်။

"အကြင်နာတွေနဲ့ သိပ်မပြုစုပါနဲ့ မင်းမင်းရယ်၊ တို့ သိက္ခာရေကာတာ ကျိုးလိမ့်မယ် သိလား"

မြကြည်ဖြူ ရင်ထဲမှ ပြောနေမိလေသည်။ ခြေထောက်ကလေးမှာ မင်းမင်းလက်များကြားတွင် နွေးထွေးလျက်။

"မင်းမင်း....တော်တော့လေ၊ ဖြူ ဘာမှမဖြစ်ပါဘူး၊ မင်းမင်းလုပ်နေပုံက ကလေးတစ်ယောက်ကို ပြုစုယုယနေတဲ့ အတိုင်းပဲ"

"ဟုတ်တယ်၊ ဖြူက အပြစ်ကင်းစင်တဲ့ ကလေးတစ်ယောက်ပဲ၊သံယောဇဉ်နဲ့ ပြုစုယုယတာ အပြစ်ရှိလို့လားဟင်....ဖြူ"

"ဟင့်အင်း၊ မရှိပါဘူး၊ ဒါပေမယ့် တော်တော့"

"ဟုတ်ကဲ့၊ ဖြူ့အမိန့်ကို နာခံလျက်ပါခင်ဗျာ"

မင်းမင်းက လက်ကလေးပိုက်ကာ ယို့ယို့ကလေး ပြောတော့လည်း မြကြည်ဖြူ ကြည်နူးသွားရသည်။ မင်းမင်းကို ကြည့်၍ ပြုံးကာ....

"သွား....လူဆိုးနော်"

မြကြည်ဖြူ စိတ်မှတ်မဲ့စွာပင် မင်းမင်းနှဖူးကို လက်သီးဆုပ်ဖြင့် ထုမိသည်။ မင်းမင်းကလည်း မြကြည်ဖြူ၏လက်သီးဆုပ်ကို လက်နှင့်ဖမ်းကိုင်ထားရင်း မြကြည်ဖြူ၏မျက်နှာကလေးကို တစိမ့်စိမ့်ကြည့်နေလေသည်။

မြကြည်ဖြူ မျက်လုံးရှက်ကလေးများကို မျက်တောင်များက ဖုံးကွယ်လိုက်လေသည်။ မြကြည်ဖြူ ရင်ထဲမှာ ရင်ခုန်သံတွေ လျှင်တော်လည်းလျက်။

မင်းမင်း၏ ပင့်သက်ကို နားက ကြားလိုက်ရလေသည်။



## ခန်း (၂၁)

"မင်းမင်း ဘွဲ့ရပြီးပြီနော်"

"အင်းလေ....ဖြူတို့နဲ့ တစ်နှစ်တည်းပဲ မဟုတ်လား"

"အင်း....ဟုတ်ပါတယ်၊ ဒါပေမယ့် ဘာအလုပ်မှ မလုပ်သေးဘဲ မိဘ ပိုက်ဆံ ဖြုန်းနေတယ်ဆိုရင်တော့ မင်းမင်းဟာ လူ့လောကကြီးထဲမှာ လူပိုတစ်ယောက် ဖြစ်မနေဘူးလားဟင်"

မင်းမင်းသည် မြကြည်ဖြူ၏ စကားကို ကြားယောင်လာရင်း ရှက်လာရသည်။ မြင့်ကြူး ပြောခဲ့သည့် လူဆိုတာ အလုပ်တစ်ခုခုတော့ လုပ်ရမယ်ကွ ဆိုသည့် စကားကိုလည်း သတိရနေရပြီ။

မင်းမင်းသည် မြကြည်ဖြူ၏ ရှေ့တွင် နေ့ကလေးထိန်းကျောင်းမှ ကလေးငယ်အလား ဖြစ်ခဲ့၏။ မြကြည်ဖြူက လေအေးကလေးနှင့် ပြောနေသမျှ အဖြည့်ခံနေရသည်။ တုထုသမျှ ခံနေရသောပေနှင့် တူနေလေသည်။

"ဖြူ့ကို စိတ်မဆိုးပါနဲ့နော်။ ဖြူက မင်းမင်းကို ခင်မိလို့ ဒီစကား ပြောမိတာပါ"

မြကြည်ဖြူက စကားအရာတွင် ဥပမာ ဥပမေယျ မသုံးသော်လည်း နူးညံ့ညင်သာသည်။ သာသာကလေးနှင့် နာနာ နက်နက်မှန်း မင်းမင်း သိသည်။ သို့သော် ဖြူ့ စကားသည် သူ့အတွက် ဘုရားဖြစ်နေခဲ့၏။ လိုက်နာရော ကျင့်ဝတ်ဟုသာ ထင်သည်။

မြကြည်ဖြူတို့ အိမ်ရောက်သောအခါကျမှ မင်းမင်းသည် မြကြည်ဖြူတို့ မိသားစုကို ပို၍ အကဲခတ်နိုင်ခဲ့သည်။ သူတို့ မိသားစုသည် သမာအာဇီဝဖြင့် ထမင်း စားနေကြသောအလုပ်သမား မိသားစုပင် ဖြစ်သည်။

မင်းမင်းသည် ခုဘင်ထက်တွင် ပက်လက်လှန် နေရင်းက ထလိုက်၏၊ သူ့အခန်းပြတင်းပေါက်မှ စန္ဒရားကို မြင်ရသောအခါ စန္ဒရား တီးချင်လာသည်။

သူ စန္ဒရားခုံတွင် ဝင်ထိုင်လိုက်သည်။ လက်ကွက်များကို တို့စမ်းရင်း ဘာသီချင်း တီးရမည်ကို စဉ်းစားမိ၏။ ထိုစဉ် မြကြည်ဖြူတို့ ကျောင်းတွင် သင်နေသော ကဗျာကလေးများကို သတိရလာ၏။ ကဗျာကလေးများကို အသံထည့်၍ အတီးနှင့် သီဆိုရလျှင် ပို၍ သာယာနားဝင်ချိုမွှယ် ရှိမည်ဟု စဉ်းစားမိသည်။



မနီကလေး ဘယ်ကလာ
အိမ်က ထွက်လို့လာ။
မနီကလေး ဘယ်ကိုသွား
စာသင်ကျောင်းကို သွား။
စာသင်ကျောင်းက ဘာတွေသင်
စာရေး စာဖတ် သင်
စာရေး စာဖတ် ဘာလုပ်ဖို့
မနီ လိမ္မာဖို့။

မူလတန်းဖတ်စာအုပ်ထဲမှ ကဗျာကလေးကို စန္ဒရားနှင့် စတင်တီးကြည့်မိ၏။ ထို့နောက် သူသည် ကဗျာရှုး ရှုးစဉ်က စုဆောင်းထားသော ကဗျာစာအုပ်ကလေးများကို ဖုန်ခါထုတ်လိုက်သည်။ ကောင်းနိုးရာရာ ကဗျာကလေးများကို စန္ဒရားနှင့် တီးကြည့်သည်။ မည်မျှကြာအောင် ကဗျာတွေထဲ နစ်မြုပ်သွားသည် မသိ၊ ချောင်းဟန့်သံ ကြားမှ လှည့်ကြည့်မိသည်။

"ဟင်....မေမေ"

ဒေါ်သူဇာလှိုင်က ပြုံး၍ ကြည့်နေသည်။

"အင်း.... စန္ဒရားတီးချင်တုန်းကလဲ သားအပြင် နှစ်ယောက် မရှိဘူး၊ မတီးဘဲနေပြန်တော့လဲ ပစ်ထားလိုက်ပြန်ရော၊ အခု တီးပြန်တော့ ဘာသီချင်းတွေ တီးနေတာလဲ"

မင်းမင်းက ရယ်လိုက်သည်။ ပြီးတော့ နေရာမှ ထကာ မိခင်ကို ဖက်၍ ခုတင်ဘက်တွင် ထိုင်လိုက်၏။

"မေမေ"

"ရှင်...."

"သား အလုပ်တစ်ခုခုလုပ်ချင်တယ်"

"အမလေး.... ကျားသားမိုးကြိုးဘော်၊ မေမေများ နားကြားလွဲသွားသလားး သားရယ်"

ဒေါ်သူဇာလှိုင်က မယုံကြည်စွာ မေးသည်။ မင်းမင်းက မိခင်၏ လက်ကိုဆုပ်၍ ထပ်ပြောသည်။

"တကယ်ပါ မေမေ၊ သားက အလုပ်လက်မဲ့မို့၊ မိဘ လုပ်စာ ထိုင်စားနေရတာ ရှက်လာပြီ၊ ဒါပေမယ့် သား အခုလုပ်မယ့်အလုပ်က ဝင်ငွေရချင်မှရမယ်၊ ပညာဒါန ပြုရတော့ ရောက်မယ်"

ဒေါ်သူဇာလှိုင် မျက်မှောင်ကြုတ်သည်။

"ဘာအလုပ်မို့လဲ သားရယ်၊ မေမေ့ကိုများ ပြောစမ်း ပါဦးကွယ်"

"သား သူငယ်ချင်းတွေက နေ့ကလေးထိန်းကျောင်းဖွင့် ထားတယ် မေမေ၊ အဲဒီမှာ ကလေးတွေကို ကဗျာဆိုတဲ့ နေရာမှာ သားက စန္ဒရားတီးပေးမယ်၊ ဂီတနဲ့ဆိုတော့ ကလေးတွေ ပိုပြီး နားဝင်မယ်၊ ပျော်လဲ ပျော်မယ်၊ ဒါပေမယ့် လခကတော့ ရချင်မှ ရမယ်"

"အြော်....ဒါလား၊ သား ဝါသနာပါရင် လုပ်ပေါ့ ကွယ်"

မိခင်၏ ခွင့်ပြုစကားကြောင့် မင်းမင်း ဝမ်းသာသွားရသည်။ သူ့ အစီအစဉ် အဆင်ပြေသွားပါက မြကြည်ဖြူနှင့် နီးစပ် တော့မည်။



"ပြီးတော့ သား ဒီကနေ့ကစပြီး အရက်လဲမသောက် တော့ဘူး၊ စန္ဒရားတီးတာက အချိန်ပြည့်လဲ မတီးရပါ ဘူး၊ ဒီကြားထဲက အလုပ်တစ်ခုခုလဲလုပ်ဖို့ စဉ်းစားပါ ဦးမယ်၊ အဲဒါ ဖေဖေ့ကိုလဲ ပြောပြပေးပါ"

"အေးလေ၊ သားအလုပ်က ငင်ငွေမရပေမယ့် ပညာ ဒါနပြုတဲ့ အလုပ် ဆိုတော့ သားဖေဖေက သဘော မတူဘဲ နေပါ့မလား၊ ပြီးတော့ သား အရက်မသောက် တော့ဘူးဆိုရင် ဝမ်းတောင် သာနေဦးမယ်၊ မေမေ ပြောပေးပါ့မယ်"

"ဒါမှ တို့မေမေကွ"

မင်းမင်းက မိခင်ကိုဖက်၍ ပါးကိုနမ်းလိုက်၏။ ကလေးဆန် သော သား၏ အပြုအမူကြောင့် ဒေါ်သူဇာလှိုင်မှာ ကျေနပ် ကြည်နူးသွား၏။

"ကဲ.... သား စန္ဒရားဆက်တီးချင် တီးဦး၊ သားအဖေ ကြီးကို မေမေ ပြောပေးမယ်"

ဒေါ်သူဇာလှိုင်က အခန်းထဲမှ ထွက်ခဲ့သည်။

ဒေါ်သူဇာလှိုင်က မင်းမင်း ပြောသည့်စကားကို ဦးမင်းထင် အား ပြောပြလိုက်သောအခါ ဦးမင်းထင်တစ်ယောက် စာဖတ် ပြီး ငိုက်မျဉ်းနေရာမှ မျက်လုံးကျယ်သွားရတော့၏။

"ဘာ....ဘယ်လို"

လက်ဝါးကို နား နားတွင် ကပ်ကာ ထပ်မေး၏။

"ကိုကို့ နား ပင်းပြီနဲ့တူတယ်၊ ဆေးခန်းလေးဘာလေး ပြဦး၊ ဖြစ်မှဖြစ်ရလေ ကိုကိုရယ်၊ စာတွေသိပ်ဖတ်တာနဲ့ မျက်စိမမှုန်ဘဲ နားပင်းရတယ်လို့၊ ကိုကို့ဟာက ညောင်ဦးကမ်းပါးပြိုတာနဲ့ စမ္ဗာနဂိုက နွားမကြီး ပေါင်ကျိုးရသလိုဖြစ်နေပြီ"

သူမ ပြောသည့် စကားကို မယုံသလိုလုပ်နေ၍ ဒေါ်သူဇာလှိုင်က ပြန်ငေါ့သည်။

"မဟုတ်ပါဘူးကွ၊ ကိုကို နား ကြား လွဲ သ လား လို့ပါ"

"မလွဲဘူးတော်ရေ၊ သေသေချာချာမှတ်ထား၊ သား လေးက အလုပ် တစ်ခု လုပ်တော့မယ်တဲ့၊ ဒီနေ့ကစပြီး အရက်မသောက်တော့ဘူးတဲ့၊ လောလောဆယ် သူ လုပ်မယ့် အလုပ်က ပညာဒါနပြုရမယ့်အလုပ်မို့ ဝင်ငွေ တော့ ရချင်မှရမယ်တဲ့"

ဦးမင်းထင် ခေါင်းတညိတ်ညိတ်ဖြစ်လာသည်။ တည်ငြိမ်စွာ ပြုံးလာ၏။

"ကောင်းတယ်၊ အလုပ်ဆိုရင်ပြီးတာပဲပေါ့ကွာ၊ ဝင်ငွေ က အဓိက မဟုတ်ပါဘူး၊ တိုင်းပြည်ကို တစ်နည်းနည်း အကျိုးပြုနိုင်တယ်ဆိုရင် ဂုဏ်ယူရမှာပေါ့၊ ငါ့သား မဆိုးတော့ဘူး"

"အမယ်....ကျုပ်သားပါတော်၊ ကျုပ်က မွေးထားရ တာပါ"



ဒေါ်သူဇာလှိုင်က ရင်ဘတ်ကို လက်ဝါးနှင့် ပုတ်ပြရင်း ပြောလိုက်၏။

"ဟုတ်ပါတယ်၊ မင်းက မွေးထားရတယ်ဆိုပေမယ့် ကိုကို မပါဘဲနဲ့ ပြီးလို့လား"

"အဘိုးကြီးနော်၊ မကြီးမငယ်နဲ့"

ဒေါ်သူဇာလှိုင်က ဦးမင်းထင်ကို မျက်စောင်းထိုးကာ ပြော လိုက်၏။ ဦးမင်းထင်က ရယ်မောနေသည်။ သားအတွက် ဝမ်းသာနေသဖြင့် ဝမ်းသာအားရ ရယ်နေမိခြင်း ဖြစ်သည်။

## စာစု (၂၂)

မြကြည်ဖြူ နားကို မယုံချင်။ အကြားအာရုံများ လွဲနေပြီလား ဟုပင် သံသယ ဖြစ်မိသည်။

သို့သော်....မင်းမင်းက မြကြည်ဖြူ ပြောမည့်စကားကို နား စွင့်နေသည်။

မြကြည်ဖြူ မျက်ခုံးတောင်ကို အကြိမ်ကြိမ်ခတ်သည်။ မင်းမင်း က မြကြည်ဖြူ၏ မျက်နှာကလေးကို ငေးကြည့်နေသည်။

"ဘာလဲဖြူ၊ ဖြူက မင်းမင်း ပြောတာကို မယုံလို့ လား၊ ဒါမှမဟုတ် မင်းမင်းကို လူပေါ်ကြော့၊ လူရမ်း ကား၊ရဲ့ စကားဆိုပြီး အလေးအနက် မထားတာလား"

"အို....မင်းမင်းရယ်၊ မင်းမင်းပြောတာ တစ်ခုမှ မဟုတ်ပါဘူး။ ဖြူ စဉ်းစားနေတာပါ၊ မင်းမင်း စိတ် ကူးက သိပ်ကောင်းနေတယ်၊ ပြီးတော့ မင်းမင်းက ဖြူတို့ရဲ့ တာဝန်တစ်ခုကို ယူနေတယ်ဆိုတော့ လဲခတွေ ဘာတွေများ...."



မြကြည်ဖြူ စကားကို ဖြတ်သားလိုက်ပြီး မင်းမင်းကို အကဲ ခတ်နေသည်။

မင်းမင်း မျက်နှာတင်းသွား၏။

စိတ်ထဲတွင်လည်း မကျေမနပ် ဖြစ်သွားသည်။

သူ့ကို အထင်သေးရက်လေခြင်းဟုလည်း စိတ်မကောင်း ဖြစ်မိသည်။

မြကြည်ဖြူ့မျက်နှာကိုစေ့စေ့ကြည့်ရင်းကသူ့မျက်လုံးများ လဲ့လာသည်။ ပင့်သက်ကို မောပန်းစွာ မှုတ်ထုတ်ရင်း မင်းမင်း က ခေါင်းခါသည်။

"ဖြူရယ် ...ဖြူက ကျွန်တော့် စေတနာကို သိပ်အထင် သေးတာပဲနော်၊ မင်းမင်းတို့က ငွေမလိုပါဘူး ဖြူရယ်၊ ငွေကို ဂရုမစိုက်ဘူးလို့ ပြောတာတော့ မဟုတ်ဘူး၊ မှန်မြတ်တဲ့လုပ်ငန်းမှာ စေတနာသက်သက်နဲ့ ပါဝင် ကူညီချင်တယ်၊ ကျောင်းဆိုတာ ပျော်ရွှင်ကြည်နူးစရာ ပါလားလို့ ကလေးတွေ နားလည်စေချင်တယ်၊ အထူး သဖြင့် ငယ်နုတဲ့ သူတို့နှလုံးသား သူတို့ဦးနှောက်ထဲ မှာ ဗီဇကောင်းတွေ ကိန်းဝပ်နေစေချင်တယ်၊ ကလေး ဆိုတာ ဖယောင်းနဲ့တူတယ်ဆိုတာ ဖြူ မေ့သွားပြီလား၊ ပြီးတော့ ဖြူပြောခဲ့တာတွေကိုရော မေ့သွားပြီလား ဟင်"

"ဘာကိုလဲ ဟင်"

"မင်းမင်း လူ့လောကကြီးထဲမှာ လူပိုတစ်ယောက် လုပ်မနေချင်တော့ဘူး ဖြူ၊ တိုင်းပြည်အတွက် တစ်ခုခု လုပ်ချင်တယ်"

မြကြည်ဖြူက အားပါးတရပြောနေသော မင်းမင်းကိုကြည့်၍ အားရနေရသည်။ သို့သော် မင်းမင်းကို မျက်စောင်းထိုးသော ကြည့်လိုက်မိ၏။

"ဘာလဲ၊ မင်းမင်းက ဖြူ့စကားကို မကျေနပ်လို့ ချေပနေတာလားဟင်"

"သစ္စာတရားကိုမြင်လာတဲ့ သဘောပါ ဖြူရယ်၊ လူတစ်ယောက် လုပ်သင့်လုပ်ထိုက်တာကို နားလည် သိရှိလာတာပါ"

"ဒါပေမယ့် တစ်ခုတော့ရှိတယ်နော်၊ ဆရာဆိုတာ ကလေးတွေအတွက် စံပြရှေ့ဆောင် ဖြစ်ရမယ်၊ အကျင့်စာရိတ္တ အမူအကျင့်ကအစ ဆိုပါတော့"

"ဖြူ ဘာပြောချင်တာလဲဟင်"

"ဩော်...မင်းမင်းက အပေါင်းအသင်းတွေ ခင်တယ် မဟုတ်လား၊ တော်ကြာ အပေါင်းအသင်း အလိုလိုက်ပြီး သောက်သောက်စားစား လူမင်းသားကလေး ဖြစ်နေမှဖြင့်...."

မြကြည်ဖြူက စကားအရာတွင် လိမ္မာစွာဆိုချေပြီ။ မင်းမင်း မဆိုင်းမတွပင် ပြန်ပြောရသည်။



"စိတ်ချပါ ဖြူရယ်၊ အပေါင်းအသင်းခင်တယ်ဆိုတာ မှန်ပါတယ်၊ ဒါပေမယ့် လူတင်ပါမှ နွားကျားကိုက်တာပါ၊ အိမ်မှာလဲ ကျွန်တော် ကတိပေးပြီးပါပြီ ဖြူ"

ထိုစကားများကို ပြောနေချိန်တွင် မင်းမင်း ရင်ထဲ၌ ကြည်နူးရှိန်းမြ နွေးလျက်ရှိ၏။ ယုံကြည်မှုသည် တစ်ကိုယ်လုံးတွင် သစ္စာတရားအဖြစ် ခိုင်မာမြဲမြံလျက်။

မြကြည်ဖြူ ကိုယ်တိုင်လည်း မင်းမင်းစကားကို အားရကျေနပ်မှု၍ မင်းမင်းအား အထင်ကြီးလေးစားစွာ ကြည့်နေမိသည်။

ယခင်က သူမ အသင်းသားခဲ့သော၊ အယုံအကြည် ကင်းမဲ့ခဲ့သော လူတစ်ယောက်။

အခုတော့ အစစပြောင်းလဲခဲ့ပြီ။

မြကြည်ဖြူ သိချင်စိတ်ဖြင့် မေးမိသည်။

"ဘာကတိလဲ ဟင်"

"နောက် မင်းမင်း အရက်မသောက်တော့ဘူးဆိုတာပါ ဖြူ့ကိုလဲ ကတိပေးပါတယ် ဖြူ"

"ဩော်... မင်းမင်းရယ်"

မြကြည်ဖြူ ကျေနပ် ကြည်နူးသွား၏။ သူမကို မျက်တောင်မခတ် ကြည့်နေသော မင်းမင်းက ရိပ်မိသွားသည်။

"ဘာလဲ၊ မယုံဘူးလား ဖြူ၊ အင်းလေ....မုဆိုးက ဥပုသ်စောင့်တယ်ဆိုတော့ ယုံစရာ မကောင်းတာ အမှန်ပဲ၊ ဒါပေမယ့် ဖြူ စောင့်ကြည့်ပါဦးလေ"

"မင်းမင်းရယ်၊ ကြားရတာတွေက တကယ် နားချ ပါတယ်၊ ပြီးတော့ မင်းမင်း ပြောခဲ့တာတွေ ဖြူ စဉ်းစား ပါရစေဦးနော်"

မြကြည်ဖြူက မယုတ်မလွန် ပြောသည်။ မင်းမင်းက ဘာမှ စောဒက မတက်တော့။ စိတ်ထဲတွင် တစ်စုံတစ်ခုကို သိနေ၏။

မြကြည်ဖြူသည် မင်းမင်း၏ စေတနာနှင့် စိတ်ကူးကို ဥပေက္ခာ မပြုချင်သည်မှာ အမှန်။ မင်းမင်း၏ စိတ်ကူးကို ကြားရသည်နှင့် မြကြည်ဖြူ၏ မျက်နှာကလေးမှာ ဝင်းပသွားခဲ့၏။ မျက်လုံးများလည်း ရွှန်းလက်လာသည်။

မင်းမင်းလို ဘဝကိုလည်း မလေးနက်၊ လောကကိုလည်း အလှမဆင်နိုင်သူ တစ်ယောက်၏ နှုတ်ဖျားမှ....

ပန်းကလေးများ ဖူးရန် ပွင့်ရန် မွှေးရန်အတွက် စိတ်ကူး စိတ်သန်း ဆန်းဆန်းကလေးကို တွေးလာပြောလာတော့ မြကြည်ဖြူ ကြည်နူးမိသည်။

အထူးသဖြင့် မြကြည်ဖြူ၏ ဘဝအဖော်အဖြစ် လက်ကမ်း လာသူ တစ်ယောက်၏ နှုတ်ဖျားမှ သည်စကားကို ကြားရပြီး နှလုံးလှကို မြင်ရသောကြောင့်လည်း ဝမ်းသာရ၏။

မင်းမင်းက မြကြည်ဖြူကို မျက်တောင် မခတ် စိုက်ကြည့်ရာ က....

"ကျွန်တော်သွားမယ် ဖြူ"

"ကျွမ်းမြီးတိုသွားတာ မဟုတ်ပါဘူးနော် မင်းမင်း"

"ကျွန်တော် ကလေး မဟုတ်ပါဘူး ဖြူရယ်"



"မသိဘူးလေ၊ မျက်မှောင်ကြီးကုတ်လို့ဆိုတော့ အဟင်း ဟင်း"

မင်းမင်းက ထိုင်ရာမှ ထရပ်ကာ မြကြည်ဖြူ၏ မျက်နှာကို စိုက်ကြည့်နေသည်။ မြကြည်ဖြူကလည်း မျက်ဝန်း ရွှန်းစိုလဲ့နှင့် ပြန်ကြည့်နေမိရာမှ ဦးစွာ မျက်လွှာချသည်။

"ဖြူ"

"ရှင်...."

"ခြေထောက် ဘယ်လို နေသေးသလဲဟင်"

မြကြည်ဖြူ ရင်ဖိုသွားရာက စိတ် အေး သွား ရ သည်။ မင်းမင်းကို မော့်ကြည့်သည်။

"သက်သာပါတယ် မင်းမင်းရဲ့"

"အင်း....ခြေမျက်စိလည်မသွားတာ ကံကောင်းတယ် ဖြူရဲ့၊ နို့မို့ဖြင့် မလွယ်ဘူး"

"မင်းမင်းကို ကျေးဇူးတင်ပါတယ်ကွယ်"

"ကျေးဇူးတင်ခံချင်လို့ မဟုတ်ပါဘူး ဖြူ"

မင်းမင်း စကားကြောင့် မြကြည်ဖြူ အပျော်အလေးများ မျက်နှာပေါ် ရောက်လာ၏။ ရွှန်းလဲ့သော မျက်လုံးရွဲကြီးဖြင့် မင်းမင်းကို ကြည့်သည်။ မင်းမင်း ရင်ဖိုသွား၏။ မြကြည်ဖြူ ၏ အကြည့်များတွင် သံယောဇဉ်များကို တွေ့လိုက်ရလေ သလား။

မြကြည်ဖြူ ပြုံးလျက်က....

"သိပါတယ်တဲ့ရှင်"

မျက်စောင်းလှကလေးကို မြင်ရသောအခါ မင်းမင်း ကြည်နူးသွားရသည်။ ကျေနပ်သွားရသည်။

"ကဲ....သွားတော့မယ်"

မင်းမင်း မြကြည်ဖြူကို နှုတ်ဆက်၍ မော်တော်ဆိုင်ကယ်နှင့် ပြန်ထွက်ခဲ့သည်။

မြကြည်ဖြူတို့ မိသားစုနှင့် မင်းမင်း တစ်ယောက် ဆွေမျိုးသားချင်းကဲ့သို့ ခင်မင်ကျွမ်းဝင်ခဲ့လေပြီ။ မင်းမင်း၏ မိဘမျိုးရိုးက အစသိခဲ့၍ မြကြည်ဖြူ၏ မိခင်က တံခါးမရှိ ဓားမရှိ ဝင်ထွက်ခွင့် ပြုခဲ့သည်။ မင်းမင်းကလည်း ရည်မွန်သည်။

"ဟဲ့....သမီး၊ ဘာ တစ်ယောက်တည်း ငိုင်နေတာလဲ"

"ဟင့်အင်း....ဘာမှ မဟုတ်ပါဘူး မေမေ"

"မေမေတို့လဲ ငယ်ရာက ကြီးလာတာပါကွယ်၊ ဒါလောက်တော့ သိပါတယ်၊ ဘာမှ ရှက်စရာ မလိုပါဘူး၊ သမီးလဲ အရွယ်ရောက်နေပြီပဲကွယ်၊ ပြီးတော့ မင်းမင်းဆိုတာကလဲ...."

"အို....မေမေကလဲ"

မေမေ့ စကားကြောင့် မြကြည်ဖြူ ရှက်သွားရသည်။ မင်းမင်းဆိုသည့် တေးလလိပ်ပြာသည် မြကြည်ဖြူဟူသော ပန်းကလေးအနီးတွင် လာ၍ ဝဲကတည်းက မေမေ တွေးသိနေမည်။

မင်းမင်း၏မျက်လုံးများက မြကြည်ဖြူကိုကြည့်တိုင်း ချစ်ရည် ရွှန်းလဲ့နေသည်။



မြကြည်ဖြူက သိက္ခာသံတိုင်းကလေးနှင့် ကာရံထားရသည်။ ဣန္ဒြေရှင် မိန်းကလေးဖြစ်နေသည် မဟုတ်လား။

သို့စဉ်လျက်....

အထက်တန်းကျောင်းသူဘဝကတည်းက ချစ်သူများ ဝိုင်းဝိုင်းလည်ခဲ့သော မြကြည်ဖြူသည် အားလုံးကို ဥပေက္ခာပြုနိုင်ခဲ့သော်လည်း မင်းမင်းနှင့်ကျကာမှ ရင်ခုန်ခဲ့ရသည်။ အသည်းလုံးများ နွေးထွေးခဲ့ရလေပြီ။ ခံစားမှုအသစ်များကို ခံစားတတ်လာခဲ့ရပြီ။

မင်းမင်း၏ဆန္ဒများကိုလည်း မငြင်းပယ်ရက်အောင် ဖြစ်ခဲ့ရသည်။ မင်းမင်းနှင့် လက်ပွန်းတတီး ရှိနေရသည်ကိုလည်း ကြည်နူးကျေနပ်နေမိသည်။ ကိုရွှေမင်းမင်းကလည်း အလည်ချူးပါဘိ။ မြကြည်ဖြူ၏ ညဥ့်လယ်အိပ်မက်ကိုပင် စိုးမိုးလာသည်။

ဖြူ....ဖြူ သူ့ကို ချစ်နေမိပြီလား။

ကိုယ့်နှလုံးသည်းပွတ်အား ပြန်လည်၍ ဆန်းစစ်ကြည့်မိသည်။ ...မဆိုင်၊ ဘာမှမဆိုင်။ သူ့ကို ဘာဖြစ်လို့ ချစ်ရမှာတဲ့လဲ။ က်စိမှိတ်ကာ ငြင်းလိုက်မိသည်။

သို့သော်....

သူ့အကြောင်းတွေးမိသည်နှင့် ရင်ခုန်လာရသည်။ အသည်းလုံး၏ ညည်းတွားသံကို ကြားလာရသည်။

အသည်းနှလုံးက စကားပြောနေသည်။

ကောင်မလေး၊တစ်ယောက် ညာနေသည်တဲ့။

ဟုတ်မည်။

အဘယ်ကြောင့်ဆိုသော် မြကြည်ဖြူသည် မင်းမင်း၏ ချ
မျက်လုံးများကို တမ်းတနေမိသောကြောင့်တည်း။

* * *

ပန်းကမ္ဘာ နေ့ကလေးထိန်းကျောင်းရှေ့သို့ ဒေါ့ဂျစ်ကားတစ
ထိုးစိုက်လာ၏။ ကားရှေ့ခန်းတွင် ပါလာသော မင်းမင်းသ
ကားပေါ်မှ ပေါ့ပါးသွက်လက်စွာ ဆင်းလာသည်။ က
ပေါ်တွင် ပါလာသော အလုပ်သမားများက ပါလာသ
စန္ဒရားကြီးကို ချရန် ပြင်ဆင်နေကြ၏။

"ဟဲ့...မင်းမင်း၊ အဲဒါ ဘာ...ဘာတွေလဲ"

ကျောင်းထဲမှထွက်လာသော တင်အေးကြည်က မေးလ
ခြင်းဖြစ်သည်။ မင်းမင်းက မျက်နှာကို အဘည်ဆုံးထား
တစ်ခွန်းတည်းပြော၏။

"စန္ဒရား"

"စန္ဒရား ဘာလုပ်ဖို့လဲ"

"နင်သေရင် ယော်ကျူးဖို့"

"မသာကောင်၊ ငါက အကောင်းမေးတာဟဲ့"

တင်အေးကြည်က မင်းမင်းသက်မောင်းကို ထုရင်းပြော



"ငါကလဲ အကောင်းပြောတာ"

"တော်စမ်းပါ၊ နင့်စန္ဒရားကြီးကို ကျောင်းကို ဘာ
ဖြစ်လို့ ယူလာရတာလဲ၊ ရှုပ်ကရှုပ်နဲ့"

"နင် ဘာနားလည်လဲ အာမြမရှဲ၊ ကလေးတွေ ကဗျာ
သင်တဲ့အခါ တီးဖို့လေ၊ စန္ဒရားနဲ့ဆိုတော့ ပိုပြီး နားဝင်
ချိုမယ်၊ ပိုပြီး နားဝင်မယ်"

တင်အေးကြည် သဘောပေါက်သွား၏။ သို့သော် တင်
အေးကြည် အောက်ကလိအာဖြစ်အောင် အာလိုက်သေးသည်။

"ဪ...လက်စသတ်တော့ နင်တို့က ဒါလောက်ထိ
အောင် ရွှေလမ်းငွေလမ်း ဖောက်ထားကြတာကိုး၊ ငါ
မှာဖြင့် ကြုံတိုင်း ကြားထဲက နင့်အကြောင်းတွေ မှမ်း
လိုက်ရတာ၊ - အာကိုပေါက်လို့"

"သောက်တင်းတွေလား"

မင်းမင်းက တင်အေးကြည်ကို စဖြစ်အောင် စလိုက်မိသေး
သည်။ တင်အေးကြည်၏မျက်စောင်းကြီး ဝဲလာသည်။

"မသာကောင်၊ ကျေးဇူးမကန်းနဲ့"

"ဟုတ်ကဲ့...ကျောင်းအမရယ်၊ ကျေးဇူးတင်ပါတယ်
တဲ့"

"မလိုပါဘူး"

တင်အေးကြည် နှုတ်ခမ်းစူသွား၏။ မင်းမင်း ဘာမှ ဆက်
မပြောတော့။ စန္ဒရားကို မထိခိုက်အောင် ချခိုင်းရသည်။

တင်အေးကြည် ကျောင်းထဲပြန်ဝင်သွားသည်။

ကလေးများက ဘာမှန်းမသိသော စန္ဒရားကြီးကို စာသင်ခန်းထောင့် တစ်နေရာတွင် ချသည်။

"ဦးမင်းမင်း"

"ဟော....စကားဝါ သမီး"

စကားဝါကလေးသည် မည်သည့်အချိန်က အနီးသို့ရောက်သွားသည် မသိ၊ စန္ဒရားကိုကြည့်ကာ မေးသည်။

"အဲဒါဘာလဲ ဦးမင်းမင်း"

"စန္ဒရားလေ စကားဝါ"

"စန္ဒရားဆိုတာ ဘာလဲဟင်"

မင်းမင်းက စန္ဒရားအဖုံးကိုဖွင့်လျက် တီးပြလိုက်သည်။ စကားဝါ သဘောကျသွားသည်။

"စန္ဒရားဆိုတာ အဲဒီလိုအသံမြည်တယ် စကားဝါရဲ့ ခဏကြာရင် စကားဝါတို့ ကဗျာဆိုရမယ်၊ ဦးက စန္ဒရားတီးပေးမယ် နော်"

"ဟေး....ဒါမှ တို့ဦးဦးကွ"

စကားဝါကလေးက ဝမ်းသာအားရ လက်ခုပ်တီးသည်။

"ကဲ....သားတို့ သမီးတို့ လာကြ"

မင်းမင်း ကလေးတွေကို စုစည်းခေါ်လိုက်သည်။

"မင်းမင်း၊ ငါ့ကို ဘာမှ မပြောဘူးလား"

တင်အေးကြည်က ခပ်တည်တည် မေးသည်။

"ငါ ကျောင်းအုပ်ဆရာမကို ပြောပြီးပြီလေ"



"မသာကောင်၊ နင်က ကျောင်းအုပ်ဆရာမကို ပိုင်တယ်ဆိုပြီး ကျောင်းမှာ လုပ်ချင်ဘာ လုပ်နေတာပေါ့ လေ။ ဒီမှာ လောလောဆယ် ငါတာဝန်ခံဟဲ့ သိလား"

"သိပါပြီ ဆရာမကြီးရယ်၊ ကျွန်တော် ခွင့်တောင်းပါတယ်၊ ကလေးတွေကို စန္ဒရားနဲ့ စာသင်ခွင့်ပြုပါ၊ ဂီတသံဟာ စိတ်နှလုံးကို နူးညံ့သိမ်မွေ့စေပါတယ် ခင်ဗျာ"

"ကောင်းပါပြီ၊ ဒါဆိုရင် ခွင့်ပြုတယ်။ သင်၊ ငါ ကလေးတွေကို သာဂုတိုက်ဖို့ ပြင်လိုက်ဦးမယ်"

တင်အေးကြည်သည် ခပ်တည်တည်ပင် နေရာမှ လှည့်ထွက်သွားသည်။

"ကဲ....သားတို့ သမီးတို့၊ ကဗျာဆိုမယ်၊ ဦးဦးဆိုသလို လိုက်ဆို၊ ဟုတ်လား"

"ဟုတ်ကဲ့....ဦးဦးဆရာကြီး"

ကလေးများ ပြိုင်တူပြောလိုက်သော စကားကြောင့် မင်းမင်းရင်ထဲ ကြည်နူးသွားရသည်။

မင်းမင်း စန္ဒရားခလုတ်များကို တို့စမ်းလိုက်၏။ ပီသကြည်မြသော ဂီတသံစဉ်ကလေးများ သာယာနာပျော်ဖွယ် ထွက်ပေါ်လာ၏။

"ကဲ....ဆိုမယ်"

ကလေးများကို သတိပေးလိုက်၏။ ထို့နောက် အိမ်မှ အသင့်ကျက်မှတ်လာသော ကလေးချစ်သူ ကဗျာဆရာ အောင်မြင့်မိုး၏ ကလေးကဗျာကလေးတစ်ပုဒ်ကို စတင် သင်ပြသည်။

သားသားနာမည် ဘယ်လိုခေါ်
မောင်မြန်မာတဲ့ နော်။

ကလေးများက မင်းမင်း ဆိုပြသည်ကို တညီတညွတ်တည်း လိုက်ဆိုကြသည်။ စန္ဒရားသံဖြင့် နောက်က ထိန်းပေးထားသည်။

သားသားနာမည် ဘယ်လိုခေါ်
မောင်မြန်မာတဲ့ နော်။

သားသားလေးကို ဘယ်မှာမွေး
မြန်မာပြည်မှာ မွေး။

သမီးနာမည် ဘယ်လိုခေါ်
မယ်မြန်မာတဲ့နော်။

သမီးလေးကို ဘယ်မှာမွေး
မြန်မာပြည်မှာ မွေး။

မောင်မြန်မာနှင့် မယ်မြန်မာ
ဝတ်စားဆင်ယင်ရာ။

ယဉ်ကျေးစွာ ဆင်ယင်ထုံး
မြန်မာ့ဟန်မူသုံး။

သမီးမြန်မာ သားမြန်မာ
ဘယ်စကားစာ မြတ်နိုးရာ



မြန်မာ့စာ မြန်မာ့စကား
မြတ်နိုးတန်ဖိုးထား။

မြန်ပြည်ကောင်းကျိုး သယ်ပိုးရန်
ဘယ်သူများ တာဝန်။

သားသားမြန်မာ တာဝန်ပေါ့
သမီးမြန်မာ တာဝန်ပေါ့၊

စွမ်းအားပြမယ်နော့။

ခဏချင်းမှာပင် မင်းမင်း ကလေးများနှင့် သမိုင်းကပ်သွားတော့၏။ သူ့ စိတ်ထဲတွင် ဘာမှမရှိတော့။ မြကြည်ဖြူလည်း မရှိတော့။ သာယာကြည်နူးဖွယ် ဂီတသံသာ ရှိတော့သည်။

နောက်တစ်ခေါက် ထိုကဗျာကိုပင် ကလေးများနှင့် အတူဆိုကြ တီးကြသောအခါ အထစ်အငေါ့ရှိတော့၊ ကလေးများမှာ ပို၍ တက်ကြွရွှင်လန်း ပို၍ ပျော်မြူးလာကြသည်ကို တွေ့ရ၏။

မင်းမင်းမှာ သူ့ စိတ်ကူးကလေး အောင်မြင်သွားသောကြောင့် တက်ကြွ အားရလျက်ရှိသည်။

ထိုကဗျာဆုံးတော့ နောက် ကဗျာတစ်ပုဒ်ကို ရွေးချယ်ရပြန်၏။

"ကဲ....ဆက်ဆိုမယ်"

ရဲစွမ်းသတ္တိ ကမ္ဘာကျော်တာ
သခင်မျိုးဟော့ တို့မြန်မာ။

မင်းရဲကျော်စွာ ကျန်စစ်သား
အလောင်းမင်းတရား။

ကျားဆိုမှကျား မကြောက်ပေါင်
တိုက်ပွဲတိုင်းမှာ အောင်။

ဘုရင့်နောင်နှင့် ဗန္ဓုလ
ခေါ်ရေး လိုရေးပြ။

မြန်မာ့သွေးပြောင် ဗိုလ်မင်းရောင်
ကြွမ်ထိ(စ်) ချင်းခေါင်းဆောင်။

ဝန်းသိုစော်ဘွား ဦးအောင်မြတ်
နယ်ချဲ့တွေကို တော်လှန်သတ်။

မျိုးချစ်စိတ်ဓာတ်ရှိကြသည်
တိုင်းရင်းသားတွေ လက်တွဲညီ။

သူ့ကျွန်မခံပြီ လွတ်လပ်ရေး
ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်ပေး။

မင်းမင်းသည် ကလေးများ ရဲစွမ်းသတ္တိရှိစေဖို့၊ ယဉ်ကျေးမှု ထိန်းသိမ်းတတ်ဖို့၊ တိုင်းပြည်ချစ်စိတ် ကိန်းဝပ်စေဖို့ကို ရည်သန်၍ ယင်းအကြောင်းအရာပါသော ကဗျာလေးများကို ဦးစားပေး သင်ပေးလျက်ရှိသည်။



မြန်မာပြည် တို့ရွှေပြည်
ကောက်နှံစပါး ပေါကြွယ်သည်။

ဆည်မြောင်းလယ်ယာ ဥယျာဉ်နှင့်
ပဒေသာပင် သီးလို့ပွင့်။

မြန်မာပြည် တို့ရွှေပြည်
ကျောက်သံပတ္တမြား ချမ်းသာသည်။

ကျောက်စိမ်းနီလာ ရောင်စုံပွင့်
ကျွန်းသစ် ရေနံ သတ္တုနှင့်။

မြန်မာပြည် တို့ရွှေပြည်
ဇရပ် တန်ဆောင်း ကျောင်းစေတီ
ခေါင်းလောင်းဝေစည် သံချီဆင့်
ရတနာမြတ်သုံးပါးနှင့်။

မြန်မာပြည် တို့ရွှေပြည်
အမျိုးချစ်သည် ညီညွတ်သည်။

ကျောင်းခန်းကလေးထဲတွင် စာလေးများ၏ ကဗျာရွတ်ဆိုသံနှင့် စန္ဒရားသံက သာယာနာပျော်ဖွယ် ထွက်ပေါ်နေသည်။ မင်းမင်းသည်လည်း စာသင်ရသည်ကို ပျော်နေလေသည်။

"ကဲ....သားတို့ သမီးတို့၊ ဦးဦး သင်တဲ့ ကဗျာတွေ ရကြလား"

"ရပါတယ် ဦးဦးဆရာကြီး"

ကဗျာကလေးများကို သုံးလေးခေါက်စီ သင်ပေးခဲ့သဖြင့် ကလေးများ အလွတ်ရနေချေပြီ။

"ကဲ....ဒီလိုဆိုရင် ဦးဦးက ဆိုမပြတော့ဘူး၊ ဦးဦးက စန္ဒရားတီးပြမယ်၊ သားတို့ သမီးတို့က ကဗျာကို ဆို ဟုတ်လား"

"ဟုတ်ကဲ့ ဦးဦးဆရာကြီး"

"ကဲ....ဒီလိုဆိုရင် ပထမဦးဆုံး ဆိုတဲ့ မောင်မြန်မာ– မယ်မြန်မာ ကဗျာကလေးကို ဆိုကြရအောင်၊ ကဲ.... အသင့်ပြင်၊ ဆိုကြမယ်"

သားသားနာမည် ဘယ်လိုခေါ်
မောင်မြန်မာတဲ့နော်။

သားသားလေးကို ဘယ်မှာမွေး
မြန်မာပြည်မှာမွေး။

ကလေးများ၏ ကဗျာရွတ်ဆိုသံက စည်းချက်ညီညီ ထွက်ပေါ်နေ၏။

ကလေးများက ကဗျာဆို၍ ဆုံးသွားတော့ တင်အေးကြည် ရောက်လာသည်။

"နင့်စိတ်ကူး မဆိုးဘူးဟ၊ ရွေးထားတဲ့ ကဗျာကလေးတွေက ကောင်းတယ်၊ ကလေးတွေအတွက် ပညာရတာပေါ့၊ ငါလဲ သက်သာတယ်"



တင်အေးကြည်က ချီးကျူးရင်း နောက်သည်။

"နင် သက်သာဖို့လုပ်နေတာမဟုတ်ဘူး၊ ငါက ပညာ အလှူပေးနေတာ"

မင်းမင်းက ခပ်ကြွားကြွားပြောလိုက်သည်။

"လုပ်မနေပါနဲ့နော် သိပါတယ်၊ နင်က ပညာလှူချင် တာထက် အသည်းလှူချင်လို့ ဗန်းပြနေတာ မဟုတ် လား"

အကြောင်းသိမို့ တင်အေးကြည်ကနောက်ပြောသည်။မင်းမင်း စတွန့်သွားရတော့၏။ ဘာပဲဖြစ်ဖြစ် သူ့ စေတနာကိုတော့ အထင်သေးမခံနိုင်၊ ရှင်းရသည်။

"ဗန်းပြတာသက်သက်တော့မဟုတ်ပါဘူးဟာ၊ သူ့ကို ငါ ချစ်နေမိတာ မှန်ပါတယ်၊ ဒါပေမယ့် ကလေး တွေ အပေါ်လဲ စေတနာအပြည့်အဝရှိပါတယ်၊ ဒါ တော့ အထင်မလွဲနဲ့ မိကြည်ရ၊ အထင်လွဲမယ်ဆိုရင် တော့ အခုချက်ချင်း ငါ ပြန်သွားမယ် မိကြည်"

"အမလေး....မလုပ်ပါနဲ့နော်၊ ငါက နောက်ပြောတာ ပါ၊ နင် ပြန်သွားလို့ ကျောင်းအုပ်က ငြိုငြင်သွားရင် ငါ အလုပ်ပြုတ်သွားပါဦးမယ်၊ အဟင်း....ဟင်း"

အတည်ပြောပြီးမှ တင်အေးကြည်က ရယ်ပြန်ချေ၏။

"မသာမ၊ နင် အခွက်ကိုပြောင်တယ်၊ နင် ဆရာမလုပ်ဖို့ မကောင်းဘူး"

"ဘာလုပ်ဖို့ကောင်းလဲ၊ အကြံပေးပါဦး"

တင်အေးကြည်က ပြောင်စပ်စပ် မေးသည်။

"တယ်လေ.... ကလေးတွေရှေ့မို့ မပြောလိုက်ချင်ဘူး"

တင်အေးကြည်အပေါ် အသည်းယားယားနှင့် ပြောလိုက်င်သည့်စကား ထွက်မသွားအောင် မနည်းပင် စိတ်ချုပ်ထားက်ရ၏။

အခန်း (၂၃)

မြကြည်ဖြူသည် ခြေထောက်နင်းဖြင့် နေ့ကလေးထိန်းကျောင်းအတွင်း ဝင်လိုက်သည်နှင့် စန္ဒရားကြီးကိုအခန့်သား တွေ့လိုက်ရသည်။ မြကြည်ဖြူ မျက်မှောင်ကလေး ချီမိပြီ။

"ဟော.... ဆရာမလာပြီ၊ ဆရာမ လာပြီ"

မြကြည်ဖြူထက် ဦးစွာ ရောက်နေသော မောင်မောင်သွင်နှင့် မိုးမိုးတို့က မြကြည်ဖြူကို ဆီးကြိုကြ၏။

"ဆရာမ၊ သားတို့ စန္ဒရားနဲ့ ကဗျာသင်ရတယ်၊ ဦးဦးဆရာကြီးက သင်ပေးတယ်"

"ဟုတ်တယ် ဆရာမ၊ သမီးတို့ စန္ဒရားနဲ့ ကဗျာအသစ်တွေ ဆိုရတာ သိပ်ပျော်စရာ ကောင်းတာပဲ"

ကလေးများ၏ ပျော်ရွှင်မှုက မြကြည်ဖြူထံသို့ ကူးစက်သွားသည်။ သို့သော် သူမ ခွင့်မပြုသေးဘဲ စန္ဒရားကို ကျောင်းထဲ ယူထားသည့် မင်းမင်းကိုမူ မကျေနပ်မိ။

ထိုစဉ် မင်းမင်း၏ မော်တော်ဆိုင်ကယ်သံကို ကြားလာ
ရသည်။ မြကြည်ဖြူသည် စန္ဒရားအနီးရှိ ထိုင်ခုံတွင် ဝင်ထို
လိုက်၏။ စန္ဒရားကြီးကို ငေးနေမိသည်။

မင်းမင်း၏ ခြေသံကို ကြားလာရသည်။ မြကြည်ဖြူ လှည့်
မကြည့်မိ။ ခြေသံက အနီးရောက်လာသည်။

"ဟော....ဖြူ ရောက်နေတာကိုး"

မင်းမင်း မြကြည်ဖြူ၏ အနီးသို့ ရောက်လာသည်။

"ခြေထောက်က မကောင်းသေးဘဲ ဘာဖြစ်လို့ လာ
တာလဲ ဖြူရယ်၊ ညဘက် ကိုက်တယ်ဆိုလို့ ကျွန်တေ
ဆေးတောင် ယူလာသေးတယ်၊ ပြစမ်းပါဦး ခြေ
ထောက်"

မင်းမင်းသည် မြကြည်ဖြူ၏ အနီးတွင် ထိုင်ချလိုက်သည်
ခြေထောက်ကို ကိုင်ကြည့်သည်။

"အို...."

မြကြည်ဖြူ ရှက်ရှိန်းရှိန်း ဖြစ်သွားသည်။ ကြက်သီးမွေ
ညင်းလည်း ထသွား၏။ မင်းမင်းထမူ ဂရုမစိုက်။

ခြေထောက်ကိုသာ ပယ်ပယ်နယ်နယ် ကိုင်ကြည့်ကာ ပြေ
ချင်ရာကို ပြောနေ၏။

"ခြေထောက်က ရောင်နေသေးတာပဲ၊ ခက်တာ
ဖြူရယ်၊ ခုအချိန်မှာ အေးအေးဆေးဆေး ငြိမ်ငြိ
ဘက်သက် အနားယူနေရမှာဗျ၊ ဒီအလုပ်ကိုလဲ ခေါင်
ထဲ ထည့်မထားနဲ့၊ ခက်တယ်ဗျာ"



မင်းမင်း ညည်းညူလျက် ကလေးတစ်ယောက်အား မာနီ
သလို ဆူသလို ပြောနေ၏။ မြကြည်ဖြူမှာ သူ့စေတနာကို
နားလည်သောကြောင့် ငြိမ်နေမိသည်။ မင်းမင်းသည် မြကြည်
ဖြူ၏ ခြေထောက်ကို လွှတ်ပေးပြီး ကိုးရာမှ ထ၏။

"ခြေထောက်ကို ဂရုစိုက်ပါ ဖြူရယ်"

ကရုဏာ မကင်းသော စကားသံကို ကြားရသောအခါ
စောစောက မကျေနပ် စိတ်တို့မှာ လွင့်ပါး ပျောက်ကွယ်သွား
တော့၏။

"ကဲ....ထပြီး လျှောက်ကြည့်ပါဦး"

မင်းမင်းက တိုက်တွန်းသောအခါ မြကြည်ဖြူ ထမိလျက်
သား ဖြစ်သွားသည်။

တစ်လှမ်း စမ်းလျှောက်ကြည့်သည်။ ခြေဆစ်ထဲက မျက်ခနဲ
သွားလိုက်ရ၏။

"အား...."

အချိန်မီ မင်းမင်း ပခုံးကို အားပြု ကိုင်တွယ်ထားလိုက်ရ
သည်။

"ကဲ....မကောင်းသေးဘူး မဟုတ်လား၊ ဒါနဲ့များ
ဖြူရယ်၊ကျောင်းကို ဘယ်လိုရောက်အောင် လာခဲ့တယ်
မသိဘူး"

"ကျောင်းကို စိတ်မချတာနဲ့ ထွက်လာတာပါ၊ ဆရာမ
ရီရီဝင်းကလဲ မရှိတော့ဘူးလေ၊ အကြည်တစ်ယောက်
တည်း မနိုင်မနင်း ဖြစ်နေမှာကိုလဲ စိုးရိမ်နေတယ်"

"ကဲ....အေးအေးဆေးဆေး ထိုင်ပြီး အနားယူနေဦး
ဖြူ"

မင်းမင်းက မြကြည်ဖြူကို စန္ဒရားအနီးရှိ ထိုင်ခုံတွင် ပြန်
၍ နေရာချပေးသည်။ ပြီးတော့မှ....

"ကျောင်းအတွက်လဲ ဘာမှ စိတ်မပူပါနဲ့ ဖြူရယ်
ဖြူမရှိတုန်း ကျွန်တော် ကူပြီး သင်ပေးနေပါတယ်"

မင်းမင်း အသွင်က ရွှင်လန်း ဖျတ်လတ်နေ၏။ သူသည်
သားရေတု ဂျာကင်အိတ်ထဲတွင် ခေါက်ထည့်လာသော စာအုပ်
တစ်အုပ်ကို ထုတ်လိုက်၏။ ဂုဏ်ဝင်းရေးသော တိရစ္ဆာန်
ဥယျာဉ်ကဗျာစာအုပ်ပင် ဖြစ်သည်။

ပထမတော့ မြကြည်ဖြူ တားမည်ပြုသေးသည်။ သို့သော်
မင်းမင်း ဘာလုပ်မည်ကို စောင့်ကြည့်ပြီးတော့မှ အခြေအနေ
အရ ကြည့်ပြီး ပြောမည်ဟု ဆုံးဖြတ်လိုက်သည်။

ကလေးများသည်လည်း ပျော်ရွှင်တက်ကြွ မြူးထူးနေသည်
ကို သတိထားမိသည်။

မင်းမင်းသည် စာအုပ်ကို စန္ဒရားပေါ်တွင် ဖြန့်လိုက်၏
ထို့နောက် ရောက်ရှိနေသော ကလေးများကို စုစည်း၍ခေါ်
လိုက်၏။

"သားတို့ သမီးတို့....တိရစ္ဆာန်ဥယျာဉ် ရောက်ဖူးကြ
လား"

"မရောက်ဖူးပါဘူး"

"အေး....တိရစ္ဆာန်ဥယျာဉ်က ဒီမြို့မှာလဲ မရှိဘူး၊ ရန်
ကုန်မှာ ရှိတယ်၊ တိရစ္ဆာန်ဥယျာဉ်ထဲမှာ တိရစ္ဆာန်



မျိုးစုံ ရှိတယ်၊ သားတို့ သမီးတို့ မြင်ဖူးတဲ့ မြင်းတို့၊
နွားတို့ကအစ တိရစ္ဆာန်ဥယျာဉ်ထဲမှာ တိရစ္ဆာန်မျိုးစုံ
ရှိတယ်၊ မြွေတွေ ငှက်တွေလဲ ရှိတယ်၊ ဦးက ပုံတစ်ပုံ
ဆွဲပြမယ်၊ သားတို့ သမီးတို့က ဘာကောင်လဲဆိုတာ
ပြောပြရမယ်၊ ဟုတ်လား"

"ဟုတ်ကဲ့ ဦးဦးဆရာကြီး"

ကလေးများက တညီတညာတည်း ဖြေကြသည်။ မင်းမင်း
သည် ကျောက်သင်ပုန်းပေါ်တွင် မြေဖြူဖြင့် ဆင်ရုပ်ပုံကို
စဆွဲသည်။ ကလေးများက စိတ်ဝင်စားစွာ ကြည့်နေကြ၏။
မြကြည်ဖြူသည်လည်း မင်းမင်းကို အကဲခတ်နေ၏။ မကြာမီ
ဆင်ရုပ်ပုံ ရုပ်လုံးပေါ်လာ၏။

မင်းမင်းသည် ပန်းချီဆွဲခဲ့ဖူးသူ ဖြစ်၏။ သူ ဆယ့်နှစ်မျိုး
ချင်းသုပ် လုပ်ခဲ့သမျှမှာ အခုမှ အသုံးကျလာတော့သည်။

"ဟာ....ဆင်ကြီးကွ"

"ဟုတ်တယ်၊ ဆင်ကြီးဟေ့"

ကလေးအချို့က ရုပ်ပုံမပြီးသေးမီမှာပင် ထ၍ အော်ကြ
သည်။ ဆင်ကို ကလေးတိုင်း မြင်ဖူးမည်မဟုတ်သော်လည်း ရုပ်
ပုံများနှင့် ရင်းနှီးနေသောကြောင့် သိနေကြခြင်းဖြစ်သည်။

"ကဲ....သားတို့ သမီးတို့၊ ဒါ ဘာပုံလဲ"

"ဆင်ကြီးပါ ဦးဦးဆရာကြီး"

"ဟုတ်တယ်၊ ဒီပုံက ဆင်ပုံပဲ၊ ဒီတော့ ဆင်နဲ့ပတ်သက်
တဲ့ ကဗျာကလေးကို ဦးဦးက ရွတ်ပြမယ်၊ ကလေးတို့
က လိုက်ဆိုကြရမယ်၊ ဟုတ်လား"

-င်းမင်း စန္ဒရားရှေ့တွင် ဝင်ထိုင်လိုက်၏။ စန္ဒရားကိုတီးရင်း ကဗျာကို ဆိုပြသည်။ ကလေးများကလည်း တညီတညာတည်း လိုက်ဆိုကြသည်။

နွားမောင်းသွယ်သွယ် အစွယ်ကားနဲ့
ကြွက်စုတ်ကြောက်တဲ့ သတ္တဝါ။

မျက်လုံးငယ်ငယ် နားရွက်ကြီးကို
ခြုံပြီးအိပ်ရင် နွေးလိုက်မှာ။

ကျောက်ဂူကြီးလို အာခေါင်လှစ်လို့
ကြံရည်ညှစ်တဲ့ သွားလဲပါ။

ဆန်ကောပမာ သူ့ခြေဖျားက
ကားကားဝိုင်းဝိုင်း ပန်းပွင့်လှာ။

ဆဒ္ဒန်ဆိုတာ သူတို့မင်းပေါ့
မြားနဲ့ခွင်းလို့ သေရရှာ။

ညီငယ်ကြီးရင် စာသင်ကျောင်းမှာ
သည်အကြောင်းကို သင်ရမှာ
ဖတ်ပါ၊ မှတ်ပါ။

ကလေးများ ကဗျာရွတ်ဆိုသံကို နားထောင်ရင်း မြကြည်ဖြူ ကြည်နူးလာရသည်။ ရှုးရှားဖွေ့ဖွေ့မှတ်တတ်သော မင်းမင်းကိုလည်း အံ့ဩနေရပေတော့သည်။ ပန်းချီပါဆွဲတတ်သော မင်းမင်း၏ အရည်အချင်းကိုလည်း အသိအမှတ်မပြုဘဲ မနေနိုင်။



မင်းမင်းက မြကြည်ဖြူကိုစောင်းငဲ့ကြည့်သောအခါ မြကြည်ဖြူ ပြုံး၍ ခေါင်းညိတ်ပြမိလေသည်။

မင်းမင်း ကျေနပ်သွား၏။

"နောက် သားတို့ ဘာမြင်ဖူးသေးလဲ"

"မြင်းပါ"

လူသွက်ကလေး ဇော်တိုးက လက်ညှိုးထောင်ကာ ထပြောသည်။

"အေး....မြင်းကိုတော့ အားလုံးမြင်ဖူးမှာပေါ့၊ ဒါပေမယ့် ဦးက သားတို့ သမီးတို့ မမြင်ဖူးတဲ့မြင်းတစ်မျိုးကို ဆွဲပြမယ်"

မင်းမင်းက ဆင်ပုံကိုဖျက်၍ မြင်းကျားပုံကို ဆွဲသည်။

"ဟာ....ဒီမြင်းက အကျားကြီးကွ"

"ဟုတ်တယ်၊ သူ့ကို မြင်ကျားလို့ခေါ်တယ်၊ ရန်ကုန် တိရစ္ဆာန်ဥယျာဉ်ထဲမှာ ရှိတယ်၊ သူက မြန်မာပြည်မှာလဲ မရှိဘူးကွ၊ အာဖရိကဆိုတဲ့ တောထဲမှာ နေတယ်၊ ကဲ....မြင်းကျားအကြောင်း ကဗျာလေးကို ရွတ်ကြရအောင်"

မြင်းကျားအကြောင်း ရှင်းပြပြီး မြင်းကျားကဗျာကလေးကို သင်ပေးပြန်သည်။

အနက်အဖြူ ကန့်လန့်ကျားလို
နှာဖျားမှစ ခြေဆုံးအောင်။

ရှက်နုမြက်ချို အလွန်ကြိုက်သကွယ့်
ကြိမ်မရိုက်ဘဲ ပြေးတဲ့ကောင်။

ခြေလက်တုတ်ခိုင် ဝဝဖီးလို့
တက်စီးဖို့တော့ မကြံနဲ့မောင်။

မြင်းကျားဆိုတာ အလွန်ရိုင်းသကွယ့်
လှည်းဆွဲခိုင်းလဲ မရပေါင်။

အာဖရိကလွင် မြက်ပြင်ခင်းမှာ
အုပ်သင်းဖွဲ့လို့ ပျော်ကြယောင်။

လမ်းဖြတ်ကူးရင် သတိထားပေါ့
မြင်းကျားကလေးကို မှတ်ရအောင်
နားထောင်၊ နားထောင်။

ကလေးများ၏ ကပျော်တပါးကြီး သံပြိုင်ဆိုသံက မြကြည်ဖြူ ရင်ထဲသို့ ယုံကြည်စိတ်ချမှုများကိုပါ ယူဆောင်လာကြသည်။

မြကြည်ဖြူကိုယ်တိုင် ဤကဗျာကလေးကို လိုက်ဆိုမိနေပြီ။ ထိုမျှသာမက ကဗျာကို ရွတ်ဆိုရုံမဇာဘဲ ကလေးများအား အမူအရာပါ သင်ပေးရလျှင် ကောင်းမည်ဟု တွေးမိလေသည်။



ထို့ပြင် စန္ဒရားကို သူမကိုယ်တိုင် တီးတတ်လျှင် အဘယ်မျှ ကောင်းမည်နည်းဟုလည်း စိတ်ကူးနေမိသည်။ မင်းမင်းထံမှ သင်မည်ဟုလည်း ဆုံးဖြတ်မိ၏။

မင်းမင်း အသံကြောင့် အတွေးပြတ်သွားသည်။

"သားတို့သမီးတို့ ဘယ်တိရစ္ဆာန်ကို မြင်ဖူးသေးသလဲ"

"နွားပါ"

စကားဝါက ဦးစွာ ထဖြေသည်။ မြကြည်ဖြူက မင်းမင်း၏ သင်ကြားမှုတွင် ကဇလးများ စိတ်ပါဝင်စားနေသည်ကို ကြည်နူးစွာ ကြည့်နေမိ၏။

ကလေးများ နွားပုံကို မြင်ဖူးပြီးသား၊ နေ့စဉ်ဖြစ်သော်လည်း ပန်းချီတွင် စိတ်ပါဝင်စားလာအောင် နွားပုံကို ဆွဲပြသည်။ ထို့ကြောင့် စန္ဒရားနှင့် နွားအကြောင်း ရေးထားသည့် ကဗျာကလေးကို သင်ပြသည်။

တို့နိုင်ငံမှာ ဆန်ကိုပေးတာ
ညီငယ်ပြေးလို့ ကြည့်လိုက်ပါ။

သူမရှိရင် တို့တွေငတ်လို့
အူပြတ်လို့လဲ သေရမှာ။

မိုးရွာထဲမှာ ထွန်တစ်တုံးနဲ့
တစ်နေ့လုံးလည်း ရုန်းရရှာ။

သူ့ရဲ့ဘော်ဟာ ထွန်ကိုင်စီးတဲ့
လယ်သမားကြီး တို့မြေယာ။

ကွင်းတစ်လျှောက်မှာ သူ့ကိုကျောင်းလို့
လှည်းယဉ်မောင်းစို့ တို့ကျေးရွာ။

မြက်နုရေကြည် မှန်မှန်ကျွေးစို့
ဆန်ကိုပေးတဲ့ နွားလိမ္မာ။

ချစ်ပါ ချစ်ပါ။

"ကဲ...သားတို့ သမီးတို့ ခဏနားလိုက်ကြဦးနေ
နောက်ကျရင် ငှက်လှလှကလေးတွေ အကြောင်
တိရစ္ဆာန်မျိုးစုံအကြောင်းကို ထပ်သင်ပေးမယ်"

ကလေးတွေကိုပြောပြီး မင်းမင်း မြကြည်ဖြူဘက် လှည့်လို
သည်။

"ဂုဏ်ဝင်းရေးတဲ့ တိရစ္ဆာန်ဥယျာဉ် ကဗျာစာအုပ်ထဲ
ကဗျာကလေးတွေကို စမ်းသင်ကြည့်တာလေ၊ မကော
ဘူးလား၊ ကဗျာကလေးတွေက ရိုင်းစိုင်းတဲ့ သတ္တ
တွေကိုတောင် ချစ်စရာကောင်းအောင် ဖွဲ့ထားတ
ဖြူရဲ့၊ ကလေးတွေ တိရစ္ဆာန်တွေကို ချစ်တတ်လာရ
လူလူချင်း ချစ်တတ်၊ ကြင်နာတတ်၊ ညှာတာတတ်
ဆိုတဲ့ စိတ်ကောင်းကလေးတွေဟာ အလိုလို ရှိလ
လိမ့်မယ် ထင်လို့ပါ"

မင်းမင်းက ကဗျာစာအုပ်ကို မြကြည်ဖြူအား ထမ်းပေ
ရင်း ပြောသည်။



မြကြည်ဖြူ ဘာမှမပြောနိုင်၊ ပါးစပ်အဟောင်းသား ဖြစ်နေသည်။ စိတ်ကူးကောင်းလှသော မင်းမင်းကို တကယ့် လူတော်တစ်ယောက်အဖြစ် လက်ခံထားမိပြီ။

သို့သော်....

မင်းမင်းသည် လူတော်တော့လူတော်၊ သူ့အရည်အချင်းကို တကယ်တမ်း တန်ဖိုးရှိအောင် အသုံးမချသည့်အတွက် အားမရ ဖြစ်ရ၏။

"ဆရာမ၊ နေကောင်းသွားပြီလား ဟင်"

စကားကြွယ်မလေး စကားဝါက လာရောက် နှုတ်ဆက်သည်။

"ကောင်းသွားပါပြီ သမီးရယ်၊ သမီး သွားကစားနေဦးနော်"

စကားဝါကလေး သူမအနီးမှ ထွက်သွားသည်။ မြကြည်ဖြူသည် မင်းမင်းကို ဘယ်က စကားစပြောရမည်မသိ ဖြစ်နေရ၏။

"မင်းမင်း"

"နားထောင်နေပါတယ် ဖြူ"

မင်းမင်းသည် ဆရာ၏ အပြစ်ပေးခြင်းကို ခံရမည့် တပည့်တစ်ယောက်နှယ် ရှိနေ၏။ သည်အခါ ပြောမည့် စကားတို့ကို ပြောရခက်နေရသည်။

မြကြည်ဖြူ ဘာမှမပြောသေးဘဲ ခေါင်းခါမိသည်။ သူ့စေတနာကို ရင်ထဲတွင် ခံစားနားလည်နေရသောကြောင့် အပြစ်မတင်ချင်။

သို့သော်....

ပြောသင့်သည့် စကားကိုတော့ ပြောရမည်ဟု ဆုံးဖြတ်လိုက်၏။

"မင်းမင်း"

"ဟုတ်ကဲ့၊ ကျွန်တော် နားထောင်နေပါတယ် ဖြူ"

"ဖြူက ခွင့်မပြုသေးဘဲ ဒီလို ဘာဖြစ်လို့လုပ်ရတာလဲ ဟင်"

မင်းမင်းက စန္ဒရားခလုတ်များကိုစိုက်ကြည့်နေရာမှ မျက်နှာအိုသွား၏။ သည်တော့လည်း ဖြူမှာ ပြောမိသည့် စကားအတွက် စိတ်မကောင်းချင်။ ယင်းကိစ္စနှင့် ပတ်သက်၍ ဘာမှ မပြောဘဲ နေလိုက်လျှင်လည်း တစ်ဖက်က အတွေးတစ်မျိုး ပေါက်သွားမည်ကို စိုးရွံ၏။

"ကျွန်တော် ရိုးရိုးပဲပြောပါ့မယ် ဖြူ"

"ဟုတ်ကဲ့၊ ကျွန်မကလဲ ဘွင်းဘွင်းပဲ ကြိုက်ပါတယ်"

မင်းမင်းက စန္ဒရားခလုတ်များကို စိုက် ကြည့် နေ ရာ မှ မြကြည်ဖြူဘက် လှည့်လာသည်။ မြကြည်ဖြူ၏ မျက်နှာကို စိုက်ကြည့်သည်။ ပြီးတော့မှ....

"ကျွန်တော် ဖြူ့နားမှာ နေချင်တယ်၊ ဖြူ့မျက်နှာကို ကြည့်နေချင်လို့"

မင်းမင်း စကားက ဖြောင့်ကျလွန်းသောကြောင့် မြကြည်ဖြူ အထိတ်တလန့် ဖြစ်သွား၏။

မင်းမင်းကို အလန့်တကြား မော့ကြည့်မိသည်။ အာမေဋိတ်သံ မည်သို့ထွက်သွားသည် မသိ။

"ဟင်"



မင်းမင်းမျက်နှာသည် ပကတိ တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်း၊ မြကြည်ဖြူ၏ မျက်နှာကို ရွှန်းရွှန်းစားစားကြည့်၏။ မြတ်နိုးချစ်ခင်သောအကြည့်၊ အချစ်ဖြင့် ထုံမွမ်းသော အကြည့်မှန်း သိမြင် ခံစားရ၏။ မင်းမင်း စကားတစ်ခွန်းကို လေးနက်စွာ ပြောသည်။

"ပြီးတော့ ကျွန်တော် ဖြူ့ကိုချစ်တယ်"

"အို"

မြကြည်ဖြူ၏ ဖြူနုသော မျက်နှာကလေးမှာ နေအိုရောင်သမ်းသွားသည်။ ရင်ထဲမှာ တလှပ်လှပ်နှင့် ရှိန်းဖိုပူနွေးလာရသည်။ နားထဲတွင်ကား စမ်းရေစီးသံကို ကြားနေရသည်။

"ကျွန်တော်ချစ်တဲ့သူ့ရဲ့ လုပ်ငန်းမှာ တစ်ဖက်တစ်လမ်းက ပါဝင်ချင်တယ်၊ ပါအောင် ကြိုးစားခဲ့တယ်၊ ဒါပေမယ့်...."

မင်းမင်း စကားကို ရပ်ထားလိုက်၏။ စန္ဒရားခလုတ်ကလေးများကို လက်နှင့် တို့ကစားလိုက်၏။ ပြီးတော့မှ မြကြည်ဖြူကို မျက်နှာချင်းမဆိုင်ဘဲ တာမှကျိုးထွက်လာသော ရေစီးနှယ် အဆက်မပြတ် စကားကို ဆက်ပြောသည်။

"ဒါပေမယ့် ကလေးတွေနဲ့ ကဗျာငှက်ရင်း စန္ဒရားတီးရင်း ကျွန်တော် ကြည်နူးလာတယ်၊ ပျော်လာတယ် ဖြူ၊ ကလေးဆိုတာ ကမ္ဘာပေါ်မှာ အရိုးသားဆုံး၊ အဖြစ်အထင်းစင်ဆုံး ဆိုတာ စဉ်းစားလာမိတယ်၊ ဩဇာအရသာ ပြည့်စုံချိုမြိန်တဲ့ သရက်ပင်ရင်းမှာ ခွေးတောက်ပင်ကို သွားစိုက်လိုက်တော့ ချိုတဲ့ သရက်သီးတောင်မှ

"ချဉ်သွားတယ်၊ ကလေးဆိုတာ လူ့ဘဝရဲ့ ရင်းမြစ် အခြေခံ နှလုံးသားကို ပိုင်ဆိုင်ပါတယ်၊ဒီတော့ အခြေ ကောင်းနဲ့ ပျိုးထောင်ပေးလိုက်ရင် ကလေးတွေ အနာဂတ်ဟာ မျှော်လင့်ချက် ကောင်းကောင်းထား နိုင်မှာပါ ဖြူ၊ ဒါကို ကလေးတွေနဲ့ လက်ပွန်းတတီး နေရင်းက ဆင်ခြင်မိလာတာပါ၊ အစကတော့ ဖြူ့ကို ချစ်လို့၊ ဖြူ့အနားမှာ နေချင်လို့၊ ဖြူ့ မျက်နှာကို အချိန်တိုင်း ကြည့်နေချင်လို့ စန္ဒရားကို သယ်လာတာပါ အခုတော့ ဒီရည်ရွယ်ချက်ချည်းပဲ မဟုတ်တော့ဘူး ကျွန်တော် ဥယျာဉ်မှူးကောင်းတစ်ယောက် ဖြစ်အောင် ကြိုးစားချင်လာတယ် ဖြူ"

မြကြည်ဖြူသည် မင်းမင်း၏ စကားကြောင့် ကြက်သီး မွေးညင်း ထသွားသည်။ သူမ၏မျက်နှာပေါ်တွင် အပြုံးကလေး ပေါ်လာသည်။ မင်းမင်း ထိုင်ရာမှ ထရပ်လိုက်သည်။

"ကျွန်တော် သွားမယ် ဖြူ၊ ဖြူ့ စကားအတိုင်း လောကကြီးမှာ လူပိုတစ်ယောက်မဖြစ်အောင် ကြိုးစား တာပဲ၊ ဖြူက လက်မခံနိုင်ရင်တော့...."

မင်းမင်းက မြကြည်ဖြူမျက်နှာကို မျက်တောင်မခတ် စိုက် ကြည့်နေသည်။ ကြေကွဲ လွမ်းမော ရီဝေနေသော မျက်နှာမှန် မြကြည်ဖြူ သိလိုက်သည်။

မင်းမင်းသည် ဘာမှဆက်မပြောတော့ဘဲ ခြေလှမ်းကျဲကြီး နှင့် ထွက်သွားတော့သည်။ မြကြည်ဖြူက လှမ်းခေါ်မည်ပြ



သော်လည်း မင်းမင်း၏ မော်တော်ဆိုင်ကယ်က ဒေါသတကြီး အသံမြည်ကာ ဝေါခနဲ ထွက်သွားတော့သည်။

မြကြည်ဖြူသည် ကြိုးပြတ်သွားသော အရုပ်ပမာ ကျန်ရစ် ခဲ့သည်။ စိတ်ထဲတွင် ငိုချင်နေသည်။ ရင်ထဲတွင်ကား ဟာလာ ဟင်းလင်း ကျန်ရစ်ခဲ့သည် ထင်သည်။ နဖူးကို လက်နှင့် အုပ်ကာ မျက်စိမှိတ်၍ အသက်ကို မှန်မှန်အောင် ရှူနေရ၏။

"မင်းမင်းရယ်"

"ဟင်.... ဖြူ ကျောင်းလာတာလား၊ ခြေထောက် ကကော သက်သာလို့လား"

တင်အေးကြည်၏ အသံကို ကြားရတော့မှ မြကြည်ဖြူ အသက်ဝင်လာသည်။ မျက်ဝန်းအိမ်တွင် မျက်ရည်ကြည်များ ပြည့်လျှံနေကြောင်း သတိထားမိလိုက်သဖြင့် လက်ကိုင်ပဝါဖြင့် မသိမသာ တို့လိုက်ရသည်။

"စောစောက မင်းမင်းကို မော်တော်ဆိုင်ကယ်နဲ့ တွေ့ လိုက်ပါတယ်"

"ဟုတ်တယ် အကြည်"

"ဖြူ့အစီအစဉ်နဲ့ သူ ဒီစန္ဒရားကို ယူလာတာဆို"

"ဟုတ်ပါတယ် အကြည်"

မြကြည်ဖြူ၏ ပါးစပ်က သည်စကားကို ဘာကြောင့်ပြော မိသည် မသိပြီ။ တင်အေးကြည် စန္ဒရားအနီးတွင် ဝင်ထိုင်လိုက် သည်။

"စန္ဒရားကြီးကလဲ ပွင့်လို့၊ ဒီမှာလဲ ကဗျာစာအု
တိရစ္ဆာန်ဥယျာဉ် ကဗျာများ ဆိုပါလား၊ မင်းမ
ကဗျာတွေ သင်ပေးသွားသေးတယ် ထင်တယ်"

"အင်း...."

"အကြည်တော့ ယုံတောင် မယုံဘူး ဖြူရယ်၊ မင်းမ
ကို ဘယ်တော့မှ လက်ကြောတင်းမယ်လို့ မထင်ခဲ့
အခုကျတော့ ကလေးတွေနဲ့ အဖွဲ့ကျလို့၊ ကဗျာသင်
တာကလဲ တကယ့်ကို စိတ်ဝင်တစား သင်ပေး
ပြီးတော့ သူ ရောက်နေတဲ့ သုံး လေးရက် အတ
ကျောင်းသားတွေ သုံး လေးယောက် တိုးလာတ

"ဩော်...."

"ဒီပတ်ဝန်းကျင်က လူတွေတောင် စန္ဒရားနဲ့ က
တွေ သီချင်းဆိုရင် သဘောကျနေကြတာ၊ သ
ကလေးတွေကိုတောင် ကျောင်း အပ် ချင် ကြ တယ်
အကြည်က နေရာအခက်အခဲရယ်၊ ဖြူနဲ့လဲ မတိုင်
ရသေးတာကြောင့် ဘာမှ မပြောသေးတာ"

"ဩော်....အင်း....အင်း"

"ဖြူ....ဖြူ ဘာဖြစ်နေတာလဲဟင်"

မြကြည်ဖြူ ထိုင်းထိုင်းမှိုင်းမှိုင်း ဖြစ်နေသောကြောင့်
အေးကြည်က မေးလေသည်၊ မြကြည်ဖြူ ပါးစပ်ထဲရှိရာ
မိ၏။

"ခေါင်းနည်းနည်း မူးနေလို့ပါ အကြည်"



"အို....နေဦး....နေဦး၊ ကျွန်မမှာ ပရုတ်ဆီ ပါလာတယ်"

တင်အေးကြည် နေရာမှ ထသွားသည်။ မြကြည်ဖြူ ထိန်းထားသည့်ကြားက စိတ်မကောင်းဖြစ်ကာ မျက်ရည် လည်လာ၏။ မျက်တောင် တစ်ချက် ခတ်လိုက်သောအခါ မျက်ရည် တစ်စက် ပေါက်ခနဲ ကျသွား၏။

မျက်လုံးအိမ်တွင် မင်းမင်း သူမအပေါ် ဂရုစိုက်ခဲ့ပုံများ လိုလေသေးမရှိအောင် ကူညီခဲ့ပုံများ။ မြကြည်ဖြူ ဒဏ်ရာ ဆေးထည့်၍ စုတ်သပ်သည်နှင့် ပျာပျာသလဲ ဖြစ်ခဲ့ပုံများကို မြင်ယောင်လာ၏။

"ရော့....ဖြူ၊ ပရုတ်ဆီ၊ အေးအေးဆေးဆေး နားနေပါဦး ဖြူရယ်၊ အကြည်တို့ နိုင်ပါတယ်"

တင်အေးကြည် ပရုတ်ဆီပေးပြီး ပြန်ထွက်သွားသည်။ မြကြည်ဖြူ တစ်ယောက်တည်း ငိုင်လျက် ကျန်ခဲ့၏။ ကလေးများ၏ အော်ဟစ်ဆူညံသံကို ကြားရသည်။ စာအံသံများကိုလည်း ကြားရသည်။ မြကြည်ဖြူ စန္ဒရားဆီ လျှောက်သွားပြီး ခုံတွင် ဝင်ထိုင်လိုက်၏။ မည်မျှကြာအောင် သစ်ငုတ်ဖြစ်သွားသည် မသိ။

"ဆရာမ....ဆရာမ"

မြကြည်ဖြူ လှည့်ကြည့်လိုက်သောအခါ စကားဝါကို တွေ့ရသည်။ စကားဝါသည် မြကြည်ဖြူကို တစ်လှည့် စန္ဒရားကို တစ်လှည့်ကြည့်နေ၏။

"စကားဝါ"

"ဆရာမ စိတ်မကောင်း ဖြစ်နေသလားဟင်"

"အို....ဘာဖြစ်လို့လဲ သမီးရယ်"

"အိမ်မှာ မေမေလဲ မျက်လုံးတွေ နီပြီး မျက်ရည်တွေ ကျလာရင်း စိတ်မကောင်းဖြစ်တာတဲ့၊ သမီးကို ပြောတယ် ဆရာမရဲ့"

"ဪ....စကားဝါရယ်"

"ဦးမင်းမင်းကလဲ ပြန်မလာဘူးနော်၊ ဦးမင်းမင်း လာရင် သမီးတို့ သိပ်ပျော်တာ ဆရာမရဲ့၊ သီချင်းတွေ တစ်ပုဒ်ပြီး တစ်ပုဒ် ဆိုရတယ်၊ အမူအရာ လုပ် ရတယ်"

မြကြည်ဖြူ၏ ရင်ထဲဝယ် ကြေကွဲ ဆို့နင့်သွားရသည်။ ထိုစဉ် ကလေး လေး ငါးယောက် စန္ဒရားအနားသို့ ရောက်လာပြီး မေးကြသည်။

"ဆရာမ ဒီဟာကြီးတီးတဲ့ ဦးဦး ဆရာကြီး မလာသေးဘူးလား၊ သားတို့ သီချင်းဆိုချိန် ရောက်တော့မယ်"

"ဟုတ်တယ် ဆရာမ၊ သမီးတို့ သီချင်းအသစ်တွေ အများကြီး ရနေပြီ၊ ဦးဆရာကလဲ မလာသေးဘူး"

"လာမှာပေါ့ကွယ်၊ သားတို့ သမီးတို့ ခဏ သွားကစားနေကြဦး ကြားလား"

"ကြားပါတယ် ဆရာမ"

ကလေးများ ပြေးထွက်သွားကြပြန်သည်။ စကားဝါ တစ်ယောက်သာ စန္ဒရားရှေ့တွင် ငုတ်တုတ်ကလေး ထိုင်နေ၏။



"သမီးစကားဝါ သွားကစားလေ"

"ဟင့်အင်း....ဦးမင်းမင်းကို စောင့်နေတာ၊ ဦးက ပြန်လာမှာ ဆရာမ"

မြကြည်ဖြူ အံ့ကြိတ်ထားလိုက်ရသည်။ စကားဝါကမူ မျှော်လင့်ဘကြီး စောင့်စားနေရှာသည်။ မြကြည်ဖြူသည် မင်းမင်းကို မျက်နှာထားနှင့် ဆက်ဆံခဲ့သည့်အတွက် မှားမှန်း သိလာသည်။ ပြီးတော့ မင်းမင်းက သူမကို အဘယ်မျှ လွမ်းမိုးထားကြောင်းကိုလည်း သိလာရသည်။

မင်းမင်း ပြန်လာလျှင် ကောင်းလေစွဟု တမ်းတနေမိသည်။ အခက်အခဲနှင့် ရင်ဆိုင်ရခါမှ မင်းမင်းသည် အားကိုးထိုက်မှန်း သိလာသည်။ မြကြည်ဖြူ၏ အသည်းနှလုံးတွေက လှုပ်ရှားနေသည်။ မြကြည်ဖြူသည် အခန်းထောင့် ပက်လက် ကုလားထိုင်တွင် ထိုင်ရင်း အတွေးရေလျှဉ်ကြောတွင် မျောနေမိသည်။

ဪ....မင်းမင်း။

မြကြည်ဖြူ၏ နှလုံးသည်းပွတ်နန်းတွင် ဘယ် အချိန် က ရာဇဘိသေက ခံခဲ့လေသည် မသိ။

## ခန်း ( ၂၄ )

မင်းမင်း မာနဖြင့် စိတ်ကို တင်း၏၊ သို့သော် ချစ်ခြင်းမေတ္တာက မာနကို ခဝါ ချလိုက်သည်။

မင်းမင်း ဒေါသဖြင့် စိတ်ကို တင်းပစ်လိုက်ပြန်လေသည်။

သို့သော်....

ဒေါသကိုသောကက မောင်းထုတ် လိုက်ပြန်သဖြင့် လောင်မြိုက် ပျက်စီးသွားပြန်သည်။

မင်းမင်းသည် ဥပေက္ခာဖြင့် နှလုံးသားကို ကျောက်ဖြစ်ရုပ်ကြွင်း ဖြစ်စေလိုက်၏။

သို့သော်....

သမုဒယသည် ဥပေက္ခာကို ပြည်နှင်ဒဏ် ပေးကာ မေတ္တာတေးသံကို ပဲ့တင်ထပ်စေသည်။

မင်းမင်း ပန်းကမ္ဘာကလေးထဲမှ ထွက်လာကာတည်းက ရက္ခဗေဒဥယျာဉ်ထဲသို့ ရောက်နေခဲ့သည်။ မော်တော်ဆိုင်ကယ်ကို လမ်းပေါ်တွင် ထောင်ထား၍ သောခတ်ကာ နှင်းဆီစိုက်ခင်းရှိချက်ခင်းပြင်တွင် ပက်လက်လှန်ကာ တွေးနေမိသည်။ နာရီကိုလည်း တကြည့်ကြည့် ရှိနေ၏။ သည်အချိန်ဆို ကလေးများ စာအံပြီ။ သည်အချိန်ဆိုလျှင် ကလေးများ ကစားပြီ။ သည်အချိန်ဆိုလျှင် လည်အချိန်ဆိုလျှင်ဟူသော သံယောဇဉ် အမျှင်တန်းက ရင်နှမ်းအောင် ပြုစု နှိပ်စက်နေ၏။

မြကြည်ဖြူ၏ မာနကျသော မျက်နှာနှင့် စကားကို မြင်ကြားနေ၏။ စေတနာကို စော်ကားရက်လေခြင်းဟု ယူကျုံးမရ ဖြစ်သည်။ ရင်ထဲတွင် ရှက်လည်း ရှက်သည်။ မြကြည်ဖြူကို ချစ်ရကာ စခဲ့သည်ကား မှန်သည်။ ကလေးများနှင့် လက်ပွန်းတတီး နေရသောအခါ အချစ်သည် ဒုတိယတန်း ရောက်သွား၏။ စိတ်ထဲတွင် ဘဝ၏ ပျော်ရွှင်ကြည်နူးစရာဟု မြင်လာသည်။

သို့စဉ်လျက်....

သူ ဥယျာဉ်မှူးကောင်း တစ်ယောက် ဖြစ်အောင် ကြိုးစားမည်ဆိုသည့် စကားကို အလေးဂရုမပြုခဲ့။ ခေါင်းကလေး ညိတ်ဖော် မရခဲ့။ ပြုံးနေခဲ့သည်။ သရော်ပြုံးလေသလား၊ လှောင်ပြုံးလေလား။ ဝေခွဲရ ခက်သည်။ သူ့ကို လောကတွင် လူပိုတစ်ယောက်အဖြစ် မြင်နေ၊ ထင်နေဆဲပင် ဖြစ်လိမ့်မည်။

သို့သော်....

မင်းမင်းသည် နောက်ဆုံးမြင်ခဲ့ရသော မျက်နှာကလေးကို မြင်ယောင်ကြည့်မိသည်။ မျက်လုံးထဲတွင် ဥပေက္ခာမရှိ။ အဖယ်

၍ သူသည် လူပိုတစ်ယောက် မဟုတ်တော့ဘဲ နိုင်ငံတော်၏ အုတ်ခကာင်းတစ်ချပ်၊ သဲကောင်းတစ်ပွင့် ဖြစ်ခဲ့ပါလျှင်....

သူ အံ့ကြိတ်သည်။ ဆုံးဖြတ်သည်။ အပြောနှင့်အလုပ် ညီစေရမည်။

သူ ရှက္ခဗေဒဥယျာဉ်ထဲမှ ထွက်ခဲ့သည်။

ပန်းကမ္ဘာကလေးကို သတိရသည်။ သူ့ကို မျှော်နေမည့် ကလေးများ၏မျက်နှာကို မြင်ယောင်လာသည်။ သို့သော် သူ မသွားချင်တော့။ လောကတွင် လူပိုတစ်ယောက်အဖြစ် မြကြည်ဖြူကို ရင်မဆိုင်ချင်။ သူ အိမ်ကိုလည်း မပြန်ချင်သေးသဖြင့် ချစ်တိုင်းအောင်ရှိရာသို့ ထွက်ခဲ့သည်။ သူ ဘာလုပ်ရမည်ကို သူငယ်ချင်းတွေနှင့် တိုင်ပင်ချင်သောကြောင့်ပင် ဖြစ်သည်။ လမ်းရောက်မှ စကားဝါကလေးကို ကြိုဖို့ သတိရသဖြင့် မယဉ်မေကို ဝင်၍ မှာရသေး၏။

ချစ်တိုင်းအောင်ကို သူ့အမေ၏ပွဲရုံတွင် အသင့်တွေ့ရသည်။

"ဟေ့ကောင်....ပျောက်လှချည်လား"

"မပျောက်လို့ ရောက်လာတာပေါ့ကွ၊ လာကွာ....ခဏ လိုက်ခဲ့စမ်းပါ"

"ဟာ....အတင်းကြီးပါလား၊ ဘယ်သွားမှာလဲ၊ ဘာ လုပ်မှာလဲ ပြောဦးမှပေါ့"

"ဘယ်သွားသွား၊ ဘာလုပ်လုပ်၊ လိုက်သာလိုက်ခဲ့၊ ဒါ အမိန့်ပဲ"



"မြတ်စွာ ဘုရားကြီး၊ ငါ တယ်ထူး ပါလား နော်၊ လောကမှာ ကိုယ့်ထမင်း ကိုယ်စားပြီး အမိန့်ပေးခံရတာ ငါတစ်ယောက်တည်း ရှိနေပါလားနော်"

ချစ်တိုင်းအောင် ခေါင်းကုတ်ပြီး ပြောသည်။

မင်းမင်း ဘာမှဆက်မပြောဘဲ ပွဲရုံအပြင် ထွက်ခဲ့သည်။ ဆိုင်ကယ်ပေါ် တက်သည်။ ချစ်တိုင်းအောင်သည်လည်း နောက်မှ ပါလာ၏။

မကြာမီ ဆိုင်ကယ်နှစ်စီး လမ်းပေါ် ရောက်လာ၏။

"ဟေ့ကောင်၊ ဘယ်သွားမှာလဲ"

"မြင့်ကြူး သွားခေါ်မယ်လေကွာ"

"ဟ....ဒါဆို မန္တလေးဆင်းရမှာပေါ့"

"အေးလေ၊ အဲဒါ ဘာဖြစ်လဲ"

"မေမေ့ကို မပြောခဲ့ရဘူးကွ"

"ဟိုကျမှ ဖုန်းဆက်လိုက်ပေါ့ကွာ"

မင်းမင်း ဇွတ်သမားဆိုသည်ကို သိနေ၍ ချစ်တိုင်းအောင် ဘာမှဆက်မပြောတော့။

ရုံးမလွတ်မီ မန္တလေး တိုင်းသမဝါယမ အသင်းစုရှေ့သို့ ရောက်လာကြသည်။

မင်းမင်းတို့ကိုမြင်တော့ မြင့်ကြူးမျက်နှာ ဝင်းထိန်သွားသည်။ သူက မန္တလေးမှာ အလုပ်လုပ်နေရသောကြောင့် မေမြို့ကို ခဏခဏ၊ သူငယ်ချင်းတွေကိုတွေ့ရတော့ မြင့်ကြူး ဝမ်းသာသွားသည်။

"ဘာအစီအစဉ် ရှိလို့လဲကွ"

"ကြားဖြတ်အစီအစဉ်ပေါ့ကွာ"

"အေးကွာ၊ မင်းတို့ရောက်လာတာတော့ ဝမ်းသာပါ
တယ်၊ သောက်ဖို့ စားဖို့ အစီအစဉ်ဆိုရင်တော့ မဖြစ်
ဘူးကွ၊ ငါ အဓိဋ္ဌာန်ဝင်ထားလို့ကွ"

အပေါင်းအသင်းတွေ တွေ့ကြလျှင် ဝိုင်းဖွဲ့ကြတော့မည်ကို သိသည်။ ထို့ကြောင့် မြင့်ကြူးက မူလကျီလုပ်လိုက်သည်။

"ဒါဆိုလဲ ရပါတယ်၊ ငါကလဲ သောက်မှာမှ မဟုတ်
တဲ၊ ကဲ....လာ၊ ချစ်တိုင်းအောင် သွားမယ်"

မင်းမင်းက ချစ်တိုင်းအောင့်လက်ကို ဆွဲခေါ်ကာ မြင့်ကြူး ရှေ့မှ ထွက်ခဲ့၏။ နောက်ကိုလှည့်ကြည့်။ ဆိုင်ကယ်ပေါ် တက် ကြသည်။

ဆိုင်ကယ်စက်နှိုးသည်နှင့် မြင့်ကြူး မင်းမင်း၏ ဆိုင်ကယ် နောက်မှီးပေါ် ရောက်လာ၏။ မင်းမင်းက ဆိုင်ကယ်ဒေါက် ကန်ဖြုတ်သလိုနှင့် မြင့်ကြူး၏ခြေသလုံးကို တစ်ချက်ချော် လိုက်သည်။

"အမယ်လေးဗျာ"

မင်းမင်း၏နောက်ပေါက်က ညို့သကျည်းကို တည့်တည့်ထိ သွားသဖြင့် မြင့်ကြူးထံမှ အသံပြကြီးနှင့် အော်သံထွက်လာ၏

"ဟာ....ချစ်တီး၊ မင်း ပါလာတာကိုး၊ ဆောရီးကွာ"

"တော်စမ်းပါ ခွေးမသား"

နာနာနှင့် မြင့်ကြူးက ဆဲတော့သည်။ မင်းမင်းက ရယ် မောရင်း မော်တော်ဆိုင်ကယ်ကို နေရာမှ မောင်းထွက်လိုက်၏။ ချစ်တိုင်းအောင်သည်လည်း နောက်မှ ကပ်ပါလာသည်။



မန္တလေးဟိုတယ်သို့ ချီတက်ကြသည်။

ဟိုတယ်ရောက်တော့ ဘီယာနှင့် အစားအသောက်များ မှာသည်။

မင်းမင်းက လီမွန်ရည်တစ်ပုလင်း ထပ်မှာ၏။

"ဘာလုပ်ဖို့လဲကွ"

"ငါ မသောက်ဘူး၊ အချိုရည်ပဲ သောက်တော့မယ်၊
မင်းတို့ကို တွေ့ချင်လို့သာ လိုက်ခေါ်တာ"

"ဟုတ်ပါ့မလား မောင်ကာဠုရဲ့"

ချစ်တိုင်းအောင်က သံသယအပြုံးဖြင့်ကြည့်ကာ မေး၏။

မြင့်ကြူးက စားပွဲအောက်သို့ ခေါင်းငုံ့ကာ ဟိုကြည့် သည်ကြည့် ကြည့်သည်။

"ဘာပျောက်လို့လဲကွ"

"မြေပြိုသွားသလားလို့ပါ"

သည်တော့မှ မင်းမင်းကို နောက်နေမှန်းသိသဖြင့် ရယ်ကြရသည်။

မှာထားသော ဘီယာနှင့် အစားအသောက်များ ရောက်လာ၏။

"ဒါနဲ့ နေပါဦး၊ မင်းနဲ့မြကြည်ဖြူတို့အခြေအနေ ဘယ်
အဆင့် ရောက်ပြီလဲ"

မြင့်ကြူးက ဘီယာကိုငှဲ့ရင်း မေးသည်။

"အဟမ်း"

မင်းမင်း ချောင်းဟန့်သည်။ အကျီကော်လံကို မ သည်။ အခြေအနေက လိပ်ခဲတည်းလည်းသာ ရှိသေး၏။ ကောင်းသည်

ဟုလည်း မပြောသာ။ အဆိုးတော့လည်း မဟုတ်။ သို့သော် သူငယ်ချင်းတွေရှေ့မှာတော့ အကျင့်အတိုင်း ခပ်ကြွားကြွား ပြောချင်လာ၏။

"သောက်ခွက်ကိုက၊ မောင်ရင်လေးဆိုတာနဲ့ သက်နိုး မတော့မယ်"

မြင့်ကြူးက ဘုကြည့်ကြည့်ကာ ပြောသည်။ မင်းမင်း ရယ်လိုက်၏။ ပြီးတော့မှ....

"ငါ အခု ပန်းကမ္ဘာမှာ ငါ့ချစ်သူရဲ့ လက်ထောက်ဆရာ လုပ်နေတယ်ကွ"

"လက်ထောက်ရှိပဲလား၊ လက်ကော မပေးတတ်သေးဘူးလား"

"လက်ပေးတတ်ရုံ ဘယ်ကမလဲကွာ၊ ခွေးကလေး အရောဝင် ပါးလျက်နားလျက်တောင် လုပ်တတ်နေရောပေါ့၊ ဟား....ဟား....ဟား"

မင်းမင်းစကားကို မြင့်ကြူးတို့က ဝိုင်း ဟား ကြ သည်။ မင်းမင်းမျက်နှာ ရှုံသွား၏။

"အမြီးလဲ နှန့်တတ်ရောပေါ့နော်"

"ချေးတောင် စားတက်နေပြီကွ"

"တော်စမ်းကွာ၊ စားသောက်နေတုန်း မညစ်ပတ်နဲ့"

သူ့ အဟားခံနေရသဖြင့် မင်းမင်းက ခပ်ဘည်တည်နှင့် ပြောက်ပစ်လိုက်၏။ သို့သော်....ဘယ်သူမှ အပြုံးမပျက်၊ ချစ်တိုင်းအောင်က ဘီယာထပ်ဖြည့်သည်။ မြင့်ကြူး အာလူးကြော် တစ်ဖတ် ကောက်ဝါး၏။



"မင်းမင်း၊ မင်းလဲ သောက်ကွာ၊ တို့နှစ်ယောက်တည်း သောက်ရတာ ပျင်းစရာကောင်းတယ်ကွ၊ ဟိုကောင်တွေလဲ မပါဘူး"

"ဟုတ်တယ်ကွ"

ချစ်တိုင်းအောင်က တိုက်တွန်းသည်။ မြင့်ကြူးက ဘီယာပုလင်းကိုဆွဲကာ မင်းမင်း၏ ဖန်ခွက်ထဲ ထည့်မည် ပြုသည်။ မင်းမင်းက သူ့ ဖန်ခွက်ကို ဝေးဝေးဖယ်လိုက်၏။

"မဖြစ်ဘူးကွ၊ ငါ မေမေတို့ကို အရက်မသောက်ပါဘူးလို့ ကတိပေးထားတယ်"

မြကြည်ဖြူအား ကတိပေးထားသည်ကို ပြောမည်ကြံပြီးမှ မပြောတော့၊ ပြောလျှင် သေချင်းဆိုးတွေက ဟားဦးမည်။

"အရက်သောက်တာမှ မဟုတ်တာပဲကွာ၊ ဘီယာ သောက်တာပဲ"

"ဘီယာလဲမူးတာပဲကွ၊ ငါ မသောက်ချင်ဘူး"

သူပေးထားသည့် ကတိကိုတော့ မပျက်စေရဟု ဆုံးဖြတ်ထား၏။

"ဒါနဲ့ မင်းက တို့ကို ဘာဖြစ်လို့ လိုက်ခေါ်တာလဲကွ"

ချစ်တိုင်းအောင်က ဘီယာဖန်ခွက်ကို ဆောင့်ချပြီး ပြောသည်။ သူ မမူးသေးသော်လည်း မူးဟန်ဆောင်လိုက်ခြင်း ဖြစ်သည်။ သို့သော် အကြောင်းသိမို့ မင်းမင်းက ရယ်လိုက်သည်။

"ဟေ့ကောင်၊ ဘီယာဖြင့် တစ်လုံးမကုန်သေးဘဲ ဂျိကျမယ်တော့ မကြံနဲ့၊ ပါးပိတ်ရိုက်ပစ်မယ်"

"ဂျိကျရင် ချက်စားလိုက်ပေါ့ကွာ၊ ဟား...ဟား"

မြင့်ကြူးက ပြောရင်း ရယ်သည်။ သူတို့နှစ်ယောက်ကတော့ ဘီယာရှိန်နှင့် လေရနေ၏။ မင်းမင်းကတော့ တစ်ယောက် တည်း ဘက်ပွဲနေသလို ဖြစ်နေရ၏။ သူ တိုင်ပင်ချင်သည့် စကားကိုလည်း ပြောသင့်မပြောသင့် စဉ်းစားရသည်။ သူ သိပ်မမူးခင်ပြောလျှင် ကောင်းမည်ဟု ထင်၏။ ထို့ကြောင့်...

"ငါ မင်းတို့ကို ပြောစရာရှိတယ်ကွ"

မင်းမင်းက စကားစလိုက်တော့ ချစ်တိုင်းအောင်နှင့် မြင့်ကြူးတို့ ခေါင်းထောင်လာကြသည်။

"ဘာလဲကွ၊ ပြောစမ်းပါဦး"

"ငါ အလုပ်တစ်ခုခု လုပ်ချင်တယ်ကွာ"

"ဟင်....ဟာ၊ ကျားသားမိုးကြိုး"

ချစ်တိုင်းအောင်တို့ အံ့ဩသလို အာမေဍိတ်သံ ပြုသည်။

"နေပါဦး၊ မင်း ဘာစိတ်ကူးပေါက်လာတာလဲ၊ ဟို တစ်ခါ တို့က အလုပ်တစ်ခုခု လုပ်ဖို့ပြောတော့ အရက် ...က်နေတာလဲ အလုပ်ဆိုပြီး ဟားခဲ့သေးတယ် မဟုတ်လား"

မြင့်ကြူးက တစ်ခါကအကြောင်းကို သတိရကာ ပြောသည်။

"အေး....ဟိုတုန်းကတော့ အတွေးအခေါ်က တစ်မျိုး ကိုးကွ၊ ထမင်းဆိုတာ မီးဖိုချောင်ထဲက လာတယ် ပိုက်ဆံဆိုတာ အမေ့ဆလင်းဘက်ထဲက လာတယ်လို့ ထင်ခဲ့တာကိုးကွ၊ ဒီ အတွေးအခေါ်တွေ အခုတော့ ပြောင်းသွားပြီ၊ လူ့သမိုင်းဆိုတာ အမြဲတမ်း ပြောင်းလဲ တိုးတက်နေတယ်ကွ၊ အဲဒီလို ပြောင်းလဲတိုးတက်တာ



ဟာ လူတွေ အလုပ်လုပ်ကြလို့ပဲဆိုတာ ငြင်းလို့မရဘူး။ ဒီတော့ ငါလဲ အလုပ်လုပ်ချင်တယ်၊ တိုင်းပြည်မှာ လူပိုတစ်ယောက် မဖြစ်ချင်တော့ဘူး"

မင်းမင်းက အလေးအနက် ပြောလာသောအခါ မြင့်ကြူး နှင့် ချစ်တိုင်းအောင် ငြိမ်သွားသည်။ ပြီးတော့မှ မြင့်ကြူးက စကားစသည်။

"အေး၊ ဒီအတွေးအခေါ်မျိုး ရှိသင့်တာ ကြာပြီ၊ အလုပ်လုပ်ချင်တယ်ဆိုရင် လုပ်ပေါ့ကွာ၊ အလုပ်ဆိုတာ လုပ်ချင်ရင် မရှားပါဘူး၊ အဲ....ငါ ဘီအေဆိုပြီး အိုက်တင်ကြီး ခံနေရင်တော့ အလုပ်ရှားလိမ့်မယ်"

"ငါ အလုပ်မရွေးပါဘူးကွ၊ ယောကျ်ားပဲကွာ၊ သူ များလုပ်နိုင်တဲ့ အလုပ်မှန်သမျှ လုပ်နိုင်ရမှာပေါ့၊ ဒါပေမယ့် ငါလုပ်တဲ့အလုပ်က တိုင်းပြည်ကို အကျိုးပြု ရာမှာ အဓိကကျတဲ့ အလုပ်မျိုး ဖြစ်ချင်တယ်"

"မင်းက ဘာအလုပ် လုပ်ချင်တာလဲ"

"အေးလေ၊ အဲဒါကို စဉ်းစားနေတာပေါ့၊ ငါပြော သလို အကျိုးပြုလုပ်ငန်းမှာ အဓိကကျတဲ့ အလုပ်မျိုး လုပ်ချင်တယ် ဆိုပါတော့ကွာ၊ အဲဒါ ဘာလုပ်ရမယ် ဆိုတာ မစဉ်းစားတတ်တာနဲ့ မင်းတို့နဲ့ တိုင်ပင်ကြည့် တာကွ"

ချစ်တိုင်းအောင်က စားပွဲကို လက်သီးနှင့် တဒေါက်ဒေါက် ခေါက်ကာ စဉ်းစားသလို လုပ်နေ၏။ မြင့်ကြူးက မေးစေ့ကို လက်နှင့်သပ်ကာ စဉ်းစားခန်း ဝင်နေ၏။

"အလုပ်ဆိုတာ ဘယ်အလုပ် လုပ်လုပ် စေတနာ့ထား မယ်ဆိုရင်တော့ တိုင်းပြည်ကို အကျိုးပြုနိုင်တာပေါ့ကွ၊ အကျိုးပြုလုပ်ငန်းဆိုတာလဲ အများကြီးရှိတာပဲ၊ တောင်သူလယ်သမားကြီးတွေ၊ အလုပ်သမားကြီးတွေ အားလုံးဟာ တိုင်းပြည်ကို အကျိုးပြုနေတာပဲကွ"

ချစ်တိုင်းအောင်က စဉ်းစဉ်းစားစားပြောသည်။

"ငါပြောမယ် မင်းမင်း"

မြင့်ကြူးက တစ်စုံတစ်ရာ သတိရသလို လက်ဖျောက်တီး ၡင်း ပြောလိုက်သည်။

"ဘာလဲကွ၊ ပြောစမ်းပါဦး"

"မင်း ဘယ်သူ့သားလဲ"

"ဘယ်သူ့သားရမှာလဲ၊ ငါ့အမေသားပေါ့"

"ဒါတော့ မင်းပြောမှလားကွ၊ ထားပါကွာ၊ မင်း အဖေဟာ ဘယ်သူလဲ"

"ငါ့အဖေ မင်းမသိဘူးလား၊ ဦးမင်းထင်ပေါ့ကွ"

"ဦးမင်းထင်က ဘာလဲ"

မြင့်ကြူးစကားကို နားမလည်သဖြင့် မင်းမင်း မျက်မှောင် နည်းနည်းကုတ်သွားသည်။

"ငါ့အဖေက...ငါ့အဖေက အင်း...ဒုတိယ ဗိုလ်မှူးကြီး ဟောင်း ဦးမင်းထင်၊ သူရ ဦးမင်းထင်"



မင်းမင်းက စဉ်းစဉ်းစားစားဖြေသည်။

"သိပ်ဟုတ်တာပေါ့ကွာ၊ ဒီတော့ မင်း ဘာလုပ်သင့်တယ် ဆိုတာ အထူးစဉ်းစားဖို့ လိုသေးသလား၊ မင်းအဖေရဲ့ အစဉ်အလာကို ထိန်းသိမ်းခြင်းဟာ မင်းရဲ့ လုပ်သင့် လုပ်ထိုက်တဲ့ အလုပ်တစ်ခု မဖြစ်နိုင်ဘူးလား"

မင်းမင်း စဉ်းစားသည်။ မြင့်ကြူး ဘာဆိုလိုသည်ကို ချက်ချင်း သဘောပေါက်သွား၏။ သူ အလင်းရောင်ကိုမြင်လိုက်ရပြီ။

သို့သော်....

သူ့အဘိုး ဦးမင်းကျော်ထင်နှင့် တိုင်ပင်ချင်သေး၏။ ဖေဖေ ဦးမင်းထင်ထက် စာလျှင် ဘိုးဘိုးက ပို၍ ပျော့ပျောင်း၏။ သူ့ ဘဝအတွက် အမှန်ကန်ဆုံး၊ အသင့်လျော်ဆုံး အလုပ်တစ်ခုကို ရွေးပေးလိမ့်မည်။

"အေး....မင်းပြောတာတော့ မှန်တယ်၊ ဒါပေမယ့် ရန်ကုန်မှာရှိတဲ့ ငါ့အဘိုးနဲ့ တိုင်ပင်ချင်သေးတယ်ကွ၊ အဘိုးက ပိုပြီး မျက်စိကြီး နားကြီးတယ်ကွ"

"ပိုကောင်းတာပေါ့ကွာ၊ လူကြီးတွေက ပို၍ အကြံ ကောင်း၊ ဉာဏ်ကောင်း ပေးနိုင်ပါတယ်"

မင်းမင်း ကျေနပ်သွား၏။

"ပလိစ်"

မြင့်ကြူးကို လက်ကမ်းပေးလိုက်သည်။ နှစ်ယောက်သား လက်ဆွဲ၍ နှုတ်ဆက်ကြ၏။

"ကျေးဇူးတင်တယ် သူငယ်ချင်း၊ ကဲ....ငါသွားမယ်"

"ဟ....နေပါဦးကွ၊ တို့လဲ လိုက်မှာပေါ့"

မင်းမင်း ဘာမှဆက်မပြောတော့ဘဲ စားသောက်ခန်းထဲမှ ထွက်ခဲ့သည်။

"ဟာ....ဒီကောင် လိမ္မော်ရည်သောက်ပြီး ပေါက်သွားပြီ၊ ဟား....ဟား....ဟား....ဟား"

ချစ်တိုင်းအောင်က ပြောပြီး ဟားသည်။

●

စာစု (၂၅)

"အမေကြီး"

"ရှင်....အမေကြီး"

"ဟိုကောင် ပြန်မလာသေးပါလား"

ဦးမင်းထင်က လက်မှနာရီကိုကြည့်ကာ ပြောသည်။အချိန်က ည ခုနစ်နာရီရှိပြီ၊ မိုးချုပ်နေပြီ။

"လာပါလိမ့်မယ်၊ နည်းနည်း အလည်လွန်နေတာဖြစ်မှာပါ"

ဦးမင်းထင် ခေါင်းတညိတ်ညိတ်လုပ်နေသည်။

"အင်း....ဒီကောင် အခုတလော သူ့ဂုဏ်တိုအတိုင်း မသောက်မစားဘဲ နေတာတော့ အမှန်ပဲကွ၊ ပြီးတော့ ခြေလဲ နည်းနည်း ငြိမ်သွားတယ်၊ အိမ်မှာနေရင်လဲ စာအုပ်တွေဖတ်နေတာ တွေ့ရတယ်"

"ခြေငြိမ်တာ အကောင်းမဟုတ်ဘူး အမေကြီးရဲ့"

"ဘာမကောင်းလို့လဲ အမေကြီးရ"

"သားစာသင်နေတဲ့ နေကလေးထိန်းကျောင်းကို ကျုန်မ
ဒီကနေ့ပဲ ရောက်ခဲ့တယ်၊ ကျွန်မကတော့ သဘောမကျ
ဘူး အဖေကြီးရဲ့"

"ဘာဖြစ်လို့လဲကွ"

"ကျောင်းမှာ ရှိတာက ဆရာမ ကလေးတွေချည်းပဲ
ကျောင်းအုပ်ဆရာဆိုတဲ့ မိန်းကလေးကလဲ ငယ်ငယ်ချော
ချောလေး၊ ကြာရင် သားနဲ့ နီးစပ်သွားမှာ စိုးရ
တယ်"

"မင်းကလဲ၊ စိုးရိမ်စရာ မရှိတာကို စိုးရိမ်နေပါလား
သူဇာရ၊ ကျောင်းဆိုတာ ဆရာမ ရှိမှာပေါ့၊ နီးစပ်
သွားတော့လဲ ဘာဖြစ်လဲကွာ၊ တို့ပေါင်းရတာမှ မဟုတ်
တာ၊ သူတို့ ချစ်ကြည်ဖြူရင် ပြီးတာပဲ"

"အို...ကိုကိုကလဲ၊ ကိုယ့်သားသမီးကို ဒီလိုတော့ ဘယ်
အဖြစ်ခံနိုင်ပါ့မလဲ၊ လမ်းဘေးက ပေါက်ကရ မိန်း
ကလေးတွေနဲ့ ညားသွားရင် မခက်ဘူးလား"

"မင်း တော်တော်ခက်ပါလား သူဇာ၊ သူများ သား
သမီးကို အကြောင်းမဲ့ အထင်မသေးသင့်ဘူးကွ၊ မင်း
သဘော မကျရင်တော့ အဲဒီကျောင်းကို မင်းသား
မသွားစေနဲ့ပေါ့၊ ဒါပဲရှိတယ်"

ထိုသို့လည်း ကန့်ကွက်၍မဖြစ်။ သား ငြိုငြင်သွားမည်ကို
စိုးရိမ်သည်။ ထို့ကြောင့်လည်း ဒေါ်သူဇာလှိုင်သည်....



သည်ကနေ့ ပန်းကမ္ဘာ နေကလေးထိန်းကျောင်းသို့ ရောက်
ခဲ့သည်။

"ဪ....အန်တီ၊ ထိုင်ပါ၊ ဘာကိစ္စရှိပါသလဲရှင်"

ဆရာမလေး မြကြည်ဖြူက ရည်မွန်စွာ ဆီးကြိုသည်။

ဒေါ်သူဇာလှိုင် မြကြည်ဖြူ၏ရှေ့တွင် ဝင်ထိုင်လိုက်၏။
စန္ဒရားကြီးကို တစ်ချက်လှမ်းကြည့်သည်။ မြကြည်ဖြူကို အကဲ
ခတ်သည်။

"သမီးက...."

"သမီးက မြကြည်ဖြူပါ၊ ဒီကျောင်းက ကျောင်းအုပ်
ဆိုပါတော့ အန်တီ"

"ဪ....သိပြီ၊ သိပြီ၊ သားပြောဖူးလို့ သမီးနာမည်
ကြားဖူးထားပါတယ်"

စင်စစ် မင်းမင်းက မြကြည်ဖြူ၏ နာမည်ကို ပြောထားဖူး
သည် မဟုတ်။ မင်းမင်း ယောင်၍ပြောသည်ကို ကြားဖူးထား
ခြင်းပင် ဖြစ်သည်။ ထိုနာမည်ကို ကြားဖူးထားသဖြင့် ယခု
မြကြည်ဖြူကို ကိုယ်တိုင်ကိုယ်ကျ တွေ့လိုက်ရသောအခါ ဒေါ်
သူဇာလှိုင် အခြေအနေကို ဆက်စပ်မိသွားသည်။

မင်းမင်းနှင့် မြကြည်ဖြူ ချစ်နေကြပြီဟု ဒေါ်သူဇာလှိုင်
ယုံကြည်သွား၏။

မြကြည်ဖြူ၏ ရုပ်ရည်က ယောကျ်ားကလေးတိုင်း စွဲမက်
စေမည့် ရုပ်ရည်မျိုး ဖြစ်သည်ကို ဒေါ်သူဇာလှိုင် အကဲခတ်မိ
ပြီး သို့သော် သာမန်အဆင့်အတန်းထဲက ဖြစ်ပုံရသဖြင့် သား

ဖြစ်သူနှင့် မည်သို့မျှ သဘောမတူနိုင်။ သူမ သဘောတူထားသည့် မိန်းကလေးကလည်း ရှိပြီးသားဖြစ်နေသည်။

ဒေါ်သူဇာလှိုင်၏ စကားကိုထောက်၍ သူမသည် မင်းမင်း၏ မိခင်ဖြစ်မည်ကို မြကြည်ဖြူ ချက်ချင်း အကဲခတ်လိုက်မိသည်။ ရုပ်ချင်းကလည်း မင်းမင်းနှင့် ဆင်သည်။ တစ်ကိုယ်လုံးမှာလည်း စိန်ရွှေရတနာတွေ ပြိုးပြက်ဝင်းလက်နေ၏။

"အန်တီက မင်းမင်းရဲ့ မေမေလားဟင်"

"ဟုတ်တယ် သမီးရဲ့၊ သား ဒီကျောင်းမှာ စာသင်နေတယ်ဆိုလို့ လမ်းကြုံတာနဲ့ ဝင်ကြည့်တာပါ"

"ဟုတ်ပါတယ်၊ သမီး ခြေထောက်နာနေလို့ ကျောင်းမလာနိုင်တာနဲ့ ဝင်ကူတာပါ၊ သမီးတို့က မန္တလေးတက္ကသိုလ်က အတူကျောင်းဆင်းခဲ့ကြတာပါ၊ သူမနက်က လာသွားပါသေးတယ်"

"ကောင်းပါတယ်ကွယ်၊ သား အလုပ်တစ်ခု လုပ်နေတယ်လို့ သိရတာနဲ့ တမင်ဝင်ကြည့်တာပါ၊ သားတစ်ယောက်တည်းဆိုတော့ အလိုလိုက်ထားတာနဲ့ သားက ဆိုးချင်တယ်၊ ခြေမငြိမ်ဘူး၊ ဒါကြောင့်လဲ သူ့ကို နေရာချပေးဖို့ စီစဉ်ထားရတယ်"

ပြောပြီး ဒေါ်သူဇာလှိုင် မြကြည်ဖြူကို အကဲခတ်သည်။ မြကြည်ဖြူကလည်း သည်စကားကို ဘာကြောင့် ထုတ်ပြောလာသည်ကို ချက်ချင်း သိလိုက်၏။ ရင်ထဲမှာ ကျင်ခနဲ ခံစားလိုက်ရသော်လည်း ဣန္ဒြေကိုကား မပျက်စေခဲ့။



"ကောင်းပါတယ်အန်တီ၊ မင်းမင်းတစ်ယောက် ခြေငြိမ်သွားတာပေါ့"

စကားပြတ်သွားကြသည်။ ကလေးများကို စာသင်နေသော တင်အေးကြည်က ဒေါ်သူဇာလှိုင်ကို မြင်သွား၏။ မင်းမင်း မိခင်မှန်း သိသဖြင့် လာရောက်နှုတ်ဆက်၏။

"နေကောင်းလား အန်တီ"

"အေး....ကောင်းပါတယ်၊ သမီးက ဘယ်သူလဲ"

"တင်အေးကြည်ပါ၊ မင်းမင်းသူငယ်ချင်းပါ၊ ဟိုတုန်းက မင်းမင်းနဲ့ အန်တီတို့အိမ် ရောက်ဖူးပါတယ်၊ အခု မရောက်တာတော့ လေးငါးနှစ်မကအော ရှိပြီလေ"

"ဩော်....ဒါ့ကြောင့် အန်တီ မမှတ်မိတာပဲ၊ စိတ်မဆိုးနဲ့နော် သမီး"

"ကိစ္စမရှိပါဘူး အန်တီ၊ လူကြီးဆိုတော့ ဘယ်မှတ်မိပါ့မလဲ"

သည့်နောက်တော့ ဒေါ်သူဇာလှိုင် နှုတ်ဆက်ကာ ပန်းကမ္ဘာကလေးမှ ပြန်ခဲ့၏။ ဆက်နေစရာလည်း အကြောင်းမရှိတော့ပြီ၊ သူမ သဘောထားကို မြကြည်ဖြူ သိစေခဲ့ပြီဖြစ်၏။ မြကြည်ဖြူကတော့ မည်သို့ ခံစားနေရမည်မသိ။ ဒေါ်သူဇာလှိုင်ကတော့ သူမအစီအစဉ် ပျက်သွားမည်ကို စိုးရိမ်နေရ၏။ ထို့ကြောင့် သူမအစီအစဉ်ကို အမြန်ဆုံး စီစဉ်ဖြစ်အောင် ဆောင်ရွက်ရမည်ဟု စဉ်းစားထား၏။

"ကိုကို"

စကားပြတ်နေရာမှ ခေါ်လိုက်သဖြင့် ဦးမင်းထင် အထိတ်တလန့် လှည့်ကြည့်သည်။

"ဘာလဲ သူဇာ"

"သားကို ခပ်မြန်မြန် နေရာချပေးရရင် မကောင်းဘူးလား"

"မကောင်းဘူး"

"ကြည့်၊ ဒီ အဖေကြီးကလဲ ပြောလိုက်ရင် ကန့်လန့်ချည်းပဲ"

"ကန့်လန့်မဟုတ်ဘူးကွ၊ ဖြောင့်ဖြောင့်ပြောတာ၊ အိမ်ထောင်မှုဘုရားတည် ဆိုတဲ့ စကားတောင် ရှိသေးတာပဲ၊ ခပ်မြန်မြန် နေရာချပေးတဲ့နောက် ဘယ်ကောင်းပါ့မလဲကွာ၊ ကိုယ်ပြောထားသားပဲ၊ သားရဲ့သဘောကို တီးခေါက်ကြည့်ပါဦးလို့၊ ဒီကောင်က ဒါတွေ စိတ်ဝင်စားပုံ မရသေးဘူးကွ"

"အို...ပေးစားလိုက်တော့လဲ စိတ်ဝင်စားသွားမှာပေါ့ ကိုကိုရယ်"

"မင်း ခေတ်နဲ့ တော်တော် မျက်ခြည်ပြတ်နေပြီ သူဇာ၊ ခုခေတ် လူငယ်တွေက တို့ခေတ်တုန်းကလို မိဘပြောတိုင်း ခေါင်းညိတ်ချင်ကြတာ မဟုတ်ဘူးကွ၊ အိမ်ထောင်ရေးကို မိဘတွေက ဝင်ရောက်ခြယ်လှယ်ကြလို့လဲ ပျက်စီး ပြိုကွဲကြတာတွေ မနည်းတော့ဘူး၊ သူတို့ဆန္ဒနဲ့ အခြေအနေကိုကြည့်ပြီး မိဘက လမ်းကြောင်း ထိန်းသိမ်းပေးတာသာ အကောင်းဆုံးပဲ သူဇာရယ်"



"ဟင့်အင်း....သူဇာ့သားကို သူဇာ သဘောကျသူနဲ့တဲ့ ပေးစားရမှ သူဇာစိတ်ချမ်းသာနိုင်မယ်၊ သူဇာက သားလေးကို ပိုးမွေးသလို မွေးခဲ့ရတာ သိလား၊ ကိုကိုက တပ်ထဲမှာသာ အချိန်ကုန် တဲ့သူ ဆိုတော့ ဥပေက္ခာပြုနိုင်မှာပေါ့၊ သူဇာကတော့ ဥပေက္ခာ မပြုနိုင်ဘူး၊ ကိုယ့်သားသမီး ဆင်စီးမြင်းရံတာကိုပဲ ကြည့်ချင်တယ် သိလား"

ပြောရင်း ဒေါ်သူဇာလှိုင်၏ အသံက ငိုသံ ပါလာသည်။ မျက်ရည်ခံထိုးတော့မည်။ ပြီးလျှင် ပျောက်ကင်းလုဖြစ်နေသည့် သူမ နှလုံးရောဂါက ပြန်ထလာကောင်း ထလာမည်။ သားကို အလိုလိုက်ချင်တော့လည်း ဤနည်းနှင့်ပင် အလိုလိုက်ခဲ့၏။

"ကိုကိုဇလဲ အဖေပါပဲကွာ၊ ကိုယ့်သားသမီး ဆင်စီးပြီး မြင်းရံတာကိုပဲ ကြည့်ချင်တာပေါ့၊ ဒါပေမယ့် သားက အလုပ်အကိုင်လဲ အတည်တကျ မရှိသေးဘူး၊ သားကို တကယ်ချစ်ရင် သားစိတ်ချမ်းသာရေးကိုလဲ ဂရုပြုဖို့ပြောနေတာပါ"

"အလုပ်အကိုင်က အကြောင်း မဟုတ်ပါဘူး ကိုကိုရဲ့၊ ကိုယ့်မှာရှိနေတာပဲ၊ လုပ်ငန်းတစ်ခု ထူထောင်ပေးလိုက်ရင် ရတာပါပဲ၊ ဟိုဘက်ကလဲ ဒါတွေဂရုမစိုက်ပါဘူး၊ ကိုကိုတို့ သူဇာတို့ သားသမီးဆိုတာနဲ့ သဘောကျပြီးသားပါ၊ ဒါပဲနော် ကိုကို၊ ဒီကိစ္စမှာ ကိုကို ဘာမှဝင်မရှုပ်ရဘူး သိလား"

“အေးပါ၊ မင်း သားကိုသာ မင်း ပြောကြည့်ပါဦး၊ သူ လက်မခံရင်တော့ ကိုကို့အနေနဲ့ အတင်းအကျပ် မလုပ်ဖို့ တိုက်တွန်းချင်တယ်”

“သားကဲ သူဇာပြောရင် ရပါတယ်၊ ကိုကို ဘာမှ မပူနဲ့၊ အေးအေးဆေးဆေး ကိုကို့ စာအုပ် ကိုကို ရေးနေ”

ဦးမင်းထင် ခေါင်းညိတ်ညိတ်လုပ်နေ၏။ ဒေါ်သူဇာလှိုင်သည် ယောကျာ်းကို ချောင်ထိုးကာ သူဖြစ်စေချင်သည့်အတိုင်း ဖန်တီးတော့မည်ကို သိနေ၏။ ပေါ်လာနိုင်သည့် ပြဿနာကို သိနေသော်လည်း ဦးမင်းထင် ငြိမ်နေလိုက်ရတော့၏။ ဒေါ်သူဇာလှိုင်၏အကြောင်းကိုလည်း ဦးမင်းထင် သိနေသည်။ ဒေါ်သူဇာလှိုင်သည် သူ ဖြစ်စေချင်သည်ကို ဇွတ်တရွတ်လုပ်တတ်ကာ မှားပြီးမှ နောင်တရနေတတ်သူ ဖြစ်သည်။

ခြံထဲမှ ဆိုင်ကယ်သံကို ကြားလာရသည်။

“ဟော . မင်း သား ပြန်လာပြီ”

ဒေါ်သူဇာလှိုင်က အိမ်တံခါးကို ဆီးကြိုဖွင့်ပေးထား၏။ မင်းမင်းသည် မော်တော်ဆိုင်ကယ်ကို ကားဂိုဒေါင်ထဲအထိ မောင်းသွင်းပြီးမှ အိမ်ထဲသို့ဝင်လာသည်။

“ဘယ်တွေသွားနေတာလဲ သားရဲ့၊ မိုးတောင် ချုပ်နေပြီ”

“သူငယ်ချင်းတစ်ယောက်အိမ်ပါ၊ စကားတွေကောင်း နေလို့ပါ မေမေ၊ ဒါတောင် မနည်း စကားဖြတ် ခဲ့လို့”



မင်းမင်း ထမင်းစားလာပုံ မရသဖြင့် ဒေါ်သူဇာလှိုင် ကျေနပ်ဝမ်းသာနေ၏။ ဦးမင်းထင်သည်လည်း ကတိအတိုင်း နေထိုင်လျက်ရှိသော သားဖြစ်သူကို ကျေနပ်လျက်ရှိသော်လည်း ဣန္ဒြေရရပင် သတင်းစာကို ကောက်ဖတ်နေ၏။

“ဖေဖေ စားပြီးပြီလား”

ညှော်ခန်းရောက်သောအခါ မင်းမင်းက ဖခင်ကို ရှိရှိကျိုးကျိုး နှုတ်ဆက်စကားဆိုသည်။

ဦးမင်းထင်သည် အခါတိုင်းထက်သိမ်မွေ့လာသော သားကို ကြည့်ကာ ကြည်နူးသွားရ၏။

“အေးကွ၊ စောစောကပဲ စားပြီးတယ်၊ သားက နောက်ကျနေတာကိုးကွ၊ ဖေဖေ စားတော့တောင် မိုးချုပ်လုပြီ”

“ဟုတ်တယ် ဖေဖေ၊ သူငယ်ချင်းဟောင်းတွေ တွေ့နေ တာနဲ့ စကားကောင်းနေလို့ပါ”

“အေး....အေး၊ သား ဆာလာရောပေါ့၊ သိပ်မအေး ခင် သွားစားလေ”

“ဟုတ်ကဲ့ ဖေဖေ၊ အပေါ်ထပ် တက်လိုက်ဦးမယ်”

မင်းမင်းက ဖခင်ကို ခေါင်းဆတ်ကာ နှုတ်ဆက်လိုက်ပြီး အပေါ်ထပ်သို့ တက်ခဲ့သည်။

ဒေါ်သူဇာလှိုင်သည် ဦးမင်းထင်ကို တစ်ချက်လှည့်ကြည့်ကာ မင်းမင်းနောက် လိုက်ပါသွားတော့သည်။

## အခန်း ( ၂၆ )

မင်းမင်း အခန်းထဲရောက်သည်နှင့် ဒေါ်သူဇာလှိုင်သည်လည်း အခန်းထဲသို့ ထက်ကြပ်မကွာ လိုက်ပါလာ၏။

"သား ထမင်းစားတော့မလား"

"ရေချိုးဦးမယ် မေမေ"

မင်းမင်းက ဝတ်ထားသော အင်္ကျီများကို ချွတ်ရင်း ပြောသည်။

"အေးနေပြီ သားရဲ့၊ ရေဖတ်ပဲ တိုက်လိုက်ပေါ့"

"ရပါကယ် မေမေ၊ တစ်ကိုယ်လုံး ငြိုးစိစိကြီးဖြစ်နေလို့ပါ"

"ဒီလိုဆို မေမေ ရေနွေးသွားစပ်ထားလိုက်မယ်"

"မလုပ်ပါနဲ့ မေမေရဲ့၊ အန်တီငြိမ်းကို လုပ်ခိုင်းပါ့မယ်"

"ရပါတယ်ကွယ်၊ မေမေလဲ အားနေတာပဲ"



ပြောပြောဆိုဆို ဒေါ်သူဇာလှိုင် ထမင်းစားခန်းထဲမှ ပျာပျာသလဲ ပြန်ထွက်သွားသည်။

ဒေါ်သူဇာလှိုင်သည် သူမ၏ဆန္ဒပြည့်ဝစေဒမ်းအတွက် သားကို ပို၍ ဂရုစိုက်ပြနေခြင်းပင်ဖြစ်သည်။ သူမသည် မြကြည်ဖြူကို ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့လိုက်ရကတည်းက အစိုးရိမ်လွန်ကဲနေ၏။ ထို့ကြောင့် သူမ၏ အစီအစဉ်ကို အမြန်ဆုံး ဆောင်ရွက်ရန် စိုင်းပြင်းလျက်ရှိ၏။

မင်းမင်း ရေချိုးခန်းထဲရောက်သည်နှင့် ဒေါ်သူဇာလှိုင် ရေချိုးရန် အသင့်ပြင်ထားပြီးဖြစ်၏။ ရေနွေးနှင့် ရေကို အသင့် စပ်ထားခဲ့ပြီ။ ဆပ်ပြာ၊ မျက်နှာသုတ်ပဝါတို့ကိုလည်း အသင့် ပြင်ပေးထား၏။

"ကဲ...သား၊ မေမေ အသင့်ပြင်ထားတယ်၊ မြန်မြန်ချိုးနော်၊ အေးတယ် သားရဲ့"

"မေမေကလဲဗျာ၊ အန်တီငြိမ်းကို လုပ်ခိုင်းထားရင် ရသားနဲ့၊ ဒုက္ခရှာတယ်"

"အမလေး သားရယ်၊ ဒီဒုက္ခတွေကို ငယ်ငယ်ကလေးထဲက ခံခဲ့တာပါ၊ မေမေ့အတွက် ဒုက္ခမဟုတ်တော့ပါဘူး၊ ကိုယ့်သားလေး ကိုယ်အခုလို ဂရုစိုက်ရတာကိုပဲ မေမေက ပျော်နေတာကွယ့်၊ ကဲ....ပြီးရင် ထမင်းစားခန်းထဲ လာခဲ့၊ မေမေ စောင့်နေမယ် ဟုတ်လား"

ဒေါ်သူဇာလှိုင်သည် ပျာပျာ ပျာပျာနှင့် ထမင်းစားခန်းဆီသို့ လျှောက်သွားပြန်၏။

မင်းမင်း ထမင်းစားခန်း ရောက်ပြန်တော့ ပူနွေးသော ထမင်းပွဲက အဆင်သင့်ဖြစ်နေ၏။

"လာ...သား၊ မေမေလဲ မစားရသေးဘူး၊ အတူစားကြသာပေါ့"

ဒေါ်သူဇာလှိုင်က ဆီးကြိုခေါ်၏။

"အန်တီဖြိုးကော မေမေ"

"မဖြိုး ခေါင်းနည်းနည်းမူးလို့တဲ့ သား၊ ရှဲ၊ ကဲ...ထိုင်၊ မေမေ သားကြိုက်တဲ့ ဟင်းတွေချက်ထားတယ်ကွယ်"

ဒေါ်သူဇာလှိုင်က မင်းမင်းအတွက် ထမင်း ခူးပေးရင်း ပြောသည်။

"ရှားရှားပါးပါး ပုစွန်တုပ်တွေရလာတယ်၊ ဆီပြန်ချက်ထားတယ်၊ ချဉ်ရည်ဟင်းကလေးနဲ့ဆိုတော့ လိုက်တာပေါ့၊ ပဲငါးပိထောင်းကလဲ ချိုပြီး ဆိမ့်နေတာပဲ၊ စားကြည့် သား၊ စားကောင်းမှာပါ"

ဒေါ်သူဇာလှိုင်က စကားတွေ ဖောင်လောက်အောင် ပြောပြီး ဟင်းများကို မင်းမင်း ပန်းကန်ထဲ ထည့်ပေးနေ၏။

မန္တလေးမှ မမြို့အထိ မော်တော်ဆိုင်ကယ် စီးလာရသဖြင့် ဝမ်းက ဟာနေသော်လည်း မင်းမင်း စိတ်တွင်းမတွေ့ဖြစ်နေရ၏။ ထမင်းစားနေသော်လည်း သူ့စိတ်က လွင့်ပါးနေသည်။

သူသည် မြကြည်ဖြူကို သတိရနေမိ၏။ သူ ကျောင်းကိုပြန်မသွားသည့်အတွက် မြကြည်ဖြူက မည်သို့ထင်နေမည်နည်း။ သူမ၏ ခြေထောက်မှဒဏ်ရာ ကောင်းမှ ကောင်းပါမည်လား၊ တွေးပူနေမိ၏။



"သား ထမင်းစားတာ ငိုင်တိုင်တိုင်နဲ့၊ စားလေကွယ်"

ဒေါ်သူဇာလှိုင်က သတိပေးလိုက်တော့မှ မင်းမင်း ထမင်းဝိုင်းတွင် စိတ်ပြန်ရောက်သွား၏။ ထမင်းကို ခပ်သွက်သွက်ပြီးအောင်စားလိုက်၏။

စားသောက်ပြီးသည်နှင့် မင်းမင်းသည် ထမင်းစားခန်းထဲမှ ခပ်သွက်သွက်ထွက်ခဲ့၏။

လောလောဆယ်တွင် သူ ဘယ်သူနှင့်မှမတွေ့ချင်အောင်ဖြစ်နေရ၏။ တစ်ယောက်တည်း တွေးနေ ငေးနေ စဉ်းစားမနေချင်သည်။

ထို့ကြောင့် မင်းမင်းသည် စားသောက်ပြီးသည်နှင့် အခန်းအောင်းကာ တစ်ယောက်တည်း အတွေးခဲ့နေမိသည်။ သူ့အတွေးထဲတွင် မြကြည်ဖြူနှင့် ကလေးများ၏ မျက်နှာက လွှမ်းမိုးနေ၏။ မြကြည်ဖြူကို လည်းကောင်း၊ ပန်းကမ္ဘာကျောင်းကလေးကိုလည်းကောင်း စွန့်ခွာသွားရမည့် အတွက် ကိုကား ဝန်လေးနေရ၏။

သို့သော် သူသည် လောကတွင် လူပိုတစ်ယောက်အဖြစ် ဆက်လက်ရပ်တည်မနေတော့ဟု ဆုံးဖြတ်ထားပြီး ဖြစ်သည်။ ပြီးတော့ သူ ဘာလုပ်ရမည်ဆိုသည်ကိုလည်း စဉ်းစားထားပြီး ဖြစ်၏။

ထို့ကြောင့် မင်းမင်းသည်....

လောကအတွက် မင်းမင်း ဖြစ်ရမည်ဟု ယုံကြည်စွာ နှလုံးပိုက်ထားလိုက်မိပါပြီတည်း။

●



အခန်း (၂၇)

"ဆရာ လာပြီဟေ့"

"ဦးဦးဆရာကြီး လာပြီ"

မင်းမင်းကို တွေ့ရသည်နှင့် ကလေးများ ဝမ်းသာကြည်နူးစွာ ဟစ်အော်ကြသည်။ မင်းမင်း ရင်ထဲတွင် နာကျင်သွားရ၏။

"ဦး ဆရာကြီး၊ မနေ့က ဘာဖြစ်လို့ ပြန်မလာတာလဲဟင်၊ သမီးတို့ကို ငှက်ကလေးတွေအကြောင်း ဆက်သင်ပေးပါ"

"ဟုတ်တယ်၊ သားတို့လဲ ငှက်ကလေးတွေအကြောင်း သင်ချင်တယ်"

ကလေးများက တစ်ယောက်တစ်ပေါက် ဝိုင်းဝန်း တောင်းဆိုကြသည်။

"သင်ပေးမယ်၊ သားတို့ သမီးတို့ ကိုယ့်နေရာကိုယ်သွားကြ၊ ဟုတ်လား"



မင်းမင်း ကျောင်းထဲကို အကဲခတ်သည်။ မြကြည်ဖြူ၏ အရိပ်အယောင်ကို မတွေ့ရ။ ရင်ထဲတွင် ဟာသွား၏။ တင်အေးကြည်က မင်းမင်းထံသို့ လျှောက်လာသည်။

"ဖြူ မလာသေးဘူးလား မိကြည်"

"မလာသေးဘူး၊ ငါ့ကို စောစောလာခိုင်းတာနဲ့ ငါလဲ စောစော ထွက်လာတာ၊ သူ့ ခြေထောက် က သိပ်မကောင်းသေးတော့ သူ စီနေ့ လာချင်မှ လာမယ်ထင်တယ်"

"ပေးထားတဲ့ဆေးကော မှန်မှန်လိမ်းရဲ့လား မသိဘူး"

"ဒါတော့ ငါလဲမသိဘူးလေဟယ်၊ နင် သွားမေးကြည့်ရင်တော့ သိမှာပေါ့"

တင်အေးကြည်က ရယ်ကျဲကျဲ မျက်နှာနှင့် ပြောသည်။ မင်းမင်းလည်း သားရောက်နေမှန်းချင်၏။ သို့သော် မြကြည်ဖြူနှင့် တွေ့ရမည်ကို ဝန်လေးလျက်ရှိ၏။ သူသည် တာဝန်မဲ့ လူသားတစ်ယောက်အနေဖြင့် ရှက်စိတ်ဝင်နေရပြီ။

တင်အေးကြည်သည် မင်းမင်းရှေ့မှ ထွက်မည်ပြုပြီး ပြန်လှည့်လာ၏။

"အသြော်... ဒါနဲ့ ပြောရဦးမယ်"

"ဘာလဲဟ"

"နင့်အမေ လာသွားတယ်"

"ဟင်... ဟုတ်လား၊ ဘာလာလုပ်သလဲ"

သူ့မိခင် လာသွားသည် ဆိုသည့်အတွက် သူ အံ့ဩသွားရသည်။ ဘာရယ်မသိ၊ စိတ်ထဲတွင်လည်း ထင့်သွားရ၏။

"လပ်းကြုံလို့ ဝင်လာတာယ် ပြောတာပဲ၊ ဖြူနဲ့တောင်
စကားပြောနေကြသေးတယ်၊ ဘာတွေ ပြောနေတယ်
ဆိုတာတော့ ငါလဲ မသိဘူး၊ ဖြူကလဲ မပြောဘူး"

ပြောပြီး တင်အေးကြည် နေရာမှ လှည့်ထွက်သွားသည်။ သူ့မိခင် လာသွားသည်ဆိုသည့်အတွက် စိတ်ထဲတွင် စနောင့်စနင်း ဖြစ်နေရသည်။ မြကြည်ဖြူနှင့် ဘာတွေ ပြောခဲ့သည် ဆိုခဲ့သည်ကို သိချင်နေသည်။ အိမ်ကျမှပဲ မေးကြည့်ရတော့မည်။

"ကဲ...သားတို့ သမီးတို့၊ လာကြ"

ကလေးများကို စုစည်းခေါ်လိုက်၏။ မြကြည်ဖြူ ရောက်မလာသဖြင့် ကလေးများကို ကဗျာကလေးတွေ ဆက်သင်ပေးရန် ဆုံးဖြတ်လိုက်၏။ မင်းမင်းထံသို့ ကလေးများ ဝမ်းသာအားရ ဝိုင်းလာကြသည်။

"ကဲ...သားတို့ သမီးတို့ကို ဦးမနေ့က ငှက်ကလေးတွေ
အကြောင်း ဆက်သင်ပေးမယ်လို့ ပြောထားတယ်
မဟုတ်လား"

"ဟုတ်ပါတယ် ဦးဦးဆရာကြီး"

"ဒါဖြင့် ဦး ပုံဆွဲပြမယ်၊ ပြီးရင် ကလေးတို့က ဘာငှက်
ဆိုတာ ပြောရမယ်၊ မပြောနိုင်ရင်လဲ ဦးက ပြောပြ
မယ်"

ပြောပြီး မင်းမင်းသည် ကျောက်သင်ပုန်းပေါ်တွင် မြေဖြူရောင်စုံဖြင့် ပုံတစ်ပုံကိုဆွဲသည်။

"ဟာ...လှတယ်ဟေ့"



"အဲဒါ ဒေါင်းကွ"

"ဟုတ်တယ်၊ ဒေါင်းကြီးဟေ့"

"ဟယ်...ဒေါင်းကြီးက လှလိုက်တာ"

မြန်မာ့ဥဒေါင်းပုံသည် ကလေးများနှင့် ရင်းနှီးပြီးသား ဖြစ်နေသည်မို့ ကလေးများက ဝမ်းသာအားရ ထအော်ကြသည်။

"ဟုတ်တယ်ကွ၊ ဒါ ဒေါင်းပုံပဲ၊ ဒီလိုဒေါင်းကြီးတွေ
ရန်ကုန် တိရစ္ဆာန်ဥယျာဉ်ထဲမှာ ရှိတယ်၊ ကဲ...ဦးတို့
ဒေါင်းအိုအာဆိုတဲ့ကဗျာကို ရွတ်ကြရအောင်"

မင်းမင်း စန္ဒရားခုံတွင် ဝင်ထိုင်လိုက်သည်။ ထို့နောက် စန္ဒရားကိုတီးရင်း ကဗျာကို ရွတ်ဆိုသည်။ ကလေးများကလည်း မင်းမင်း ရွတ်ဆိုသည့်အတိုင်း ဌာန်ကရိုဏ်းကျအောင် တစ်ထပ်တည်း လိုက်ဆိုကြသည်။

အစိမ်းအဝါ ရွှေရောင်စွက်လို့
အမြီးကွက်က စာမကြြ။

အရှေ့ဘက်ဆီ နေခြည်ထွက်ရင်
အိပ်တန်းထက်မှာ ကလို့နေ။

ဘောလုံးညှံအောင် သံချိုညှင်းတဲ့
သူ့သီချင်းက သာလှပေ။

မနှင့်မြူဆွယ် ဒဆောင်ကာဇမ်းမှ
ညွှတ်ကွင်းလှမ်းမိ တညက်ခြေ။

ဥဒဒေယံ ဂါထာမြတ်ကို
မပြင်နေ့ည ရွတ်ကြဟေ။

မြန်မာ့ကျက်သရေ ဆောင်အတိုင်နဲ့
အောင်နိမိတ်က ခွပ်ဒေါင်းရွှေ
အိုးဝေ၊ အိုးဝေ။

ဒေါင်းအိုးဝေကဗျာကို ရွတ်ဆိုသင်ပြပြီး ဘုရားအလောင်း ဥဒေါင်းမင်းအကြောင်းကို ပုံပြင်သဖွယ် ပြောပြသောအခါ ကလေးများက စိတ်ဝင်စားစွာ ငြိမ်သက်လျက် နားထောင်နေကြသည်။

တင်အေးကြည်သည် ခပ်လှမ်းလှမ်းမှနေ၍ မင်းမင်းကို အကဲခတ်နေရင်းက ရင်ထဲတွင် ကျိတ်၍ချီးကျူးနေမိ၏။ ငယ်သူငယ်ချင်းမို့ အထင်မကြီးခဲ့သော မင်းမင်းကို ယခုတော့ လူတော်တစ်ယောက်အဖြစ် အသိအမှတ် ပြုရပြီ။ မင်းမင်း ဗဟုသုတ ကြွယ်ဝပုံကိုလည်း မအံ့သြဘဲ မနေနိုင်တော့။

ဥဒေါင်းမင်းပုံပြင်ကို ပြောပြပြီး ကလေးများ၏ အချစ်တော်ပုံ တစ်ပုံကို ရေးဆွဲနေပြန်၏။

"အဲဒါ ရွှေဇီးကွက်ကွ"

"ဟုတ်တယ်၊ ရွှေဇီးကွက်"



ကလေးများက ရုပ်လုံးပေါ်လာသော ဇီးကွက်ပုံကိုကြည့်ကာ ဝမ်းသာအားရ အော်ကြပြန်၏။ မင်းမင်းသည်လည်း ပျော်နေလေပြီ။ ကလေးတို့၏ အပျော်ကမ္ဘာထဲတွင် လောကကို ယာယီမေ့နေ၏။

"သားတို့ သမီးတို့၊ ဒါ ဘာငှက်လဲဆိုတာ သိတယ် မဟုတ်လား"

"သိပါတယ်"

"ဘာလဲ"

"ဇီးကွက်ပါ"

ကလေးများကလည်း တညီတညာတည်း ဖြေကြသည်။

"ဒါဖြင့် ဇီးကွက် ကဗျာကလေးကို ရွတ်ကြရအောင်"

ထို့နောက် ကဗျာတေးသံဖြင့် ကျောင်းခန်းကလေးမှာ ကြည်နူးစရာ ကောင်းနေတော့၏။

ငှက်အပေါင်းမှာ မြော်မြင်သိလို
ပညာရှိလို့ ခေါ်ထိုက်သူ။

အငြင်းအခုံ ဆုံလာတွေ့ရင်
သူ့ ရှေ့ခမှာက်၍ ဆုံးဖြတ်သူ။

ပညာရှိပင် ခေါ်ဆိုကြလဲ
ညဉ့်ကာလမှ ထွက်ဝံ့သူ။

သိုက်မြုံရှိရာ သစ်ပင်ခေါင်းမှာ
ညနေစောင်းအောင် အိပ်ကြီးသူ။

ကျီးမည်း ကျီးညို ကျီးပြာနက်တွာ
သူ့ ရန်ဘက်မို့ ကမ္ဘာဆူ။
မုန်းစတိုခစ ချစ်ခစကြောင်းကို
ဆုတောင်းကြစို့ တို့အတူ။
ဝိုင်းကူ.... ဝိုင်းကူ။

မင်းမင်းသည် ရွှေဇီးကွက် ကဗျာကို သုံးလေးခေါက် နှုတ်တိုက် သင်ပေး၏။

"သားတို့ သမီးတို့၊ ကဗျာကို အလွတ်ရကြပြီလား"

"ရပါတယ်"

"ဒါဖြင့် ဆိုကြည့်စမ်းပါဦး"

ကလေးများက သူ သင်ပြထားသည့်အတိုင်း အသံနေ အသံထားမှန်ဖြင့် ဆိုပြကြသည်။

"ဟုတ်ပြီ၊ အဲဒီလိုဆိုရင် အမူအရာ လုပ်ကြမယ်၊ ကဲ.... အားလုံး ထ၊ ပြီးရင် ဦး လုပ်သလို လိုက်လုပ်ကြရမယ်၊ ဟုတ်လား"

"ဟုတ်ကဲ့ ဦးဦး ဆရာကြီး"

ကလေးများ ပြိုင်တူ ထ လိုက်ကြသည်။

ငှက်အပေါင်းမှာ မြော်မြင်သိလို့
ပညာရှိလို့ ခေါ်ထိုက်သူ။

ကလေးများက မင်းမင်း အမူအရာ လုပ်ပြသလို လက်ကို ဗိုက်၊ ခါးကို ကော့လျက် ပညာရှိဟန် လိုက်တုကြသည်။



အငြင်းအခုံ ဆုံလာတွေ့ရင်
သူ့ ရှေ့မှောက်၌ ဆုံးဖြတ်သူ။
အငြင်းအခုံ ဆုံလာတွေ့ရင်
သူ့ ရှေ့မှောက်၌ ဆုံးဖြတ်သူ။

ကလေးများက မင်းမင်း ဟန်အတိုင်း ပညာရှိ ရွှေဇီးကွက် အဆုံးအဖြတ် ပေးနေပုံကို ချစ်စဖွယ် လိုက်ရှိုတုပသည်။

ကဗျာတစ်ပုဒ်လုံး ဆုံးတော့ ကလေးတွေချည်း အစနှ ပြန်ဆိုခိုင်းကာ အမူအရာ လုပ်ပြစေသည်။ မင်းမင်းက စန္ဒရားနှင့် ကဗျာကို ဆိုပေးသည်။

ကဗျာကို စ... းဝါး လေးလေးမှန်မှန်ဖြင့် ရွတ်ဆို တီးခတ်နေသောကြောင့် ကလေးများအတွက် အဆင်ပြေနေလေသည်။

တင်မေအးကြည်သည် ချစ်စဖွယ် ကလေးများ အမူအရာ လုပ်ပုံကို ကြည့်ကာ အသည်းပင် ယားလာရ၏။

"ဟေး၊ သားတို့ သမီးတို့ တော်တယ် ဟေ့"

ကဗျာဆုံးသည်နှင့် တင်အေးကြည်က ကျေနပ် အားရစွာ လက်ခုပ်တီးသည်။ ထို့နောက် ကလေးအချို့ကို လိုက်ရှိုနမ်း၏။

"မင်းမင်း၊ နင်.... နင် တကယ် တော်တယ်၊ နင်ဟာ ဆရာကောင်း တစ်ယောက် ဖြစ်နိုင်တယ်၊ နင့်ကို ငါ ချီးကျူးပါတယ် ဟာ"

"...ာ ပြုံးတာလဲ၊ ငါ အကောင်း ပြောတာပါ"

"နှင် အပြောကောင်းပေမယ့် ဖြူက ငါ ပြောတာကို မယုံဘူး ဟာ၊ ငါ ဥယျာဉ်မှူးကောင်း တစ်ယောက် ဖြစ်အောင် ကြိုးစားမယ်လို့ ပြောတာကို ဖြူက မယုံဘူး"

"မဟုတ်ဘာ၊ သူက ဒီလိုပဲ ပြောသလား"

"ထုတ်တော့ မပြောဘူးပေါ့ ဟာ၊ ဒါပေမယ့် သူ မယုံဘူးဆိုတာ ငါ သိပါတယ်၊ ဒါပေမယ့် ငါဟာ တိုင်းပြည်အတွက် လူပိုတစ်ယောက် မဖြစ်စေရဘူး ဆိုတာကိုတော့ ငါ ပြောဝံ့ပါပြီ၊ ငါ ကြိုးစားကြည့်မယ် မိကြည်၊ လမ်းပေါ်က အမှိုက်သရိုက် အဖြစ်က အဖိုးတန်တဲ့ ယောကျ်ားကောင်း တစ်ယောက် ဖြစ်အောင် ငါ ကြိုးစားမယ်၊ ငါ တိုင်းပြည်အပေါ်မှာ တာဝန်ကျေတဲ့လူ တစ်ယောက် ဖြစ်လာတော့မှပဲ ဖြူ့ကို တွေ့တော့မယ်၊ ငါ နှုတ်ဆက်ခဲ့ပါတယ်လို့သာ ပြောလိုက်ပါ၊ ကဲ.... ငါ သွားမယ်"

မင်းမင်းက သံမဏိ ဆုံးဖြတ်ချက်ဖြင့် ပြောလိုက်၏။

"ဒါဖြင့် နင်က ဘယ် သွားမလို့လဲ ဟင်၊ ဒီကို နောက် မလာတော့ဘူးပေါ့၊ ကလေးတွေက နင့်ကို.... ဟာ.... ဒုက္ခပါပဲ"

တင်အေးကြည်က မင်းမင်း၏ စကားကို မရှင်းသလို ထပ်မေးသည်။ အမှန်တော့ ရှင်း၏။ တင်အေးကြည် သူ့နား သူ မယုံစားမိခြင်းသာ။



"ငါ ပြောတာ ရှင်းပါတယ် မိကြည်၊ ကလေးတွေ မေးရင်လဲ ကောင်းသလိုသာ ကြည့်ပြောလိုက်ပါ၊ ကဲ.... ဂွတ်ဘိုင်"

ပြောပြီး မင်းမင်းသည် တင်အေးကြည် ရှေ့မှ လှည့်ထွက်ခဲ့သည်။

တင်အေးကြည်ကတော့ မင်းမင်း၏ကျောပြင်ကို နားလည်မှုကင်းမဲ့စွာ ငေးကြည့်နေလေသည်။

●

စာစု (၂၁)

ဦးမင်းထင်သည် ဧည့်ခန်းတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လျက် ရှိ၏။ ဒေါ်သူဇာလှိုင်ကတော့ ဆက်တီ ခုံဖာ တစ်လုံးပေါ်တွင် ထိုင်လျက် ငိုရှိုက်လျက် ရှိ နေလေပြီ။

ဦးမင်းထင်သည် ခေါက်တုံ့ ခေါက်ပြန် လမ်းလျှောက်နေရာမှ ဒေါ်သူဇာလှိုင်၏ ရှေ့တွင် ပြန်ထိုင်လိုက်၏။ ပြီး လက်ထဲတွင် ဆုပ်ထားသော စာကို ပြန်၍ ဖတ်သည်။

သို့....

[illegible]

သား တိုင်းပြည် အကျိုးပြု လုပ်ငန်းတစ်ခု လုပ်ရန် ထွက်သွားပါသည်။ စိတ်မပူပါနှင့် ခင်ဗျား။ ဖေဖေတို့ ဂုဏ်ယူနိုင်သည့် သားတစ်ယောက်အဖြစ် တစ်နေ့ ပြန်လာပါမည်။

သား
ခင်းမင်း



"ငိုမနေနဲ့ပါကွာ၊ သား ပြန်လာမှာပါ၊ သူ ကလေးမှ မဟုတ်တာပဲ၊ ပညာလဲတတ်တယ်၊ အပေါင်းအသင်းလဲ ရှိတယ်၊ အရွယ်လဲ ရောက်နေပြီ၊ သူ ပြောသလို အလုပ်တစ်ခုလုပ်ဖို့ ထွက်သွားတာပါ၊ ပြီးတော့ မင်းမှာလဲ နှလုံးရောဂါက ရှိသေးတယ် မဟုတ်လား၊ ငါတို့သားဟာ တန်ဖိုးရှိတဲ့ လူတစ်ယောက် ဖြစ်အောင် သူ့ဘဝ သူပျိုးထောင်ဖို့ သွားတာပဲ၊ဘာမှ ဝမ်းနည်းစရာ မရှိပါဘူးကွာ"

ဦးမင်းထင်က နှစ်သိမ့်လိုက်ကာမှ ဒေါ်သူဇာလှိုင် ရှိုက်သံထပို၍ ကျယ်လာ၏။

"သားက ဘာ အလုပ် လုပ်စရာ လိုမှာလဲရှင့်၊ သူ လုပ်ချင်ရင် အလုပ်တွေ ရှိနေတာပဲ၊ တောင်ကြီးနဲ့ မန္တလေးက ကျုပ် လက်ဖက်ပွဲရုံတွေ သူများတောင် လွှဲထားရသေးတာပဲ၊ ရှင့်ကြောင့် သူ အနေကျဉ်းကျပ်လို့ ထွက်သွားတာပဲ ဖြစ်ရမယ်"

ဒေါ်သူဇာလှိုင်က ဦးမင်းထင်ကို စွဲချက်တင်၏။

"ကိုယ်က ဘာအနှောင့်အယှက် ပေးနေလို့လဲ သူဇာ၊ သား အရက် တစ်ခါတစ်ရံ အလွန်အကျွံ သောက်တာကိုတောင် ဘာမှ မပြောခဲ့ဘူး၊ သားဟာ ပညာတတ်တယ်၊ သူ့အသိနဲ့သူ ထိန်းသိမ်း လာလိမ့်မယ်လို့ သဘောထားပြီး စောင့်ကြည့်နေခဲ့တယ်၊ ဒါကြောင့် သူ့ဟာသူပဲ မသောက်မစားတော့ပါဘူးလို့ ကတိပေးလာတယ် မဟုတ်လား"

"ဒါ သူဇာ ကွယ်ရာမှာ ကိုကို ကြိမ်းမောင်းထားလို့ နေမှာပေါ့"

"တော်တော့ သူဇာ၊ ကိုယ့်သားသမီးကို မင်းကွယ်ရာမှာ ကြိမ်းမောင်းဖို့ မလိုပါဘူး၊ ကိုယ်ဟာ ဖခင်အရင်း တစ်ယောက်ပါ၊ ပြောစရာရှိရင် မင်းရှေ့မှာပဲ ပြောမှာပေါ့၊ ကိုယ်က လူငယ်တွေသဘာဝကို နားလည်ပါတယ်၊ နားမလည်တာက မင်းပဲ၊ သားထွက်သွားတာဟာ သားကိုနေရာချပေးဖို့ မင်းစီစဉ်နေတာ သိသွားတဲ့အတွက်ပဲ ဖြစ်ရမယ်"

ဦးမင်းထင်၏ အထင်က ဒက်ထိ မှန်သွားသဖြင့် ဒေါ်သူဇာလှိုင် ရှိက်ခနရာမှ တန့်သွား၏။ မျက်နှာတစ်ချက် ပျက်သွားရလေ၏။

မနေ့ကပင်ဖြစ်သည်။ ဒေါ်သူဇာလှိုင်သည် သားအပေါ် နည်းနည်းတင်းမာသွားခဲ့မိသည်။

မင်းမင်းသည် ဒေါ်သူဇာလှိုင် ပန်းကမ္ဘာသို့ ရောက်ခဲ့သည့်ကိစ္စနှင့် ပတ်သက်၍ ထုတ်ဖော်မေးခဲ့၏။ ဒေါ်သူဇာလှိုင်ကလည်း အမှန်တစ်ဝက်နှင့် ဖြေသည်။

"ဟုတ်တယ် သားရဲ့၊ လမ်းကြုံလို့ ဝင်ကြည့်တာပါ၊ သားတို့အလုပ်က ဝင်ငွေမကောင်းပေမယ့် မဆိုးပါဘူး၊ ကုသိုလ်ရပါတယ်"

"ဟုတ်တယ်မေမေ၊ ကလေးတွေကို စာသင်ပေးရတာ ပျော်စရာကောင်းပါတယ်"



မိခင်က ထောက်ခံစကားပြောလာသဖြင့် မင်းမင်းကလည်း ကလေးတွေ ပညာရအောင်၊ ဉာဏ်ရှင်အောင်၊ စေတနာ မေတ္တာရှိလာအောင် သူ ဘယ်လိုကဗျာမျိုးတွေ ရွေးချယ်သင်ပေးသည်ကို အားရ ါးရ ပြောနေမိ၏။ မင်းမင်းစကားဆုံးတော့....

"ဒါနဲ့ သားကို မေးရဦးမယ်"

"မေးပါမေမေ၊ ဘာများလဲ"

"ဆရာမလေး မြကြည်ဖြူဆိုတာက လှတယ်နော်"

မင်းမင်းရင်ထဲ ထိတ်ခနဲဖြစ်သွား၏။ မေမေ့ မျက်နှာကိုလည်း မော့ကြည့်မိသည်။ ပြုံးနေသော ဒေါ်သူဇာလှိုင်၏ မျက်နှာတွင် သံသယတစ်ခုကို တွေ့မိသည်ထင်၏။ ဒေါ်သူဇာလှိုင် မျက်လုံးများကို မင်းမင်း ရင်မဆိုင်ရဲဘဲ မျက်နှာလွှဲလိုက်ရသည်။ မျက်နှာမပျက်အောင်လည်း မနည်း ကြိုးစားနေရ၏။ အမူအရာမပျက်အောင်၊ အသံမတုန်အောင် ထိန်းရင်း စကားပြန်ရလေသည်။

"ဟုတ်ကဲ့"

"သူ့ကို သား မချစ်ဘူးလား"

ဒေါ်သူဇာလှိုင်၏ ထပ်ဆင့်ထွက်ပေါ်လာသော မေးခွန်းက ရင်ကိုဒိန်းခနဲ ထိလိုက်လာသည်။ မေမေက ဖြောင့်ပင် စစ်ကြောနေလေပြီ။

မေမေ သိနေပြီလား။

မင်းမင်း မတတ်နိုင်။ ရှုးကြောင်မူးကြောင် လုပ်လိုက်ရလေသည်။

"ဟာ....မေမေကလဲ"

"ချစ်ရင်လဲ ချစ်ပေါ့ကွယ်၊ ရပါတယ်၊ ရည်းစားတစ်ယောင် လင်ကောင်တစ်ယောက်ဆိုတဲ့ စကားရှိသလို ယောကျ်ားကောင်းတော့ မောင်းမတစ်ထောင် ဆိုတဲ့ စကားလဲ ရှိတာပါပဲ၊ အဲ....သား လက်ထပ်ရင်တော့ မေမေ သဘောတူတဲ့ မိန်းကလေးနဲ့ပဲ လက်ထပ်ရမယ်နော်"

ဒေါ်သူဇာလှိုင် အဓိပ္ပာယ်ပါပါ ပြုံးရင်း ဆက်ပြောနေသည်။ မင်းမင်း အနေကျုံ့လာ၍။

"အို....မေမေကလဲ၊ သားချစ်တဲ့သူနဲ့ပဲ လက်ထပ်မှာပေါ့နော် မေမေ၊ သားချစ်သူကို မေမေလဲ ချစ်မှာပါ"

သည်စကားကိုတော့ မင်းမင်း ပြောဖြစ်အောင် ပြောသည်။ မြကြည်ဖြူ၏ မျက်နှာကလေးကိုလည်း မြင်ယောင်လာ၏။

သို့သော် မင်းမင်း အခြေအနေမှာ တစ်ဖက်သတ် ဘဝသာ ဖြစ်သည်။ တစ်ဖက်သတ်အချစ်သာ ဖြစ်သည်။

မည်သို့ဖြစ်စေ သူ မြကြည်ဖြူကို ချစ်သည်။ မြတ်နိုးသည်။ သူ့ဘဝတွင် ရင်ခုန်သံအားလုံးကို ပုံအပ်ချစ်မိသူမှာ မြကြည်ဖြူတစ်ယောက်သာ ရှိသည်။

ဒေါ်သူဇာလှိုင်က သူ့လက်မောင်းကို ဆုပ်ကိုင်လာကာ သာယာ ညင်းပျောင်းစွာ မေးသည်။

"သားမှာ ချစ်သူရှိနေပြီလား၊ သားချစ်သူက ဘယ်သူများလဲ၊ ဟို ဆရာမလေးပဲလား"



"ဟုတ်ပါတယ်၊ အခုတော့ သားက ချစ်နေတာပါ၊ သူကလဲ...."

မင်းမင်း မညာချင်တော့။

ရင်ထဲရှိသည့်အတိုင်းပင် ပြောချလိုက်သည်။ ဒေါ်သူဇာလှိုင်သည် ဆားထိသော တီကောင်ကဲ့သို့ တွန့်သွား၏။ မျက်နှာအပျက်ပျက်နှင့်....

"တော်ပြီ၊ ထပ်မပြောနဲ့တော့ သား"

အလိုလိုက်နေကျ မိခင်က ယခုကျမှ တင်းမာလာသောအခါ မင်းမင်း အံ့သြသွားရသည်။

"သူက သဘောလဲကောင်းပါတယ် မေမေ၊ ပညာလဲ ဟုတ်ပါတယ်၊ သူ့မိဘတွေကလဲ သဘောကောင်း...."

"တော်ဆိုတော်တော့သား၊ မေမေ ဘာမျှထပ်မကြားချင်ဘူး"

နှဲဆိုး ဆိုးနေကျမို့ မင်းမင်းက ထပ်တွန့် တက်ကြည့်သေးသည်။ ဒေါ်သူဇာလှိုင်က ပြတ်တောင်းသော စကားကိုသာဆိုသည်။

သည်ကိစ္စနှင့်ပက်သက်၍တော့ သားကို အလိုမလိုက်နိုင်။ ဒေါ်သူဇာလှိုင်က အိမ်ထောင်ရေးတွင် ဥစ္စာချင်းထပ်မှ၊ ဂုဏ်ချင်းထပ်မှ မြတ်သည်ဟု ယူဆထားသူပင် ဖြစ်သည်။

"သားကို မေမေ ပြောပြမယ်၊ သားကို မေမေ တစ်သက်လုံး ဂရုဘစိုက်နဲ့ လူဖြစ်လာအောင် မွေးခဲ့တယ်၊ တစ်သက်လုံးလဲ အလိုလိုက်ခဲ့တယ်၊ ဒီကိစ္စကျမှ မေမေ့

ဆန္ဒအတိုင်း ဖြစ်မလာဘူး ဆိုရင်တော့ သားနဲ့မေမေ သဘောကွဲလွဲရလိမ့်မယ် သား”

“ဒါတော့ ယားလဲ မတတ်နိုင်ဘူး မေမေ၊ မေမေ သဘောတူတဲ့ မိန်းကလေးကို သားမှမချစ်တာပဲ”

မေမေ့ဘက်က ပြတ်သားလာပြီဆိုတော့ မင်းမင်းလည်း အလျှော့မပေးချင်တော့၊ မြကြည်ဖြူကို ချစ်သောအချစ်နှင့် မည်သူ့ကိုမျှ မချစ်နိုင်။ ထို့ကြောင့် ပြတ်ပြတ်သားသားပင် ပြောမိ၏။

“အခုမချစ်လဲ နောက်တော့ ချစ်သွားမှာပေါ့၊ ဒီတော့ မေမေသဘောတူတဲ့ သူကိုပဲ သားယူရမယ်”

ဒေါ်သူဇာလှိုင့်လေသံက ညင်သာသော်လည်း သဘောထားက ပြင်းထန်သည်။ မင်းမင်းကလည်း ပြတ်ပြတ်ပြောသည်။ သူ့မျက်နှာတွင် ယုံကြည်မှု အပြည့်အဝ။

“ဖြူကလွဲရင် သား ဘယ်သူ့ကိုမှ မယူနိုင်ဘူးမေမေ၊ အဲဒါ သားဆုံးဖြတ်ချက်ပဲ”

“ဒါဆိုရင်လဲ အမေ့ပြတ်ပဲပေါ့ကွယ်”

“ကျွန်တော် အမေ့ မမက်ပါဘူး မေမေ၊ သားကို ခွင့်လွှတ်ပါ”

ပြောပြီး မင်းမင်းသည် မီခင်ရှေ့မှ ချာခနဲ လှည့်ထွက်သွားတော့၏။

ယင်းကိစ္စနှင့် ပတ်သက်၍ တဖြည်းဖြည်းတော့ ပြေလည်သွားလိမ့်မည်ဟု ဒေါ်သူဇာလှိုင် ထင်ခဲ့၏။ ယခုတော့ မင်းမင်း



ထွက်သွားပြီ၊ ထိုအဖြစ်ကို ကြုံရတော့မှ ယူကျုံးမရဖြစ်ရတော့သည်။

“ဟုတ်တယ်မဟုတ်လား သူဇာ၊ သားကို မင်း အတင်းအကျပ် နေရာချပေးဖို့ ကြိုးစားတယ် မဟုတ်လား”

ဒေါ်သူဇာလှိုင့်အသွင်ကို အကဲခတ်၍ ဦးမင်းထင်က မေးသည်။ ဒေါ်သူဇာလှိုင်က အပြစ်တင်မခံလို၍ ငြင်းလေ၏။

“မဟုတ်ပါဘူး အဖေကြီးရယ်၊ သားကို သူဇာက ဘာမှ အသေအချာ မပြောသေးပါဘူး၊ ဟိုဘက်က မိန်းကလေးကလဲ ဒီနှစ်မှ ဘွဲ့ရမှာပါ”

ဦးမင်းထင် ခေါင်းညိတ်သည်။

ဒေါ်သူဇာလှိုင် မျက်ရည်ကို လက်ကိုင်ပဝါဖြင့် သုတ်သည်။

“အေးလေ....ဘာပဲဖြစ်ဖြစ် ပြီးခဲ့တာတွေအတွက် စိတ်မကောင်း ဖြစ်မနေနဲ့တော့၊ သား ပြန်လာမှာ သေချာပါတယ်၊ စိတ်အေးအေးနဲ့သာ စောင့်နေပါ”

ဒေါ်သူဇာလှိုင် ခေါင်းခါသည်။ ဦးမင်းထင်က တည်ငြိမ်အေးစက်နေသလောက် ဒေါ်သူဇာလှိုင်မှာ ပူပင်သောကရောက်ကာ လှုပ်ရှားနေ၏။

“အို....သူဇာကတော့ စိတ်မအေးနိုင်ပါဘူး၊ အဖေကြီး အဆက်အသွယ်နဲ့ သားကို စုံစမ်းပေးရမယ်”

“ပျောက်မှတော့ စုံစမ်းရမှာပေါ့ကွာ၊ တွေ့မတွေ့တော့ ကိုယ်လဲ မတတ်နိုင်ဘူး”

ဦးမင်းထင်က ဇနီးဖြစ်သူကို မဲ့ပြုံး၍ ကြည့်ရင်း ပြောလိုက်၏။

"ကိုကိုနော်၊ ဒီကိစ္စနဲ့ပတ်သက်လို့တော့ မပေါ့ရဘူး သိလား၊ သူဇာ့ သားကို သူဇာ အကြာကြီး ခွဲဖူးတာ မဟုတ်ဘူး အဟင့်"

ဒေါ်သူဇာလှိုင်က ပြောပြီး ရှိုက်ပြန်သည်။ ဦးမင်းထင်ကတော့ ဒေါ်သူဇာလှိုင့်ကိုကြည့်ကာ ခေါင်းတဆတ်ဆတ်ညိတ်နေ၏။

"ဩော်....သူဇာ....သူဇာ၊ သားသမီးကို ချစ်ရုံသာ ချစ်တတ်ပြီး လူငယ်တွေရဲ့ သဘာဝကို နားမလည်တော့လဲ ခက်သားပဲကွယ်"

ဦးမင်းထင်၏ ရင်ထဲမှ မြည်တမ်းမိသည့် စကားသံကား ရင်ထဲမှာပင် တိမ်မြုပ်သွားတော့၏။

ထိုခဏက ဒေါ်သူဇာလှိုင် နှလုံးရောဂါပြန်ထသောကြောင့် ဆရာဝန်ခေါ်ပြီး ဆေးထိုးလိုက်ရလေသည်။

●

အခန်း ( ၂၉ )

သိ သာ ရန်

သား မင်းဇေယျာ (မင်းမင်း)
အမြန် ပြန်လာပါ၊ သို့မဟုတ်
ရောက်ရာအရပ်ကသတင်းပို့ပါ၊
မိဘများ စိတ်ပူနေသည်။

ဦးမင်းထင်၊ ဒေါ်သူဇာလှိုင်

မေမြို့။

မြကြည်ဖြူသည် သတင်းစာကြော်ငြာကို ကြည့်၍ ရင်ထဲ လိုက်တက်လာရသည်။ ဟန်မဆောင်နိုင်တော့၊ မျက်ရည်တို့က တာရေ့ကျိုးပေါက်သည့်နှယ် ပိုးပိုးပေါက်ပေါက်ကျလာတော့သည်။

"သူ....သူ.... ကိုယ် ပြောတာတွေကို စိတ်နာသွားတာ သေချာတယ် အကြည်၊ ဒါကြောင့် ထွက်သွားတာ ဖြစ်မှာပဲ၊ သူဟာ အရည်အချင်းရှိတဲ့ သူတစ်ယောက် ပါကွယ်၊ ကိုယ်ပြောမိတာကလဲ စေတနာနဲ့ပါ၊ အရည်အချင်း ရှိတဲ့ သူတစ်ယောက်အနေနဲ့ တိုင်းပြည်အတွက် အကျိုးရှိရင် သိပ်အဖိုးတန်မှာမို့ပါ၊ အခုတော့ ဟင့်...."

မြကြည်ဖြူ မျက်ရည်ကိုသုတ်ရင်း ရှိုက်၏။ မြကြည်ဖြူကို ကြည့်ကာ တင်အေးကြည်သည်လည်း စိတ်မကောင်းဖြစ်ရသည်။

"မပူပါနဲ့ကွယ်၊ မင်းစေတနာကို နားလည်တဲ့ တစ်နေ့ သူ ပြန်ရောက်လာမှာပါ၊ သူ မင်းကို သိပ်ချစ်ပါတယ်"

"သူ ပြန်ရောက်လာလဲ ကိုယ့်အတွက် ဘာမှ မျှော်လင့်ချက် မထားတော့ပါဘူး၊ ကိုယ် ကံဆိုးတယ် အကြည်၊ ကိုယ့်အဖြစ်က ဆရာ တက္ကသိုလ်ဘုန်းနိုင် တစ်ခါက ရေးဖူးသလို ထာဝရကြေကွဲဖို့အတွက် သူနဲ့ ကိုယ့်ကို ကံကြမ္မာက တဒင်္ဂတွေ့ပေးလိုက်တာပါ"

ဣန္ဒြေကြီးလှသော မြကြည်ဖြူသည် ယခုတော့ ချစ်မရှက် ဘဝမျိုးဖြင့် ကြေကွဲနေရလေပြီ။

"ဒီလိုလဲ မဟုတ်သေးပါဘူး ဖြူရယ်၊ ယောကျ်ားကြိုက်တော့ ဆိုက်ဆိုက်လာတဲ့၊ သူ မင်းကို တကယ်ချစ်ရင် တစ်နေ့ မင်းဆီကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာမှာပါ"

တင်အေးကြည်က တတ်သမျှမှတ်သမျှစကားဖြင့် အားပေးရသည်။



ထိုစဉ် ကျောင်းဝင်းထဲသို့ ကားတစ်စီးဝင်လာသံကို ကြားရသည်။ မြကြည်ဖြူ မျက်ရည်ကို ကပျာကယာသုတ်လိုက်၏။ ကားပေါ်မှ ဒေါ်သူဇာလှိုင် ဆင်းလာ၏။

"မင်းမင်းရဲ့ မေမေ ဖြူ"

မြကြည်ဖြူ လှည့်မကြည့်၊ ဣန္ဒြေရရင် ထိုင်နေလိုက်၏။ သူမရှေ့ရောက်မှ လောကဝတ်ပြုသည်။

"ထိုင်ပါ အန်တီ၊ ဘာကိစ္စရှိပါသလဲ"

ဒေါ်သူဇာလှိုင်သည် မြကြည်ဖြူကို စိန်းစိန်းကြည့်၏။ သူမသည် မင်းမင်း ပျောက်သွားသည်မှာ မြကြည်ဖြူကြောင့် ဟု ထင်နေ၏။

ဒေါ်သူဇာလှိုင့် မျက်လုံးများက စန္ဒရားကြီးဆီသို့ ရောက်သွားပြီး မျက်နှာကိုတစ်ချက်မဲ့လိုက်၏။

မြကြည်ဖြူရှေ့တွင် မထိုင်ဘဲ မတ်တတ်ရပ်လျက်က....

"မင်းမင်းနဲ့ ညည်း မေတ္တာရှိနေကြလား"

"သူ ချစ်စကားပြောဖူးပါတယ် အန်တီ"

မြကြည်ဖြူက ပြတ်ပြတ်ရှင်းရှင်း ပြော၏။

"ညည်းဂ တော...."

"ဘာမှ မတုံ့ပြန်ရသေးပါဘူး"

"နောက် တုံ့ပြန်မယ်ပေါ့"

"ဒါ ကျွန်မ ကိုယ်ရေးကိုယ်တာပါ"

"မင်းမင်းဟာ ငါ့သား"

"သိပါတယ်"

"ညည်းနဲ့ ဘယ်နည်းနဲ့မှ သဘောမတူနိုင်ဘူး"

မြကြည်ဖြူ မထီဘရီပြုံးမိပြီ။ ဆွေဂုဏ်၊ မျိုးဂုဏ်၊ ငွေဂုဏ်၊ ဓနဂုဏ် မောက်နေသော ဒေါ်သူဇာလှိုင်ကို ရဲဝံ့စွာကြည့်၍ ပြောမိ၏။

ယုံပါတယ်၊ တကယ်လို့ သဘောတူပါတယ်ဆိုရင် အန်တီ ညာပြောတယ်လို့တောင် ထင်မိမှာပဲ၊ ကျွန်မ တို့မှာ ရွှေလဲ မရှိဘူး၊ ငွေလဲ မရှိပါဘူး၊ တိုက်တို့ ကားတို့လဲ မရှိပါဘူး၊ ဒါပေမယ့် ရိုးသားမှုတော့ ရှိပါ တယ်၊ ပြီးတော့ မေတ္တာ၊ ကရုဏာ၊ မုဒိတာ ဆိုတဲ့ ဗြဟ္မစိုရ်တရားလဲ ရှိပါတယ်၊ ကျွန်မမှာ ရှိတာတွေဟာ ရွှေတွေ ငွေတွေနဲ့ ဝယ်လို့မရပါဘူး အန်တီ''

ပစ္စည်းဥစ္စာအရှိန်အဝါကြီးမားလှသော သူမကို ရဲဝံ့စွာ ရင်ဆိုင်နေသော မြကြည်ဖြူကို ဒေါ်သူဇာလှိုင် အံ့ဩသွားပုံ ရသည်။ ရုတ်တရက် ဘာမှပြန်မပြောနိုင်။

သူမက ရွှေစင်ပုံ၊ ငွေစင်ပုံ၊ ဂုဏ်စစ်ပွဲများဖြင့် စစ်မျက်နှာ ဖွင့်နေသော်သည်း မြကြည်ဖြူက မေတ္တာ၊ ကရုဏာ၊ မုဒိတာ ဒိုင်းလွှားတို့ဖြင့် ကာရံကာ ခံစစ်ပြုနေသောကြောင့် ဒေါ်သူဇာ လှိုင် နည်းနည်းတော့ ရှက်သွား၏။ ခဏ ကြောင်နေပြီးမှ....

''အေး....တို့သဘောထားကို သိတယ်ဆိုရင် ပြီးတာပါ ပဲ၊ တကယ်လို့များ မင်းမင်းကို မြူဆွယ်ပြီး ဝှက်ထား မယ်ဆိုရင်တော့ ဥပဒေအရ....''



မြကြည်ဖြူမျက်နှာ ရဲသွား၏။ ပါးပျဉ်းထောင်သော မြွေ ဘုရင်မလေးနှယ် ဒေါ်သူဇာလှိုင်ကို ဆတ်ခနဲကြည့်၏။

''ကျွန်မဟာ ယောကျ်ားတစ်ယောက်ကို မြူဆွယ် ပေါင်းသင်းရလောက်အောင် အောက်တန်း မကျပါ ဘူး အန်တီ၊ ခုနကပြောတဲ့ ရိုးဂုဏ်ကို အမြဲထိန်းသိမ်း ထားပါတယ်''

''အေး....ဒါဆိုရင်လဲ ပြီးတာပဲဟေ့''

မျက်နှာထားတင်းဘင်းဖြင့်ပြောပြီး ဒေါ်သူဇာလှိုင် ဆတ် ခနဲ ထကာ ကျောင်းခန်းထဲမှ ထွက်သွားတော့သည်။

''မင်းမင်းအမေ ဒီလောက် အပေါက်ဆိုးလိမ့်မယ်လို့ အစက မထင်ဘူး၊ ကိုယ် ကြုံဖူးတာကတော့ ရည်ရည် မွန်မွန်ပဲ၊ တောက်....အခုတော့ မှိုချိုးမျှစ်ချိုး ပြော ရက်လိုက်တာ၊ သားသမီးချင်းမှ ကိုယ်ချင်းမစာ''

တင်အေးကြည်က မခံမရပ်နိုင် ပြောသည်။

''ကိုယ်လဲ မခံချင်လို့သာ ခပ်ရှင်းရှင်း ပြန်ပြောမိတာ ပါ၊ တကယ်တော့ သူဟာ သားအတွက် ပရိဒေဝမီး တောက်လောင်နေတဲ့ အမေပါကွယ်၊ ဖြူ စာနာသည်းခံ သင့်ပါတယ် အကြည်''

မြကြည်ဖြူ ထိုသို့ပြောပြီး မင်းမင်း၏ စန္ဒရားကြီးကို ငေး မောကြည့်နေမိလေသည်။ ဒေါ်သူဇာလှိုင်က သည်စန္ဒရားကြီး

ကို ယူမသွားသည့်အတွက်ပင် ကျေးဇူး တင်နေမိလေသည်။ သူ့မှာ မင်းမင်းနှင့်ပတ်သက်၍ အလွမ်းဖြေစရာ သည်စန္ဒရား ကြီးသာ ရှိနေလေသည်။ မြကြည်ဖြူသည် စန္ဒရားကို တီးတတ် အောင် သင်မည်ဟုလည်း ဆုံးဖြတ်လိုက်သည်။ ပန်းကမ္ဘာကို ဂီတဖြင့် ပို၍အောင်မြင်အောင် ပျိုးထောင်ရမည်။

"ဩော်....ဖြူရယ်"

မြကြည်ဖြူ၏ အဖြူထည် နှလုံးသားကို မြင်တွေ့လိုက်ရ သဖြင့် တင်အေးကြည် လေးစားသွားရသည်။

## စာစု (၃၀)

ဦးမင်းထင်သည် ကားကို သတိထား၍ မောင်းလာခဲ့သည်။ ဦးမင်းထင်သည် စစ်သားကောင်းပီပီ ဘာလုပ်လုပ် သတိရှိ၏။ ထို့ကြောင့် အန္တရာယ်ဖြစ်ခဲသည်။ သို့သော်....

စက်ဘီးတစ်စီးက ရှေ့တူရူမှ ကားကို အရှိန်နှင့် ဖြတ်ကျော် တက်လာ၏။ သူ့မျက်နှာချင်းဆိုင်မှ လာနေသော ဦးမင်းထင် ၏ ကားကို သတိမထား။ ထိုအခါ ဦးမင်းထင်၏ ကားဦး တည့်တည့်သို့ အနီးကပ် ခေါင်းလာတည့်တော့၏။ ဦးမင်းထင် က သတိကြီးစွာ ကားကို လမ်းဘေးသို့ဆွဲမချလိုက်လျှင် စက်ဘီး သမားကို ဦးမင်းထင်၏ ဆန်နီပစ်ကပ်က ဝါးတော့မည်။

ယခုတော့ စက်ဘီးသမား လွတ်သွားသည်။ သူ့လမ်းသူ ဆက်နင်းသွားသည်။ ဦးမင်းထင်၏ကားကတော့ လမ်းဘေး သစ်ပင်ကို ဝင်ဆောင့်၏။ အချိန်မီ ဘရိတ်အုပ်နိုင်သဖြင့် အရှိန် ကတော့ မပြင်းပါ။ သို့သော် ဘေးမှပါလာသော ဒေါ်သူဇာ လှိုင်သည် အမှုမဲ့မှို ဦးခေါင်းမှာ ကားမှန်နှင့်ဝင်ဆောင့်၏။ ကားမှန် အက်သွားပြီး နဖူး ကွဲသွားသည်။ အစကတော့ သတိ မလွတ်သေး။ နဖူးတွင် စီးကျလာသောသွေးကို စမ်းလိုက်မိ တော့မှ....

"အမယ်လေး၊ ဘုရား....ဘုရား"

ဒေါ်သူဇာလှိုင် ဘုရားတရင်း သတိမေ့သွားတော့၏။

"သူဇာ....သူဇာ"

ဦးမင်းထင် ပျာယာခတ်သွားရလေတော့သည်။

"သူဇာ....သူဇာ"

လှုပ်နှိုးသော်လည်း တုတ်တုတ်မျှမလှုပ်။

"ဒုက္ခပါပဲ"

ညည်းညူရင်း သွေးတို့ကို လွယ်ရာ မှန်သုတ်ဖလန်ထည်စဖြင့် သုတ်လိုက်သည်။ ဒဏ်ရာက မကြီးကျယ်လှ။ နဖူး အနည်းငယ် ကွဲရုံမျှသာ ဖြစ်၏။ သွေးကိုမြင်သဖြင့် ဒေါ်သူဇာလှိုင် မေ့မြောသွားခြင်း ဖြစ်သည်။ ဒေါ်သူဇာလှိုင်တွင် နှလုံးရောဂါခံက ရှိသည်။ အစကတော့ ပျောက်လုနီးပါး ကောင်းနေ၏။ သားဖြစ်သူ ပျောက်သွားသော လေးငါးလအတွင်း ရောဂါက သည်းလာသည်။ ဆရာဝန်နှင့် အပတ်စဉ် စမ်းသပ် ကုသနေရ၏။

"သူဇာ....သူဇာ"

ဦးမင်းထင် ရင်ကို ဖိကြည့်၏။ နှလုံးခုန်သံကို မခံစားရ။ နှာခေါင်း ဝ၌ လက်ညှိုးနှင့်ကပ်ကြည့်တော့လည်း လေမရှူတော့ကြောင်း သိသာသည်။

"ဘုရား....ဘုရား"

သတိကြီးလှသော ဦးမင်းထင်သည် ယခုတော့ ပူပန်စိတ်နှင့် ဘာလုပ်ရမှန်းမသိ ဖြစ်ရပြီ။ သောကကြောင့် သတိလက်လွှတ် ဖြစ်နေလေပြီ။ ထိုစဉ် ကားဘေးသို့ စက်ဘီးတစ်စီး



ထိုးဆိုက်လာသည်။ ဦးမင်းထင် အားကိုးတကြီး မော့်ကြည့်တော့ မိန်းမလှလေးတစ်ယောက်။ အပြစ်ကင်းစင်သော မျက်နှာပိုင်ရှင်မလေး။ မျက်လုံးများက ကရုဏာဖြင့် ဝင်းလဲ့နေ၏။

"ဘာဖြစ်တာလဲ အန်ကယ်"

"ဒီမှာ အန်ကယ့်ဇနီး ကား အက်စီးဒင့်ဖြစ်ပြီး သတိမေ့သွားလို့၊ အသက်လဲ မရှူတော့ဘူး သမီးရဲ့"

"အို...."

သူမက စက်ဘီးပေါ်မှ ကပျာကယာ ဆင်းလိုက်သည်။ ကားထဲသို့ ငုံ့ကြည့်လိုက်သောအခါ ဒေါ်သူဇာလှိုင်ကို တွေ့လိုက်ရသဖြင့် အံ့ဩသွားပုံရသည်။

"ဟင်...."

သူမမျက်နှာပေါ်တွင် အရောင်အမျိုးမျိုး ပြောင်းလဲသွား၏။ ခဏမျှ တွေဝေငေးငိုင်နေသည်။ နှုတ်ခမ်းကို သွားဖြင့် တစ်ချက်ကိုက်ပြီး တစ်စုံတစ်ခုကို ပြတ်ပြတ်သားသား ဆုံးဖြတ်လိုက်ပုံ ရသည်။

ဦးမင်းထင်ကမူ ကြံရာမရဖြစ်နေပြီး ပျာယာခတ်နေပြီ။

"လုပ်ပါဦး သမီးရဲ့၊ သူဇာ....သူဇာ အသက်မရှူတော့ဘူး၊ အန်ကယ် ဘာလုပ်ရမလဲ ဟင်၊ အန်ကယ် ဘာလုပ်ရမလဲ"

"ဪ....ဟုတ်ကဲ့၊ ဟုတ်ကဲ့"

သူမသည် ကားထဲသို့ ခေါင်းထိုးဝင်လိုက်၏။ ကြက်ခြေနီ သင်တန်း တက်ခဲ့စဉ်က ရုတ်တရက် နှလုံးအခုန်ရပ်လျှင် ပြုစုသည့် ရှေးဦးသူနာပြုနည်းကို ဖျတ်ခနဲ သတိရလိုက်သည်။

"မျက်နှာသမီးဘက် လှည့်ပေး"

"ဩော်.... အေး အေး"

ဦးမင်းထင်က သူမပြောသည့်အတိုင်း ကူညီသည်။ လူလည်း ကတုန်ကယင် ဖြစ်နေ၏။ သူမကမူ တည်ငြိမ်လှသည်။ စိတ်လှုပ်ရှားမှု လုံးဝမရှိ။

ဒေါ်သူဇာလှိုင်နှင့် နှုတ်ခမ်းချင်းတေ့၍ လေကို အားနှင့်မှုတ်သွင်းလိုက်၏။ မောတော့မှ ပြန်ခွာသည်။ အသက်မရှူသေးသဖြင့် နောက်တစ်ကြိမ် လေမှုတ်သွင်းရပြန်သည်။

နှုတ်ခမ်းချင်း ခွာလိုက်တော့ ဟင်းခနဲ လေများ မှုတ်ထုတ်လိုက်သံနှင့်အတူ ဒေါ်သူဇာလှိုင် အသက် မှန်မှန်ရှူလာ၏။

"ဟာ.... အသက်ရှူပြီ၊ အသက်ရှူပြီ"

ဦးမင်းထင် မျက်နှာ ဝင်းသွားသည်။ ဝမ်းသာအားရ အော်လိုက်ပြီး မိန်းကလေးကို ကျေးဇူးတင်စွာ ကြည့်သည်။

"ကျေးဇူးတင်လိုက်တာ သမီးရယ်၊ အန်ကယ့်အလိုသာဆိုရင် စိတ်တွေ ဟုံနေပြီး ဘာလုပ်ရမှန်း မသိတာနဲ့ သေသွားမှာပဲ၊ သူဇာ... သူဇာ"

ဦးမင်းထင် ကျေးဇူးတင်စကားလည်း ပြောသည်။ ဒေါ်သူဇာလှိုင် ကိုလည်း အရူးကြီးပမာ လှုပ်နိုးနေ၏။ မိန်းကလေး ကျေနပ်စွာ ပြုံးသည်။

"နှိုးမနေနဲ့တော့ အန်ကယ်၊ နီးရာ ဆေးခန်းကိုသာ ပို့လိုက်ပါ၊ သတိရလို့ သွေးတွေ ထပ်မြင်နေရင် ခက်နေဦးမယ်၊ ဆေးခန်းရောက်တော့ သတိရမှာပါ"

"အေး၊ ဟုတ်တယ် ဟုတ်တယ်"



ဦးမင်းထင်သည် ဒေါ်သူဇာလှိုင်ကို နေသားတကျ ချ၍ ကားကို နေရာမှ မောင်းထွက်ခဲ့သည်။

ဆေးခန်းရောက်၍ ဒေါက်တာ ဆေးထည့်ပြီးကာမှ ဒေါ်သူဇာလှိုင် သတိရလာသည်။

"သူဇာ.... သူဇာ၊ သတိရပြီလား ဟင်"

"အင်း၊ ဒါပေမယ့် နည်းနည်း မောသေးတယ်"

"ဆေးထိုးထားပါတယ်၊ တော်ကြာ အမောပြေသွားမှာပါ၊ အကြောက်လွန်သွားလို့ ဖြစ်မှာပါ၊ အန်တီ့မှာ နှလုံးရောဂါ နည်းနည်းရှိတယ်"

ဆရာဝန်က ပြောသည်။

"ဟုတ်ပါတယ် ဆရာ၊ နှလုံးအထူးကု ဆရာဝန်နဲ့ အမြဲကုနေတာပဲ"

"ဒါဆိုရင် ပျောက်သွားမှာပါ၊ စိတ်မကောင်းစရာတွေ မတွေးနဲ့ပေါ့၊ စိတ်ကောင်းကောင်း ထားပေါ့ အန်တီ၊ ဘာ အတွက်မှ ကြောင့်ကြမနေနဲ့၊ ကိုယ်စိတ် ချမ်းသာဖို့ အရေးကြီးတယ်"

"ဟုတ်ပါတယ် ဆရာ၊ ကျွန်တော်လဲ ဒါကိုပဲ ပြောနေရတာပါ"

ဆရာဝန်နှင့် အာလာပသလ္လာပ စကားပြောရင်းအတန်ကြာတော့ ဒေါ်သူဇာလှိုင် အမောပြေလာသည်။ ပုံမှန်အနေအထား ရောက်လာသည်။

"ကဲ.... ဆရာရေ၊ ကျေးဇူး အထူးတင်ပါတယ်၊ ပြန်လိုက်ပါဦးမယ်"

ဆရာဝန်ကို နှုတ်ဆက်၍ ပြန်ခဲ့ကြသည်။

"မင်း တကယ် ကံကောင်းတာပဲ သူဇာ၊ မိန်းကလေး တစ်ယောက်နဲ့သာ မတွေ့ရင် ဘာ ဖြစ်မယ်ဆိုတာ ကိုယ် တွေးတောင် မတွေးတတ်ဘူး၊ အင်း... ဘုရား ကယ်တာပဲ"

လမ်းရောက်တော့ ဦးမင်းထင်က အဖြစ်ကို ပြန်ပြောသည်။

"ဟင်.... သူဇာ သတိမေ့ပြီး ဘာတွေ ဖြစ်လို့လဲ"

"သတိမေ့ပြီး အသက်ရှူ ရပ်သွားတာကွ၊ အသက်ကို မရှူတော့ဘူး၊ ကိုယ်လဲ တုန်နေပြီး ဘာလုပ်ရမှန်းကို မသိတော့ဘူး၊ ကြာရင် အဲဒီနေရာမှာတင် မင်း သေသွားနိုင်တယ်လို့ ဆရာဝန်ကလဲ ပြောတယ်၊ လမ်းမှာ ကြုံတဲ့ မိန်းကလေး တစ်ယောက်က ရှေးဦးသူနာပြု နည်းနဲ့ မင်း ပါးစပ်ထဲ လေမှုတ်ပေးပြီး မင်း အသက်ကို ကယ်တင်လိုက်တာပဲ သူဇာ"

"အို.... ဟုတ်လား၊ အဲဒီ မိန်းကလေးက ဘယ်သူလဲဟင်၊ ဘယ်ကလဲ၊ နာမည် ဘာတဲ့လဲ"

"ကိုကိုလဲ ဇောကပ်နေတာနဲ့ နာမည်တောင် မမေး လိုက်မိဘူး၊ ခပ်ချောချောကလေးပဲ၊ အသက် နှစ်ဆယ် သာသာလောက်တော့ ရှိမယ်"

"ဘယ်မှာ နေသတဲ့လဲ"

သူ့ အသက် ကယ်သည်ဆိုတော့ မိန်းကလေးကို ဒေါ်သူဇာ လှိုင် စိတ်ဝင်စားသွားရသည်။ ကျေးဇူးတင်သွားရသည်။



"ဒါလဲ မမေးလိုက်မိဘူး၊ မိန်းကလေးက မင်း ပြန်ပြီး အသက်ရှူလာတာနဲ့ ဆေးခန်းမြန်မြန်သွားဖို့ ပြောတာနဲ့ အင်း.... ဘာကိုမှ မမေးလိုက်ရပါဘူးကွယ်"

ဦးမင်းထင် စိတ်ပျက်လက်ပျက် ပြောသည်။ နောင်တလည်း ရသွားသည်။ အသက်သခင် ကျေးဇူးရှင် တစ်ယောက်၏ နာမည်ကို မမေးမိ။ ဒေါ်သူဇာလှိုင်ကလည်း နှမ်းလျစွာ အပြစ်တင်၏။

"ကိုကို့ဟာကလဲ မသေချာလိုက်တာ၊ ကိုယ့် ကျေးဇူး ရှင်ပဲ၊ နာမည်ကလေးလောက်တော့ မေးထားရော ပေါ့"

"အေးကွယ်၊ ကိုယ်လဲ အတော် ချွတ်ယွင်းသွားတယ်၊ မင်းအတွက် စိတ်ပူနေတာနဲ့ ဘာမှကိုမမေးလိုက်မိဘူး"

"အဲဒီ မိန်းကလေးကို သူဇာ တွေ့ချင်လိုက်တာ၊ ကိုကို ပြောသလိုဆိုရင် ဒီ မြို့မှာ ငယ်ငယ် ချောချော ကလေးတွေက အများကြီး၊ သူ့ကို ဘယ်လိုရှာမလဲ ဟင်"

"အင်းလေ၊ ကိုကိုလဲ ဘယ် ရှာတတ်မလဲကွယ်"

ဒေါ်သူဇာလှိုင်သည် သူမ အသက် ကယ်ခဲ့သည်ဆိုသော မိန်းကလေးကို မတွေ့လိုက်ရသဖြင့် တဖျစ်တောက်တောက် ရှိနေတော့၏။

"ကိုကိုကလဲ၊ နေရာတကာ သတိရှိတယ်ဆုံပြီး ဒါကျ တော့မှ မေ့မေ့လျော့လျော့နဲ့၊ အခုလိုဆိုတော့ သူဇာ့

အသက်ကို ကယ်ခဲ့တဲ့ မိန်းကလေးကို ဘယ်လို တွေ့ရတော့မှာလဲ”

“တစ်နေ့ ကံကောင်း ကြုံမှာပေါ့ကွယ်၊ ကြုံတဲ့အခါ ဘယ်နေရာတွေ့တွေ့ ကိုကို ရအောင် ခေါ်ခဲ့ပါမယ်၊ ဒီ မိန်းကလေးကို ကိုကို ကောင်းကောင်းမှတ်မိပါတယ်၊ ဒီမိန်းကလေး လှပုံက ထူးခြားတယ်ကွ၊ ကိုကို သယ်တော့မဆို မှတ်မိနေမှာပါ”

“မှတ်မိလဲ ကိုကိုရယ်.... ကိုယ် မွေးထားတဲ့ သားအရင်းတစ်ယောက်လုံးကိုတောင် အစအန စုံစမ်းလို့ မရတာပါ၊ သူစိမ်း မိန်းကလေး တစ်ယောက်ကို ဘယ်လို ရှာမလဲ၊ အင်း.... သားလေး ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ငါ့အသက် ကယ်တဲ့ မိန်းကလေးလဲ ကျန်းမာပါစေကွယ်”

သား အတွက်သာမက သူ့ အသက်သခင် မိန်းကလေး အတွက်ပါ ဒေါ်သူဇာလှိုင် နှုတ်တက်ရွရွ ဆုတောင်းနေမိတော့၏။

## ခေါစု (၃၁)

မင်းထင်....

မင်းဇေယျာ အတွက် မင်းတို့ စိတ်ပူနေမယ်ဆိုတာ ငါသိတယ်၊ ငါ မင်းတို့ကို ဒုက္ခတော်ချင်လို့ ဘာသတင်းမှ မပေးတာ ဟော့။

မင်းတို့ ကြော်ငြာကိုလဲ သတင်းစာထဲမှာ ငါ ဖတ်ရပါတယ်။

မိသူဇာလဲ သူ့ အပြစ်ကို သခဘာပေါက်လောက်ပြီ ထင်လို့ ခုမှ ငါ အကြောင်းစုံ စာရေးလိုက်တာကွ။

မင်းတို့ ဘာမှ ပူပင်သောက ရောက်မနေကြနဲ့တော့။ အဖြစ်က ဒီလို ဟော့။

ငါ့ခြေမြးကို သင်္ဘောပေါ်တင်ပေးလိုက်ပြီ၊ ခုလောက်ဆိုရင် ပင်လယ်ပျော်ကြီး ဖြစ်နေလောက်ရောပေါ့ကွာ။

ကဲ.... မင်းတို့ သိပြီ မဟုတ်လား။

မင်း သားတော့ သင်္ဘောသား ဖြစ်သွားပြီဟေ့ တစ်နှစ်ခွဲ နှစ်နှစ်တော့ ကြာလိမ့်မယ်၊ လိုင်းလဲ ကောင်း ပါတယ်ကွာ။

စိတ်အေးအေး ထားကြတော့။

မင်းကျော်ထင်

ဦးမင်းထင် စာကို အဆုံးသတ်လိုက်သည်နှင့် ဒေါ်သူဇာလှိုင် ဝမ်းသာအားရ ဖြစ်သွား၏။

"ဟင်.... ဒါ....ဒါဆိုရင် သား... သားလေး၊ သားလေး ဘာမှ မဖြစ်ဘူးပေါ့ နော်"

မျက်ရည်အဝဲသား၊ ဝမ်းနည်း ဝမ်းသာ ပြောနေသော ဇနီးဖြစ်သူကို ကြည့်ပြီး ဦးမင်းထင်လည်း ကျေကျေနပ်နပ်ကြီး ပြုံးနေ၏။

"အေး....မင်း သား ဘာမှမဖြစ်ပါဘူး သူဇာ၊ အဖေ့ အစီအစဉ်ဆိုတော့ တို့များ ဘာမှပြောစရာမလိုတော့ဘူး ပေါ့ကွာ၊ ကောင်းပါတယ်၊ သားဟာ နိုင်ငံတော် အတွက် အဖိုးတန် လူတော်လူကောင်းတစ်ယောက် ဖြစ် သွားပြီပေါ့ကွာ"



နွမ်းနယ်အိုမင်းသွားသော မြကြည်ဖြူ့ မျက်နှာကလေးကို ကြည့်ပြီး တင်အေးကြည် သနားသွား၏။ ထို့ကြောင့် စကား လမ်းကြောင်း ပြောင်းလိုက်ရတော့သည်။

"ဩော်... ဖြူ အားတယ်မဟုတ်လား"

"ကိစ္စရှိလို့လား အကြည်"

"ခေါင်းထဲ မှုးနောက်နောက်နဲ့ကွယ်၊ ဒါနဲ့ ဖြူ့ဆီ ဘီးနဲ့ ထွက်လာတာ၊ ကဲ....ထ ဖြူရယ်၊ လေကောင်း လေသန့် ရှုရင်း စက်ဘီးလျှောက်စီးရအောင်ကွယ်နော်"

မြကြည်ဖြူ အင်းမလှုပ်အဲမလှုပ်။

"ကျောင်း ပိတ် ထား တော့ ပျင်းသလိုပဲနော် ဖြူ၊ ကလေးတွေနဲ့ဆိုတော့ စာသင်လိုက်၊ ကဗျာဆိုလိုက်နဲ့၊ ဖြူ့ စန္ဒရားလက်သံလဲ တိုးတက်လာတယ်ကွ"

မြကြည်ဖြူ ဘာမျှမပြောတော့၊ စက်ဘီးကိုယ်စီဖြင့် ရုက္ခဗေဒ ဥယျာဉ်ဘက်သို့ ထွက်လာကြသည်။ ရင်ထဲတွင် အတွေး ကိုယ်စီဖြင့်၊ မေမြို့သည် မြူငွေ့ဖြင့်တဝေဝေ၊ စိန့်ပန်းပွင့်များ ကိုလည်း အစီအရီတွေ့ရ၏။

ထိုစဉ် သူတို့ရှေ့မှလျှောက်လာသော လူကြီးစုံတွဲကို မြကြည် ဖြူ မြင်သည်။ ဦးမင်းထင်နှင့် ဒေါ်သူဇာလှိုင်မှန်း သိလိုက်၏။ ဦးမင်းထင်က မြကြည်ဖြူကို တွေ့သည်နှင့် တအံ့တသြလည်းဖြစ် သွားသည်။ ဝမ်းသာအားရလည်း ဖြစ်သွားပုံပေါ်သည်။

"ဟာ....သူဇာ....သူဇာ...."

ဦးမင်းထင်၏ အာမေဍိတ်သံကြောင့် ဒေါ်သူဇာလှိုင်ပါ လန့်သွား၏။

"ဘာလဲ....ဘာလဲ"

"ဟို....ဟိုမှာကွ....ဟိုမှာ"

"ဘာလဲ၊ ဘာကိုပြတာလဲ"

"ဟိုကွာ....ထဘီစိမ်းနဲ့ မိန်းကလေး တွေ့တယ် မဟုတ်လား"

ဒေါ်သူဇာလှိုင်၏ မျက်လုံးများက မြကြည်ဖြူထံရောက်လာသည်။ မျက်နှာလည်း ပျက်သွား၏။

"တွေ့သားပဲ၊ မြကြည်ဖြူလေ၊ ဘာဖြစ်လဲ"

ဒေါ်သူဇာလှိုင့်စကားသံတွင် မလိုတမာသံ ပါသွား၏။

"အေး....သူပဲကွ၊ သူပဲ၊ မင်းအသက်ကို ကယ်လိုက်တာ သူပဲ သူဇာ၊ မြကြည်ဖြူဟာ မင်းရဲ့ အသက်သခင် ကျေးဇူးရှင်ပဲ"

"ရှင်"

ဒေါ်သူဇာလှိုင် အံ့သြရပါပြီ။ သူ့အသက်ကို ကယ်ခဲ့သော မြကြည်ဖြူသည် အသက်ကယ်ခဲ့ရသည့်အတွက် မည်သည့်အခွင့်အရေးမျှ မယူခဲ့။ မယူရုံမျှမက သူတို့နှင့်ပင် လာရောက်၍ မပတ်သက်ခဲ့။ နာမည်ကလေးပင် ပြောဖော်မရဘဲ ဝေးဝေးတွင် နေခဲ့၏။ ယခုလည်း မတွေ့ချင်ယောင် ဆောင်နေလေသည်။

"ကိုကို....တကယ်....တကယ်လားဟင်၊ မြကြည်ဖြူဟာ သူဇာ့အသက်သခင် တကယ်လား"



"ဩော်....သူဇာရယ်၊ ကိုကိုက ညာပြောရမလားကွ....ဟုတ်(?) မိန်းကလေး မျက်နှာက ကျက်သရေရှိလွန်းလို့ ကိုကို မမေ့ပါဘူးကွာ"

သူတို့ စကားကောင်းနေစဉ်မှာပင် မြကြည်ဖြူတို့ စက်ဘီးနှစ်စီး အနားရောက်လာ၏။

"သမီး....သမီး မြကြည်ဖြူ၊ ခဏနေပါဦး"

ဦးမင်းထင် အသံကြောင့် မြကြည်ဖြူ စက်ဘီးကိုရပ်၍ ခြေဖျားထောက်ရပ်သည်။ တင်အေးကြည်လည်း ဘာမသိ ဘာမသိနှင့် ရပ်သည်။ ဦးမင်းထင်နှင့် ဒေါ်သူဇာလှိုင်ကို တွေ့သောကြောင့် အံ့သြနေသည်။

ဒေါ်သူဇာလှိုင်နှင့် မြကြည်ဖြူတို့ မျက်လုံးချင်း ဆုံမိကြပြီ။ ဒေါ်သူဇာလှိုင့်မျက်နှာ နူးညံ့ပျော့ပျောင်း နေလေသည်။

"သမီးရယ်၊ ဟိုနေ့က သမီးကို ကျေးဇူးတင် စကားတောင် မပြောလိုက်ရလို့ သမီးအန်တီက စိတ်မကောင်းဖြစ်နေတာကွယ်၊ သူဇာ ဘာကြောင့်နေတာလဲ၊ သမီးမြကြည်ဖြူလေ"

ဒေါ်သူဇာလှိုင် မျက်လုံးထဲ မျက်ရည်လည်နေ၏။ မြကြည်ဖြူ မျက်နှာကလေးမှာ အေးချမ်းနေသည်။ ဒေါ်သူဇာလှိုင်ကို နှစ်သိမ့်ဟန်ဖြင့် ပြောနေ၏။

"ကိစ္စမရှိပါဘူး အန်တီရယ်၊ ဖြစ်တောင့်ဖြစ်ခဲ အသက်တစ်ချောင်းကို ကယ်ခွင့်ရတဲ့အတွက် သမီးကကောင်းဝမ်းသာနေတာပါ"

"အို....သမီးရယ်"

ဒေါ်သူဇာလှိုင် ကြေကွဲရပါပြီ။ မျက်နှာလည်း ကွက်ခ
ဖျက်သည်။ အပြစ်ရှိသူ ... ယောက်၏ တောင်းပန်တိုးလျှ
သော မျက်နှာ၊ မျက်... များကို တွေ့ရသည်။ မြကြည်ဖြူ
သည် အပြစ်ကင်းစင် ဖြူစင်သော ပန်းပွင့်အပြုံးကလေးလို ပြုံ
ပြရင်း အေးချမ်းစွာပြောသည်။

"သမီးခုစတနာက ဖြူစင်မွန်မြတ်ပါတယ် အန်ကယ်
ကျေးဇူးတင်ခံချင်လို့ ကူညီခဲ့တာလဲ မဟုတ်ပါဘူ
အန်တီမဟုတ်ဘဲ တခြားတစ်ယောက် ဆိုရင်လဲ သမီ
ကူညီမှာပါ၊ အယုတ်အလတ် အမြတ်ရွေးနေမှာ မဟုတ
ပါဘူးရှင်၊ တစ်ခုတော့ အန်တီ့ကို ပြောခဲ့ချင်ပါတယ်
စေတနာနဲ့ မေတ္တာဆိုတာ ငွေနဲ့တန်ဖိုး ဖြတ်မရသလ
ဝယ်မရပါဘူးရှင်၊ သမီးကို ခွင့်ပြုပါဦးနော်"

မြကြည်ဖြူ နှုတ်ဆက်ကာ စက်ဘီးကိုနင်းထွက်ခဲ့၏။ ဦးမင်
ထင် ပါးစပ်အဟောင်းသားနှင့် ကျန်ခဲ့သလို ဒေါ်သူဇာလှို
အီခနဲ ရှိုက်သည်။

ဦးမင်းထင် သိလိုက်ပါပြီ။

မြကြည်ဖြူနှင့် ဒေါ်သူဇာလှိုင်ကြားတွင် အဖုအထစ်တော
ရှိနေပြီ။ ဦးမင်းထင်က ဒေါ်သူဇာလှိုင့်မျက်နှာကို ကြည့်သည်
မျက်လုံးတွင် မေးခွန်းများစွာ။

ဒေါ်သူဇာလှိုင် ဇာတ်စုံခင်းပြသည်။ ဦးမင်းထင် ခေါင်း
တဆတ်ဆတ် ညိတ်နေ၏။

"အင်း....မင်း သိပ်မှားတယ် သူဇာ၊ ကြည့်စမ်း
မြကြည်ဖြူဟာ ဘယ်လောက် သဘောထားကြီးသလဲ



မင်းလိုသာ မာနတွေ၊ အာဃာတတွေ၊ အငြိုးအဖျက်
တွေ ထားခဲ့မယ်ဆိုရင် မင်း လူ့ဘဝမှာ အသက်ရှင်
ခွင့်တောင် ရတော့မှာမဟုတ်ဘူး သူဇာ"

"သူဇာမှားပါတယ် ကိုကို၊ နောင်တလဲရပါပြီ၊ သား
လေးနဲ့ ပတ်သက်ပြီး မြကြည်ဖြူကို အသိပေးလိုက်ရ
အောင်၊ နော်....ကိုကို"

"မင်း ဆိုလိုတာက...."

"မေးဖို့လိုသေးလား ကိုကို၊ သမီးလေးဖြူလို သဘော
ဖြူ မနောဖြူတဲ့ သမီးကို သူဇာတို့ ဘယ်မှာသွားရှာမလဲ
လို့"

ဦးမင်းထင် ကျေကျေနပ်နပ်ကြီး ပြုံးနေလေသတည်း။

* * *

"ဟယ်....တကယ်....တကယ်ပြောတာလား အန်တီ၊ မင်းမင်း
မင်းမင်း ဘာမှမဖြစ်ဘူးနော်"

မြကြည်ဖြူသည် ဒေါ်သူဇာလှိုင်ထံမှ မင်းမင်း သတင်းကို
ကြားရသောအခါ ဟန်မဆောင်နိုင်တော့။ ဒေါ်သူဇာလှိုင့်
လက်ကို တစ်အား ဆုပ်ကိုင်ကာ အငမ်းမရ ဝမ်းသာအားရ
မေးမိတော့သည်။ ဦးမင်းထင်မျက်နှာမှာ ပြုံးပြုံးကြီး။

ပန်းကမ္ဘာမှ ကလေးများနှင့် ထင်အေးကြည်တို့က သူတို့ကို
ဝိုင်းကြည့်နေကြသည်။

ဘာမှမဖြစ်ပါဘူး သမီးရယ်၊ မင်းမင်းက သဘော်သားဖြစ်ပြီး နိုင်ငံခြားရောက်နေတာပါ၊ ခုဆို တစ်နှစ်လောက်တောင် ရှိပြီပေါ့ကွယ်"

ဦးမင်းထင်က ရှင်းပြသည်။ မြကြည်ဖြူ မျက်နှာကလေးမှာ ကြည်စင် လန်းဆန်းနေ၏။

"မင်းမင်းဆီက စာလေးဘာလေး မလာဘူးလားဟင်"

"အေး....အဲဒါ သားအကျင့်ပဲကွ၊ သားက သူတစ်ခုခု လုပ်တော့မယ်ဆိုရင် ပြတ်တယ်၊ ဒါပေမယ့် စိတ်မပူနဲ့ သမီး၊ ဖေဖေတို့ သူ့အဘိုးဆီ ဖုန်းဆက်ပြီး မေးမယ်၊ သူ့ဆီ စာလဲထည့်မယ်၊ သမီးလဲ စိတ်ချမ်းသာ ကိုယ်ချမ်းသာ နေတော့"

"ဖအေကြီး ပြောတာ အမှန်ပဲသမီး၊ မေမေတို့မှာ သားအစား သမီးကိုပဲ ချစ်စရာရှိပါတယ်ကွယ်"

ဦးမင်းထင်နှင့် ဒေါ်သူဇာလှိုင်တို့ထံမှ ဖေဖေ မေမေဟူသော အသုံးအနှုန်းများက မြကြည်ဖြူနားတွင်အချိုဆုံး၊ ရွှေလမ်း ငွေလမ်း ဖောက်ခဲ့ပြီကို မြကြည်ဖြူ သဘောပေါက်ခဲ့ပြီ။

ဒေါ်သူဇာလှိုင်သည် မျက်ရည်လည်နေသော မြကြည်ဖြူ လက်ကလေးကို ဆုပ်လျက်....

"သမီး၊ မေမေ့ကို ခွင့်လွှတ်နော်"

"ခွင့်လွှတ်ပါတယ် မေမေရယ်၊ သမီးကလဲ ဖေဖေနဲ့ မေမေကို တောင်းပန်ရဦးမှာပါ"

ဦးမင်းထင်နှင့် ဒေါ်သူဇာလှိုင်တို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြ၏။



"ဘာအတွက်လဲ သမီးရဲ့"

"မင်းမင်း အိမ်ကထွက်သွားတာ သမီးကြောင့်"

"ဟယ်"

"သမီးက မင်းမင်းကို လူပေါ်ကြော့အဖြစ် မိဘလုပ်စာ ထိုင်ဖြုန်းနေတာ ရှက်ဖို့ကောင်းတယ်လို့ ပြောမိတာ မေမေရဲ့၊ အဲဒါ မင်းမင်းရှက်သွားတယ်ထင်တယ်၊ အဖိုးတန် ယောကျ်ားတစ်ယောက်ဖြစ်အောင် ကြိုးစားမယ်ပြောပြီး ထွက်သွားတာပဲ၊ သမီး....သမီး မှားပါတယ် မေမေ"

ဦးမင်းထင် ကျေကျေနပ်နပ် ပြုံး၏။

"သမီး မှန်တယ် သမီး"

"ရှင်...."

"အေး....ဟုတ်တယ်၊ သမီး မှန်တယ်၊ ကိုယ့်ချစ်သူကို ဘဝမှန်ရောက်အောင် လမ်းမှန်ပေါ် တင်ပေးလိုက်တာပဲ၊ ဖေဖေကတော့ ဝမ်းသာတယ်၊ သမီးလိုလိမ္မာတဲ့ မိန်းကလေးမျိုးကိုမှ သမီးတော်ချင်တာကွယ့်၊ လူဆိုတာ အလုပ် လုပ်ရမယ်၊ ထမင်းစားဖို့ အသက်ရှင်နေတာထက် အသက်ရှင်ဖို့ ထမင်းစားရမယ်၊ နိုင်ငံ့တာဝန်ထမ်းဖို့ အသက်ရှင်ရမယ် သမီး၊ သမီး တော်တယ်၊ ဖေဖေ သမီးကို ချီးကျူးတယ်"

ဦးမင်းထင်သည် မြကြည်ဖြူ၏ ခေါင်းကလေးကို ပွတ်သပ်ကာ တစ်လုံးချင်း ပြောနေ၏။ မြကြည်ဖြူမှာ ဝမ်းနည်း ဝမ်း

သာ ဖြစ်နေသည်။ ချစ်သူအား အသက်ရှင်လျက်သာမ[ဏ] အဖိုးတန်ယောကျ်ားတစ်ယောက်အဖြစ်ပါ မြင်ရတော့မည်။

ထိုအချိန်တွင် တင်အေးကြည်က စန္ဒရားခုံတွင် ထိုင်၍ စန္ဒရားခလုတ်များကို တို့စမ်းလိုက်၏။ မြကြည်ဖြူ သတိဝင်လာသည်။

"ဖေဖေ....မေမေ၊ သမီးကို ခွင့်ပြုပါဦးနော်၊ သမီး စာသင်ရဦးမယ်"

"အေး....အေး၊သင်လေ သမီး၊ မေမေ ကြည့်နေမယ်"

ဦးမင်းထင်ရော ဒေါ်သူဇာလှိုင်ပါ ကုလားထိုင်နှစ်လုံးတွင် ဝင်ထိုင်ကြ၏။ မြကြည်ဖြူ စန္ဒရားခုံတွင် ဝင်ထိုင်လိုက်သည်နှင့် ကလေးများက စန္ဒရားရှေ့တွင် လက်ပိုက်ကာ ရပ်လာကြ၏။

"ကဲ....ခု သားတို့သမီးတို့ ဆိုရမယ့်ကဗျာက ဒေါင်းအိုးဝေဆိုတဲ့ ကဗျာနော်"

"ဟုတ်ကဲ့ပါ ဆရာမကြီး"

"ဩော်....ဖေဖေ၊ မေမေ၊ အခု ကလေးကဗျာတွေကို စန္ဒရားနဲ့ ဆိုရ သင်ရအောင် စိတ်ကူးရတာ မင်းမင်းပဲ မေမေ၊ မင်းမင်း စိတ်ကူးအတိုင်း ခု သမီး စန္ဒရားမဘတ် တတ်အောင်သင်ပြီး ဆက်သင်ပေးနေရတာပါ၊ မင်းမင်း ကျေးဇူးကြောင့် ကလေးတွေလဲ စာသင်ရတာကို ပျော်သာတယ်၊ ကျောင်းတက်ရတာကို ပျော်တယ်၊ အဓိပ္ပာယ်ရှိတဲ့ ကလေးကဗျာကလေးတွေနဲ့လဲ ကလေးတွေကို အသိဉာဏ်တွေ ပေးနိုင်ခဲ့ပါတယ်ရှင်"



ဦးမင်းထင်ရော ဒေါ်သူဇာလှိုင်ပါ သားအတွက် ပီတိဖြစ်ကာ ပြုံးနေကြ၏။ မြကြည်ဖြူက ကလေးများဘက်သို့ မျက်နှာလှည့်၍ စန္ဒရားကို စ တီးသည်။ ကလေးများနှင့် မြကြည်ဖြူ၏ ကဗျာရွတ်သံ ပေါ်လာသည်။

အစိမ်းအဝါ ရွှေရောင်စွက်လို့
အမြီးကွက်က စာမကြေ။

အရှေ့ဘက်ဆီ နေခြည်ထုက်ရင်
အိပ်တန်းဘက်မှာ ကလို့နေ။

ဘေ့လုံးညှံ့အောင် သံချိုညှင်းတဲ့
သူ့သီချင်းက သာလှပေ။

မ နှင့်မြူဆွယ် ထောင်ကာဖမ်းမှ
ညွှတ်ကွင်းလှမ်းမိ တညာဏ်ခြေ။

ဥဒေတယံ ဂါထာမြတ်ကို
မပြတ်နေ့ည ရွတ်ကြပေ။

မြန်မာ့ကျက်သရေ ဆောင်အတိတ်နဲ့
အောင်နိမိတ်က ခွပ်ဒေါင်းရွှေ။

အိုးဝေ၊ အိုးဝေ။

မြကြည်ဖြူနှင့် ကလေးများ စန္ဒရားနှင့် တီးကြဆိုကြသည်ကို ကြည့်ပြီး ဦးမင်းထင်နှင့် ဒေါ်သူဇာလှိုင်တို့မှာ သဘောကျစွာ တပြုံးပြုံးဖြစ်နေကြလေပြီ။

မြကြည်ဖြူမှာ ကဗျာကို တီးတိုးရွတ်ဆိုပြီးသည်နှင့် ဘုရားအလောင်း ဥဒေါင်းမင်း အကြောင်း၊ ဥဒေါင်း၏ ဂါထာ အကြောင်းများကိုပါ ကလေးများအား ရှင်းပြနေလေသည်။

"သမီးအလိမ္မာကလေးပါလား ကိုကိုရယ်"

"အေး....မြကြည်ဖြူရဲ့ စေတနာတွေ၊ ရည်ရွယ်ချက်တွေကို ခုမှ ပိုပြီး သဘောပေါက်လာတယ် သူဇာ၊ ကလေးဆိုတာ အင်မတန် နူးညံ့ပျော့ပျောင်းတဲ့ ဖယောင်းနဲ့ တူတယ်ကွ၊ ခုကတည်းက ဥယျာဉ်မှူးကောင်း၊ ပန်းပုဆရာကောင်းနဲ့တွေ့ရင် နိုင်ငံ့သားကောင်းရတနာတွေဖြစ်လာမှာပဲဟေ့၊ ကဲ....ဘယ့်နှယ်လဲ သူဇာ"

"ဘာကိုလဲ ကိုကို"

"မင်းသား မင်းမင်းနဲ့ သမီး ဖြူ့ကိစ္စလေ"

"အို....ပြောဖို့ လိုသေးလား ကိုကို၊ သမီးက သူဇာ့အသက်သခင်လဲ ဖြစ်၊ ပြီးတော့ သားဘဝအတွက် သမုဒယကေရီလဲ ဖြစ်နေပြီပဲ"

"သမုဒယကေရီ....ဟုတ်လား သူဇာ"

"ဟုတ်တယ် ကိုကို၊ သူ့ဘဝကို ခုမှ သမုဒယကေရီလက်ထဲကို သူဇာတို့ ယုံယုံကြည်ကြည် အပ်ရတာပေါ့ရှင်"



ဦးမင်းထင် ကျေကျေနပ်နပ်ကြီး ပြုံး၏။

မြကြည်ဖြူနှင့် ကလေးများကမူ နောက်ထပ် ကဗျာတစ်ပုဒ်ကို ရွတ်ဆိုတီးခတ်ရန် ပြင်ဆင်နေကြပြန်ပြီ။

ပန်းအမွှာ၏ အနာဂတ်သည် ယခုထက် ပိုမို၍စိုပြည် ထွန်းကားလာမည်ကိုသာ မြကြည်ဖြူ သိလျှင်....

ခန်း (၃၂)

"ရှင်...."

မြကြည်ဖြူ အံ့ဩဝမ်းသာလွန်းသောကြောင့် ရှင်ဟူသော အာမေဍိတ်သံသာ ထွက်လာနိုင်တော့၏။

ဦးမင်းထင်က တပြုံးပြုံး၊ ဒေါ်သူဇာလှိုင် မျက်ရည်အဝဲသား။

"ဟုတ်တယ် သမီး၊ သမီးကြောင့် သားဘဝ ပြောင်းလဲသွားတာ၊ လူ့ဘဝကို အဓိပ္ပာယ်ရှိရှိရှင်သန်ဖို့ သဘောပေါက်သွားတာကို ဖေဖေတို့ သိပြီးပြီလေ၊ ပြီးတော့ သမီးရဲ့ ကျေးဇူးတရားတွေဟာ မသူဇာအပေါ်မှာလဲ ကြီးမားလှပြီ၊ ဒီတော့ သားဘဝရဲ့ ဘာတဲ့....မသူဇာပြောတာ"

"သမုဒယကေရီ"

ဒေါ်သူဇာလှိုင်က ထောက်ပေးသည်။

"အေး....သမုဒယကေရီအဖြစ် သားနဲ့ လက်ထပ်ပေးဖို့ ဖေဖေနဲ့မေမေက သဘောတူလိုက်ပြီကွယ့်"



"အို....ဖြူ....ဖြူ ဝမ်းသာလိုက်တာ၊ မင်းမင်းနဲ့သမီးနဲ့ကို မခွဲတော့ဘူးပေါ့နော်၊ ဖေဖေ....မေမေ"

မြကြည်ဖြူ၏ မျက်ရည်လျှံသောမျက်လုံးများ၊ ကတုန်ကယင် အမူအရာ အပျော်မျက်လုံးများကို ကြည့်ပြီး ဒေါ်သူဇာလှိုင်သည် မြကြည်ဖြူအား ရင်ခွင်ထဲတွင် ပွေ့ဖက်ထားလိုက်သည်။ မြကြည်ဖြူသည်လည်း ဒေါ်သူဇာလှိုင်အား အားကိုးချစ်ခင်စွာ ပြန်လည် ဖက်တွယ်ထားမိသည်။ အပျော်လွန် မျက်ရည်ပွင့်ကလေးသည် မျက်တောင်ဖျားမှ လျှောကျသွားလေသည်။

ဒေါ်သူဇာလှိုင်သည် မြကြည်ဖြူ၏ မေးဖျားလေးကို လက်နှင့် မကာ မျက်ရည်များကို သုတ်ပေးနေသည်။

"မငိုပါနဲ့ သမီးရယ်၊ သမီးအတွက် ငိုရမယ့်အချိန် မဟုတ်တော့ပါဘူးကွယ်"

"ဟုတ်တယ် သမီး၊ သူဇာပြောသလိုပဲ သမီးအတွက် ပျော်ရွှင်ကြည်နူးရမယ့် အချိန်ကို ရောက်ပြီကွယ့်"

မြကြည်ဖြူတစ်သက်တွင် အပျော်ဆုံး နေ့ရက်ကလေးပါ။

မင်းမင်းရယ်....

မြကြည်ဖြူလေ မောင့်ကို သိပ်ချစ်တယ်ကွယ်။

* * *

"ဗျာ...."

ဦးမင်းထင် နှုတ်ဖျားမှ ထိတ်လန့်တကြား ထွက်သွား၏။ တယ်လီဖုန်းကိုလည်း ဒေါသတကြီး ဆုပ်ထားမိသည်။ နားကို မယုံချင်။

"မင်းထင်.... မင်းထင်၊ ငါ ပြောတာ ကြားလား၊ ငါ ပြောတာ ကြားလား"

ဦးမင်းကျော်ထင်၏ အသံက စကားပြောခွက်ထဲမှ ပေါ်ထွက်လာပြန်၏။ ဦးမင်းထင်သည် ဒေါ်သူဇာလှိုင်ကို လည်းကောင်း၊ မြကြည်ဖြူအား လည်းကောင်း ဇဝေဇဝါ လှမ်းကြည့်သည်။ အကြည့်သည် တဖြည်းဖြည်း ဝေဝါးလာ၏။

"မင်းထင်၊ ငါ ပြောနေတာ ကြားလား"

ဦးမင်းကျော်ထင်၏ ဒေါသထကြီး အသံကို ဖုန်းထဲမှ ထပ်မံကြားလိုက်ရပြန်၏။ သည်တော့မှ ဦးမင်းထင် အသက်ဝင်လာသည်။

"ဟုတ်.... ဟုတ်ကဲ့ ကြားပါတယ် အဖေ"

"အေး၊ အဲဒါပဲ၊ သူတို့ သင်္ဘောက စစ်ပွဲဇုံ ဖြစ်တဲ့ ဟော်မုဇ် ရေလက်ကြားထဲ အဖြတ်မှာ အမည်မသိတဲ့ လေယာဉ် တစ်စင်းက ဒုံးကျည် သုံးစင်းနဲ့ ပစ်သွားတယ် ပြောတယ်၊ သင်္ဘောသားတွေ သေသူသေ၊ ပျောက်သူ ပျောက် ဖြစ်တယ်လို့ သိရတယ်၊ မင်းမင်းကို တော့ ခုထိရှာမတွေ့သေးဘူးတဲ့၊ သူဇာကိုရော၊ မြကြည်ဖြူကိုရော မင်း ကောင်းသလိုသာ ကြည့်ပြောထား၊ အခြေအနေကတော့ အွန်ဒီသည်မာကျင်ပဲ"

ဦးမင်းထင် ကျောက်ရုပ်။ တစ်ဖက်က စကားများကို မကြားတစ်ချက် ကြားတစ်ချက်။ မျက်ရည်များက ဝိုင်းလာသည်။

"မင်းထင်၊ ငါ ပြောတာ ကြားလား"



"ဟုတ်.... ဟုတ်ကဲ့"

"ဒါပဲဟေ့၊ ထူးခြားရင် ငါ ဖုန်းထပ်ဆက်မယ်"

ဦးမင်းကျော်ထင် တယ်လီဖုန်း ချသွား၏၊ ဒေါ်သူဇာလှိုင်နှင့် မြကြည်ဖြူမှာ ဦးမင်းထင် မျက်နှာကို လှမ်းကြည့်နေသူများ ပီပီ မျက်နှာရိပ် မျက်နှာကဲကို တွေ့ရ၏။ တယ်လီဖုန်းကို ကိုင်ကာ ငိုင်နေသောဦးမင်းထင်ကို ကြည့်ပြီး ကြေကွဲ ဝမ်းနည်းဖွယ်ရာ အကြောင်း တစ်ခုကို ကြားလိုက်ရပြီမှန်း သိလိုက်၏။

"ကိုကို.... ကိုကို၊ ဘာလဲဟင်၊ ဘာဖြစ်တာလဲ၊ သားလေး အကြောင်းလား ဟင်၊ ပြောစမ်းပါ ကိုကိုရဲ့"

"ဟုတ်လား ဖေဖေ၊ မင်းမင်း အကြောင်းလား"

ဦးမင်းထင် သက်ပြင်းချလိုက်သည်။ ဒေါ်သူဇာလှိုင်နှင့် မြကြည်ဖြူကို မျက်နှာချင်း ဆိုင်၏။ ဖုံးကွယ်လည်း မထားချင်တော့။

"အေး၊ သား သတင်းပဲ သူဇာ"

"ဘာ.... ဘာတဲ့လဲ ဖေဖေ၊ မင်းမင်း ဘာဖြစ်လို့လဲ ဟင်"

"ပြောစမ်းပါ ကိုကိုရဲ့"

မြကြည်ဖြူက အလောတကြီး မေးသည်။ ဒေါ်သူဇာလှိုင် လက်ကို ကိုင်လှုပ် မေး၏။

"အေး.... သားတို့ သင်္ဘော ဟော်မုဇ် ရေလက်ကြားထဲမှာ ဒုံးကျည်နဲ့ အပစ်ခံရတယ်"

"အို...."

"ဘုရား ဘုရား"

မြကြည်ဖြူ မျက်နှာတွင် သွေးမရှိတော့။ ဒေါ်သူဇာလှိုင် ဘုရားတရင်း ယိမ်းယိုင်သွား၏။

"မေမေ"

မြကြည်ဖြူသည် ဒေါ်သူဇာလှိုင်ကို ပွေ့ထားလိုက်ရ၏။ ဦးမင်းထင်သည် ဇနီးဖြစ်သူနားသို့ ရောက်လာသည်။

"သူဇာ.... သူဇာ၊ သတိထားလေ၊ သား ဘာမှ မဖြစ်ပါဘူးကွ၊ တခြား သင်္ဘောတစ်စင်းက ကယ်သွားတယ် ပြောတယ်၊ ဒဏ်ရာတော့ နည်းနည်းပါးပါး ရတယ် ပြောတယ်"

ဦးမင်းထင် မှသား သုံးရတော့၏။ ဒေါ်သူဇာလှိုင် မျက်နှာ ဝင်းလာ၏။ မြကြည်ဖြူလည်း မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်နေရာက သွေးရောင် လွှမ်းလာသည်။

"ကိုကို အမှန်ပဲနော်"

"ဩော်.... သူဇာရယ်၊ ငါ ညာပါ့မလားကွာ၊ ဒါ ညာရမယ့် ကိစ္စမှ မဟုတ်တာ"

"တော်ပါသေးရဲ့ရှင်၊ ဘုရား.... ဘုရား"

ဦးမင်းထင်သည် မြကြည်ဖြူ၏ အကူအညီဖြင့် ဒေါ်သူဇာလှိုင်အား အိပ်ခန်းထဲသို့ ခေါ်ခဲ့သည်။ ပြီးတော့မှ ဆေးတိုက်ကာ အနားယူစေ၏။

"ကဲ.... မင်း နားဦးကွာ၊ သမီးကော ကျောင်းရှိသေးတယ် မဟုတ်လား"



ဦးမင်းထင်က မျက်နှာရိပ် မျက်နှာကဲပြကာ အခန်းပြင်သို့ ခေါ်ထုတ်ခဲ့သည်။ ဒေါ်သူဇာလှိုင်ကိုကား အိမ်ဖော်မလေးနှင့် ထားခဲ့၏။ ဧည့်ခန်းသို့ ရောက်တော့မှ ဦးမင်းထင်က အဖြစ်မှန်ကို ရှင်းပြသည်။ မြကြည်ဖြူ အားတင်း၍ နားထောင်နေရသည့်ကြား မျက်ရည်များ ပိုးပိုးပေါက်ပေါက် ကျနေ၏။

"စိတ်မကောင်း မဖြစ်ပါနဲ့ သမီးရယ်၊ ဖေဖေတို့လဲ သားပါ၊ ခု အခြေအနေက အများကြီး မျှော်လင့်ချက် ရှိပါတယ်"

မြကြည်ဖြူ မျက်ရည်သုတ်သည်။ အားတင်းသော်လည်း ကြေကွဲခြင်းက မပြေနိုင်။ တစ်သက်တွင် မဆုံစည်းနိုင်တော့ဟု ထင်ခဲ့၏။ ထိုစဉ် ကံကြမ္မာက မျက်နှာသာပေးသောကြောင့် ချစ်သူနှင့် နီးစပ်လာပြန်သည်။

ယခုမူ ကံဇာတ်ဆရာက မြကြည်ဖြူနှင့် သူ့အား ခွဲလိုက်ပြန်ပြီ။

"ဖေဖေလဲ စိတ်မကောင်းဘူး သမီး၊ မင်းမင်းကို အဖိုးတန်တဲ့ သားကောင်းရတနာ ဖြစ်လာမှ ဆုံးရှုံး အို.... မဆုံးရှုံးနိုင်ဘူး၊ ဟုတ်တယ်၊ မဆုံးရှုံးသေးဘူး၊ သား ဟာ ပင်လယ်ထဲမှာ အသက်ရှင်နေရမယ်၊ ဟုတ်တယ်၊ သား အသက်ရှင်နေရမယ်"

ဦးမင်းထင် အရူးတစ်ယောက်နှယ် ပြောနေသည်ကို နားမထောင်ရက်တော့သောကြောင့် မြကြည်ဖြူ ဧည့်ခန်းမှ ပြေးထွက်ခဲ့မိလေတော့သည်။

"ဟဲ့.... သမီး၊ မြကြည်ဖြူ"

ဦးမင်းထင်၏ အသံကို ကြားသော်လည်း မြကြည်ဖြူ၏ ဟူသော အလွမ်းငှက်ကလေးသည် သံသရာဆုံးအောင်ပင် ထွက်ပြေးသွားချင်ပါ၏။ ထွက်ပြေး ပျောက်ကွယ်သွားချင်ပါ၏။

* * *

မောင်ရယ်....

စိတ်ထဲတွင် တမ်းတသည်။ ကြေကွဲ တိမ်းမူးစွာပင် သည်းအူပြတ်မျှ ငိုကြွေးနေမိ၏။ ခေါင်းအုံးသည် မျက်ရည်ဖြင့် နစ်နေပြီ။ ငိုကြွေးရင်းက နှုတ်ခမ်းကို ကိုက်၍ စိတ်ကို တင်း၏။ မရ။ ဝမ်းပန်းတနည်း ရှိုက်ကြီးတငင် သည်းလှိုက် အူလှိုက်ပင် ငိုကြွေးပစ်လိုက်သည်။ ငိုရင်းက ရင်ထဲတွင် နာလာသည်။ ရင်နာသည် ဆိုသော စကားကို နားလည်လာ၏။ ငို၍ အားရတော့မှ အံကြိတ်သည်။ စိတ်ကို ထိန်းသည်။ ခုတင်ပေါ် မှောက်လျက်သား ခေါင်းအုံးပေါ် မျက်နှာအပ် ငိုနေရာက ထထိုင်သည်။ အခန်းဝမှ အသံ ကြားသောကြောင့် ဖျတ်ခနဲ လှည့်ကြည့်၏။ မေမေ့ကို တွေ့လိုက်ရသည်။

"မေမေ ဝင်ခဲ့မယ် သမီး"

မေမေ သူ့နားသို့ ရောက်တော့ ကြေကွဲ ဝမ်းနည်းလာပြန်ပြီ။ မေမေ့ကို ဖက်၍ ငိုကြွေး ရှိုက်ငင်မိပြန်၏။ မေမေက ဘာမှ မမေး။

ခေါင်းကဆံပင်ကိုသာ ပွတ်သပ်၍ နှစ်သိမ့်သည်။ ငို၍အားရတော့မှ အဖြစ်အပျက်ကို ပြောပြရသည်။ မေမေ မျက်ရည်လည်သည်။ မငိုပါ။ စိတ်ဘင်းထားပုံရ၏။ မေမေ စကား တစ်ခွန်းတော့ ပြောသည်။



"ဟုတ်တယ် သမီး၊ ကိုမင်းထင် ပြောတာကို မေမေ လဲ ယုံကြည်တယ်၊ မင်းမင်းဟာ သေမင်းကို အာခံ အန်တုမယ့် ယောက်ျားကွယ့်၊ သူ မသေနိုင်ပါဘူး ကွယ်"

ခဏတော့ အားတက်သလိုရှိသား၊ ပြီးတော့မှ ခေါင်းခါ မိသည်။ ဒိုးကျည်နှင့်အပစ်ခံရမှတော့ အရိုးအသားတောင် အစ ရှာတွေ့တော့မည် မဟုတ်၊ ဦးမင်းထင်က သူ့ကျေနပ်အောင် လျော့ပေါ့ပြောသည်ကို နားလည်၏။

"သူ မရှိတော့ပါဘူး မေမေရယ်၊ သမီး သိပါတယ်၊ သူ မရှိတော့ပါဘူး"

"ကြော်... သမီးလေးရယ်"

မြကြည်ဖြူသည် မေမေ့ ရင်ခွင်ထဲတွင် ကလေးလေးနှယ် ရှိုက်နေမိ၏။

မောင်ရယ်....

မောင့် သမုဒ္ဒယဧကရီမလေးလေ....

ခုတော့....

သောကဧကရီ ဖြစ်နေပြီကွယ်....

မောင်ရယ်....

ဘာပဲဖြစ်ဖြစ် မောင့်ကို သိပ်ချစ်တယ်။

## စာစု (၃၃)

နှင်းပွင့်ကြွေကြွေ တဖွဖွဖြင့် ဆောင်းစ လသို့ပင် ရောက်ခဲ့ပြီ၊ ရာသီစက်ဝန်းသည် နှင်းပွန်း ဟေမန်ကို ဝင်လာပြီ။

မင်းမင်း၏ သတင်းကို အစအနမျှ မကြားရတော့၊ မြကြည်ဖြူမှာ ပန်းကမ္ဘာတွင်သာ ဘဝကို မြှုပ်နှံထားတော့သည်။ ချစ်သူ၏ စန္ဒရားကို အလွမ်းပြေ တီးလျက် ကလေးများအား ကဗျာများ သင်ပေးလျက် နေ့နှင့်ညကို ကုန်ဆုံးစေခဲ့သည်။

သို့သော် မြကြည်ဖြူသည် သောကကြောင့် ပါးလျားပိန်ကျလာလေသည်။

သည်မနက် မြူကလည်း ဝေနေ၏။ မြကြည်ဖြူ အိမ်ကစောစောပင် ထွက်လာခဲ့သည်။ ပန်းကမ္ဘာရှေ့ ရောက်တော့ မြကြည်ဖြူ ရင်ထဲ ထိတ်ခနဲဖြစ်သွား၏။ ယာမာဟာ မော်တော်ဆိုင်ကယ်တစ်စီးကို ပန်းကမ္ဘာရှေ့တွင် တွေ့လိုက်ရသောကြောင့်ဖြစ်သည်။



မြကြည်ဖြူ ဇွဲနဲ့မဆည်နိုင်တော့၊ ပန်းကမ္ဘာထဲသို့ ပြေးဝင်ခဲ့၏။ စာသင်ခန်းကလေးထဲသို့ အရောက်တွင် စန္ဒရားရှေ့၌ ထိုင်နေသော လူတစ်ယောက်ကို တွေ့လိုက်ရသည်။

"မောင်....မောင်....မင်းမင်း"

မြကြည်ဖြူ အပြေးတစ်ပိုင်းလျှောက်လာ၏။ စန္ဒရားရှေ့တွင် ထိုင်နေသူက ဖျတ်ခနဲ လှည့်ကြည့်တော့မှ ဆတ်ခနဲ တုံ့ရပ်သွား၏။

"မြကြည်ဖြူ.... ကျွန်တော် ချစ်တိုင်းအောင်ပါဗျာ....၊ မင်းမင်း မဟုတ်ပါဘူး"

သည်တော့မှ အဟောင်းတွေက အသစ် ဖြစ်လာပြန်၏။ ချစ်တိုင်းအောင်မှာ မင်းမင်း၏ အချစ်ဆုံး သူငယ်ချင်းတစ်ယောက်။

"ဪ....ကိုချစ်တိုင်းအောင် နေ့ "

"ဟုတ်ပါတယ်ဗျာ၊ ကျွန်တော်လဲ မင်းမင်း သတင်းကြားတာနဲ့ စိတ်မကောင်းတဲ့ အကြောင်း လာပြောတာပါ"

"ကျေးဇူးတင်ပါတယ် ကိုချစ်တိုင်းအောင်"

မြကြည်ဖြူ အသံမတုန်အောင် ထိန်းရသည်။ မျက်တောင်များဖြင့် မျက်ရည်သိမ်းသည်။

"မင်းမင်းတို့ကိစ္စဖြစ်တာ သုံး လေးလ ရှိသွားပြီနော်"

"ဟုတ်ကဲ့"

"ဦးလေးတို့ ဆွမ်းသွတ်တာလဲ ကျွန်တော် ကြားလိုက်ပါတယ်"

"ဟုတ်ကဲ့"

"အန်တီလဲ နှလုံးရောဂါပြန်ထနေတယ် ကြားတယ်"

"ဟုတ်ကဲ့"

"မင်းမင်း ကံဆိုးပါတယ်ဗျာ၊ အင်း.... ဒီကောင်သာ သဘော်မလိုက်ခဲ့ရင် ဒီလိုဖြစ်မှာမဟုတ်ဘူး နော်"

မြကြည်ဖြူ တင်းထားသော်လည်း မရ၊ မင်းမင်း အလုပ်လုပ်အောင် သူ တိုက်တွန်းခဲ့၏။ သူ့ပယောဂကြောင့် မင်းမင်း အသက် ဆုံးခဲ့ရသည်ဟု ဆိုနိုင်သည်။ ဒေါ်သူဇာလှိုင်အား မျက်နှာမပြရဲ၊ ဦးမင်းထင်ကမူ သဘောထားကြီးရှာ၏။

"ကျွန်မ တောင်းပန်ပါတယ် ကိုချစ်တိုင်းအောင်ရယ်၊ ဒီအကြောင်းတွေ မပြောပါနဲ့တော့ရှင်၊ ကျွန်မ နား မထောင်ရဲလို့ပါ"

"ဆောရီး မြကြည်ဖြူ"

ချစ်တိုင်းအောင် ဘာမျှထပ်မပြောတော့၊ ခဏအကြာ၀ယ် နှုတ်ဆက်ပြန်ထွက်သွား၏။ မြကြည်ဖြူ မျက်နှာကို စန္ဒရားပေါ်တွင် အပ်၍ ငိုရှိုက်နေမိ၏။

"တီချယ်....မငိုနဲ့နော်"

လက်မောင်းကို ကိုင်၍ ပြောလာသံကြောင့် ဆတ်ခနဲ လှည့်ကြည့်မိ၏။

စကားဝါ သူမအား နှစ်သိမ့်နေသည်။ သို့သော် စကားဝါ မျက်ရည်ဝဲလျက်။

"ဦးမင်းမင်းကို သမီး ရိုက်မယ် တီချယ်၊ တီချယ် မငိုပါနဲ့နော်"



"ဩော်....သမီး စကားဝါရယ်"

မြကြည်ဖြူ မျက်ရည်သုတ်လျက် စကားဝါအား ပွေ့ချီလိုက်သည်။ စကားဝါက မြကြည်ဖြူ၏ မျက်ရည်စများကို သုတ်ပေးသည်။ မြကြည်ဖြူ အင်အားသစ်များ ဝေလာပြန်၏။ ကလေးများနှင့် စာသင်နေရလျှင်၊ ကဗျာရွတ်နေရလျှင် မြကြည်ဖြူ အလွမ်းကို မေ့ထားနိုင်၏။ သောကကိုဖျောက်ထားနိုင်၏။

ထိုနေ့က တစ်နေ့လုံး မြကြည်ဖြူသည် ကဗျာများကို တစ်ပုဒ်ပြီး တစ်ပုဒ် စန္ဒရားနှင့်တီးကာ ကလေးများနှင့် ဆိုသည်။

တင်အေးကြည်မှာ မြကြည်ဖြူ၏ သောကကို သိသူပီပီ စိတ်မကောင်းနိုင်တော့၊ ကလေးများကမူ စန္ဒရားဖြင့် ကဗျာရွတ်ရ၊ အမူအရာလုပ်ရသောကြောင့် ပျော်ရွှင်နေကြသည်။ မြကြည်ဖြူ ခြကုန်လက်ပန်းကျသွားတော့မှ ရပ်နားလိုက်၏။

တင်အေးကြည်က နှစ်သိမ့်ပုံး ပုံးပြသော်လည်း မြကြည်ဖြူ မပြုံးနိုင်ခဲ့၊ သောကဝေဒနာသည် မြကြည်ဖြူရင်ထဲ၌ တောကြီးမျက်မည်း ဖြစ်ခဲ့လေပြီတည်း။

* * *

မြကြည်ဖြူစိတ်ထဲ ထောင်းခနဲဖြစ်သွား၏။ မဖြစ်ခံနိုင်ရိုးလား၊ ကြည့်လေ။

ဆံပင်က ကျောထောက်နေပြီ၊ ဘောင်းဘီကလည်း အစုတ်စုတ် အင်္ကျီကလည်း အပြတ်ပြတ်၊ လူပုံက သူတောင်းစားထက်ပင် စုတ်ပြတ်နေသည်။

သင်းက စန္ဒရားခုံတွင် အမြိုင့်သားထိုင်ကာ စန္ဒရားခလုတ်ဖြူဖြူကလေးများကို တို့ထိ ကစားနေသေးတော့။

မြကြည်ဖြူ စိတ်ဆိုးမာန်ဆိုးဖြင့် ဝေါက်မည်ပြုပြီးတော့မှ ပေါ်ထွက်လာသော စန္ဒရားသံကြောင့် ခြေလှမ်းတုံ့၏။ နှုတ်ဆွံ့၏။ စန္ဒရားသံသည် သံစဉ်တစ်ခုကို ပီပြင်စွာ ဖော်ညွှန်းနေသည်။

မည်သို့ပင်ဖြစ်စေ....

မြကြည်ဖြူ ခွင့်မလွှတ်နိုင်။

သူ့ဘောင်းစားက ရာရာစစ သူ့ချစ်သူ၏ စန္ဒရားကိုမှ အမြိုင့်သား လာတီးနေသည်။ မြကြည်ဖြူ ခြေလှမ်းကျဲကြီးများဖြင့် လျှောက်သွားပြီး ထိုသူတောင်းစား၏ ကျောနောက်တွင် ရပ်သည်။

"ဒီမှာရှင့်....ဒီမှာ...."

ထိုသူ မလှုပ်၊ စန္ဒရားခလုတ်များကိုသာ ဆက်၍နှိပ်နေသည်။ တီးနေသည်။

"ရာရာစစ၊ ရှင်နဲ့ ဒီစန္ဒရားနဲ့ ဘာဆိုင်လို့လဲ၊ ရှင် ခုထွက်သွားစမ်း"

"ကျွန်တော် ကဗျာတစ်ပုဒ်လောက် တီးချင်လို့ပါဗျာ"

"အို....မတီးရဘူး....မတီးရဘူး၊ ဒီ စန္ဒရားကို ကျွန်မချစ်သူက လွဲပြီး ဘယ်သူမှ မတီးရဘူး"

မြကြည်ဖြူက ဒေါသတကြီး ဖြစ်နေသလောက် ထိုသူက မလှုပ် မချောက်။

"တစ်ပုဒ်တည်းပါဗျာ"



"အို....တစ်ပုဒ်မှမတီးရဘူး၊ ခုထွက်သွား"

မြကြည်ဖြူ၏ဒေါသ အထွတ်အထိပ်ကို ရောက်နေပြီ၊ ထိုသူက မလှုပ်သေး။ မြကြည်ဖြူ တစ်ကိုယ်လုံး တဆတ်ဆတ် တုန်နေပြီ။ လက်ဝါးက ယားနေပြီ။

"တစ်ပုဒ်တီးပြီးမှ ထွက်သွားမယ်"

"တစ်ပုဒ်မှ မတီးရဘူး"

မြကြည်ဖြူ အသံကျယ်လောင်သွားသည်။

"ခင်ဗျား သိပ်ရက်စက်တယ်"

ထိုသူက ပြောပြီး သူ့ဘက်သို့ မျက်နှာမူလာ၏။ မျက်နှာပေါ်တွင် မုတ်ဆိတ်မွေး ပါးမြိုင်းမွေးများအပြင် နေကာမျက်မှန်ကိုလည်း တပ်ထားသေး၏။ ဆံနွယ်ရှိင်းများက မျက်နှာပေါ် နဖူးပေါ်သို့ ဝဲကျနေသေးသည်။ သူ့ကိုကြည့်ရင်း မြကြည်ဖြူ ဘာဆက်ပြောရမှန်း မသိတော့။ သူက မြကြည်ဖြူကို စေ့စေ့ကြည့်၏။ ပြီးမှ....

"မင်းမင်းသာဆိုရင် ခင်ဗျား ခုလို မောင်းထုတ်မှာ မဟုတ်ဘူးနော်"

"ရှင်"

"ဩော်....မင်းဇေယျာသာဆိုရင် ခင်ဗျား မောင်းထုတ်မှာ မဟုတ်ဘူးလို့"

မြကြည်ဖြူ တေမိမိလေး ဖြစ်သွားသည်။ အရှူးက တစ်မူးသာနေပြီမှန်း သိနေ၏။ ထိုစဉ် ကလေးများအသံကို ကြားရသည်။ မြကြည်ဖြူ ကလေးများဘက်သို့ အာရုံရောက်သွားသည်။ ကလေးများက ထိုအရှူးကို ဝိုင်းကြည့်နေလေပြီ။

မြကြည်ဖြူ သတိရ၍ ပြန်ကြည့်သောအခါ သကောင့်သားက စန္ဒရားခုံတွင် ပြန်ထိုင်ရင်း အသံစမ်းနေသည်။ စန္ဒရားသံက ဖြောင့်လို၊ ချောလို။ ထိုစဉ် သူ့အသံကိုကြားရ၏။

ကြာဖြူ ကြာနီ ကြာညိုနှောလို
တို့လယ်တောမှာ ပွင့်ကြတယ်။

သူက စန္ဒရားနှင့်တီးရင်း ဆိုသည်။ ကလေးများ ပထမ ကြောင်နေ၏။ သူက....

"ကဲ....ကလေးတို့ ဆိုလေ၊ ကြာဖြူ၊ ကြာနီ၊ ကြာညိုနှောလို"

သူက အသံပြပေးရင်း ဆိုသွား၏။ ကလေးများက လိုက်ဆိုသည်။

တို့လယ်တောမှာ ပွင့်ကြတယ်။
တို့လယ်တောမှာ ပွင့်ကြတယ်။
ကောက်စိုက်အပြန် ရေကန်ကြီးက....
ကောက်စိုက်အပြန် ရေကန်ကြီးက....

ကလေးများနှင့် လမ်းမိုင်းကပ်သွားပြီ၊ ကလေးများ ရပြီးသား ကဗျာ ဖြစ်သောကြောင့် အဆင်ပြေသွား၏။ သူက စန္ဒရားတီးရင်း ခေါင်းဆတ်ပြသည်။ သူလည်း ဆိုသည်။



ကောက်စိုက်အပြန် ရေကန်ကြီးက....
ကြာတစ်စည်းလောက် ချိုးခဲ့ကွယ်။

ကြာပွင့်ကြာငုံ ထုံထုံမွှေးလို့....
မထွေးဘယ်လို သုံးပါမယ်။

ကြာရိုးကြာနွယ် ဘယ်ညာဆစ်လို့
ရွှေကြာဆစ်ကြိုး ဆွဲပါမယ်၊
ဆွဲမယ်၊ ဆွဲမယ်။

မြကြည်ဖြူမှာ သူ့အသံကို နှားထောင်ရင်းက ကြားနေကျ နားရည်ဝနေခဲ့သော အသံဟု ခံစားလာရသည်။ သူ စန္ဒရားတီးဟန်ကိုလည်း မျက်စိထဲမြင်ဖူးနေ၏။ ဇဝေဇဝါ ဖြစ်နေစဉ် ကဗျာပြီးသွားသောကြောင့် သူသည် မြကြည်ဖြူဘက် မျက်နှာလှည့်လာ၏။ မျက်နှာပေါ်တွင် နေကာမျက်မှန် မရှိတော့။ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများလည်း မရှိတော့။

"ဟင်.... မောင်.... မောင်.... မင်းမင်း၊ မင်းမင်း၊ မင်းမင်း"

မြကြည်ဖြူရင်ထဲက မေတ္တာရေကာတာသည် ကျိုးပေါက်သွားလေတော့၏။

ပြုံးပြုံးကြီး သက်ကမ်းပေးနေသော မင်းမင်း ရင်ခွင်ထဲသို့ ပြေးဝင်ခဲ့၏။ ရင်ဘတ်ကျယ်ကြီး ထဲတွင် မျက်နှာ ကြူကြူပါအောင် ငိုကြွေးလေသည်။

"ဖြူ....အချစ်၊ မငိုနဲ့လေကွယ်၊ မောင် ပြန်လာပြီလေ၊ တိတ်....တိတ်နော်"

မင်းမင်းက မြကြည်ဖြူ မျက်နှာကလေးကို ဆွဲမော့ကာ မျက်ရည်များကို သုတ်ပေး၏။ ပြီး... မြကြည်ဖြူ၏ နဖူးကလေးကို မြတ်နိုးယုယ ဖြူစင်စွာ နမ်းသတည်း။

"ဖြောင်း....ဖြောင်း....ဖြောင်း....ဖြောင်း"

ကလေးများ၏ လက်ခုပ်သံ တစ်ပြိုင်နက် ထွက်လာ၏။ မြကြည်ဖြူ ရှက်သွားသည်။

"မသာမ၊ နင်ကစတီးတော့ ကလေးတွေလဲ တီးတော့ မှပေါ့ဟ"

မင်းမင်းက တင်ဇအေးကြည်ကို ဆဲသည်။ တင်အေးကြည်က အပြုံးမပျက်။

"မသာကောင်၊ နင်လုပ်လို့ မြကြည်ဖြူ ဘယ်လောက် ပိန်သွားတယ်ဆိုတာ တွေ့လားဟင်"

မင်းမင်း ဘာမျှမပြောတော့။

"ကဲ....ကလေးတို့ လာကြ၊ ကျောင်းအပြင်မှာ ကျန်းမာရေး လေ့ကျင့်ခန်း လုပ်ရမယ်"

တင်ဇအေးကြည် ကလေးများကို စာသင်ခန်းအပြင်သို့ ခေါ်ထုတ်သွားလေသည်။

"ဖြူ"

"မောင်ရယ်"



"မောင့် သမုဒယ ကေရှိဆီ အရင်လာတာဗျ၊ တို့ဆီတောင် မရောက်သေးဘူး"

"ဟယ်....ဟုတ်လား၊ မောင် သိပ်ဆိုးတာပဲ၊ ဒါနဲ့ ဒီအဝတ်စုတ်တွေက...."

"ဖြူ့ဆီ ရှပ်ဖျက်လာတာလေ၊ ဖြူများ မောင့်ကို မုန်းသွားပြီလားလို့၊ ပြီးတော့ ဒီအဝတ် အစားတွေက ပင်လယ်ထဲမျောတုန်းက အဝတ်အစားဗျ၊ ဆံပင်ကတော့ ဖြူနဲ့ ပြန်မတွေ့မချင်း မညှပ်ဘူးဆိုပြီး အဓိဋ္ဌာန်နဲ့ မညှပ်ဘဲထားတာ၊ ဒါကြောင့် ဒီလောက် ရှည်နေတာဗျ"

"မောင်ရယ်၊ ဖြူလေ လူ့ဘဝမှာ သမုဒယကို မောင့်ကြောင့် သိခဲ့ရတာပါ။ အချစ်ဦးလဲ မောင်ပဲ၊ အချစ်နှောင်းလဲ မောင်ပဲသိလား"

မင်းမင်းသည် မြကြည်ဖြူအား တစ်အား ပွေ့ဖက်လိုက်သည်။ မြကြည်ဖြူက မင်းမင်းရင်ဘတ်ကို လက်နှင့်တွန်းထားသည်။

"မကဲနဲ့ကွယ်၊ ကဲ....ပြော၊ ပင်လယ်ပျော်ကြီးရဲ့ အတွေ့အကြုံတွေကို"

"နောက်တော့ ပြောမယ်လေ၊ ခု မေမေတို့ဆီ သွားကြရအောင်နော်"

မြကြည်ဖြူ ခေါင်းညိတ်ပြလိုက်၏။ မင်းမင်း၏လက်မောင်းကို တွယ်ကာ လိုက်ပါသွားသည်။ ထိုစဉ် တင်အေးကြည်နှင့် ကလေးများ အော်ဟစ်ရှတ်ဆိုသံ ပေါ်လာ၏။

"ဖြူ....အချစ်၊ မငိုနဲ့လေကွယ်၊ မောင် ပြန်လာပြီလေ၊ တိတ်....တိတ်နော်"

မင်းမင်းက မြကြည်ဖြူ မျက်နှာကလေးကို ဆွဲမော့ကာ မျက်ရည်များကို သုတ်ပေး၏။ ပြီး... မြကြည်ဖြူ၏ နဖူးကလေးကို မြတ်နိုးယုယ ဖြူစင်စွာ နမ်းသတည်း။

"ဖြောင်း....ဖြောင်း....ဖြောင်း....ဖြောင်း"

ကလေးများ၏ လက်ခုပ်သံ တစ်ပြိုင်နက် ထွက်လာ၏။ မြကြည်ဖြူ ရှက်သွားသည်။

"မသာမ၊ နင်ကစတီးတော့ ကလေးတွေလဲ တီးတော့ မှပေါ့ဟ"

မင်းမင်းက တင်အေးကြည်ကို ဆဲသည်။ တင်အေးကြည်က အပြုံးမပျက်။

"မသာကောင်၊ နင်လုပ်လို့ မြကြည်ဖြူ ဘယ်လောက် ပိန်သွားတယ်ဆိုတာ တွေ့လားဟင်"

မင်းမင်း ဘာမျှမပြောတော့။

"ကဲ....ကလေးတို့ လာကြ၊ ကျောင်းအပြင်မှာ ကျန်းမာရေး လေ့ကျင့်ခန်း လုပ်ရမယ်"

တင်အေးကြည် ကလေးများကို စာသင်ခန်းအပြင်သို့ ခေါ် ထုတ်သွားလေသည်။

"ဖြူ"

"မောင်ရယ်"



"မောင့် သမုဒယ ကေရှိဆီ အရင်လာတာဗျ၊ ဖေဖေ တို့ဆီတောင် မရောက်သေးဘူး"

"ဟယ်....ဟုတ်လား၊ မောင် သိပ်ဆိုးတာပဲ၊ ဒါနဲ့ ဒီအဝတ်စုတ်တွေက...."

"ဖြူ့ဆီ ရှပ်ဖျက်လာတာလေ၊ ဖြူများ မောင့်ကို မုန်း သွားပြီလားလို့၊ ပြီးတော့ ဒီအဝတ် အစားတွေက ပင်လယ်ထဲမျောတုန်းက အဝတ်အစားဗျ၊ ဆံပင်က တော့ ဖြူနဲ့ ပြန်မတွေ့မချင်း မညှပ်ဘူးဆိုပြီး အဓိဋ္ဌာန် နဲ့ မညှပ်ဘဲထားတာ၊ ဒါကြောင့် ဒီလောက် ရှည်နေ တာဗျ"

"မောင်ရယ်၊ ဖြူလေ လူ့ဘဝမှာ သမုဒယကို မောင့် ကြောင့် သိခဲ့ရတာပါ။ အချစ်ဦးလဲ မောင်ပဲ၊ အချစ် နှောင်းလဲ မောင်ပဲသိလား"

မင်းမင်းသည် မြကြည်ဖြူအား တစ်အား ပွေ့ဖက်လိုက် သည်။ မြကြည်ဖြူက မင်းမင်းရင်ဘတ်ကို လက်နှင့်တွန်းထား သည်။

"မကဲနဲ့ကွယ်၊ ကဲ....ပြော၊ ပင်လယ်ပျောက်ကြီးရဲ့ အတွေ့ အကြုံတွေကို"

"နောက်တော့ ပြောမယ်လေ၊ ခု မေမေတို့ဆီ သွားကြ ရအောင်နော်"

မြကြည်ဖြူ ခေါင်းညိတ်ပြလိုက်၏။ မင်းမင်း၏လက်မောင်း ကို တွယ်ကာ လိုက်ပါသွားသည်။ ထိုစဉ် တင်အေးကြည်နှင့် ကလေးများ အော်ဟစ်ရွှတ်ဆိုသံ ပေါ်လာ၏။

တစ် နှစ်....ဘယ်လောက်ချစ်၊

သုံး လေး....မမုန်းသေး၊

ငါး ခြောက်....စိတ်မကောက်၊

ခုနှ် ရှစ်....ဘစ်သက်လုံးချစ်၊

ကိုး တစ်ဆယ်....လက်ထပ်မယ်။

မင်းမင်းက [illegible]င်အေးကြည်ကို လက်သီးဆုပ်ပြနေစဉ်မှာပင် မြကြည်ဖြူရယ်နေသည်။ အရယ်ရှက်ကလေးများသည် အချစ်ရှက်ကလေးများကို မဖုံးကွယ်နိုင်တော့... ။ ။

မြင့်မောင်မောင်